www.burmeseclassic.com


# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# ကိုတိုက်ကြီးနှင့်အခြားသိပ်ချွန်သောမြွေများ

အပါအဝင်

## ဂန္တီရသစာတိုများ



မောင်ညိုမှိုင်း(သန်လျင်)၊ မကွေးညိုစိမ့်၊ ကျော်မင်းနိုင်၊ နန္ဒာမိုးကြယ်၊ ထောင်မှူးကြီးသိန်းဝင်း
ဖေယျာမင်းသျှင်၊ ဘသက်ဆွေ၊ မြဘုန်းထက်၊ ဝင်းနိုင်(ရွှေပြည်သာ)၊ ဩမိသ

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၆၊ ဇူလိုင်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Eagle*

■

ပုံနှိပ်သူ
ဒေါ်ယဉ်ယဉ်မွန်
(ဖြိုးဝေလွှံ့ပုံနှိပ်တိုက်) (၀၀၂၃၈)
မဂ်လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ
ဦးတင်ထွန်း (မြဲ) (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ ၀ ၈၃
ညီမှိုင်းမောင်(သန်လျင်)
ကိုတိုက်ကြီးနှင့်အဆိပ်ရှိသောမြွေများအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ/
မောင်ညီမှိုင်း(သန်လျင်)။ –ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၆။
၂၀၄–စာ ၊ ၁၃ စင်တီ × ၂၀. ၅ စင်တီ။
(၁) ကိုတိုက်ကြီးနှင့်အဆိပ်ရှိသောမြွေများအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက် |
|---|---|---|
| ၁။ | ကိုတိုက်ကြီးနှင့်အဆိပ်ရှိသောမြွေများ<br>မောင်ညိုမှိုင်း(သန်လျင်) | |
| ၂။ | အချစ်ကိုယုံစား မှုန်ဝါးဝါးတော့ဖြစ်ခဲ့ပြီ<br>နန္ဒာမိုးကြယ် | |
| ၃။ | ပိတ်တကကာ<br>မကြေးညိုစိမ့် | |
| ၄။ | ဖေကြီးအသည်း ဘယ်မှာလဲကွယ်<br>ကျော်မင်းနိုင် | |
| ၅။ | ခြေရာကြီး<br>ဘသက်ဆွေ | |
| ၆။ | နှစ်ပေါင်း(၁၅၀)ကျော်မြေအောက်မြုပ်နေရာမှပြန်ပေါ်လာသည့်လက်ပံလှချိုင့်ဗုမ်<br>ထောင်မှူးကြီးသိန်းဝင်း | |
| ၇။ | ဂမ္ဘီရင်းတွင်း<br>ဝင်းနိုင်(ရွှေပြည်သာ) | |
| ၈။ | ရေကြည်လမ်း<br>ဇေယျမင်းသျှင် | |
| ၉။ | မမီချစ်သူ အိပ်မက်မြူ<br>မြဘုန်းထက် | |
| ၁၀။ | ကြက်တခွေ<br>ဩမိသ | |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## [၁]

ကျွန်ုပ်သည် 'ဂမ္ဘီရဖိုင်' အမည်ရှိ ဝတ္ထုတိုပေါင်းချုပ်ကို ရေးသားထုတ်ဝေ ဖြန့်ချိပြီး တစ်ပတ်ကြာသောနေ့တစ်နေ့၏ နံနက်မှာဖြစ်၏။

ဘီလူးသင်္ချိုင်းအမည်ရှိ ဂမ္ဘီရလုံးချင်းဝတ္ထုရှည်ကြီးကို ဆက်လက်ရေးသား နေစဉ် အိမ်ရှေ့မှခေါ်သံကို ကြားရလေ၏။

"ဆရာဦးညိုမှိုင်း ... ရှိပါသလားခင်ဗျာ"

ကျွန်ုပ်အမည်ကို မေးသံကြား၍ စာရေးနေရာမှ ခေါင်းထောင်လှမ်းကြည့် လိုက်တော့ အလွန်အသက်အရွယ်အိုမင်းလှသည့် အဘိုးအိုတစ်ဦးကို မြင်လိုက် ရ၍ ပြန်အသံပြုရလေ၏။

"ဆရာဦးညိုမှိုင်း ... ရှိပါသလားခင်ဗျာ"

"ဟုတ်ကဲ့ ... ရှိပါတယ်ခင်ဗျာ၊ ရှိပါတယ်"

စာရေးခြင်းကို ရပ်၍ ခြံတံခါးကို ဆင်းဖွင့်ပေးလိုက်တော့ ယောဂီအင်္ကျီ ပုဆိုး၊ သျှောင်တစ်စောင်းနှင့် အညာဖျင်ကြမ်းလွယ်အိတ်ကြီး လွယ်ထားသည့် အသက် (၈၀) (၉၀)ခန့် အဘိုးအိုတစ်ဦးကို ချွေးသံတရွှဲရွှဲနှင့် မြင်ရသည်။

"ဝင်ပါ ... အဘ။ ဦးညိုမှိုင်းဆိုတာ ကျွန်တော်ပါပဲခင်ဗျ"

www.burmeseclassic.com


"ဩော် ... ဆရာလား။ ကျုပ်က အသက်အတော်ကြီးကြီးပဲလို့ မှတ်နေတာ အရွယ်ကောင်းပဲကိုး။ တွေ့ချင်လွန်းလို့ ခရီးဝေးကနေ အရောက်လာခဲ့ရတာပါဆရာ"

"ဟုတ်ကဲ့ ... ခင်ဗျာ၊ ရောက်တုန်း အိမ်ပေါ်ကိုကြွပါ။ နားပါ။ အဖန်ရည်လေး သောက်ပါဦးခင်ဗျာ"

သို့နှင့် ယောဂီဝတ်အဘိုးအိုသည် ကျွန်ုပ်အိမ်ပေါ်သို့ ရောက်ခဲ့၏။ ကျွန်ုပ်က ရေနွေးကြမ်းဖန်ဖန်နှင့် ငါးရံ့ခြောက်ဆီဆမ်းအမြည်းနှင့် ဧည့်ဝတ်ပြု၏။

"ဒါနဲ့ အဘအမည် ဘယ်လိုခေါ်ပါသလဲခင်ဗျာ"

"ဦးရွှေဘိုလို့ ခေါ်သဗျာ"

"ဟုတ်ကဲ့ခင်ဗျာ"

"ရွှေဘိုလို့သာ မိဘများက အမည်ပေးခဲ့တာ ကြီးတော့လည်း သထုံမွန်လူမျိုးများအကြားမှာ ကြီးပြင်းခဲ့ရတယ် ဆရာရဲ့"

"ချက်မြှုပ်ကတော့ ရွှေဘိုပေါ့"

"ဟုတ်တယ် ... ကျုပ်မိဘများက ရန်ကုန်သူ ရန်ကုန်သားပါဗျာ။ အဖေက ကြည့်မြင်တိုင်သား၊ အမေက ပုဇွန်တောင်သူစစ်စစ်ခင်ဗျ။ သူတို့အိမ်ထောင်ကျပြီး ကျုပ်ကို ကိုယ်ဝန်ရှိတုန်း ရန်ကုန်ကို ဂျပန်တွေ ဗုံးကြဲတိုက်ခိုက်လို့ ရွှေဘိုကို ပြေးကြတယ်။ နောင်တော့ ရွှေဘိုမှာ ကျုပ်ကိုမွေးခဲ့တယ်။ အရွယ်ရောက်တော့ ရွှေဘိုတစ်လှည့်၊ ရန်ကုန်တစ်လှည့် တိုက်ကြီးမြို့ပေါ်တစ်လှည့် နေရင်းနောက်ဆုံး သထုံအလံတစ်ရာမှာ ကြီးပြင်းအချိန်ကုန်ခဲ့တယ်။ ခုတော့ အသက်ကကြီးပြီ၊ အိုပြီဗျာ။ ဆေးဆရာတစ်ပိုင်းလုပ်လိုက်၊ သမထဝိပဿနာအလုပ်လေးလုပ်လိုက်နဲ့ နယ်လှည့်သလို လုပ်နေရတာပေါ့"

"ဟုတ်ကဲ့ခင်ဗျ ... ဒါနဲ့ အခု အဘဦးရွှေဘို ခရီးဝေးကနေ ကျွန်တော့်ထံ ရောက်လာရခြင်းအကြောင်းရင်း သိပါရစေခင်ဗျ"

အဘဦးရွှေဘိုက ရေနွေးကြမ်းတစ်ခွက်ကို မှုတ်သောက်ပြီးနောက် ..

"ဆရာဦးညိုမှိုင်းနဲ့ လာရောက်တွေ့ဆုံရခြင်းအကြောင်းက ဒီလို ... ဆရာမှိုင်းရေ၊ ပြီးခဲ့တဲ့ စနေတုန်းက ဦးညိုမှိုင်းရေးတဲ့ ဂမ္ဘီရဖိုင်ဆိုတဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို ဖတ်လိုက်ရတယ်ခင်ဗျ"

"ဟုတ်ကဲ့ခင်ဗျ"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဂမ္ဘီဖိုင်ဝတ္ထုတိုများထဲက 'လေချွန်သံကြား ... မြွေတွန်သံလားဟဲ့ ... ပြေး' ဆိုတဲ့ဝတ္ထုကို ဖတ်ပြီးနောက် ပြောပြစရာ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်အကြောင်းလေးရှိလို့ ဆရာဦးညိုမှိုင်းကို လာတွေ့ရတာပါခင်ဗျာ"

ကျွန်ုပ်မှာ ကြားရသည့် စကားနိဒါန်းကြောင့် အဘဦးရွှေဘိုကို လွန်စွာစိတ်ဝင်စားသွား၏။ သူ့အသက်အရွယ်နှင့် ဘဝအတွေ့အကြုံ ပေါင်းများစွာကို ဖြတ်သန်းခဲ့ရမည်မှာ ကေန်မုချမလွဲဖြစ်၏။

ဤသို့သော သက်ကြီးဝါကြီးပုဂ္ဂိုလ်များ၊

ဒေသန္တရ ဗဟုသုတစုံလင်သူများထံမှာ ကိုယ်တွေ့ဖြစ်ရပ်ဆန်းကြယ်အကြောင်းအရာများ အနည်းနှင့်အများ ရှိကြမည်သာဖြစ်၏။

အချို့ နောင်လာနောက်သားများ အသုံးပြုနိုင်ရန်၊ ဆင်ခြင်နိုင်ရန် ကြားသိ ဝေဖန်နိုင်ရန် ပြန်လည်ထုတ်ဖော် ပြောဆိုလေ့ရှိ၏။

အချို့က မပြောကြ။

ဘာကြောင့် မပြောချင်ကြသည်လည်း မသိ။

လမ်းမှားလိုက်မိကြမှာ စိုးရိမ်လို့လား။

တစ်လွဲဆံပင်ကောင်းကုန်မှာ စိုးရိမ်လို့လား မသိ။

ပြောခဲ့သည်။ ဘယ်လိုမေးမေး လုံးဝကိုမပြော။ သည်မှာ အဘဦးရွှေဘိုက ဆက်ပြော၏။

"အဲဒီ 'လေချွန်သံကြား ... မြွေတွန်သံလားဟဲ့ ... ပြေး' ဝတ္ထုက ဖြစ်ရပ်မှန်ပဲလား ... ဆရာမှိုင်း"

"ဟုတ်ကဲ့ ... ဖြစ်ရပ်မှန်ပါ အဘ"

"အင်း ... ဇာတ်လိုက် ကျီးကန်းဆိုသူက သူ့အဖေ မြွေရှာရောင်းစားသူကို မြွေကိုက်လို့သေတော့ မြွေတွေကိုစိတ်နာပြီး မြွေမှန်သမျှလိုက်ရှာ၊ နေ့တိုင်းချက်စား၊ သတ်ပစ်။ တစ်နေ့ မိတ်လိုက်နေတဲ့ မြွေအုပ်၊ မြွေလုံးကြီးကို အကုန်ရိုက်သတ်ပြီး အခြောက်လှမ်း၊ နေ့တိုင်းချက်စား၊ အရက်နဲ့ အမြည်းလုပ် ... ဟုတ်တယ်နော် ဆရာ"

"ဟုတ်ပါတယ် ခင်ဗျ"

"အဲဒီလို မိတ်လိုက်မြွေအုပ်စုကို သတ်စားပြီးနောက်ပိုင်း ဘယ်နေရာမှာမှ မြွေရှာလို့မရတော့ဘူး။ မြွေသားစားနေကျလူ မြွေသားမစားရတော့ ဒုက္ခရောက်ရော။ နောက်ဆုံး 'အကြံကုန် ဂဠုန်ဆားချက်' အနေနဲ့ ဘုရားက သေနင့်ပေါ်ကြီးမြွေကြီးကိုဖမ်း၊ အိမ်ရောက်တော့ ရိုက်သတ်ပြီး ရေနွေးဖျောဖို့လုပ်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ သေပြီလို့ မှတ်ထင်တားတဲ့ စပါးကြီးမြွေကြီး မရှိတော့ဘူး။ ဘယ်ရောက်သွား မှန်းမသိဘူး၊ သူယူလာတဲ့ ဘုရားမှာပြန်ရှာလည်း မတွေ့ရတော့ဘူး။

အဲဒီနေ့၊ အဲဒီရက်ကစပြီး မြွေပေါင်းများစွာ သူ့ဝမ်းဗိုက်ထဲ ဝင်မွေနေတဲ့အိပ်မက်ဆိုး၊ အိပ်မက်ဆန်းကို မက်ပြီး လန့်ဖျန့်လို့ သေွးပျက်သွားရော။ ပိုထူးဆန်းတာက ညညရောက်ရင် သူ့အိမ်ဝန်းကျင်မှာ မြွေဆိုးအကောင်များစွာတို့ရဲ့ တွန့်သံကိုကြားပြီး လုံးဝအိပ်မရတာဘဲ။

ကျီးကန်းရဲ့ အမေလုပ်သူလည်း လူဆိုးလူကြမ်း သူ့သားနဲ့အတူ မနေရဲလို့ အခြားကိုပြေးပြီ။ ကျီးကန်းလည်း မြွေအကုသိုလ်ဝင်ပြီး ဦးနှောက်ပျက်သွားတယ်။ ကလေး၊ လူကြီးများက 'ကိုကျီးကန်း၊ ခင်ဗျားရှေ့မှာ မြွေဗျ' လို့ အော်လိုက်ရင် ကြောက်လန့်သတိလစ်သွားတဲ့ဘဝ၊ နေစရာမရှိအောင် လန့်အော်ပြေးရတဲ့ ဘဝဝဋ်ကြွေးကို မသေမချင်းဆပ်ရတဲ့ဘဝ ရောက်သွားတယ်။ ဟုတ်တယ်နော် ... ဆရာမှိုင်းရေးတဲ့ ဇာတ်ရဲ့အကျဉ်းက ဒီအတိုင်းပဲနော် ... ဆရာ''

''ဟုတ်ပါတယ် ခင်ဗျ''

ယောဂီဝတ်စုံနှင့် အဘဦးရွှေဘိုဆိုသူသည် ကျွန်ုပ်ရေးခဲ့သည့် ဝတ္ထုဇာတ်လမ်းအကျဉ်းကို အားရပါးရပြောနေ၏။

[အကျယ်ကို သိလိုရပါမူ ဂမ္ဘီရဖိုင် အမည်ရှိ ဝတ္ထုတိုပေါင်း ချုပ်စာအုပ်မှာ ပြန်လည်ဖတ်ရှုပါဟု မေတ္တာရပ်ခံပါသည်။]

အဘဦးရွှေဘို ဘာကိုပြောချင်၊ ရည်ညွှန်းချင်နေတာလည်းကို ကျွန်ုပ် အလွန်သိချင်နေ၏။

''ဆက်ပြောပါ အဘ။ အဘ ဘာကို အဓိကပြောချင်ပါသလဲ ခင်ဗျ''

''အဓိက ကျုပ်ပြောချင်တာက ဆရာ့ဇာတ်ကောင် ကျီးကန်းဆိုသူက မြွေများကို နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်လို့ နောက်ဆုံးအကုသိုလ်ကံနဲ့ ဦးနှောက်ပျက်ရူးသွားတဲ့ဘဝကို ရောက်သွားခဲ့တယ်။ သို့သော် ကျုပ်တွေ့ဖူးတဲ့ လူတစ်ယောက်ကျတော့ ကျီးကန်းလိုမဟုတ်ဘူးဗျ။ ကျီးကန်းနဲ့ ဆန့်ကျင်ဘက်ဗျ''

''ဘယ်လိုဆန့်ကျင်ဘက်တုံး ... အဘရဲ့''

''ကျုပ်လူက မြွေမှန်ရင် လုံးဝမသတ်ဘူး။ မြွေတွေ ဒုက္ခရောက်ရင် သူက ကယ်တင်စောင့်ရှောက်တယ်။ သူ့သက်တမ်းတစ်လျှောက်မှာ မြွေတစ်ကောင်တစ်မြီးမှ မသတ်ဖူးဘူးဗျာ။

မြွေတွေအပေါ်မှာ သူက ကောင်းခဲ့၊ မေတ္တာထားခဲ့တော့ မြွေတွေက သူ့ကိုပြန်ပြီး စောင့်ရှောက်ကြတယ်။ မြွေတွေ သူ့ကိုစောင့်ရှောက်ပုံက ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com


အံ့ဩ စရာကောင်းလွန်းလို့ ဆရာမှိုင်းကို ပြောပြချင်တာနဲ့ ကျုပ် ရောက်လာခဲ့ရတာပဲ။ ဘယ့်နှယ် ... ဆရာမှိုင်း၊ စိတ် ဝင်စားမှုရှိရဲ့လား ... ဟင်"

ကြားရချက်ကြောင့် ကျွန်ုပ် လွန်စွာဝမ်းသာခဲ့ရသည်။ သည့်နောက် လိုလိုလားလားပင် ဝန်ခံလိုက်သည်။

"အဘခင်ဗျား ... ကျွန်တော် အလွန့်အလွန်ကို စိတ်ဝင်စားပါတယ်ခင်ဗျာ။ ဖြစ်နိုင်ရင် အဲဒီဆန့်ကျင်ဘက် ဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းကို မြန်မြန်သာ ပြောပြပါတော့ အဘ"

"ကောင်းပါပြီဗျာ ... ဒီဖြစ်ရပ်မှန်ဇာတ်လမ်းကို ဆရာကြားရပြီးလို့ ဆရာ့ကလောင်အမည်နဲ့ ဖန်တီးလိုက်ရင် ဖတ်ရသူအဖို့ စိတ်ဝင်စားစရာလည်း ဖြစ်သလို အကျိုးတစ်စုံတစ်ရာလည်း ရှိနိုင်တာပေါ့ ... ဆရာရယ်။ ကိုင်း ... ဆရာမှိုင်း၊ သေသေချာချာ နားဆင်ပါတော့ဗျာ"

✿ ✿ ✿

## [၂]

❑

"ကျုပ်ရဲ့သူငယ်ချင်းအမည်က 'ကိုတိုက်ကြီး' တဲ့ခင်ဗျ"

"နာမည်က ဆန်းလှချည်လား အဘရ။ အဘက ဦးရွှေဘို၊ သူက ကိုတိုက်ကြီးတဲ့"

"ဆန်းရမယ်လေ .. ဆရာမှိုင်းရဲ့၊ ဒီလိုကိုးဗျ ... သူ့ကိုမွေးတာက တိုက်ကြီးမြို့က ရောမတိုက်အိမ်ကြီးပေါ်မှာ မွေးတာ။ မိဘကလည်း ကုန်သည်ပွဲစားဆိုတော့ ချမ်းသာတာကိုး ... ဆရာမှိုင်းရဲ့။

လိုရင်းတိုရှင်း ပြောရရင် တိုက်သစ်ကြီး အိမ်သစ်တက်ပွဲညမှာပဲ သူ့ကို မွေးလို့ 'တိုက်ကြီး' လို့ အမည်ပေးကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com


မောင်တိုက်ကြီးကို မွေးတဲ့အချိန်ကစပြီး မိဘနှစ်ပါး စီးပွားတက်လိုက်တာမှ ဒီရေအလားပဲ။ ရွှေရောငွေရော လိုလေသေးမရှိဗျ။

ကလေးကလည်း မောင်တိုက်ကြီးတစ်ယောက်ပဲ မွေးတယ်။ နောက်ထပ်မမွေးဘူး။ အံ့ဩစရာကောင်းပုံ ပြောရဦးမယ် ... ဆရာ မှိုင်းရာ။

မောင်တိုက်ကြီး လေးဘက်သွားချိန်မှာပေါ့ ...

ကလေးထိန်း မဝါကြည်ဆိုတဲ့မိန်းမက မောင်တိုက်ကြီးလေးကို သနပ်ခါးလူးပေးပြီး အိမ်ရှေ့မှာခဏထားလို့ ရေစိုဝတ်လေးလည်း လှမ်း၊ ခြောက်နေတဲ့အဝတ်လေးတွေယူပြီး အိမ်ထဲလည်း လှမ်းဝင်လိုက်ရော ...

"အမယ်လေး ... လာကြပါဦးရှင်။ မြွေ ... မြွေ ..."

"ဟဲ့ ... ဟဲ့ ... ဝါကြည်၊ ဘာဖြစ်လို့တုံးဟဲ့"

ခြံစောင့်မာလီရော၊ အိမ်နီးနားချင်းများရော အလန့်တကြား ခုန်ပေါက်လက်ယပ်အော်ခေါ်နေတဲ့ ကလေးထိန်းမဝါကြည်ကို လှမ်းမေးကြတာပေါ့။

"မြန်မြန်လာကြပါ။ အိမ်ထဲမှာ မြွေ ... မြွေကြီး ..."

"မြွေ ... ဟုတ်လား ... ဝါကြည်"

"အမယ်လေး ... ကယ်ကြပါဦး။ မြွေ ... မြွေကြီး ... ကလေးကို ပေါက်တော့မယ်၊ ကိုက်တော့မယ်။ မြန်မြန်လုပ်ကြပါတော်"

အိမ်ထဲမှာ ကလေးကို မြွေပေါက်တော့မယ်လို့ကြားရော မာလီဘသိန်းရော၊ အိမ်နီးနားချင်းများပါ ရရာ တုတ်၊ ဓား၊ လေးခွ လက်နက်များကိုင်စွဲပြီး ပြေးဝင်လာကြရောဗျို့။

"ဝါကြည် ... မြွေ ဘယ်မှာတုံး"

"ဟို ... ဟိုမှာ ... အမယ်လေး ... ဟိုမှာ ..."

"ဟာ ..."

"ဟယ် ..."

"အလိုလေး ... ဘုရားရေ ..."

မြင်လိုက်ရသူတိုင်း ရင်သိမ့်တုန်သွားကြသလို၊ အလွန်လည်း အံ့ဩသွားတယ်။ တုတ်၊ ဓားလက်နက်များ ကိုင်စွဲဝင်လာသူတွေ မြင်လိုက်ရတာက ...

လူကြီးလက်မောင်းလုံးခန့်ရှိတဲ့ မြွေဟောက်ကြီးတစ်ကောင်ရယ်။ လေးဘက်လျှောက်သွားနေတဲ့ ကလေး (မောင်တိုက်ကြီး)ရှေ့မှာ ရောမပါးပျဉ်းကြီးထောင်ပြီး ဘယ်ယိမ်းညာယိမ်း လုပ်လိုက်၊


www.burmeseclassic.com

www.burmeseclassic.com



ပါးပျဉ်းဦးခေါင်းကို အပေါ်ထောင်ပြလိုက်၊ အောက်နှိမ့်ချပြလိုက် ကလေးများရော လိုက်ရွှေ့လိုက် လုပ်နေတာများ ...

အားလုံး ကြက်သေ,သေ အံ့သြကြည့်နေတုန်းမှာပဲ ...

လေးဘက်သွားနေတဲ့ မောင်တိုက်ကြီးကလေးကလည်း မြွေဟောက်ကြီးရဲ့ပါးပျဉ်းကို လက်နဲ့ လိုက်လိုက်ဖမ်းနေတာကိုး။ မြွေဟောက်ကရှောင်လိုက်၊ မောင်တိုက်ကြီးက တခစ်ခစ်ရယ်ပြီး လေးဘက်ပြေး လိုက်၊

အလို ... လက်စသပ်တော့ မြွေဟောက်ကြီးက မောင်တိုက်ကြီး ကလေးကို ပေါက်သတ်မလို့လုပ်နေတာ မဟုတ်ဘူး။

ကလေးနဲ့ မြွေဟောက်နဲ့ လိုက်တမ်းပြေးတမ်းကစားသလို ဆော့နေတာကိုးဗျ။ ကြည့်စမ်းဗျာ ... တစ်ချက်တစ်ချက် မောင်တိုက်ကြီးက မြွေရဲ့အမြီးကို လက်နဲ့သွားကိုင်တာ မြွေက လွန့်လူး တွန့် ...

မြင်ရသူတိုင်း ရင်ကို တုန်သွားတာပဲ။ လန့်အော်ကုန်တာပဲ။

ဒါပေမင့် မြွေဟောက်ကြီးက သူ့ကို လုံးဝမကိုက်ဘူး။

သူ့အမြီး မည်းမည်းတုတ်တုတ်ကြီးနဲ့ ကလေးကို တို့ကစားပြီး ရှေ့မှာယိမ်းကသလို လှုပ်ရှားနေတယ်။ မြွေလျှာနှစ်ခွကလည်း လက်တစ်ညှိုးလောက်ရှိရဲ့၊ တစ်လစ်တစ်လစ်နဲ့ မြင်ရသူတိုင်း အသည်းယား၊ တုန်လှုပ်ချောက်ချား။

"ဘယ်လိုလုပ်ကြမတုံး"

"မြွေကို ဝင်ရိုက်ကြပါတော်၊ မြန်မြန်လုပ်ကြပါ"

"ဝါကြည် ... မြွေနဲ့ကလေးက ဆော့နေတာဟ"

"ကိုက်သတ်လို့သေရင် သူဌေးက ကျွန်မကိုသတ်မှာတော့။ ဟီး ... ဟီး၊ ... ဟီး"

ကလေးထိန်းမဝါကြည်လည်း ငိုနေပြီ။

မြွေဟောက်က ကြီးလွန်းလို့ ဝင်ရိုက်ရဲသူလည်းမရှိ ဖြစ်နေတုန်း မောင်တိုက်ကြီးရဲ့ အဖေနဲ့အမေ ကားနဲ့ပြန်အရောက် ...

ဒီမှာ အိမ်နီးနားချင်းများရယ်၊

အိမ်ထဲက ရောမမြွေဟောက်ကြီးနဲ့ သူတို့သားလေး ဆော့ကစားနေတဲ့ မြင်ကွင်းရယ်ကိုမြင်ပြီး မိခင်လုပ်သူ 'အမလေး' အော်လို့ လဲကျသတိလစ်၊

ဖခင်လုပ်သူက သားဖောနဲ့ သားရှိရာကိုဝင်ပြေး၊

လူတွေကလည်း တုတ်၊ ဓားကိုယ်စီနဲ့ ပြေးဝင်ကြရော မြွေဟောက်ကြီးလည်း လူအုပ်နဲ့ အော်သံများကြားပြီး အိမ်နောက်ဘက်ကို ဝင်ပြေးတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



လှူအုပ်ကလည်း နောက်ကနေ တအားလိုက်တော့ မြွေဟောက်ကြီးက ဟနေသည့်တံခါးကြားကနေ အပြင်ကို တိုးထွက်သွားလိုက်တာ ဘယ်ရောက်သွား မှန်းကို မမြင်ရတော့ဘူး။

ဖအေလုပ်သူက သားလုပ်သူကို ပွေ့ချီ၊ ဒဏ်ရာကိုရှာ၊ မိန်းမသားများ က မေ့သွားတဲ့ မိခင်လုပ်သူ မရွှေကြုတ်ကို ယပ်ခပ်၊ နှာနှပ်လုပ်နဲ့ ...။

အဲဒီသတင်းဟာ အနီးပတ်ဝန်းကျင်မှာ အုတ်အော်သောင်းတင်း ဖြစ် သွားခဲ့တယ်။

✿ ✿ ✿

[၃]

❑

ပြောရရင်တော့ အဲဒီနေ့ကစပြီး ကောင်းကောင်း ဆူပူကြိမ်းမောင်းခံ လိုက်ရတဲ့ မဝါကြည်လည်း ကလေးကို အလစ်မပေးရဲတော့ဘူး။

ကလေးထိန်းရင်အနီးမှာ ကြိမ်လုံးတစ်ချောင်းကို အသင့်ဆောင်ထားရ တယ်။ ဒါပေမင့် မရပါဘူးဗျာ။ နည်းနည်းလေးလစ်တာနဲ့ မြွေဟောက်ကြီးက ရောက်လာပါရော။

ရောက်လာရင် မောင်တိုက်ကြီးနဲ့ ပါးပျဉ်းထောင်ပြီး ကစားကြပါရော။ ကလေးထိန်း မဝါကြည်ကလည်း မြင်တာနဲ့ ကြမ်းပြင်ကို ကြိမ်လုံးနဲ့ တဝုန်းဝုန်း တဖြောင်းဖြောင်း ရိုက်လှန့်မှ မြွေဟောက်ကြီးက မသွားချင်သွားချင်နဲ့ ပြန်သွား တယ်။

ဒီတော့ အိမ်ရှင်သူဌေးလင်မယားကို ပြောရတော့တယ်။

"သူဌေး ... ကျွန်မ ... ကလေးထိန်းအလုပ်က ... ထွက်ထွက် ... ပါရစေ"

"မဝါကြည် ... ဘာလို့အလုပ်က ထွက်ချင်ရတာတုံး"

" ......"



www.burmeseclassic.com

www.burmeseclassic.com


"လစာနည်းလို့လား"

" ...... "

"နင့်အန်တီက ဆူဆဲလို့လား ... ဟင် ... ပြောလေ ..."

"မ ... မဟုတ် ... ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ထွက်ချင်ရတာတုံး ... မဝါကြည်"

"ဟို ... ဟို ... ကြောက် ... ကြောက်လို့"

"ဘယ်သူ့ကိုကြောက်တာတုံး"

"မြွေ ... မြွေ ... ဟောက် ..."

"ဘာ ..."

နောက်ဆုံးတော့ ထိန်ချန်ရင် အပြစ်ဖြစ်မှာစိုးလို့ လူကြီးများ အလုပ်သွားချိန် သူတို့နှစ်ယောက်တည်းကျန်ချိန်မှာ လစ်ရင်လစ်သလို မြွေဟောက်ကြီး ဝင်ဝင်လာပြီး ကလေးနှင့်ဆော့သည့်အကြောင်းကို ပြော ပြတော့ ...

သူဌေးလင်မယား အလွန့်ကို အံ့ဩသွားကြတယ်။

"ဝါကြည် ... အလုပ်ကမထွက်နဲ့။ ငါတို့ ညည်းအတွက် လုံခြုံရေး အဖော်တစ်ဦး သီးသန့်ပေးထားမယ်။ ဟုတ်လား ..."

သူဌေးလင်မယားက ဝါကြည်ကို လစာလည်းတိုးပေးသလို၊ အသက်ကြီးကြီး လုံခြုံရေးတစ်ယောက်ကိုလည်း အိမ်မှာထားပေးတယ်။ ဒီလိုနဲ့ အားလုံးအပေါ် သံယောဇဉ်မဖြတ်နိုင်တဲ့ဝါကြည် ဒီတိုက်အိမ်ကြီးမှာ ကလေးထိန်း ပြန်လုပ်ခဲ့ရတယ်။

ဘယ်လိုပဲ လုံခြုံရေးအဖော် ချပေးထား ချပေးထား၊ နည်းနည်းလေး လစ်တာနဲ့ ဘယ်ကနေဘယ်လို မြွေကြီးက ရောက်လာမှန်းမသိဘူး။ ရောက်လာပြီ၊ မောင်တိုက်ကြီးနဲ့ ဆော့ပါရော။ မြွေနဲ့များဆော့ကစားနေရရင် မောင်တိုက်ကြီး ကလေးဟာ တခစ်ခစ် တဟားဟားနဲ့ပျော်လို့။

လုံခြုံရေးဦးဖိုးကျားကလည်း မြွေကိုမြင်တာနဲ့ လောက်လေးခွနဲ့ လိုက်ပစ်တာပဲ။ လူမလစ်လို့ ဝင်လာလို့မရရင် မြွေဟောက်ကြီးက ခြံတစ်နေရာ၊ အိမ်တွင်းတစ်နေရာကနေ တရှီရှီနဲ့ အသံပေးပါရော။

မောင့်တိုက်ကြီးကလည်း မြွေတွန်သံကို ကျက်မိနေတော့ အနားလာလို့ မရလို့ အဝေးကနေ တွန်သံပေးနေရင် တွန်သံကြားရာကို လိုက်ရှာတယ်။

ဦးဖိုးကျားကလည်း မြွေတွန်သံကြားရာကို လိုက်ရှာ၊ ပစ်ခတ် နှင်လွှတ်နေရစဉ်လုပ်ရတယ်။


www.burmeseclassic.com

www.burmeseclassic.com



ကြာလာတော့ အိမ်ဖော်မဝါကြည်ရော၊ ဦးဖိုးကျားရော မြွေဟော ကြီးကို မကြောက်ချင်တော့ဘူး။ မမြင်ရရင် ပျင်းသလို၊ အသံမကြားရရင် တစ်ခုခုလိုနေသလို ဖြစ်နေတယ်။

ဒီကိစ္စကို ခြံစောင့်မာလီက သူဌေးကိုတိုင်ရော ...

"ဖိုးကျား ..."

"ခင်ဗျာ ... သူဌေး"

"မြွေဟောက်ကြီး လာသေးဆို"

"အဲ ... အဲ ... သူဌေးကို ... ဘယ်သူ ... ပြော ... ပြော ..."

"ဟုတ်တယ် ... မဟုတ်ဘူးပဲ ... ပြော"

"ဟုတ် ... ဟုတ် ... ပါတယ် ... ခင်ဗျ"

"ဖိုးကျား ... ငါ မင်းကို လုံခြုံရေးခန့်ထားတာ။ ငါ့သားမြွေကိုက် မည့် အန္တရာယ်ကကင်းဖို့၊ ကာကွယ်ဖို့ခန့်ထားတာ နားလည်လား"

"ဟုတ် ... ဟုတ် ..."

"ကလေးတစ်ခုခုဖြစ်ရင် မင်းအသေပဲ ... ဖိုးကျား"

"ဟုတ် ... ဟုတ်ကဲ့"

နောက်ဆုံးတော့လည်းဗျာ တနင်္ဂနွေတစ်ရက် အလုပ်နားသည့်နေ့ သူဌေးလင်မယားကိုယ်တိုင် ကလေးထိန်းနေသည့်ကြားက အလစ်မှာပဲ ...

မြွေဟောက်ကြီးနဲ့ သူတို့သားမောင်တိုက်ကြီးတို့ ပါးပျဉ်းထောင်က ယိမ်းကာ ... ကလေးကလည်း မြွေအမြီးကို ဆုပ်ကိုင်ကစားပြီး ရယ်မောပျော် နေတာကို မြင်ရရော ထပ်ပြီး သတိလစ်ချင်သလို ဖြစ်ရပါရောဗျာ။

နောက်ဆုံး ဗေဒင်ဆရာ သွားမေးတယ်။

မောင်တိုက်ကြီးရဲ့ဇာတာကို စစ်ဆေးတယ်။

"ခင်ဗျားတို့သားက စနေသား။ မြစ်ကူးချောင်းဖြား အကျိုးပေးမ နဂါးသိုက်ဆက်က လာတာဖြစ်တဲ့အတွက် ငွေနံ့ထွန်းမယ်။ တိုက်တာအိုး စည်းစိမ်ချမ်းသာနဲ့ နေရမယ်။ မြွေ၊ နဂါးတို့ရဲ့ စောင့်ရှောက်မှုကို ခံယူ မယ်။ သို့သော် အိမ်ထောင်ရေး ကံမကောင်းဘူး။ အနည်းဆုံးအရွယ်ရောက် အိမ်ထောင်နှစ်ဆက်ကနေ သုံးဆက်အထိ ရှိမယ်။ နောက်ဆုံးကျရင် သက်နန်း တခရဲ့ နိဂုံးချုပ်လိမ့်မယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

ပြောရရင်တော့ ဆရာမှိုင်းရယ် ... ကျောင်းနေသည့်အရွယ် ရောက်သည့်တိုင် မြွေမှန်ရင် ဘာမြွေမှမကြောက်ဘူး။ မြွေတွေကလည်း မောင်တိုက်ကြီးများ မြင်ရင်၊ အသံကြားရင် တုန့်ခနဲရပ်သွားရော။

ကုန်ကုန်ပြောမယ်ဗျာ ... မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကျား အဆိပ်ပြင်းတဲ့ မြွေမှန်သမျှ မောင်တိုက်ကြီးကို လုံးဝမကိုက်ဘူး။

ဆရာမှိုင်း စဉ်းစားဗျာ။

မြွေပွေးဆိုတာ သူ့ကိုသွားထိရင် ယင်ကောင်တောင် မလွတ်ဘူး။ အသေပဲ။ ဟော ... ကြည့်စမ်း။

မောင်တိုက်ကြီး သံစည်ပိုင်းအောက်ကမြွေပွေးကို ခေါင်းကနေကိုင်ပြီး ဟိုးအနောက်ဘက်ချုံထဲ သွားလွှင့်ပစ်တာ ...

မြွေပွေးက လုံးဝမကိုက်ဘူး။

မြွေမြင်ရင် အကုန်လိုက်ဖမ်းတယ်။ သို့သော် မြွေကို လုံးဝမသတ်ဘူး။ မောင်တိုက်ကြီးက မနက်တစ်ခါ ညတစ်ခါ နွားနို့ထောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com


အဲဒါ မောင်တိုက်ကြီးက သူ့နွားနို့ကို တွေ့တဲ့မြွေကိုတိုက်တယ်။ ကာလကြာတော့ သူ့မိဘနှစ်ပါးရော၊ ကလေးထိန်းမဝါကြည်ရော မြွေမကြောက်တော့ဘူး။

မြွေဟောက်ကြီးနဲ့ကလေး ကစားနေတာကို မကြာခဏမြင်ရလို့ မြင်ရစဉ်က ရင်မသည်းဖို့ဖြစ်ခဲ့ရပေမင့် ခုတော့ အမြင်မှာ ရိုးချင်သလို ဖြစ်နေပြီလေ။ မြွေက လာတာမှ တစ်ကောင်မကတော့ဘူးကိုး။

"သား မောင်တိုက်ကြီး"

"ဗျာ ... အမေ"

"မြွေတွေနဲ့ မဆော့ပါနဲ့ သားရယ်နော်"

"ဘာဖြစ်လို့လဲ ... အမေ ဟင်"

"မြွေဆိုးတွေဟာ အဆိပ်ပြင်းတယ် ... လူလေး။ မြွေဆိုးများကိုက်ရင် ချက်ချင်းသေရော၊ နားလည်လား"

"အမေ ... သား မြွေမကြောက်ဘူး"

"ဘာ ... ဘာ ..."

"သား မြွေပါးစပ်ထဲကို လက်ထည့်အကိုက်ခံဖူးတယ်။ မြွေက သားကို မကိုက်ဘူး"

"ဘုရားရေ ..."

"အမေ ရင်တုန်ရင်ထိတ်လွန်းလို့ နှလုံးရောဂါရတော့မယ် ... သားရယ်။ အမေတို့ မြွေမှန်ရင် ဘာမြွေဖြစ်ဖြစ် ကြောက်လွန်းလို့ပါ။ သား မြွေမဖမ်းပါနဲ့။ မြွေကို မကိုင်ပါနဲ့။ ဟိုမြွေဟောက်ကြီးနဲ့ အရောတဝင် မဆော့ပါနဲ့ သားရယ်နော် ... နော်"

"သူတို့က သားကို အရမ်းခင်ကြတာအမေ"

"အို ... သူတို့က အဆိပ်ရှိတဲ့ သတ္တဝါ။ သားကလူ သားရဲ့"

"သူတို့နဲ့ကစားရတာ ပျော်တယ်"

"ဘုရား ... ဘုရား ... ကယ်မစောင့်ရှောက်တော်မူပါဘုရား"

မောင်တိုက်ကြီးက မိခင်လုပ်သူကို ငဲ့ညှာပါတယ်ဗျာ။ သူ့ အမေရှိနေချိန်မျိုးမှာ မြွေတွေကို မဖမ်းဘူး။ မကိုင်ဘူး။ မကစားဘူး။

သူ့အဖေနှင့်အမေ အလုပ်သွားရင်တော့ ထုံးစံအတိုင်းပဲ။

မြွေတွေကို လေချွန်ပြီးခေါ်တယ်။

သိပ်ထဲ့ပြည့်ဖို့ ကောင်းတယ် ဆရာမှိုင်းရာ။ မောင်တိုက်ကြီး လေချွန်တဲ့အသံက မြွေတွန်သံအတိုင်းပဲ။ သံတို၊ သံရှည်၊ သံပြတ် သုံးမျိုးလေချွန်တယ်။


www.burmeseclassic.com

www.burmeseclassic.com


သံရှည်ချွန်ရင် လင်းမြွေ၊ ရေမြွေလို အဆိပ်မရှိတဲ့မြွေတွေ လာတယ်။

သံတိုသံပြတ်များ အသံပြုလေချွန်လိုက်ရင် မြွေဟောက်မှ မြွေဟောက် စစ်ပါဗျာ။ ပါးပျဉ်းထောင် ယိမ်းကပြီးကို ဝင်လာတာဗျာ။

အဲဒါ မကြာခဏ မဝါကြည်ကို လုပ်လုပ်ပြလို့ မဝါကြည်လန့်ပြီး ထွက် ပြေးရတယ်။ အမှန်က မဝါကြည်ကို စနေတာ၊ နောက်နေတာ။

"ဒေါ်ကြည် ... မကြောက်ပါနဲ့ဗျ"

"ကိုက်ရင် ဘယ်လိုလုပ်မတုံး မောင်တိုက်ကြီးရဲ့"

"ကျွန်တော့်တောင် မကိုက်တာ ဒေါ်ကြည့်ကို ကိုက်မလားဗျ"

"မင်းကမင်း၊ ငါကငါကွယ့် မောင်တိုက်ကြီးရဲ့"

ဒီလို ကြောက်ကြောက်ရွံ့ရွံ့နဲ့ ပြောတော့ မောင်တိုက်ကြီးက အနီးရှိ မြွေဟောက်လေးငါးကောင်ကို အမိန့်ပေးစကားပြောလိုက်ရောဗျ။

"ဟေ့ ... မိတ်ဆွေတို့၊ ညီအစ်ကိုတို့ ငါကျွေးတာစားပြီးရင် ငါ့စကားကို နားထောင်ကြ။ ဟောဟိုက ငါ့အဒေါ်မကြည်ကိုရော၊ ဒီ အိမ်ခြံမှာနေတဲ့ ငါ့အဖေ၊ ငါ့အမေနဲ့ အလုပ်သမားအားလုံးကို မင်းတို့ လုံးဝ ရန်မပြုရဘူး။ ရန်ပြုရင် မင်း တို့အားလုံးကို ငါ နှိမ်မတိုက်ဘူး။ အကုန်လုံး မြွေသိုက်ကုန်းကို နှင်ထုတ်မယ် ... ကြားလား"

"ရှီး ... ရှီး ..."

"ရှီး ... ရှီး ..."

"နားလည်ရင် ပါးပျဉ်းထောင်ပြီး ခေါင်းညိတ်ကြ"

ဘုရားရေ ... အံ့သြစရာအစစ်ပါ ... ဆရာမှိုင်းရာ။ မြွေဟောက် ကြီးငယ် ငါးကောင်က လူစကား (မောင်တိုက်ကြီးစကား) နားလည်သည့် အလား ပါးပျဉ်းကြီးတွေထောင်ပြီး ခေါင်းတညိတ်ညိတ် လုပ်ပြတာကိုး။ ကျုပ်ကိုယ်တိုင် ကျုပ်အိမ်ပြတင်းပေါက်ကနေ အတိုင်းသားမြင်နေရတာပါဗျာ။

ကျုပ်နဲ့မောင်တိုက်ကြီးနဲ့က ငယ်သူငယ်ချင်းပါ။ ကျုပ်တို့မိဘများကလည်း နေရာအတည်တကျကို မရှိပါဘူးဗျာ။ ဟိုမြို့မှာနေလိုက်၊ ဒီမြို့မှာနေလိုက်ပါပဲ။

အိမ်ပြောင်း၊ မြို့ပြောင်းများလွန်းလို့ အရေအတွက်တောင် မမှတ်မိ တော့ပါဘူး။ ပြောရရင်တော့ဗျာ ... မောင်တိုက်ကြီးနဲ့ ကစားရဲတဲ့ကလေး မရှိ သလောက်ရှားတာကိုးဗျ။ မောင်တိုက်ကြီးကလည်း မောင်တိုက်ကြီးပဲဗျ။ ကလေး များစုမိရင် ...

"မြွေခေါ်ပြမယ်၊ ကြည့်မလားဟေ့"


www.burmeseclassic.com

www.burmeseclassic.com

"မင်းက မြွေခေါ်နိုင်လို့လား ... တိုက်ကြီးရ"

"ခေါ်နိုင်လို့ ပြောတာပေါ့ ... မြသန်းရ"

"လေမကြီးစမ်းပါနဲ့ ... တိုက်ကြီးရာ။ မြွေကိုခေါ်တယ်ဆိုတာ မြွေအလမ္မာယ်ဆရာမှ ပလွေမှုတ်ပြီး ခေါ်လို့ရတာဥစ္စာ။ မင်းက မြွေအလမ္မာယ်ဆရာ မို့လို့ ခေါ်လို့ရမှာလား"

"မယုံဘူးပေါ့"

"လုံးဝပဲ ... မောင်တိုက်ကြီးရာ"

"ဒါဆို ကြည့်နေ။ ကိုင်း ... မြွေမှန်ရင် လင်းမြွေရော၊ မြွေဟောက်ရော ငါ့လေချွန်သံကြားက အမြန်လာရောက်ကြတော့ဟေ့"

"ရှီ ... ရှီ ... ရှီ ..."

"ရှီ ..."

"ရှီ ..."

"ရှရော ... ရှရော ..."

"ဟာ ... ဟာ ..."

"ဟိုမှာ ... ဟိုမှာ ... မြွေ ... မြွေကြီး လာနေပြီဟေ့"

"အမယ်လေး ... နောက်မှာရောဟ။ ပြေး ... မြွေ ... ပြေး ..."

"အမေရေ၊ အဖေရေ ... လုပ်ပါဦးဗျာ။ မြွေ ... မြွေ ... မြွေ ..."

"ဟဲ့ ... ဟဲ့ ... ကလေးတွေ ဘာဖြစ်လို့တုံးဟဲ့"

"မောင်တိုက်ကြီး မြွေတွေခေါ်လို့ မြွေတွေအများကြီး ... ဝင် ... ဝင်လာ ..."

"အမယ်လေး ... ကိုယ်ကျိုးနည်းပါပေါ့လားတော်"

မြင်ရသူ ကလေးများရော၊ ကျုပ်ရော၊ လူကြီးတွေရော လွန်စွာ အံ့သြ ကြောက်လန့်ခဲ့ရတယ်ဗျာ။ မယုံလို့မရဘူးဆရာ၊ ကျုပ်ကိုယ်တွေ့ပါ။ မောင်တိုက်ကြီး လေချွန်သံဟာ မြွေတွန်တဲ့ အသံအတိုင်းပါပဲဗျာ။

မြွေတွေကလည်း မြွေအချင်းချင်း အသိပေး၊ အသံပေး ဆက်သွယ်တယ်မှတ်ပြီး လာကြတာကိုး။

နောင်အခါမှာ မောင်တိုက်ကြီးနဲ့ ဘယ်ကလေးမှ မကစားရဲကြတော့ဘူး။ မိဘများကလည်း သူတို့သားသမီးများကို မောင်တိုက်ကြီးနဲ့ လုံးဝ ကစားခွင့် မပေးတော့ဘူးလေ။


www.burmeseclassic.com

www.burmeseclassic.com


ကျုပ်က မောင်တိုက်ကြီးကို ယုံကြည်တယ်။ ခင်မင်တယ်။ သူ့ရဲ့ ထူးခြားဆန်းကြယ်တဲ့အစွမ်းကို အံ့ဩလေးစားတယ်။ နောက်တစ်ချက် မောင်တိုက်ကြီးက နေ့စဉ် မုန့်ဖိုးပိုက်ဆံများများရတော့ သူ့ကို ခင်ခင်မင်မင် လိုလိုလားလား ပေါင်းသင်းဆက်ဆံတဲ့ကျုပ်ကို ကျောင်းမှာ စားချင်တာ ဝယ်ကျွေးတယ်။

ကျုပ်လည်း သူနဲ့ အနေအတွဲများလာလို့ မြွေကို လုံးဝမကြောက်သလောက်ပဲဗျ။ သို့သော် သူလိုတော့ မြွေကို မကိုင်ရဲဘူးဗျာ။

မူလတန်းကျောင်းမှာရော၊ အလယ်တန်း၊ အထက်တန်း ကျောင်းမှာပါ သူက (ဟီးရိုး)။ သူရဲကောင်းလို့ နာမည်ကြီးနေတာ . . . ဆရာရေ။

ကျောင်းဝန်းထဲမှာ မြွေမြင်ရင်၊ ကျောင်းသစ်ပင်စိုက်ခင်းမှာ မြွေဝင်လာတဲ့အခါ အချို့သော ကျောင်းသားကြီးငယ်များက ဝင်လာသည့်မြွေကို အသေသတ်ဖို့ ကြိုးစားကြရင် . . .

မောင်တိုက်ကြီးက ဝင်ရောက်တားမြစ်ရတယ်။

"မသတ်ကြပါနဲ့ကွာ"

"မြွေဆိုးကွ . . . မောင်တိုက်ကြီးရ"

"မင်းတို့ငါတို့ကို ဒီမြွေက ကိုက်လိုက်လို့လား"

"ထိရင်ကိုက်မှာလေ၊ ကိုက်ရင်သေရော။ မင်း နားမလည်ဘူးလား"

"ကိုင်း . . . ဒီမြွေကို ငါဖမ်းပြီး အဝေးကို နှင်ပေးပါ့မယ်ကွာ။ နောင်ကျောင်းဝန်းထဲကိုရော၊ ကျောင်းစိုက်ခင်းထဲကိုရော မြွေ လုံးဝ မလာစေရဘူး။ စိတ်ချ။ အသာဘေးဖယ်။ ငါ ကိုင်မယ်"

ဒီလိုပြောပြီး မြွေပွေးဆိုရင် ခေါင်းကနေအုပ်ကိုင်ဖမ်း၊ မြွေဟောက်ဆိုရင် အသာလေချွန်ချော့ပြီး အမြီးကနေ တန်းလန်းကိုင်လို့ ဟိုးအဝေးကို သွားလွှတ်ပေးလိုက်တယ်။ လွှတ်ပေးရင်းကလည်း ဒီနေရာဟာ အန္တရာယ်ရှိနိုင်တာမို့ ပြန်မလာကြပါနဲ့လို့ သူကပြောလိုက်တယ်။

မောင်တိုက်ကြီးရဲ့စကားကို နားလည်လို့လား၊ ဒါမှမဟုတ် မောင်တိုက်ကြီးကိုယ်တိုင်က မြွေတွေအပေါ် ဩဇာညောင်းလို့လားမသိဘူး နောင်အခါ မြွေတွေ ကျောင်းဝန်းဧရိယာမှာ လုံးဝမတွေ့ရတော့ဘူး။

ဒါကြောင့် မောင်တိုက်ကြီးကို အရပ်ထဲမှာရော၊ ကျောင်းမှာရော ပြောဆိုဝေဖန် အမည်သစ်များ ပေးကြလေရဲ့ဗျ။

"မြွေဘုရင်ကွ"

"မြွေမင်းသားဗျ"


www.burmeseclassic.com

www.burmeseclassic.com


"မြွေဆရာဆိုလည်း သင့်တာပဲဟေ့"

"မြွေနဲ့ သူနဲ့ ဘယ်လိုအမျိုးတော်စပ်လည်း မသိဘူးနော်။ မြွေတွေက သူ့ဆိုရင် လုံးဝမကိုက်ဘူး"

"မောင်တိုက်ကြီးမှာ မြွေနိုင်ဆေးများ ရှိနေလားဟ"

"ဟေ့ . . . မောင်တိုက်ကြီး"

"ဘာတုံးဗျာ"

"မင်းမှာ မြွေနိုင်ဆေး၊ မြွေပြီးဆေးများ ရှိနေရော့လားဟ။ စွမ်းလိုက်တဲ့ကောင်ကွာ။ တို့များလည်း မြွေနိုင်ဆေး၊ မြွေပြီးဆေးများ နည်းနည်းပါးပါး ဖြန့်ဝေပေးပါဦးဟ . . . မောင်တိုက်ကြီးရ"

"လိုချင်လို့လားဗျ"

"အရမ်းကို လိုချင်လို့ပါ . . . ငါ့လူရာ"

"မြွေနိုင်ချင်ရင်၊ မြွေဘေးရန်က ကင်းဝေးချင်ရင် . . တစ်–မြွေကိုမသတ်နဲ့။ နှစ်–မြွေသားကို မစားနဲ့။ သုံး–မြွေများကို မေတ္တာပို့သပါ။ မြွေဘုရားနဲ့ မြွေရုပ်တုများမှာ မြွေစာနဲ့နို့များ ပေးလှူမေတ္တာပို့ပါ။ ဒါဆိုရင် မြွေအန္တရာယ်က ကင်းဝေးပြီး မြွေများရဲ့စောင့်ရှောက်မှုကို ရရှိပါလိမ့်မယ်ဗျာ"

✿ ✿ ✿

[၅]

❑

မောင်တိုက်ကြီး တက္ကသိုလ်ကျောင်းသားဘဝရောက်တော့ သူနှင့်မြွေများဟာ အလွန်ယဉ်ပါးစ ပြုနေပြီဖြစ်တယ်ဗျ။

မောင်တိုက်ကြီးရဲ့ သီးသန့်အိပ်ခန်းမှာ မြွေတွန်သံ အမြဲကြားနေရတယ်။ သူ့အခန်းကို အိမ်ဖော်မိန်းကလေးများဆိုရင် သန့်ရှင်းရေး ဝင်မလုပ်ရဲကြဘူး။

တစ်ခါတုန်းကလည်း သန့်ရှင်းရေးလုပ်မယ်လို့ မောင်တိုက်ကြီးအခန်းထဲကို တံမြက်စည်းကိုင်လို့ ဝင်ခဲ့တယ်။ ဦးစွာ ခုတင်ပေါ်မှာ ပုံနေတဲ့စောင်ကို ခါခေါက်မယ်လို့ ဆွဲယူလိုက်ရော . . .


www.burmeseclassic.com

www.burmeseclassic.com


"အမယ်လေး ..."

"ဟဲ့ ... ဟဲ့ ... မိကြိုင် ... မိကြိုင် ... ဘာဖြစ်လို့တုံးဟဲ့"

"မြွေ ... မြွေ ... အမယ်လေး ... မြတ်စွာဘုရား ... ကယ်တော်မူပါဘုရား"

ထမင်းချက်ဒေါ်သောင်းတို့၊ မာလီဘသိန်းတို့၊ အိမ်သာတက်နေတဲ့ မောင်တိုက်ကြီးတို့ အပြေးအလွှားပြေးဝင်လာကြည့်ရော မောင်တိုက်ကြီးကလွဲပြီး ကျန်လူအားလုံး လန့်ဖျန့်အော်ပြေးရပါရောလားဗျာ။

ဘာဖြစ်လို့လဲဆိုတော့ ...

စောင်ကိုလှန်လိုက်ရော စောင်အောက်ခုတင်ပေါ်မှာ မြွေဟောက်ကြီး တစ်ကောင် ခွေလျားလျားကြီးရှိနေတာကို မြင်လိုက်ရလို့ပေါ့ ... ဆရာမှိုင်းရာ။

အဲဒါ သန့်ရှင်းရေးလုပ်တဲ့ မိကြိုင် နောက်နေ့ အလုပ်ထွက်သွားပါရော။ ပြောလို့ဆိုလို့ တားမြစ်လို့မရတော့ သူ့သားကို သီးသန့်တိုက်တစ်လုံးမှာ သူ့စိတ်ကြိုက် အိမ်ဖော်အကူများနဲ့ ထားပေးရတဲ့အခြေကို ရောက်ရတယ်။

မြွေအလမ္ပာယ်ပြစားတဲ့ မြွေဆရာများဆိုလည်း မကြာခဏ ဒုက္ခရောက်ရတယ်ဗျ။ သိတဲ့အတိုင်းပဲ ... ဆရာမှိုင်းရယ်။ မြွေအလမ္ပာယ်ဆရာဆိုတာ မြွေဟောက်တွေပြပြီး ဆေးရောင်းစားတာမဟုတ်လား။

အဲဒါ အလမ္ပာယ်ဆရာက သူ့မြွေကို သူ ထိန်းလို့မရရှာဘူး။

ဘာလို့လဲဆိုတော့ မြွေအလမ္ပာယ် စည်းဝိုင်းနံဘေးမှာ မောင်တိုက်ကြီး ရောက်ပြီး မြွေကို လေချွန်သံပေးနေတော့ ...

ဘယ်လိုဘဝ အဆက်ဆက်က မြွေမျိုးစုံနဲ့ ပဋ္ဌာန်းဆက်၊ ရေစက်ရှိခဲ့လို့လည်းမသိဘူး မောင်တိုက်ကြီးရဲ့အသံနဲ့ မျက်နှာရယ်၊ ကိုယ်နံ့ရယ်ရရော၊ မြင်ရော ...

အလမ္ပာယ်မြွေဟောက်က မျက်လှည့်ဆရာ (မြွေဆရာ) ရဲ့ မျက်နှာကို မကြည့်။ ဩဇာလည်းမခံဘဲ စည်းဝိုင်းအပြင်နားက မောင်တိုက်ကြီးရဲ့အနီး ရောက်လာပြီး ဆော့ကစား ပါးပျဉ်းထောင်လုပ်နေတာနဲ့ အလမ္ပာယ်ဝိုင်း ပျက်မလိုဖြစ်သွားရတယ်။

နောက်ဆုံး မောင်တိုက်ကြီးနဲ့ အလမ္ပာယ်မျက်လှည့်ဆရာ စကားများကြရောဗျို့။

"ကောင်လေး ... မင်းက ငါ့လုပ်ငန်းကို နှောင့်ယှက်တာလား"

"မဟုတ်ပါဘူး ... ဆရာကြီး"


www.burmeseclassic.com

www.burmeseclassic.com


"မင်း ပညာသည်လား"

"မဟုတ်ပါဘူး ... ဆရာကြီး"

"ဒါဆို မင်းဘာလို့ ငါနဲ့အလုပ်လုပ်နေတဲ့ မြွေကို မင်းဆီရောက်အောင် လုပ်ရတာတုံး"

"သူ့ဘာသာသူလာတာပဲ ... ဆရာကြီးရ"

"ဟေ့ကောင်လေး ... မင်း ငါ့ကို ညာလို့မရဘူးကွ။ မင်းက ဘာလဲ။ ဆယ့်နှစ်ကြိုးလား၊ ဇော်ဂနီလား၊ မောက်လုံးမောက်ပြားလား၊ ရွာသူ့ရဲ့သားလား ငါ့ကို ပညာလာပြိုင်တာလားဟေ့ .. ဟင် ... ကောင်လေး"

"မ ... မ ... ဟုတ် ... ပါဘူး ... ဆရာကြီး"

"ပရိသတ်များခင်ဗျား ... ကျွန်တော်ဟာ ပရိသတ်များရှေ့မှောက်မှာ မြွေအလမ္ပာယ်ပြနေတာပါ။ ဒီမြွေဟောက်ဟာ အဆိပ်အလွန်ပြင်းပါတယ်။ ဟို သူငယ်က အင်းတိုက်၊ နတ်တိုက်လိုလို၊ အစိမ်းတိုက်ပညာနဲ့ လိုလိုနဲ့ ကျွန်တော် လုပ်ငန်းလုပ်လို့မရအောင် နှောင့်ယှက်နေတဲ့အတွက် ကျွန်တော် တန်ပြန် (ရှက်ပြန်) ဆုံးမရပါတော့မယ်"

မြွေပွဲကြည့်ပရိသတ်များကလည်း မောင်တိုက်ကြီးကိုတစ်လှည့်၊ မောင်တိုက်ကြီးရှေ့က မြွေဟောက်ကြီးကိုတစ်လှည့်၊ ဒေါသဖြစ်နေတဲ့ မျက်လှည့်ဆရာ (မြွေအလမ္ပာယ်ဆရာ)ကိုတစ်လှည့် ကြည့်ပြီး ဘာများဖြစ်လာကြမှာလဲလို့ အကဲခတ်နေကြတယ်။

"ဟေ့ ... သူငယ်၊ မင်း ခုချက်ချင်း စည်းဝိုင်းနံဘေးကနေ ထွက်သွားမလား၊ မသွားဘူးလား ... ပြော။ မသွားရင် မင်းကိုငါ ပညာပိုင်းနဲ့ စီရင်ဆုံးမရတော့မယ်"

"ကျွန် ... တော် ... မြွေပွဲကြည့်ချင်လို့ပါ ... ဆရာကြီး"

"မဟုတ်ဘူး ... မင်း ပညာသည်။ ငါ့ကို ပညာပြိုင်တဲ့သဘောနဲ့ လာနှောင့်ယှက်နေတာ။ မင်း ဒီနေရာက ထွက်မသွားရင် မင်းကို ငါ မြို့တော်ရှင်၊ ရွာတော်ရှင်များနဲ့ ဆုံးမရတော့မယ်။ အဲဒီကျရင် မင်း အသေဆိုးနဲ့ သေရလိမ့်မယ်။ သွား ... ခုချက်ချင်းထွက်သွား"

ဒီမှာ လူကြီးသူမအချို့က ခန္ဓာကိုယ်ပေါ် အင်းကွက်မျိုးစုံ၊ ဆေးမင်ကြောင်မျိုးစုံ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဗရပွနဲ့ အသားမည်းမည်း ကြမ်းကြမ်းတမ်းတမ်းရုပ်မျိုးရှိတဲ့ မြွေအလမ္ပာယ်ဆရာကို ကြောက်သလိုရှိသမို့ မောင်တိုက်ကြီးကို တိုးတိုးကပ်ပြောကြတယ်။


www.burmeseclassic.com

www.burmeseclassic.com


"လူကလေး ... ပြန်တော့။ ဒီမြွေဆရာက ကြောက်စရာကြီး"

"ဟုတ်တယ် ... ကလေး။ တော်ကြာ တိုက်မြွေနဲ့တိုက်ရင် မင်းပဲ ဒုက္ခရောက်လိမ့်မယ်"

"တိုက်မြွေ ..."

"ဟုတ်တယ်"

"တိုက်မြွေဆိုတာ ဘယ်လိုမြွေမျိုးလဲဟင်"

"ခက်ပါ့ကွာ ... တိုက်မြွေဆိုတာ ခု မင်းရှေ့က သူ့ရဲ့မြွေကို အမိန့်ပေးပြီ၊ မင်းကို ကိုက်လိုက်ဆို၊ အဲဒီမြွေက လိုက်ကိုက်ရော၊ ပေါက်ရော။ အဲဒါဆို မင်း၊သေရော။ အဲဒီမြွေကို တိုက်မြွေလို့ခေါ်တယ်"

"ဟုတ်လား"

"ဟုတ်တယ် ... ပြန်တော့"

ဒီမှာ အဘွားအိုတစ်ဦးက ...

"မြွေဆရာကြီးရယ် ... လူငယ်လူရွယ် အမိုက်အမဲမို့ မသိလို့လုပ်မိတာဖြစ်ပါလိမ့်မယ်။ အခု သူပြန်ပါလိမ့်မယ်။ ဟိုဟိုဒီဒီ အမိန့်များ မပေးပါနဲ့ရှင်။ ကိုယ်စား မေတ္တာရပ်ခံပါတယ်ရှင်"

"ဒါဆို သွားခိုင်းပါ၊ ပြန်ခိုင်းပါ။ သူပြန်မှ ကျူပ် အလမ္ပာယ် ဆက်ပြပေးမယ်။ မပြန်ရင် ကျူပ်ပညာအကြောင်း သိရစေမယ်"

"ကိုင်း ... ကိုင်း ... လူကလေး ... ပြန်တော့ ... ပြန်တော့"

"ဟုတ် ... ဟုတ်ကဲ့ ခင်ဗျ။ ဆရာကြီးခင်ဗျား ..."

"ဘာတုံး"

"ကျွန်တော် ပြန်ပါဦးမယ်ခင်ဗျ"

"ပြန်ကွာ ... ပြန် ... ထွီ ..."

သို့ကလို စိုးရိမ်ကြောက်ရွံ့ဟန်နဲ့ နှုတ်ဆက်ပြီး လူအုပ်ကြားကနေ တိုးဝှေ့လို့ပြန်သွားရော။ အံ့သြစရာကောင်းတာက မျက်လှည့် မြွေအလမ္ပာယ်ဆရာကြီးရဲ့ မြွေဟောက်ကြီးဟာ မျက်လှည့်စည်းဝိုင်းမှာ မနေတော့ဘဲ မောင်တိုက်ကြီးရဲ့နောက်ကို ကောက်ကောက်ပါအောင် လိုက်လာတာပဲဗျာ။

မြွေအလမ္ပာယ်ဆရာကြီးဟာ မျက်လုံး၊ မျက်ဆံပြူးပြီး သူ့မြွေကို အမြီးကနေ လိုက်ဆွဲခေါ်တော့တာပဲ။ သူ့မြွေဟောက်ကြီးရဲ့အမြီးကို လှမ်းဆွဲလေ၊ မြွေဟောက်ကြီးက အလမ္ပာယ်ဆရာကို ဒေါသတကြီး လှမ်းလှမ်းပေါက်လို့ မြွေအလမ္ပာယ်ဆရာ အခက်တွေ့နေပါရောဗျို့။


www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်လေး ... ငါ့မြွေကို မင်း ခေါ်မသွားနဲ့၊ ခေါ်မသွားနဲ့"

"ဟော့ကောင် ... ငါ့မြွေကို ခေါ်မသွားနဲ့၊ ထားခဲ့ ... ထားခဲ့"

"ကျွန်တော် မခေါ်ဘူးဗျ။ ဆရာကြီးမြွေက လိုက်လာနေတာ။ ဆရာကြီး ရအောင်ပြန်ခေါ်"

ဒီလိုပြန်ပြောတော့ မြွေအလမ္ပာယ်ဆရာကြီးက သူ့မြွေကို ပလွေကြီး မှုတ်ပြီး ပြန်ညို့လို့ ခေါ်ပြန်ပါရောဗျို့။

ပလွေမိုက်ပူကြီးကို အာညောင်းအောင်မှုတ်လည်း မရဘူး။ မြွေကြီးက မောင်တိုက်ကြီးနောက်ကိုပဲ လိုက်နေတာပဲ။ အမြီးကနေ လှမ်းဆွဲရင် သခင်ကို ပြန်ပေါက်တယ်။ ပါးစပ်က ဖူးဖူးနဲ့ မြည်ပြတယ်။

နောက်ဆုံး မြွေအလမ္ပာယ်ဆရာကြီးက မောင်တိုက်ကြီးကို တောင်းပန် ရတော့တာပဲ။

"ကောင်လေး ... ကျုပ် ... ကျုပ် ... တောင်းပန်ပါတယ်။ ကျုပ်ရဲ့ မြွေကြီးကို ခေါ်မသွားပါနဲ့။ ကျုပ် ဒီမြွေကြီးနဲ့ လုပ်စားနေရတာကွယ့် နော် နော်"

မောင်တိုက်ကြီးကို ပရိသတ်အများရှေ့မှာ တောင်းပန်ရတယ်။ သည် တော့မှ မောင်တိုက်ကြီးက မျက်လှည့်မြွေဆရာပိုင် မြွေဟောက်ကြီးရဲ့ဦးခေါင်း ကို ညာလက်နဲ့ သပ်သပ်ပေးပြီး ...

"ကိုင်း ... မိတ်ဆွေကြီး၊ သင့်သခင်ထံမှာပဲ နေခဲ့ပါတော့။ သင့်သခင် က သင့်ကို နှိပ်စက်ကလူပြုခဲ့ရင်တော့ ကျွန်ုပ်ရဲ့ကိုယ်နံ့ကို ရှာပြီး ကျွန်ုပ်ရှိရာကို အရောက်လာခဲ့။ ကိုင်း ... သွားတော့၊ သွားတော့"

အဲဒီလို မောင်တိုက်ကြီးက ပြောလိုက်တော့မှ မြွေဆရာပိုင် မြွေကြီးဟာ ပါးပျဉ်းထောင်ရပ်ကြည့်နေပြီး တရွေ့ရွေ့ လက်ပြလို့ထွက်သွားတဲ့ မောင်တိုက်ကြီး ကို ငေးကြည့်နေတယ်။

မောင်တိုက်ကြီး မျက်စိရှေ့ကပျောက်သွားမှ မြွေကြီး မြွေဆရာရဲ့ပခြုပ်ထဲ ကို လျှောလျှောရှုရှုဝင်သွားတာကို လူအတော်များများ အံ့ဖွယ်တွေ့မြင်ခဲ့ရတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

❑

မောင်တိုက်ကြီး ရန်ကုန်တက္ကသိုလ်ကနေ ပညာရေးဘွဲ့တစ်ခုရပြီးနောက် မိဘများရဲ့ စီးပွားရေးကုန်သည်ပွဲစားလုပ်ငန်းကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့တယ်။

တစ်နေ့တော့ မောင်တိုက်ကြီးကို မိဘများက သူတို့လိုပဲ ဂုဏ်ရည်တူ အတန်းအလွှာကမွေးတဲ့ မချစ်မြရွှန်းရည်ဆိုတဲ့ ပညာတတ်မိန်းကလေးတစ်ဦးနဲ့ စေ့စပ်ကြောင်းလမ်းတယ်။

မောင်တိုက်ကြီးကလည်း မိဘစကားကို မြေဝယ်မကျ နားထောင်ပါတယ်။ မချစ်မြရွှန်းရည်လို လှပချောမောသူ၊ ပညာရှိသူကို သူ သဘောကျခဲ့ပါတယ်။

ပြဿနာဖြစ်ချင်တော့ ...

မချစ်မြရွှန်းရည် မောင်တိုက်ကြီးရဲ့ သီးသန့်တိုက်အိမ်ကြီးကို လာရောက်လေ့လာ အလည်ရောက်ချိန်မှာပဲ ...

မြွေဟောက်နဲ့ ငန်းတော်ကျားမြွေကြီး (၁၀)ကောင်ခန့် ဧည့်ခန်းထဲကို ဝင်လာ ပြေးလွှားလာတာ မြုန်းခနဲမြင်လိုက်ရော ...



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး ...' လို့ တစ်ချက်အော်ပြီး ဆိုဖာပေါ်မှာ သတိလစ်သွားတော့တာပဲ။ အဲဒီနေ့ကစပြီး မောင်တိုက်ကြီးနဲ့ မြွေများအကြောင်း စုံစမ်းသိရှိသွားခဲ့ပြီး သူတို့ရဲ့စေ့စပ်ပွဲကို ပြန်လည်ဖျက်သိမ်းလိုက်ရတယ်ဗျာ။

ဘယ်လိုဘဝပေးကြောင့်လည်းကို မသိပါဘူး ဆရာမှိုင်းရယ်။ မြွေတွေက မောင်တိုက်ကြီးရဲ့ ကိုယ်နံ့ကိုရရင် မောင်တိုက်ကြီးရှိရာကို ရောက်လာကြရော။ ခုဆို မောင်တိုက်ကြီးရဲ့အိမ်ပေါ်မှာရော၊ ခြံဝန်းထဲမှာပါ မြွေမျိုးစုံရောက်ရှိနေလို့ အချို့က မောင်တိုက်ကြီးရဲ့ခြံကို မြွေသိုက်လို့တောင် ခေါ်ကြတယ်။

တစ်ခုတော့ ထူးဆန်းတယ် ... ဆရာမှိုင်းရဲ့။

သူတို့တိုက်အိမ်ပေါ်မှာ မြွေတွေ ပြေးလွှားဆော့ကစားနေကြတယ်။ အချို့မြွေများက ကြွက်လျှောက်လိုတန်းပေါ်မှာ နေတယ်။ စာအုပ် ဗီရိုပေါ်မှာနေတယ်။ အချို့ အုံ့ဆွဲထဲမှာ ဝင်ချင်ဝင်နေတယ်။

ခုတင်ပေါ်နဲ့ ခုတင်အောက်မှာလည်း ရှိနေတာပဲ။

မောင်တိုက်ကြီးဟာ မြွေနဲ့အတူတူအိပ်ဖို့ ဝန်မလေးဘူး။ အိပ်လည်းအိပ်တာပဲ။ အိပ်နေရင် သူ့ရင်ဘတ်ပေါ်မှာ အလွန်ကြီးမားတဲ့ မြွေဆိုးမြွေဟောက်တစ်ကောင်က တက်ခွေရင်ခွေ၊ မခွေရင် လူးလွန့်တက်နေတာကို မြင်ရမှာပဲ။

ကျုပ်ကတော့ မောင်တိုက်ကြီးရဲ့ စားဖော်စားဖက်၊ အချစ်ဆုံးသူငယ်ချင်းဖြစ်နေတော့ မောင်တိုက်ကြီးက သူ့မြွေတွေကို ပြောထားတယ်။

"ဒါ ... ငါ့သူငယ်ချင်း။ မင်းတို့ အန္တရာယ်မပြုရဘူး"

မြွေတွေကလည်း သူ့စကားဆို နားလည်နေတာပဲခင်ဗျ။ ကျုပ်ရောက်နေရင် ကျုပ်ကို အန္တရာယ်မပြုဘူး။

နောက်တစ်ချက်ထူးခြားတာက မောင်တိုက်ကြီး အလွန်စီးပွားတိုးတက်နေတာပဲ။ ငွေဆိုတာ သောက်သောက်လဲပဲဗျာ။ သူ့စားပွဲနဲ့ ခုတင်ပေါ်မှာ သိန်းထုပ်သောင်းထုပ် ဥဒဟို ပြန့်ကြဲနေတယ်။

"မောင်ရွှေဘို ... မင်းလိုရင် လိုသလောက်ယူသုံး သူငယ်ချင်း" တဲ့။

ကျုပ် လုံးဝ ယူမသုံးဘူး။ မခိုးဘူး။ မဝှက်ဘူး။

"မောင်တိုက်ကြီး ... မင်းဘာလို့ ဒီလောက်ပေါများ ချမ်းသာနေတာလဲဟင်"

"စနေနံ့ထွန်းနေလို့ပေါ့ ... မောင်ရွှေဘိုရယ်"

"စနေနံ့ထွန်းတယ်ဆိုတာ ဘာကိုပြောတာတုံး ... မောင်တိုက်ကြီး"



www.burmeseclassic.com

www.burmeseclassic.com


"စနေနံဆိုတာ မြွေနဂါးကိုပြောတာ။ ငွေနံလို့လည်း ခေါ်တယ်။ ငါ မကြာခင်က အိပ်မက်ဆန်းတစ်ခုမက်တယ် မောင်ရွှေဘို"

"ဘယ်လိုအိပ်မက်ဆန်းတုံး ... သူငယ်ချင်း"

"ငွေဒဂါးပုံကြီးကို ရောမမြွေနဂါးကြီးက ခွေပတ်နေတယ်။ မြွေအုပ်ကြီး ကလည်း ငွေဒဂါး၊ ရွှေဒဂါးတွေကို ကိုက်ချီမြှောက်ကစားပြီး ငါ့ဆီကို ပစ်ပစ်ပေး နေတာ။ ကြာတော့ ငါ့ခန္ဓာကိုယ်ဟာ ငွေဒဂါး ရွှေဒဂါးတွေပိပြီး ဦးခေါင်းပဲ ပေါ် တော့တယ်။

အဲဒီအိပ်မက်ကို ငါ မကြာခဏမက်တယ်။ ငါက မြွေတွေကို ချစ်ခင် သနား ကျွေးမွေးစောင့်ရှောက်လို့လားမသိဘူး။ စနေနံ ငွေရော မြွေရော ထိန်ထွန်း သလို အလုံးအရင်းနဲ့ကို ဝင်တာ"

ဟုတ်ပေလိမ့်မည်။ မောင်တိုက်ကြီးဟာ ခန္ဓာကိုယ်ပေါ်မှာ မြွေနဂါးရုပ် များ အပြည့်နီးပါး ဆေးမင်ကြောင်ထိုးထားတဲ့ မွန်လူမျိုး တပည့်တစ်ဦးအကူအညီ နဲ့ မြွေများကို အစာကျွေးတယ်၊ နို့တိုက်တယ်။

သို့သော် ... မြွေတွန်သံ မကြားရဘူး။

အဲ ... နံနက်မိုးသောက်ကာနီးမှာ မြွေတွန်သံများ အဆက်မပြတ်ကြား ရပြီဆိုရင်တော့ ပိုက်ဆံအိတ်ကိုသော်လည်းကောင်း၊ မီးခံသေတ္တာကိုလည်းကောင်း ဖွင့်သာထား။ ငွေလုံးငွေရင်း ဝင်ပြီမှတ်။

တစ်နေ့မှာပေါ့ဗျာ ... မောင်တိုက်ကြီး အလွန်ချမ်းသာသည့်အကြောင်း ကို လူအများက သိကြတယ်။ မောင်တိုက်ကြီး မရှိဆင်းရဲသားများကို ပေးကမ်းစွန့် ကြဲတာ အများသိကြတယ်။

ဒါနဲ့အတူ မြွေကြောက်လို့ မောင်တိုက်ကြီးကိုလက်ထပ်မည့်မိန်းမ မရှိဘူး ဆိုတာလည်း အနီးဝန်းကျင် ဆွေမျိုးသားချင်းများသိကြတယ်။

ပြောရင် ချမ်းသာတယ်။

အိမ်မှာ လူရှင်းတယ်။

ဒါကို ဓားပြလူဆိုးများက သဘောပေါက်ပြီး မောင်တိုက်ကြီးတို့တိုက် ကို မရအရ ဝင်ခဲ့ကြတယ်။

ဝင်တိုက်ပုံက ... ကြည့်ဦး။ ညဘက်ဝင်တိုက်တာ မဟုတ်ဘူး။ နေ့ခင်း ကြောင်တောင်ကြီး ဝင်တိုက်တာ။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့တုန်းက မြေစာကျွေးတဲ့မွန်စံကြီး အပြင်သွားနေသည့်အချိ အိမ်ထဲမှာ မောင်တိုက်ကြီးတစ်ယောက်တည်း ငွေစာရင်းဇယားများနဲ့ ငွေတွေ စုပုံရေတွက် စာရင်းလုပ်နေချိန်။

"ကိုတိုက်ကြီး ... ကိုတိုက်ကြီး ..."

တိုက်ရှေ့ခြံဝက အမည်ခေါ်သံကြားတာနဲ့ ထရပ်ကြည့်လိုက်တယ်။

"ဘယ်သူတုံးခင်ဗျ"

"ပဲရောင်းချင်လို့ပါ။ ခဏစကားပြောပါရစေ"

ကားလည်းပါတယ်။ လူနှစ်ယောက်။ သားရေအိတ်ကြီးတစ်ယော တစ်လုံးလွယ်လို့။ အရပ်မြင့်မြင့်၊ ဗလကောင်းကောင်းတွေ။ သို့သော် တစ်ခါ သူတို့ကို မမြင်ဖူးဘူး။

"ပွဲရုံကို လာခဲ့လေဗျာ"

"ပွဲရုံကို ရောက်ပြီးပါပြီ။ ကိုတိုက်ကြီး အိမ်မှာပဲရှိတယ်ဆိုလို့ လာခဲ့တာ ပါ"

ဒါနဲ့ အားနာပြီး ခြံတံခါးကို ဖွင့်ပေးလိုက်တယ်။ သူတို့ ဧည့်ခန်းထဲ ကျွေရရ ဝင်လာကြတယ်။ ဒါနှင့်အတူ သူတို့မျက်လုံးများက ပြန့်ကြနေသည ငွေစက္ကူထုပ်များအပေါ်ကို အာရုံရောက်ပြီး လောဘမျက်လုံးတွေ အရောင်လက် နေတာကို တွေ့လိုက်ရသတဲ့။

"ခင်ဗျားတို့က ဘယ်အရပ်ဒေသကတုံးဗျ"

"ကျွန်တော်တို့က ........ ကပါ"

"ပဲကရော ဘာအမျိုးအစားတုံး။ တင်းဘယ်လောက်ရှိတုံး။ အရည် အသွေးရော ကောင်းရဲ့လား"

"ဟုတ်ကဲ့ ... နမူနာပြပါ့မယ်။ ကြည့်ပါ ... ကိုတိုက်ကြီး"

အဲဒီလိုပြောပြီး နှစ်ယောက်စလုံး သူတို့ရဲ့သားရေအိတ်ကို ဖွင့်ပြီး လက် နှိုက်တယ်။ လက်ပြန်ထုတ်တော့ သူတို့နှစ်ဦးရဲ့လက်ထဲမှာ ပြောင်းတိုခြောက်လုံးပြ တစ်လက်စီကိုင်ပြီး ကိုတိုက်ကြီးကို ချိန်လို့။

"ခင်ဗျားတို့ ... ဒါ ... ဒါ ... ဘာ ... လုပ် ... တာ လဲ ဟင်"

"အနုကြမ်းစီးတယ်ပဲပြောပြော၊ ဓားပြတိုက်တယ်ပဲဆိုဆို အသံမထ ပါနဲ့ ... ကိုတိုက်ကြီး။ အော်ရင် ကျုပ်တို့ ခင်ဗျားကို အသေပစ်သတ်မှာပဲ ဟောကောင် ... သူ့ကိုချိန်ထား။ လှုပ်ရင် ပစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com


အင်္ကျီအညိုနဲ့လူက အင်္ကျီအကွက်နဲ့လူကို အမိန့်ပေးလိုက်တော့ အင်္ကျီအကွက်နဲ့လူက ကိုတိုက်ကြီးရဲ့ရင်ဝကို ပြောင်းတိုသေနတ်နဲ့ ချိန်ထားတယ်။

ဒီမှာ အင်္ကျီအညိုနဲ့လူဆိုးက သားရေအိတ်ထဲကို ငွေစက္ကူသိန်းအုပ်တွေ ပြုံထိုးသိပ်ထည့်နေတယ်။ အိတ်တစ်လုံးပြည့်သွားပြီ၊ လောဘက မရပ်သေးဘူး။

"ကိုတိုက်ကြီး ... ဟိုဗီရိုသော့ရောပေးပါ"

"ကျုပ် ရင်းနှီးစားသောက်ဖို့ မထားခဲ့တော့ဘူးလားဗျာ"

"ခင်ဗျားက သူဌေးပါ။ ရွှေမရှား ငွေမရှားပါ။ ကိုင်း ... သော့သာပေးဗျာ။ လောကမှာ လူ့အသက်ထက်မြတ်တာ ဘာမှမရှိဘူး"

"ရော့ ... ဗျာ၊ အကုန်သာယူသွားတော့"

"ဒီလို သဘောကောင်းမှပေါ့။ သာဓုပါဗျာ ... သာဓု ... သာဓု"

အင်္ကျီအကွက်နဲ့လူဆိုးက သာဓုခေါ်ပြီးနောက် ကိုတိုက်ကြီး လှမ်းပေးသည့် သော့နဲ့ မတ်တတ်ဗီရိုကို ဖွင့်လိုက်ရော ...

"ဖူး ..."

"ဟာ ..."

"ဖောက် ..."

"အား ... မ ... လေး ... သေ ... ပါ ... ပြီ ... ဗျ"

သူက ဗီရိုတံခါးကိုဖွင့်ပြီး အထဲကို လက်နဲ့လှန်မွှေလိုက်ချိန်မှာပဲ 'ဖူး'လို့ အမှုတ်သံကြားရပြီး ငွေစက္ကူထုပ်များကြားကနေ မြွေဟောက်ကြီးတစ်ကောင် လူးလွန့်ပြီး သင်းရဲ့လက်ကို လှမ်းပေါက်လိုက်တာ အသံနက်ကြီးနဲ့ 'အား'လို့ အော်ဟစ်ရင်း သူ့လက်ကို ဆုပ်ကိုင်ရင်းက တွန့်လိမ်လဲကျ အကြောဆွဲလူးလွန့် မျက်လုံးပြူးသေသွားပါရောဗျာ။

အင်္ကျီအကွက်နဲ့လူဟာ ဗီရိုထဲကနေ သူ့လူကို မြွေဟောက် အကြီးကြီးပေါက်လို့ လူးလွန့်အော်ဟစ်ရင်း သေသွားတာမြင်ရော အံ့အားသင့်ကြောင်နေချိန်မှာပဲ ...

ဗီရိုထဲက မြွေဟောက်ကြီးက လူးလွန့်ပြီး လျှောခနဲခုန်ဆင်းပြီး သေနေတဲ့ သူ့လူရဲ့ရင်ဘတ်ပေါ်ကနေ ဖြတ်လို့ သူရှိရာကို လာနေတာမြင်ရော ကြောက်ကြောက်လန့်လန့်နဲ့ သေနတ်ခလုတ်ကို ညှစ်ပစ် ပါရော။

"ချောက် ..."

"ဟင် ... ကိုင်းဟာ ..."

"ချောက် ... ချောက် ... ချောက် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ပြောင်းတိုသေနတ်က အရေးထဲ ကျည်တစ်တောင့်မှ မထွက်ဘူး။ ဘယ်လိုဖြစ်လို့ ကျည်မထွက်မှန်းကို မသိတာ။ မြွေဟောက်ကြီးကလည်း သင်းရဲ့ရှေ့မှာ ပါးပျဉ်းကြီးထောင်ပြီး ပေါက်မည့်ဟန်ပြလိုက်ရော ...

"အမယ်လေးဗျာ ..."

လူဆိုးဟာ သူ့လက်ထဲက ပြောင်းတိုသေနတ်နဲ့ မြွေကြီးကို လှမ်းပေါက်ပြီး ငွေထုပ်အိတ်ကို ကောက်ကိုင်လို့ လှည့်အပြေး ...

"ဖူး ... ဖူး ..."

"ရှီ ... ရှီ ..."

"ဖူး ..."

"ရှီ ..."

"ဟာ ... အမယ်လေး ..."

ပြေးနေသည့် ခြေလှမ်းတွေ တွန့်ခနဲရပ်သွားတယ်။ သူမြင်လိုက်ရတာက တိုက်တံခါးဝမှာ ဝင်လာနေတဲ့ မြွေဟောက်တွေ။ ပါးပျဉ်းထောင်ပြီး သူ့ကို မျက်လုံးစူးရဲရဲနဲ့ စိုက်ကြည့်နေတဲ့ မြွေဟောက်ကြီးတွေ။

သူ့ကိုပေါက်သတ်ဖို့ စိုက်ကြည့်နေတဲ့ မြွေအုပ်ကိုမြင်လိုက်ရော သူ ငွေအိတ်ကြီးကိုပိုက်ပြီး ဘယ်ပြေးလို့ ပြေးရမှန်းမသိ ဖြစ်နေချိန်မှာပဲ ...

ကိုယ်အပေါ် တန်းတစ်ခုကနေ အရှည်တစ်လံနီးပါးခန့်ရှိတဲ့ မြွေဟောက်ကြီးတစ်ကောင်ဟာ လူဆိုးရဲ့ပခုံးပေါ် ခုန်ချပြီး လူဆိုးရဲ့လည်ပင်းကို ပတ်လိုက်ရော လူဆိုးဟာ ကြောက်လန့်ပြီး လက်ထဲက ငွေထုပ်အိတ်ကြီးနဲ့ ရှေ့က ကာထားသည့်မြွေများကို ပစ်ပေါက်လို့ ထိတ်လန့်တကြား ကားရှိရာကို ပြေးတော့တာပဲတဲ့။

မြွေဟောက်ကြီးကလည်း လူဆိုးရဲ့လည်ပင်းကို တစ်ပတ်ပြီးတစ်ပတ် ရစ်ပတ်ပြီး သူ့မျက်နှာရှေ့မှာ ပါးပျဉ်းဦးခေါင်းကို ထောင်ပြနေတာ။

လူဆိုးဟာ ကြောက်လန့်တကြားအော်ဟစ်ရင်း လည်ပင်းက မြွေကို ဆွဲချတယ်။ ဆွဲချလို့မရဘူး။ ဆွဲချလို့မရတော့ ရပ်ထားတဲ့ကားပေါ်ကို ပြေးတက်ပြီး ကားစက်ကိုသော့ဖွင့်နှိုးလို့ ကားမောင်းပြေးမယ်ကြံပေမင့် ...

အကူသိုလ်က ဖိစီးနေပြီလေ။

ကားက လုံးဝစက်နှိုးလို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com


ဒါနဲ့ ကားပေါ်ကခုန်ချပြီး လည်ပင်းမှာ မြွေပတ်ရစ်လျှက်တန်းလန်းနဲ့ အရူးလိုအော်ဟစ် လမ်းပေါ်ပြေးလွှားရင်း လည်ပင်းအစ်လို့ လဲလဲကျ ကုန်းထ၊ ဒယီးဒယိုင်ပြေး ဖြစ်နေတုန်း ...

လမ်းထဲကလူတွေက အလန့်တကြား ဆူညံအော်ဟစ်သံများကြောင့် ပြေးထွက်ကြည့်လိုက်ရော ...

မြင်ရသည့်လူများပါ လန့်ဖျတ်အော်ဟစ်ကုန်ပါရောလား ... ဆရာမှိုင်းရာ။

မြွေဟောက်ကြီးက လူဆိုးရဲ့လည်ပင်းကို ရစ်ပတ်ထားတာကိုး ဗျ။ လူဆိုးလည်း ခါးမှာ ပုဆိုးမရှိတော့ဘူး။ ဖောင်းချွေးများစို့ရွဲပြီး မြေပြင်မှာ လူးလွန့်အော်ဟစ်လိုက်၊ ဗလုံးဗထွေးအသံနဲ့ ငိုပြီး အကူအညီတောင်းလိုက် ဖြစ်နေတယ်။

လူတွေကလည်း ထူးဆန်းအံ့ဖွယ်ဖြစ်ရပ်မို့ ခပ်ဝေးဝေးကရပ်ကြည့်ပြီး ဘယ်လိုလုပ်ရမှန်းမသိဘူး ဖြစ်နေတုန်းမှာပဲ ...

ကိုတိုက်ကြီး ပြေးထွက်လာပြီး လူဆိုးရဲ့လည်ပင်းမှာ ရစ်ပတ်နေတဲ့ မြွေဟောက်ကြီးကို တစ်ရစ်တစ်ပတ်ချင်း ဖြည်ပေးလိုက်မှ ပြည် (ပြေ) သွားတယ်။ မြွေက မောင်တိုက်ကြီးလက်ထဲမှာ လူးလွန့်နေတုန်းပဲ။

လည်ပင်းပေါ်ကရစ်ပတ်နေတဲ့ မြွေဟောက်ကြီးမရှိတော့ လူဆိုးဟာ မြေပြင်မှာဒူးထောက်ပြီး အဝတ်မဲ့ခန္ဓာကိုယ် ချွေး၊ ဖုန်၊ လူးရွှဲနဲ့ မျက်လုံးနှစ်လုံးပြူးပြီး အူကြောင်ကြောင်ဖြစ်နေပြီ။

"ဟေ့လူ ... ဟေ့လူ ..."

"ဟေ့လူ ... သတိရရဲ့လား"

ဝိုင်းမေးတယ်။ သူ စကားမပြောနိုင်ဘူး။ ပြူးကြောင်ကြောင် မျက်လုံးအစုံနဲ့ ဟိုကြည့်ဒီကြည့် ဖြစ်နေတယ်။

ဒီမှာပဲ ရပ်ကွက်လူကြီးတွေ ရောက်လာပြီး မေးရော ...

"ဘယ်လိုဖြစ်ရတာတုံး ... မောင်တိုက်ကြီးရယ်။ ကြောက်စရာ၊ လန့်ရာ၊ အသည်းတုန်စရာ ကောင်းလိုက်တာကွယ် ... ဟင်"

"သူနဲ့ အဖော်တစ်ကောင် ကျွန်တော့်အိမ်ကို အနုကြမ်းစီးတယ် ... အဘ"

"ဟေ ... နေ့ခင်းကြောင်တောင်"

"ဟုတ်တယ် ... အထဲမှာ တစ်ယောက်ရှိတယ်"

"အထဲမှာတစ်ယောက်။ အဲဒီလူရော ဘာဖြစ် ..."


www.burmeseclassic.com

www.burmeseclassic.com


"သေသွားပြီ"

"ဟော ..."

"ဖြစ်ပုံကို ရှင်းပါဦးဟ ... မောင်တိုက်ကြီးရာ၊ အကျိုးနည်းကွာ။ ဒီ အကောင်တွေက ဘယ်ကလဲဟ ... ဟင်"

ဒါနဲ့ ကိုတိုက်ကြီးက ဖြစ်ပုံပျက်ပုံကို အစကနေအဆုံး ပြန်ပြောပြလိုက်ရော ကြားရသူ ရပ်ကွက်လူကြီးများနဲ့ လမ်းထဲကလူတွေ အကြီးအကျယ် အံ့အံ့သြသြ ဖြစ်ကုန်ကြတယ်။

"ဒါ ... ဒါဆို ... မင်းကို ... မင်းရဲ့မြွေတွေက ကယ်လိုက်တာပေါ့"

"ဟုတ်တယ် အဘ"

"ဘုရားရေ ... အံ့သြစရာကောင်းလိုက်ပါဘိ ... မောင်တိုက်ကြီးရာ။ တိရစ္ဆာန်မြွေဟောက်တွေက လူဆိုးနှစ်ဦးကို လက်ရဖမ်းပြီး မင်းအသက်ကို ကယ်တယ်ဆိုတာ ပြောရင် ယုံနိုင်ဖွယ်မရှိဘူးကွာ"

"ခု ယုံပြီမဟုတ်လား အဘ"

"အေး ... ယုံရမလို ဖြစ်နေပြီပေါ့ကွာ"

"ကိုင်း ... အိမ်ထဲကအခြေအနေကို ဝင်ကြည့်ကြဦးခင်ဗျ"

လူကြီးများသည် ငွေစက္ကူထုပ်များ ပြန့်ကြဲနေသည့် မြင်ကွင်းကိုလည်းကောင်း၊ တွန့်လိမ်လဲကျ မြွေဆိပ်တက်သေသူလူဆိုးနှင့် ပြောင်းတိုသေနတ်နှစ်လက်ကိုလည်းကောင်း၊ မြွေအချို့ကိုလည်းကောင်း ..

ပွင့်နေသည့်ဗီရိုနှင့် ငွေစက္ကူအထပ်များကိုကြည့်ပြီး လွန်စွာ အံ့သြကုန်ကြတယ်။ သည့်နောက် ရဲစခန်းကို အကြောင်းကြားလိုက်တော့ ရဲအဖွဲ့ဝင်များ ရောက်လာပြီး အူကြောင်ကြောင်ဖြစ်နေသည့် လူဆိုးနဲ့ သေနေသည့်လူဆိုးကို ဆေးရုံပို့လို့ စစ်ဆေးမေးမြန်းကြတယ်။

သူတို့အားလုံးဟာ ကိုတိုက်ကြီးရဲ့အိမ်ထဲမှာ မြွေများကို မြင်လည်းမြင်ရရော အတော်ကြောက်လန့်စိုးရိမ် ဖြစ်သွားကြတယ်။

ဒီမှာ ရဲအုပ်က မေးလေရဲ့။

"ကိုတိုက်ကြီး ... ဒီမြွေဆိုးတွေက ခင်ဗျားမွေးထားတာလား"

"အစကတော့ မွေးထားတာမဟုတ်ပါဘူး ... ရဲအုပ်မင်းခင်ဗျာ။ ဘယ်က ဘာဝရောက်ကြောင်းလည်း မသိပါဘူး ... ရဲအုပ်မင်းရယ်။ ကျွန်တော်ငယ်စဉ်က စပြီး မြွေတွေရဲ့ စောင့်ရှောက်ချစ်ခင်မှုကို ရရှိခံစားခဲ့ရတယ်။


www.burmeseclassic.com

www.burmeseclassic.com


သည့်နောက် ကိုတိုက်ကြီးက သူ့ဘဝနှင့် မြွေများဆက်နွယ်ခဲ့ရသည့် ဖြစ်ရပ်ဆန်းကြယ် အခြေအနေများကို အစအဆုံးပြောပြတော့ ရဲအုပ်လည်း အံ့သြနေတယ်။

"နောင်တော့ မြွေတွေဟာ ကျွန်တော့်အိပ်ရာပေါ်မှာရော၊ အိမ်ထဲမှာရော၊ ထုတ်တန်းတွေမှာရော ဝင်လာနေထိုင်ကြတယ်။ နှင်လို့လည်း မရဘူး။ ကျွန်တော့်အိမ်သားများကိုလည်း မကိုက်ဘူး။ ဒါကြောင့် စဉ်းစားကြည့်တယ်။

ရှေးဘဝတုန်းက ငါနဲ့ ဘယ်လိုတော်စပ်ခဲ့ကြလို့လဲပေါ့။ နားလည်တတ်သိတဲ့ လူပညာရှိ၊ ရဟန်းပညာရှိများကို မေးမြန်းတွက်ချက် ကြည့်တော့လည်း ပဋ္ဌာန်းဆက်တွေ၊ ရှေ့ရေးစက်တွေ၊ ဘဝတစ်ခုတုန်းက ကျေးဇူးအပြန်အလှန် ပြုခဲ့ဖူးတဲ့ ဆွေတော်မျိုးတော် အသိသားချင်းတွေလို့လည်း ပြောကြရဲ့ခင်ဗျ။

အဲဒီနောက်ပိုင်း ကျွန်တော် အိမ်ထောင်ပြုလို့လည်း မရဘူး။ ခုတော့ ကုသိုလ်ဒါနလည်းရအောင်၊ သူတို့ကို အစာရေစာကျွေးတယ်။ အသတ်ခံရမည့် မြွေများကို မြင်ရင် ကြုံရင် ငွေပေးရွေးလို့ ကယ်တင်ခဲ့တယ်။

မြွေနှင့်စပ်လျဉ်းတဲ့ ဘုရားများမှာ ရုပ်တုများလုပ်လို့ ကောင်းမှုပြုတယ်။ စီးပွားဥစ္စာဖြစ်ထွန်းလာတော့ သူတို့ ဒီဘဝမှာပဲ အဟိတ်တိရစ္ဆာန်ဖြစ်ကြပါစေ၊ နောင်ဘဝသစ်မှာ ဒီလို အဟိတ်တိရစ္ဆာန်ဘဝက လွတ်မြောက်ကြပါစေလို့ရည်ရွယ်ပြီး၊ သူတို့အတွက် ကောင်းမှုအလှူ ဒါနများ မပြတ်လုပ်ပေးခဲ့ပါတယ်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ သူတို့ဟာ သူတို့ရဲ့သဘာဝ နေရပ်ရှိရာကို ပြန်သွားကြလိမ့်မယ်လို့ မျှော်လင့်ပါတယ် ... ရဲအုပ်မင်း။ ခုချိန်မှာတော့ သူတို့ကိုဖမ်းပြီး ဟိုးလွတ်ရာ လူနဲ့ဝေးရာတောထဲကို သွားရောက်စွန့်ပစ်ပေးပေမင့် အဟောင်းသွားရင် အသစ်ကဝင်လာနေတော့ ကျွန်တော်လည်း တတ်နိုင်သမျှ စောင့်ရှောက်ပေးနေရတာပေါ့ ... ရဲအုပ်မင်းရယ်"

ကိုတိုက်ကြီးက ခုလိုရှင်းပြတော့မှ လူနဲ့ အဆိပ်ရှိသော မြွေသတ္တဝါများရဲ့ ဘဝရေစက်ကို နားလည်သဘောပေါက်သွားကြတယ်။

"အံ့သြစရာပဲနော် ... အဘ"

"ဒါပေါ့ ... ဆရာမှိုင်း"

"နောင်အခါ ဘယ်လိုဖြစ်သွားကြသလဲဟင်"

"နောင်အခါ ကိုတိုက်ကြီးနဲ့မြွေများရဲ့ မေတ္တာပါရမီ ဘယ်လိုရှိတယ်ဆိုတဲ့ အံ့ဖွယ်ဖြစ်ရပ်ကို နက်ဖြန်ခါ ကျုပ်ဆက်ပြောပြပါမယ် ... ဆရာမှိုင်းခင်ဗျာ။


www.burmeseclassic.com

www.burmeseclassic.com


အခု အစိဗ္ဗာန်ဝင်ရမည့် အချိန်နာရီရောက်တော့မှာမို့ နီးရာဘုရားစေတီကို သွားရ ပါဦးမယ်။ နက်ဖြန် ကျုပ် ဆက်ဆက်လာခဲ့ပါမယ် စာရေးဆရာ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အဘရယ်။ စောင့်နေမယ်နော်"

"ကောင်းပါပြီ ခင်ဗျာ"

ကျွန်ုပ် (စာရေးဆရာ)သည် အဘဦးရွှေဘို အိမ်ပေါ်မှ ပြန်ဆင်းသွား သည်နှင့် စိတ်ဝင်စားစရာကောင်းလွန်းလှသည့် ကိုတိုက်ကြီးရဲ့ ဘဝဖြစ်ရပ်ဆန်း ကြယ်ကို စတင်၍ ရေးသားတော့သည်။

ကျွန်ုပ်သည် မြွေများအပေါ် အညှာတာကင်းမဲ့စွာ ရက်စက်ကြမ်းကြုတ် သူ မောင်ကျီးကန်းရဲ့ ဘဝအဖြစ်ဆိုးကို ကြားသိရေးသားရသကဲ့သို့ ...

မြွေများအပေါ် မေတ္တာထားသည့် ကိုတိုက်ကြီးအမည်ရှိ မြွေချစ်သူ လူထူးဆန်းတစ်ဦးရဲ့အကြောင်းကို ကြားသိရသောအခါ အကုသိုလ်နှင့် ကုသိုလ် အကြောင်းကိုလည်းကောင်း၊

သိဂီါရဇမေတ္တာနှင့် ...

ရှုဒ္ဒရသခေါ် ရက်စက်ကြမ်းကြုတ်ခြင်းတို့ရဲ့ ရောင်ပြန်ဟပ်သည့် ဘဝ လက်ငင်းအကျိုးပေးကို မြင်သိပြီး စာဖတ်သူအများအား တစ်စုံတစ်ခုသောအသိ ကို ပေးချင်စိတ်ပြင်းပြပါသောကြောင့် ကိုတိုက်ကြီးနှင့် အဆိပ်ရှိသောမြွေများအမည် ရှိ ဝတ္ထုပထမပိုင်းကို ဦးစွာ ရေးသားလိုက်ရပေသတည်း။

(အားလုံး မေတ္တာနှင့် တင့်တယ်လုံခြုံပါစေ)

မောင်ညို့မှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

လောကကြီး ဘာများဖြစ်နေပါလိမ့်။

ကံကြမ္မာကကော . . . သူလည်း ဘာများထူးပါဘိနည်း။

ကမောက်ကမနိုင်လွန်းလှသော လောကကြီး၌ လူလာဖြစ်ရသော သူ့အပေါ်တွင် ကံကြမ္မာသည် ရက်စက်နိုင်လွန်းလေစွဟု 'ကံကြီးမောင်' ယူဆချင်သည်။

ခုပဲကြည့် . . . ။

သူ့အပေါ် နားလည်ခြင်းကြီးစွာနှင့် မေတ္တာတရားရှိလွန်းလေစွဟု သတ်မှတ်ပိုင်းဖြတ်ထားသော 'အေးခင်' သည် ဘယ်လိုဘယ်အကြောင်း၊ ဘယ်အဖြစ် ဘယ်သနစ်ကြောင့် . . . တစိမ်းပြင်ပြင် ဖြစ်ခဲ့ရပါသနည်း။

သူ့အပေါ် ချစ်လှချည်ရဲ့၊ ရှင်ကလွဲလျှင် အားလုံး ခဲနှင့်စပါးလုံးဟု အမှုပိုပို ခရာတာတာနိုင်ခဲ့သော တစ်အိပ်ရာထက်တွင် ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်ခဲ့ပြီး လရာသီအတန်ကြာသည်အထိ လည်ယှက်ကာ ချစ်ပွဲဝင်ခဲ့သောအချစ်ဦးသည် ခုတော့ ဘယ်အညှိုးနဲ့များ အပြစ်ဆူးတွေ စိုက်သွားခဲ့လေသနည်း။

နားမလည် . . . ဘာဆိုဘာမျှ ကံကြီးမောင်နားမလည်။

သူ့မှာ အလုပ်ပင်ပန်းမှုအပေါ် ဖြေဖျောက်သည့်အနေဖြင့် ညနေစောင်းတိုင်း တစ်ပိုင်းတစ်စိပ်မျှသောက် အရက်သောက်တာ အပြစ်ဖြစ်ခဲ့ပြီလား။ ဒါလည်း ဖြစ်နိုင်မည်မထင်။ မထင်ဆို . . . အေးခင်နှင့် သမီးရည်းစားဘဝမှာပင် ကျန်းမာရေးကို ဒုက္ခမပေးနိုင်လောက်သည့်၊ စီးပွားဥစ္စာကို ယိမ်းယိုင်ခြင်းမဖြစ်စေနိုင်လောက်သည့် အသောက်အစားအနည်းငယ် ရှိခဲ့မှန်းအသိ။



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိပါသေးရဲ့ . . .။ သူနှင့် သမီးရည်းစားဘဝ ရေခပ်လမ်းမှာ သူ ရောက်နေသည်ကို အေးခင်မမြင်။ အေးခင်က သူမနှင့် ရေခပ်ဖက်သင်းကြည်ကို ပြောခဲ့သည့်စကား . . .

"ကိုကံကြီးမောင်အရက်သောက်တာ ဘာဖြစ်လဲ၊ ယောကျ်ားပဲဟာ။ သူ့ဘာသာသောက်ပြီး မူးယစ်ရမ်းကားနေတာမဟုတ်ဘူး၊ ပတ်ဝန်းကျင်ကို နှောင့်ယှက်နေတာမဟုတ်ဘူး။ ပြီးတော့ သူက အလောင်းအစား ဝါသနာကင်းသလို မိန်းမရှုပ်တာလည်း မဟုတ်ဘူး။

ဒီတော့ ညည်းတင်မက ဘယ်ကောင်မတွေကပဲ ကိုကံကြီးမောင်ကို ဖိုးငနဲတို့၊ အရက်သမားတို့ ဘယ်လိုပဲပြောချင်ပြော၊ ဆိုချင်ဆို၊ ကဲ့ရဲ့ချင်ကဲ့ရဲ့ ကျုပ်ကတော့ သူ့ကိုပဲယူမှာ"

သည်စကားကို ကြားရတုန်းက သူ့ရင်အစုံသည် လိုက်ခုန်လျက် ဘယ်လိုမှ ဖော်ပြခြင်းငှာမစွမ်းသာသည့် ကြည်နူးမှုတွေ ရိုက်ခတ်ခဲ့သည်ကိုလည်း အမှတ်ရပြန်သေးတော့၏။ သူလို မိဘမဲ့တစ်ကောင်ကြွက် လယ်သူရင်းငှားတစ်ယောက်အပေါ် ရွာ၏ အချောအလှစာရင်းဝင် အေးခင်၏နှုတ်ဖျားမှ ထွက်လာသည့် စကားအတွက် သူ မကြည်နူးဘဲ နေနိုင်ပါမည်တဲ့လား။

တကယ်တော့ အေးခင်သည် သုံးပန်လှကျေးရွာ၏ ကွမ်းတောင်ကိုင် ဖြစ်မည်ဆိုက ဖြစ်ထိုက်သူတည်း။ ဒါပေသည့် ရွာ၏ဓလေ့ ကွမ်းတောင်ကိုင်အဖြစ် ဝိဂြိုဟ်ပြုခံရသည့်မိန်းကလေးသည် မိစုံဖစုံဖြစ်ရမည်ဟု ပညတ်ချက်ရှိသည်။ သည်တော့ အမိမဲ့သမီးအေးခင်သည် ဘယ်လိုလှလှ၊ ဘယ်လောက်ပင် မဆူမကြူ မနိမ့်မမြင့် ပြစ်မျိုးလွတ်ကင်းနေစေဦးတော့ ကွမ်းတောင်ကိုင်ဖြစ်မလာခဲ့။

သို့ရာတွင် ဝတ်ရည်ပြည့်လျှမ်း၍ ရောင်သွေးစုံလင်၊ ပွင့်ချပ်ပွင့်ဖတ် ဂုဏ်အင်တင့်တယ်သည့် အလှပန်းတစ်ပွင့် ဝန်းကျင်မှာတော့ တောင်ပံခပ်သည့် လိပ်ပြာများ ဝဲပျံနေသည်။

ပိတုန်းများဆိုသည်က အနမတဂ္ဂ။ ဒါပေသည့် အေးခင်သည် ဘယ်လိုပင် ဥစ္စာပစ္စည်းတွေ ကြွယ်ဝ၍ သူမတို့ဘဝထက် အစစအရာရာ သာကဲမြင့်မောက်လှပါသည်ဆိုသော လူကိုမရွေး။ သူတည်းဟူသော သာမာန်လူ၊ သို့မဟုတ် ကံကြီးမောင်ကိုပဲ ရွေးချယ်ခဲ့သည်။

သည်တုန်းက . . . ကံကြီးမောင်အတွက် လောကကြီးသည် ကောင်းလွန်းပေစွ။ သာယာလှပ တင့်တယ်လွန်းပေစွ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ထုံးစံအတိုင်း၊ သို့တည်းမဟုတ် မြန်မာရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားတွေ၏ အစဉ်အလာနှင့်မခြား အေးခင်၏ဆွေမျိုးအသိုင်းအဝိုင်း၊ မောင်ဖွားညီအစ်ကိုများက ဖျက်ကြသည်။ လေပြင်းတွေ တိုက်ကြသည်။ မရ,ရအောင်ခွဲဖို့ ကြိုးစားသည်။

အဲသည်တုန်းက အရိုးခံတောသားလေး ကံကြီးမောင်ခမျာ ရင်ထိတ်စိုးရိမ်လိုက်သည်မှာ ပြောစရာမရှိ။ အသည်းတွေပင် တထိတ်ထိတ်။

“ဘာမှ ပူပင်ကြောင့်ကျမနေပါနဲ့ ကိုကံကြီးမောင်ရယ်။ ကျုပ်ကိုယ်တိုင်က ရှင့်ကိုမခွဲနိုင်လို့ လူတကာတားနေတဲ့ကြားက ရှင့်ဘဝထဲ ဝင်လာခဲ့ပြီပဲဟာ။ ကျုပ်ဟာ ရှင့်မယားပါ။ ဖျက်ကြစမ်းပါ၊ သူတို့တင်မကဘူး မိုးပေါ်ကသိကြားမင်းကိုယ်တိုင်ကပါ လူပြည့်က ဟောဒီ သုံးပန်လုရွာကိုဆင်းပြီး ဖျက်စေဦးတော့ မပျက်ရေးချ မပျက်ပဲ။ ကဲ ... ကျေနပ်ပလား”

သည်စကားကို ကြားရစဉ်က ကလေးမဟုတ်၊ သူငယ်မဟုတ် လက်ပမ်းပေါက်များပင် ထခတ်ချင်ခဲ့ဖူးသည်။ သည်လို သူ့အပေါ်ချစ်သော၊ သူလို ရုပ်ကြမ်းကြီးနှင့် မနှိုင်းယှဉ်သာလောက်အောင် ရုပ်ရည်ပြေပြစ်သော၊ ပညာအရာတွင်လည်းသာသော (သူက ဘုန်းကြီးကျောင်းထွက်၊ အေးခင်က လေးတန်းအောင် ကျောင်းထွက်) ဇနီးကညာကို ရရှိထားသူကိုမှ ကံမကောင်းဘူးဟုဆိုလျှင် ပြန်ဆိုတေးတစ်ပုဒ်ထဲက စာသားလေးတစ်ခုလို ...‘အဲဒီလူကို တူးရှူးခါးခါး မောင်မုန်းပစ်ပါ့မယ်’ ဟူ၍ပင် ပြောလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com


သည်တော့ သူ့ဘဝသည် အေးခင်၊ သူ့မနက်ဖြန်သည် အေးခင်၊ သူ့အနာဂတ်သည် အေးခင်ဖြစ်နေကာ၊ မချမ်းသာလျှင်တောင်မှ ကြောင့်ကျပူပင်ရမည့်ဘဝမျိုးမှ ကင်းဝေးရအောင် ကံကြီးမောင်အလုပ်ကို ကြိုးစားလုပ်ပါတော့သည်။

စားရင်းဒိုင်မျက်နှာကို အမြဲတမ်းကြည့်နေရသည့်အပြင် သူတို့ကျေးပါမှ၊ သူတို့ပေးပါမှရသော သူရင်းငှားဘဝမှနေ၍ ရဲဝံ့စွာရုန်းထွက်ခဲ့ပြီး ကြုံရာကျပန်းဘောက်အလုပ်မှန်သမျှတို့ကို ကံကြီးမောင် လုပ်ပါတော့သည်။ ကမ်းနားသို့ စပါးချမည့်သူရှိလျှင် စပါးထမ်းမည်။ တောတက်ဖို့လူအငှားလိုလျှင် လှည်းမောင်းလိုက်မည်။

မြေကြီးပေါက်လာငှားလျှင်လည်း သူ့ဖက်က ဘာအလုပ်မှ ကြပ်မနေလျှင် လိုက်ပြီးသား။ ဒါတင် ဘာကဦးမှာလဲ၊ ဘယ်အိမ်ဘယ်တဲက ရေထမ်းဖို့လိုသလဲ၊ ခါးတောင်းကို မြှောင်အောင်ကျိုက်၍ ထမ်းပိုးကို ပခုံးမှာတင်၊ ချိတ်နှစ်ချောင်းအားပုံးနှစ်ပုံးနှင့် ဆက်သွယ်လျက် ... ဟောတစ်အိုး ... ဟောတစ်အိုးဖြင့် ဖြည့်ပြမည့် ကံကြီးမောင်ပါတည်း။

သို့သော် တစ်ခုတော့ရှိသည်လေ။

ဒါက အခြားမဟုတ်။ တစ်နေကုန်တစ်နေခန်း ပင်ပင်ပန်းပန်း ရှာဖွေလာခဲ့သမျှ ငွေစကြေးစများကို တစ်ပြားမကျန် အေးခင်အားအပ်လျက်၊ ထိုမှ သူ့အတွက် ဆေးခါးကြီးမှိုဝဲရန် တစ်ပိုင်းဖိုးလောက် ပြန် တောင်းခြင်း။ သည့်အတွက်တော့ အေးခင်က ကကျိကကြောင်မလုပ်ပါ။ ဆိုခဲ့ပြီးပါပကောလား ... သူတို့မညားခင်ကတည်းကိုက ကံကြီးမောင်၏စရိုက်ကို သိနေနားလည်နေ၊ ခွင့်လွှတ်နေခဲ့ပြီမဟုတ်ပါလား။

ကနဦးတုန်းကတော့ သူတို့နှစ်ဦး၏ အိမ်ထောင်ရေးကို ..'စလယ်ဝင်ဖင်မမည်းခင်က ကွဲကြပေဦးတော့မယ်' ဟု ပတ်ဝန်းကျင်ရှိ လူအချို့က ထင်မြင်ယူဆထားကြ၏။ ဒါပေသည့် ခုအခြေက အမြင်တိမ်းစောင်းမှုတွေ ပါးလျားလာကာ 'ရှေ့သွားနောက်လိုက် ညီသပေ့' 'လင်နဲ့မယား' ဆိုတာ ကံကြီးမောင်နဲ့ အေးခင်တို့လိုပေါ့ကွ။ စီးတဲ့ရေ ဆယ်တဲ့ကန်သင်း၊ တယ်လည်း ဟန်ချက်ညီသကွ' စသဖြင့် ချီးမွမ်းသံတွေ လျှံထွက်လာခဲ့သည်။ ဒါပေသည့် ကံကြီးမောင်မမှုပါ။

ကဲ့ရဲ့သည်ကိုလည်း မဖြုံသလို၊ ချီးမွမ်းသည်ကိုလည်း မတုန်လှုပ်ပါ။ လောကဓံသည်သူနှင့်သာ ပက်ပင်းတိုးလို့ကဖြင့် ကောက်ကွေး လိမ်တွန့်သွားလိမ့်မည်ဟု ဆိုရသည်။ ဆိုခဲ့ပြီးပါပကောလား ... သူ့ဘဝမှာ ဘာမျှမလို။

အေးခင်သာ ခုလို သူ့အပါးမှာ ရှိနေပြီဆိုလျှင်ဖြင့် အရာရာသည် ပြည့်စုံလုံလောက်ရုံမျှမက လျှံ၍ပင် ထွက်ကုန်ပြီဟု ပြောလိုက်ချင်သည်။ သို့ရာတွင်


www.burmeseclassic.com

www.burmeseclassic.com


သူသည်အတန်းပညာ မသင်ခဲ့ရ၍လည်းကောင်း၊ ကဗျာဆရာ၊ စာရေးဆရာမဟုတ်၍လည်းကောင်း စကားကိုသဒ္ဒါမှန်အောင် ဝါကျပီပြင်အောင် အလင်္ကာမြောက်အောင်၊ ပြေပြစ်ရှင်းလင်းအောင် တင်ပြနိုင်ခြင်းမရှိကြောင်းကို ဝန်ခံပါသည်။

သည်လိုနှင့် ကံကြမ္မာ၏အဝိုက်ချောင်းခြင်းကို ကံကြီးမောင်တစ်ယောက် မေ့လျော့သွားခဲ့လေသည်တကား . . .

✿ ✿ ✿

[၃]

❑

ရေကိုတား၍ အကြားထင်နိုင်ပါမည်လော . . .။

စင်စစ် သူနှင့် အိမ်ထောင်ရက်သားကျ၍ လင်မယားတို့၏ ထုံးစံအတိုင်း သူ့ဝတ္တရား၊ ကိုယ့်ဝတ္တရား ဘယ်သူမှ ယွင်းမဖောက်ခဲ့သည့်အတိုင်း ရှစ်လ၊ ကိုးလ လောက်ပင် ရှိခဲ့ပြီ။ သူတို့အတွက် ကလေးချီရဖို့ လမ်းမမြင်ခဲ့။ သည်တော့လည်း အိမ်တွင် အိမ်မှုကိစ္စဝေယျာဝစ္စများကို လုပ်ကိုင်ရင်းကျန်ရစ်ခဲ့သည့် အေးခင်ခမျာ ပျင်းရှာပေရော့မည်။

သည်မှာတင် . . . အေးခင်အဖို့ သူ့ဖခင်၊ ပြီးတော့ ညီအစ်ကို မောင်နှမများနှင့် ဆက်သွယ်မိကြသည်။ သူတို့သည် ကံကြီးမောင် အိမ်မှာမရှိသည့်အချိန် ဆိုလျှင် ဝင်ထွက်ကြသည်။

ထို့အတူ ကံကြီးမောင်အိမ်မှာမရှိလျှင် အိမ်တံခါးကိုပိတ်လျက် မိဘ ညီအစ်ကိုမောင်နှမများအိမ်သို့ အေးခင်သွားတတ်သည်။ ဒါတွေကို ကံကြီးမောင် မသိမဟုတ်၊ သိသည်။ ပတ်ဝန်းကျင်ကလည်း ပြောပြသည်။ သည်လိုအရင်းအချာ သွေးသားတွေကဲ လာရောက်ပေါင်းစည်း ခေါ်ပြောခြင်းအတွက်တော့ဖြင့် ပညာ အရည်အချင်းက ဘုန်းကြီးကျောင်းထွက်ပင် ဖြစ်လင့်ကစား ကံကြီးမောင် စိတ်သဘောထား မသေးသိမ်ပါ။ မငြိုငြင်ပါ။

သူတို့လာချင် လာကြပါစေ၊ ဒါမှမဟုတ် အေးခင် သွားချင်သွားပါစေ အဓိကက အေးခင်စိတ်ချမ်းသာစေဖို့ပဲဖြစ်သည်။ အေးခင် စိတ်ချမ်းသာသည်ဆို



www.burmeseclassic.com

www.burmeseclassic.com


လျှင် သူ့အတွက် လုံလုံလောက်လောက်ကြီးကို ကျေနပ်သည်။ ခက်သည်က အေးခင်ဘက်မှ အသိုင်းအဝိုင်းသည် အေးခင်အပေါ်တွင်သာ ဖက်လှဲတကင်းရှိ၍ သူ့အပေါ်တွင်မူ ရေရာနည်းနည်းလေးမှ မသွင်းသေးခြင်းပင်။ ယုတ်စွအဆုံး မေးစမ်း ခေါ်ပြောခြင်း မရှိ။ မျက်နှာချင်းပင်မဆိုင်။

သည်လိုနှင့် တစ်နေ့တော့ အေးခင်ထံမှ စကားတစ်ခွန်းကြားရသည်။

"ကိုကံကြီးမောင် ... ကျုပ်နဲ့ အဖေတို့၊ အစ်ကိုတို့၊ အစ်မတို့ ပြန်ဆက်နေကြတာ သိမှာပေါ့နော်"

"သိသားပဲ ... အေးခင်ရယ်။ ဒီအတွက် နင့်အပေါ် ငါဘာများ ကန့်ကွက်ပြစ်တင်ခဲ့ဖူးလို့လဲ။ နင်စိတ်ချမ်းသာမယ်ဆိုရင် ဘာလုပ်လုပ် ငါက အမြဲတမ်း ခွင့်လွှတ်နေခဲ့ပြီးသား"

"အဲဒါကြောင့် ကျုပ်က ဒီယောက်ျားကို ချစ်နေရတာပေါ့တော့"

ပျော်သွားသည် တကယ့်ကိုပါပဲ။ ကံကြီးမောင်ရင်ထဲ ပြောမပြတတ်လောက်အောင်ကိုဘဲ ပျော်သွားခဲ့ရပါသည်။

"ဒါထက် တော့်ကို ခွင့်ပန်ရဦးမယ်"

"ဘာများလဲ ... အေးခင်"

"ဟိုဒင်းလေ ... သန်ဘက်ခါကစပြီး အဖေတို့အိမ်မှာ မဏ္ဍပ်ထိုးမယ်။ သူ့မြေးတွေကို သင်္ကန်းစည်းမယ်လေ။ အလှူပေါ့။ အဲဒီမှာ အလှူရက်အတွင်း ဝိုင်းကူရအောင် ကျုပ် သွားနေချင်တယ်တော်။ အဖေတို့ကလည်း နင့်ယောက်ျား ခွင့်ပြုမှ လာကူပါလို့ ပြောရှာပါတယ်"

ကံကြီးမောင် တစ်ချက်တော့တွေသွားသည်။ အလှူရက်အတွင်း အေးခင် မရှိဘူးဆိုတော့ ညားကတည်းက တစ်ညကလေးမှပင် မခွဲခွာခဲ့ဖူးသော မယား ဖြစ်သူအတွက် ရင်ထဲမှာ ဟာတာတာဖြစ်နေတော့သည်။ ဒါပေသည့် အေးခင် စိတ်ချမ်းသာမယ်ဆိုရင်ဖြင့် သူ့ဘက်က ဘာမျှ အဆီးအတားလုပ်စရာမရှိ။

"သွားလေ ... ငါ အလှူပြီးတဲ့အထိ စောင့်နေပါ့မယ်"

"ကျုပ်လည်း တော့်အတွက် စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကျုပ် အလှူရက်အတွင်းမှာ အဖေတို့၊ အစ်ကို၊ အစ်မတို့ စိတ်ပြောင်းပြီး တော့်အပေါ် နားလည်လာအောင် ကြိုးစားပါ့မယ်တော်။ ဘာမှစိတ်မပူနဲ့ ... သိလား"

"အေးပါဟာ ... အေးပါ"

သေသေချာချာ ပြန်ဆန်းစစ်လိုက်တော့ သည်စကားများသည် ကံကြီးမောင်အတွက် လွှမ်းဖို့ထားရစ်ခဲ့လေသော ခြေရာကလေးများဖြစ်နေလိမ့်မည်လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

အေးခင်၏အသိုင်းအဝိုင်းမှ သူ့အပေါ် လူရာမသွင်းသေးခြင်းအပေါ် ထူးကပြီးတော့ ဝမ်းမနည်းပါ။ တကယ်ဆို ယောက္ခမဖြစ်သူ၊ ယောက်ဖဖြစ်သူတို့၏ အလှူပွဲ၌ သူကော အေးခင်နှင့်အတူ ဝင်ရောက် မဆင်နွှဲသင့်ဘူးတဲ့လား။

ခုတော့ အလှူပွဲသာပြီးသွားသည် နိုင်ငံကျော်ရွှာစား စိန်ဘဆိုင်အဖွဲ့ကား နောက်အလှူတစ်ခုကို ကူးသွားသည်။ ကံကြီးမောင်အား ဖုတ်လေသည့်ငါးပိရှိတယ်လို့များ မှတ်မှမှတ်ပါလေစ။ ဒါကိုအသာထား၊ ကံကြီးမောင်စိတ်မဝင်စား။

သူစိတ်ဝင်စားသည်က အေးခင် ဘာဖြစ်လို့ပြန်မလာပါလိမ့်။ ပြောတုန်းကတော့ အလှူပြီးတာနဲ့ ပြန်လာခဲ့မှာပါတဲ့။ ခုကျတော့ ရှင်မည်ခံပွဲပြီးလို့ နောက်တစ်ရက်မနက်၊ နေ့လယ်မှသည် ညနေသို့ ကူးလာသည်။ အေးခင်ကား အရိပ်အယောင်ကလေးမျှပင်မပေး။

သူ မနေနိုင်တော့။ သည်ဝန်းကျင် သည်အိမ်ရိပ်သို့ ခြေမချချင်ပေမဲ့ မယားဇောကြောင့် သူ၏ခြေလှမ်းတွေက ရာဇမတ်တွေပင် မဖျက်ရသေးသည့် အလှူအိမ်သို့ ရောက်ခဲ့လေပြီတကား။

"ဟော့ကောင် ... ဒါ ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com


ခပ်ထန်ထန်အမေးကြောင့် အသံလာရာကို ဆတ်ခနဲကြည့်လိုက်တော့ အေးခင်၏အစ်ကို ညွန့်မောင်ကို မျက်ထောက်နီကြီးဖြင့် တွေ့လိုက်ရသည်။ စိတ်ထဲက ထောင်းခနဲ ဒေါသထွက်မိသော်လည်း သူ့ပိုင်နက် သူ့ရေိယာ ပြီးတော့ သူ့ညီမနှင့်ပတ်သက်နေ၍ ကိုယ့်ဘက်မှ စိတ်လျှော့ရပေတော့မည်။

"ဟိုဒင်း ... အေးခင်ကို လာခေါ်တာ"

"အောင်မာ ... ရာရာစစ ငါ့ညီမနဲ့မင်းက တန်လို့လား"

အို ... ဘယ်လိုများဖြစ်ရပါလိမ့်။ သူ့ညီမနဲ့ ညားပြီးနေတာ တစ်နှစ်ပင် ရှိရော့မည်။ တန်သလားတဲ့။ ကြားဖူးတာကတော့ဖြင့် သူအိုးနဲ့သူ့ဆန် တန်သတဲ့။ သည်တော့ တန်လို့ညားတာ မဟုတ်ပေဘူးလား။

"အစ်ကိုညွန့်မောင်ရယ် ... ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲဗျာ"

"အောင်မာ ... တစ်ကောင်ကြွက်၊ ခြေသလုံးအိမ်တိုင်၊ အရက်သမားကများ စကားအထွန့်တက်နေရသေးတယ်။ သွားကွာ ... သွား ... အေးခင်က မင်းကို တွေ့ချင်မှာမဟုတ်ဘူး။ မင်းနဲ့ပြန်လိုက်ဖို့ဆို ဝေးသေး"

"အေးခင် ဒီလိုပြောမယ် မထင်ပါဘူး"

"အောင်မာ ... မယုံသေးဘူးလား။ ဟေ့ ... စန်းကြည်တို့၊ စိုးမောင်တို့၊ အေးခင်ကို ခေါ်ခဲ့စမ်း"

ကံကြီးမောင်အဖို့ သည်ကနေ့ကျကာမှ လောကကြီးသည် ထူးထူးဆန်းဆန်းကြီးကို ဖြစ်လို့နေတော့သည်။ ကိုညွန့်မောင် ခေါ်လိုက်သည့်တဒင်္ဂ အေးခင်သည် သူ့အစ်မ၊ သူ့မောင်နှင့် ရောက်လာသည်။

"ဟုတ်တယ် ... ကံကြီးမောင်၊ ကျုပ် ရှင်နဲ့မပေါင်းနိုင်တော့ဘူး။ ဒီတော့ ရှင်လာခေါ်လည်း အပိုပဲ။ ရှင်ပြန်ပါတော့"

"ဘာ ... ဘယ်လို ... အဲသလိုမကျီစယ်ပါနဲ့ အေးခင်ရယ်။ ငါ ... ငါ ... ငါ့မှာ ဘာအပြစ်များရှိလို့လဲ"

"အို ... အဲဒါတွေ ဘာမှပြောမနေပါနဲ့တော့။ ကျုပ် ပြောခဲ့ပြီးပြီပဲ ရှင်နဲ့ မပေါင်းနိုင်တော့ဘူးလို့"

လောကကြီး ဘာများဖြစ်နေပါလိမ့်။

ကံကြမ္မာကကော သူလည်း ဘာများထူးပါဘိသနည်း။

ကမောက်ကမနိုင်လွန်းလှသော လောကကြီး၌ လူလာဖြစ်ရသော သူ့အပေါ်တွင် ကံကြမ္မာသည် ရက်စက်နိုင်လွန်းလေစွဟု 'ကံကြီးမောင်' ယူဆချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုပဲကြည့် ...

သူ့အပေါ် နားလည်ခြင်းကြီးစွာနှင့် မေတ္တာတရားရှိလွန်းလေစွဟု သတ်မှတ်ပိုင်းဖြတ်ထားသော 'အေးခင်' သည် ဘယ်ဇော်ဘယ်အကြောင်း၊ ဘယ်အဖြစ်၊ ဘယ်သနစ်ကြောင့် တစိမ်းပြင်ပြင် ဖြစ်ခဲ့ရပါသနည်း။

သူ့အပေါ်ချစ်လှချည်ရဲ့၊ ရှင်ကလွဲရင် အားလုံးခဲနှင့်စပါးလုံးဟု အမှုပိုပိုခရာတာတာနိုင်ခဲ့သော တစ်အိပ်ရာထက်တွင် ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်ခဲ့ပြီး လရာသီအတန်ကြာသည်အထိလည်းယှက်ကာ ချစ်ပွဲဝင်ခဲ့သော အချစ်ဦးသည် ခုတော့ ဘယ်အညှိုးနဲ့များ အပြစ်ဆူးတွေ စိုက်သွားခဲ့လေသနည်း။

နားမလည် ဘာဆိုဘာမှ ကံကြီးမောင် နားမလည်။

"ကဲ ... ငါ့ညီမပြောတဲ့စကားက ဆုံးနေပြီ။ မင်းပြန်ရင် ကောင်းလိမ့်မယ် ... ကံကြီးမောင်"

"ကိုညွန့်မောင် အဲသလိုမပြောနဲ့ဗျာ။ ကျုပ်မိန်းမ ကျုပ်ပြန်ခေါ်တာပဲ"

"မင်း မပြန်ဘူးလား၊ ပြန်မလား"

"မပြန်ဘူးဗျာ"

"ဒါဖြင့် ... ကဲကွာ ..."

ကိုညွန့်မောင်က ပြောပြောဆိုဆိုဖြင့် လက်သီးမိုးနွှေ့တွေ ရွာချသည်။ ထို့စဉ် သူ့ညီစိုးမောင်ကပါ ရေအိုးစင်ဘေးက ထီးရိုးဝါးတုတ်တို့ဖြင့် ဝင်ရိုက်သည်။ တုတ်ချက်က ခေါင်းကိုမထိ။ ကျောပြင်ကို ဘုံးခနဲ ထိခတ်သွားပြီး ကံကြီးမောင်လဲကျသွားသည်။

"ရှင် ... ကျုပ်အစ်ကိုတွေ၊ ကျုပ်မောင်တွေကို မစော်ကားနဲ့"

ကြည့်စမ်း ... အရင်ကနှင့် လုံးဝဆန့်ကျင်သွားသော အေးခင် သူ့မျက်လုံးတွေ၊ သူ့ခံစားချက်တွေ၊ သူ့နှလုံးသားတွေ ဝေဝါးကုန်ပြီပင်။

"ကဲ ... ဒီကောင့်ကို ခြံပြင်ကန်ထုတ်ကွာ"

သည်လိုမျိုး ပြောဆိုသိုင်းဝိုင်းလာသည့်သကာလ အာရုံတွေ နောက်ကျိလာသည့် ကံကြီးမောင်သည် သူလဲကျရာနံဘေး၌ မြေညှိရန် ထောင်ထားသည့် သစ်သားတင်းပုတ်ကို ကိုင်စွဲကာ ဘာလုပ်မိသည်မသိ။ သူ့နားထဲမှာတော့ အသံတွေက ပင်ိန်းထွက်လျက်။

"အောင်မလေး ... အစ်ကိုကြီးနဲ့မောင်လေး သေပါပြီ"

အသံကား ... အေးခင်၏အသံ။

ခုတော့ ...



www.burmeseclassic.com

www.burmeseclassic.com


အချစ်လည်း ဆုံးခဲ့ပြီ။

သူ့ဘဝအနာဂတ်လည်း ကြေမွသွားခဲ့ပြီ။ သူ့ပယောဂကြောင့် သေပွဲဝင်သွားခဲ့ရသော ညွန့်မောင်နှင့် စိုးမောင်တို့အတွက် ထိုက်တန်သည့်အပြစ်က မကြာခင် သူ့ထံ ရောက်လာပေဦးတော့မည်။

သည်ကိစ္စ၌ လက်သည်တရားခံအစစ်သည် မည်သူဖြစ်မည်နည်း။ ဤစာရေးသူသည် သုံးပန်လှကျေးရွာကလေးကို ပြန်ပြောင်း သတိရလေတိုင်း အချစ်ကိုယုံစားထား၍ မှုန်ဝါးဝါးဖြစ်ခဲ့ရသူ ကံကြီးမောင်၏မျက်နှာလေးကို မြင်ယောင်မိစမြဲပင် ဖြစ်ပါတော့သတည်း။

)

နန္ဒာမိုးကြယ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၄

[၁]

❑

"ဟော့ကောင် ... ဆိုးပေ၊ မင်း ငါ့အပေါ် ဖျံလာမကြနဲ့။ ဒီရွာမှာ ငါ သူကြီးလုပ်လာတာ ဆယ်စုနှစ်တစ်နှစ်ကျော်ခဲ့ပြီကွ"

"မင်း နံနက်ခုနစ်နာရီလောက်က တစ်ခါစားပြီးသား ... သွားတော့၊ ဒီနားကို ယောင်လို့တောင် မလာခဲ့နဲ့"

"ဟာ ... သူကြီးကလည်းဗျာ၊ မနက်ခုနစ်နာရီက စားထားတာ၊ အခု တစ်ဆယ့်တစ်နာရီရှိပြီဆိုတော့ နေ့လယ်စာဆာလာတာပေါ့ဗျ။ ဝင်ခွင့်ပြုပါဗျာ"

"မင်းတို့မိသားစုက လွန်လွန်းတယ်။ အလှူရှင်သဒ္ဒါအောင်လည်း စားမှ ပေါ့ကွ"

"ငါကတော့ အဝင်မခံဘူးဟေ့ ... မင်းတိုင်ချင်ရာသွားတိုင်၊ မိသားစု တစ်စုကို တစ်ခါပဲ ကျွေးနိုင်မယ်"

ဦးဘမောင်က ဆိုးပေတို့မိသားစုကို ထမင်းတိုက်ထဲသို့ အဝင်မခံ နှင်လွှတ်လိုက်၏။

ဦးဘမောင်သည် ဆုံမကျီးပင်ကျေးရွာမှ သူကြီးဟောင်းဖြစ်၏။ ယခု မြို့နယ်ကောင်စီလက်ထက်တွင် ရပ်မိရပ်ဖဖြစ်နေ၏။

ရပ်ရွာအလှူနှင့် ပတ်သက်လျှင် ရပ်မိရပ်ဖဖြစ်သော သူကြီးဟောင်း ဦးဘမောင်ကို အပ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘမောင်သည် အလှူတွင်သုံးရန် ငါးခြောက်၊ ကြက်သွန်၊ ဆီ၊ ဆား၊ ငပိတို့ကို တာဝန်ယူ၍ ဝယ်ချမ်းပေးရ၏။

မင်းဘူးမြို့တွင် ငါးခြောက်များရရှိနိုင်ပါသော်လည်း ရခိုင်ပြည်နယ်(အမ်း) မြို့သို့ တိုက်ရိုက်သွားဝယ်ရာ မင်းဘူးမြို့တွင် ဝယ်သည်ထက် ခေါက်ချိုးသက်သာ၏။

မင်းဘူးမြို့တွင် ငါးသိန်းဖိုးတန်ပစ္စည်းသည် အမ်းမြို့သို့ သွားဝယ်ပါက နှစ်သိန်းခွဲခန့်ဖြင့် ရွာသို့ရောက်၏။ ထက်ဝက်သက်သာ၏။ ထို့ကြောင့် ရွာတွင် အလှူတစ်ခုရှိပါက ဦးဘမောင်ကိုသာ အပ်၏။

ဦးဘမောင်ကလည်း အားကြိုးမာန်တက် ဆောင်ရွက်ပေး၏။ ဦးဘမောင်သည် (အမ်း) မြို့၌ ဖောက်သည်များရှိ၏။

ဦးဘမောင်လာပြီဆိုလျှင် အမ်းမြို့မှ ငါးခြောက်ကုန်သည်များက လျှော့ထားသည့်ဈေးထက် ထပ်လျှော့ပေးသည့်အပြင် ကော်မရှင်များလည်း ပေး၏။

ထိုသို့ ပွဲရုံမှရရှိသည့်အပြင် အလှူရှင်ထံ ဈေးတင်ထားသဖြင့် တစ်ခေါက် တစ်သိန်းလောက်ကျန်၏။ အလှူရှင်လည်း မနစ်နာ၊ သူလည်း ကိုက်သည်။

သီတင်းကျွတ်ပြီဆိုကတည်းက အနည်းဆုံးဦးဘမောင်၏ ရွာမှာပင် (၃) လှူလောက်ရှိ၏။ ဦးဘမောင်၏ ဆုံမကျီးပင်ရွာ ပတ်လည်မှ (၇) မိုင်အတွင်းရှိသော ရွာများမှလည်း ဈေးသက်သာပြီး လုပ်ငန်းချောသဖြင့် ဦးဘမောင်ကိုသာ အဝယ်တော်အဖြစ် သတ်မှတ်ကြပြီး ကိုယ်ရည်မှန်းထားသော အလှူအတွက် ငွေတို့ကို ဦးဘမောင်ကိုသာ လွှဲပေးကြ၏။

ဦးဘမောင်သည် အလှူ၏ဝေယျာဝစ္စလုပ်ငန်းအားလုံး တာဝန်ယူရ၏။

အကျွေးအမွေးကိစ္စ။

ဇာတ်/ ဆိုင်းကိစ္စ။

ရှင်လောင်းများအတွက် အဝတ်အစားများနှင့် ရှင်လောင်းလှည့်ဖို့ မြင်းများလှည်းများကိစ္စ။ မဏ္ဍပ်အပြင်အဆင်၊ အသံချဲ့စက်မှအစ၊ ထမင်းချက်ရန် ပေါင်းအိုးများ၊ ချက်ပြုတ်မည့်လူများ စသည်တို့ကို ဦးဘမောင်ကတာဝန်ယူရ၏။

ဦးဘမောင်လုပ်ပေးသမျှ အားလုံးချောမော၏။ အလှူရှင် ဘာမှလှည့်မကြည့်ရ။ ဖိတ်စာအဆုံး အားလုံးချောမောသဖြင့် ၎င်းရွာပတ်ဝန်းကျင်မှ လူများ အလှူနှင့်ပတ်သက်လျှင် ဦးဘမောင်ကိုသာ ယုံကြည်စွာလွှဲအပ်ကြ၏။

ဦးဘမောင်သည် သူကြီးဘဝက ရွာပိုင်ပစ္စည်းများဖြစ်သော အိုးခွက် ပန်းကန်နှင့်ပီပါတစ်လုံးစာရှိသော ထမင်းပေါင်းအိုးများကို ကိုယ်ပိုင်ပစ္စည်းလုပ် လိုက်၏။ ယခု ထိုပစ္စည်းများဖြင့် အလုပ်ဖြစ်နေ၏။


www.burmeseclassic.com

www.burmeseclassic.com


ရှင်လောင်းအဝတ်အစား အရွယ်အမျိုးမျိုး ချုပ်ထား၏။ ရွှေရောင်လွှမ်းနေသော မဏ္ဍပ်စင်ကြီးလည်း ရှိသည့်အပြင် ငွေကောက်ခံသော ငွေဖလားများပင် သူ့ထံ၌ အစုံရှိလေရာ ရွာတစ်ရွာမှ အလှူတစ်ခုလုပ်ပြီဟော့ဆိုလျှင် ငွေများအလုံးအရင်းနှင့် ဦးဘမောင်လက်ထဲရောက်တော့၏။

ရွာတို့၏အလှူမှာ လှူပြီဟော့ဆိုလျှင် အလှူလုပ်သောရွာ၏ အနီးပတ်ဝန်းကျင်မှရွာများ၊ မီးခိုးတိတ်၊ အိမ်မှာထမင်းမချက်ကြတော့ဘဲ အလှူပွဲဝင်သည့်နေ့မှ ပွဲကြီးပြီးဆုံးသည်အထိ လာရောက်နေထိုင် စားသောက်ကြ၏။

အနည်းဆုံး သိန်း (၂၀)၊ (၃၀) မရှိဘဲ မလှူကြ။ ထိုငွေများကိုလည်း အကုန်မဟုတ်တော့လည်း ကူငွေများရယူခြင်းဖြင့် တစ်ဝက်တော့ ပြန်ရကြ၏။

အလှူတွင် ကုန်သွားသောငွေကို (ရေစက်ချ) အမျှဝေသည့်ထုံးစံရှိလေရာ၊ လှူပြီဟော့ဆိုကတည်းက အလှူရှင်က (ရေပိတ်စပါး) လှူကြရာ၊ ဦးဘမောင်သည် အလှူတစ်ပွဲလုပ်တိုင်း (အိတ်ဝင်၊ သပိတ်ဝင်) ငွေများရရှိတော့၏။

အစားအသောက်များ ပိုပိုလျှံလျှံရှိရန်အတွက် ထမင်းစားရုံအပေါက်ကို ဦးဘမောင် တုတ်တစ်ချောင်းဖြင့် စောင့်၏။

တခါစားပြီးသောလူ နောက်တစ်ခါအဝင်မခံ။ ဒီနေ့တစ်ရက်တော့ နင်နေပေတော့။ နောက်နေ့မှ ဝင်ခွင့်ပြု၏။

ပိုလျှံသောငါးခြောက်ကြော်၊ သရက်ချဉ်သုပ်တို့ကို အိမ်သို့သယ်သွားပြီး မိသားစုစားသောက်ကြ၏။ ဤသို့ဖြင့် ဦးဘမောင်သည် ယခုနှစ်သီတင်းကျွတ်မှ ရရှိသောငွေများမှာ နောက်သီတင်းကျွတ်ထိ အလုပ်မလုပ်ဘဲ နေနိုင်၏။

ဦးဘမောင်သည် သူကြီးဘဝက စုဆောင်းထားသော လယ်ယာချောင်းမြောင်းများကြောင့် မတောင့်မတ၊ မကြောင့်မကျ နေထိုင်နိုင်သူတစ်ဦး ဖြစ်ပါသော်လည်း ရလေလိုလေ အိုတလွှေဖြစ်နေသူ တစ်ဦးဖြစ်သည်။

စီးပွားရေးလောဘ တက်နေသူတစ်ဦးပီပီ အလှူရှင်က (နဝကမ္မ) ပြုလုပ်ထားသော အလှူပစ္စည်းတို့ကို အလိုလောဘကြီးကာ ဘယ်လိုနည်းဖြင့်ရရ ရလောက် ယူနေတော့၏။

လူသည် သေမျိုးဖြစ်၏။

ဦးဘမောင်သည် မိမိပိုင်ထားသော ပစ္စည်းများပေါ်တွင် လောဘတက်၍လည်းကောင်း၊ ဆုံမကျိုးပင်ရွာကို စွဲလမ်းခဲ့၍လည်းကောင်း သေဆုံးသောအခါတွင် ထိုရွာမှပင် လူလာ၍ ဖြစ်ခဲ့လေတော့သတည်း။

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ဦးဘမောင်သေဆုံးပြီး သကာလ ဆုံမကျီးပင်ရွာမှ အဆင်းရဲဆုံး လင်မယားနှစ်ယောက်ထံတွင် လူဝင်စားဖြစ်ခဲ့၏။ ယခုဘဝတွင် မိန်းကလေးအဖြစ် မွေးဖွားခဲ့၏။

စနေနေ့၊ နေတက်၊ ရေတက်တွင် မွေးဖွားခဲ့ရာ ၎င်းအား မတင့်တင့်ထွန်းဟု မှည့်ခေါ်၏။

မတင့်တင့်ထွန်းကလေး ငါးနှစ်သမီးအရွယ်တွင် အဖေနှင့်အမေ ဆုံးသွားရာ မိတဆိုးတစ်ကောင်ကြွက်ဖြစ်ခဲ့ရတော့သည်။

တင့်တင့်ထွန်းသည် မိမိ၏ဝမ်းစာအတွက် တဝမ်းတခါးပင် ကျွေးမည့်သူမရှိ မွေးမည့်သူမရှိဖြစ်နေရာ ရွာဦးကျောင်းမှ ကပ္ပိယဦးဘက စောင့်ရှောက်ထားလေ၏။

ဦးဘ၏ စောင့်ရှောက်ထားမှုကြောင့် အသက်ငယ်စဉ်မှာ စားရေးသောက်ရေး မပူရပါသော်လည်း တစ်ဆယ်ကျော် ငါးနှစ်ပတ်လည်အရွယ်တွင် ဘုန်းကြီးကျောင်းနှင့် မသင့်တော်တော့သဖြင့် ကျောင်းက လက်မခံတော့သောရာ ကျောင်းအနီးတွင်ရှိသော ဇရပ်ပျက်မှာပင် နေနေရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com


နတ်ထွင်းတဲ့ခံတွင်းဖြစ်သဖြင့် စားဖို့သောက်ဖို့တော့ မပူရ။ တစ်အိမ် တက်ဆင်း အဝတ်ဖွတ်၊ ထင်းခွဲ၊ ရေခပ်အလုပ်လုပ်ရင်းဖြင့် ထမင်းကျန်ဟင်းကျန် တို့ကို စားသောက်နေရသဖြင့် အသက်ဆက်၍ ရှင်ခွင့်ရရှိခဲ့၏။

ဇရပ်တွင် ညမူးညတာတစ်ယောက်ထဲ နေနေရသည်ကို ဦးဘစိတ်မချ သဖြင့် ရွာသို့ဆွမ်းဆန်းစိမ်းလာရောက် အလှူခံယူလေ့ရှိသော မယ်သီလရှင်တစ်ပါး ထံ အပ်နှံပေးခဲ့ပါသော်လည်း မယ်သီလရှင်ကြီးမှာ တင့်တင့်ထွန်းရောက်လာပြီး တစ်နှစ်ပြည့်သည့်နှစ်မှာပင် (၉၆) ပါးသော ရောဂါဖြင့် သေဆုံးသွားခဲ့၏။

ထိုအခါတွင် တင့်တင့်ထွန်းသည် ဆံပင်ကို အရှုံးခံ၍ ကတုံးတုံးလိုက်ပြီး မယ်သီလရှင်ဝတ်ခဲ့ရာမှ ...

အလှူထမင်းကျွေးရုံတွင် စောင့်စဉ်ကာလက (ပိဋကတ်) လုပ်ခဲ့သော ဝဋ်ကြွေးခံရလေတော့၏။

ရောက်လေရာအရပ်တို့မှ မယ်သီလရှင်များက တင့်တင့်ထွန်းတစ်ဖြစ်လဲ၊ မသီရိမာလာနှင့်ဆိုလျှင် ဆွမ်းဆန်စိမ်းခံ မထွက်ချင်ကြ။ ၎င်းပါလာလျှင် မည်သူ ကမှ လှူဖွယ်ပစ္စည်းမလှူကြတော့။

ထို့ကြောင့် တစ်ယောက်တည်း ထွက်တော့ (ကန်တော့ဆန်) တွေသာ များနေသဖြင့် လူဝတ်လဲလိုက်ရတော့၏။

အလှူရှင်များ၏ သဒ္ဓါစိတ်ဖြင့် အပြတ်လှူထားသော ငွေများကို ဖြတ်စား လတ်စားလုပ်ခဲ့သော သူကြီးဦးဘမောင်သည် နောက်ဘဝတွင် လူဖြစ်ပါသော် လည်း ကြီးမားသော ဆင်းရဲခြင်းဒုက္ခကို ကြုံရလေ၏။

(သဗ္ဗေသတ္တာ ကမ္မသကာ) ဆိုသည်က မှန်လှ၏။ ရှေးဘဝက လုပ်ခဲ့ သော မကောင်းမှုသည် ယခုဘဝတွင် လှလှကြီး ဝဋ်ခံနေရပြီဖြစ်၏။

ကံဇာတ်ဆရာ၏ တစ်ပတ်လည်ပတ်မှုကြောင့် သူကြီးဟောင်းဦးဘမောင် လက်ထက်က အလှူထမင်းစားရုံသို့ နောက်တစ်ခါဝင်စားမည်လုပ်နေသော ဆိုးပေ တို့ မိသားစုလုပ်ကိုင်စားသောက်နေသော ထန်းတောထဲသို့ ရောက်သွား၏။

ဆိုးပေသည် အသက် (၅၀) ကျော်သွားပြီဖြစ်၍ သားဖြစ်သူကို ထန်း တက်နိုင်းကာ မိမိပိုင် ထန်းတောတွင် အငြိမ်းစားနေသူဖြစ်၏။

ဇနီးဖြစ်သူ သေဆုံးသွားသည့်နောက်ပိုင်း ထန်းတောကို သားနှင့်ချွေးမ ကို အပ်နှံပြီး မိမိက သောက်သောက်စားစား လူမင်းသားလုပ်နေရာမှ စားစရာ သောက်ရမဲ့ နေစရာထိုင်စရာမရှိဖြစ်နေသော တင့်တင့်ထွန်းကိုတွေ့ရှိရာ ဆိုးပေ


www.burmeseclassic.com

www.burmeseclassic.com


တို့သားအဖနှစ်ယောက်သည် တင့်တင့်ထွန်းအား သနားပါသည်ကို အကြောင်းပြု ကာ မိမိ၏ထန်းတောတွင် ထန်းလျှက်ချက်ရာ၌ ကူညီညာလုပ်ရန် ခေါ်ထားလိုက်၏။

အိပ်စရာနေရာ ပေး၏။

စားစရာ ကျွေး၏။

ချွေးမ၏ အဝတ်အစားအစုတ်အပြတ်များကို ဝတ်ဆင်စေ၏။

ခိုကိုးရာမဲ့ဘဝတွင် ဦးဆိုးပေသည် မိမိအတွက် ကယ်တင်ရှင်ဖြစ်နေ၏။

ဖွဲတဆုပ်သာမက ထန်းလျှက်တစ်ပိဿာပင် နိုင်သေးသော ဦးဆိုးပေသည် တင့်တင့်ထွန်းအား အများမသိအောင် မယားအဖြစ်နေထိုင်လေတော့၏။

ဦးဘမောင်၏ ယခင်ဘဝက ဆိုးပေအပေါ် အနိုင်ကျင့်မှုမှာ ယခုဘဝတွင် ပေးဆပ်ရမှုများလွန်နေတော့၏။

ဆိုးပေတစ်ယောက်တည်းဆို တော်သေး၏။ ယခုတော့ ဆိုးပေ၏ သား ကမ္ဘူးလာသောအခါ မိန်းမနှင့်အဖေမသိအောင် (ကာမ) ခါးပြတိုက်တော့၏။

တင့်တင့်ထွန်းခမျာ အားကိုးစရာမရှိသဖြင့် ဆိုးပေတို့သားအဖပြုသမျှ ခံနေရလေ၏။

ဝဋ်ကြွေးကြမ္မာသည် မလွတ်နိုင်ပါတကား။ လောဘသက္ကါယကြီးမားစွာဖြင့် အလှူပစ္စည်းများရလျှင် ရသလို ယူခဲ့ပါသော်လည်း သေဆုံးသွားသောအခါ မိမိ၏နောက်သို့ အပ်တိုတစ်ချောင်းပင် ပါမလာခဲ့။

ပါလာခဲ့သည်က (ဒုစရိုက်) အမှောင်ဝဋ်ကြွေးများသာဖြစ်ပြီး ဆပ်၍ မကုန်နိုင်ခဲ့။

(မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ) ဆိုသည်က မှန်လှ၏။ ဆိုးပေတို့ သားအဖ၏ မိုက်မဲမှုမှာ တင့်တင့်ထွန်းအဖို့ အရှက်ကွဲချင်တော့ အထုပ်နှင့် အထည်နှင့် ပေါ်လာတော့၏။

ထိုအခါ ဆိုးပေတို့သားအဖက တာဝန်မယူ။ အိမ်မှ နှင်ထုတ်လိုက်ရာ တွင် ....

တင့်တင့်ထွန်းသည် ဒုက္ခတောမှ လွတ်ငြိမ်းရန်အတွက် ကြိုးဆွဲချ၍ ကိုယ့်ကိုယ်ကိုယ်သတ်၍ သေလိုက်လေတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

"အဲဒါပဲ ... ဒကာညီမြစိမ့်ရေ ကျုပ် တင့်တင့်ထွန်းဘဝမှာ ရသမျှက လေးကို လှူခဲ့တယ်။ စားဦးစားဖျားတွေကို ကိုယ်စောင့်နတ်ကို အရင်တင်ပြီးမှ ကိုယ်စားတယ်"

"ကိုယ့်ကိုခေါ်ခိုင်းတဲ့ အိမ်ရှင်တွေ စိတ်ကျေနပ်အောင် လုပ်ပေးတယ်။ သူတို့ ကျွေးသမျှပဲစားတယ်။ ပေးသမျှပဲ ယူတယ်။ အပ်တိုတစ်ချောင်းတောင် မခိုး ခဲ့ဘူး"

"ငယ်စဉ်ကလေးဘဝက ဘုန်းကြီးကျောင်းမှာ မှီခိုနေရတဲ့ တင့်တင့် ထွန်းဘဝမှာ နံနက်အရုဏ်မတက်မီ၊ ဘုန်းကြီးကျောင်းတစ်ကျောင်းလုံးကို အမှိုက် လှည်းခဲ့တယ်"

"ကုဋီတွေနဲ့ တုတ်တွေကို ရေဆေးသန့်စင်ပေးခဲ့တယ်"

"စားသောက်ပြီးတဲ့ သပိတ်တွေကိုဆေးကြော သန့်စင်ပေးခဲ့တယ်။ အဲသလိုလုပ်ပြီးတိုင်းလည်း နောက်ဘဝတွင် စာတတ်ပေတတ် ဘုန်းကြီးရဟန်း ဖြစ်ရပါလို၏လို့ ဆုတောင်းခဲ့တယ်"

"ကိလေသာကင်းစင်သော လိုချင်တပ်မက်မှုမရှိသော ဘုရားသားတော် ဖြစ်ပြီး သာသနာအကျိုးသယ်ပိုးနိုင်သော ပုဂ္ဂိုလ်ဖြစ်ရပါလို၏။ နောင်ဘဝတွင်



www.burmeseclassic.com

www.burmeseclassic.com


ဝတ်ဖြူစင်ကြယ်စွာဖြင့် နေရပါလို၏။ မကောင်းတဲ့ဝဋ်ကြွေးများ ပြီးပြတ်ရပါလို၏ လို့ ဆုတောင်းခဲ့တဲ့အတွက် ယခုဘဝမှာ ငယ်ငယ်ကတည်းက သက်န်းစီးပေးမဲ့ ဒကာပေါ်ခဲ့တယ်။ ရဟန်းခံပေးမယ့်ဒကာ ပေါ်ခဲ့တယ် ... ဒကာညိုစိမ့်ရေ"

"တရားကို တကယ်အားထုတ်ခဲ့တော့ ဘဝကတော်တော်ငြိမ်းအေးစေ တယ် ... ဒကာ"

"ဦးပဥ္စင်းကံကောင်းတာက ကလေးဘဝ ငယ်ငယ်စကားပြောတတ်ခါစ က အရင်ဘဝက လောဘသမားကြီး ဦးဘမောင်၊ အလယ်ဘဝစားရမဲ့မဲ့ သောက် ရမဲ့မဲ့နဲ့ ဆိုးပေနဲ့ ဘဝဝဋ်ကြွေးဆပ်ခဲ့ရတဲ့ မတင့်တင့်ထွန်းတို့ဘဝကို ပြန်ပြီးမြင် ခွင့်၊ အမှတ်ရခွင့်ရခဲ့တာတွေက ဒီဘဝမှာ မကောင်းတာမလုပ်မိအောင် သတိပေး နေတာပဲ ... ဒကာရေ"

"ဒါကြောင့် ဦးပဥ္စင်းတော့ ဘဝ၊ ဘဝတွေကို ကြောက်လွန်းလို့ ရက်တို တိုနဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားပဲကျင့်နေတော့တာ ... ဒကာ"

ဟု မြသလွန်စေတီ၊ အင်္ဂါဒေါင့်တွင် ထိုင်၍ ပုတီးစိပ်မည်လုပ်နေခိုက် ဆယ်နှစ်သားအရွယ် ကိုယ်ရင်ကလေးတစ်ပါး ကြွလာပြီး စာရေးသူအား ...

လောဘ

ဒေါသ

မောဟ စိတ်များကင်းစင်သွားအောင် မိမိ၏ဘဝအတွေ့အကြုံကို ဥပမာ တင်ပြ၍ ဟောပြောသွားသည်ကို ကိုယ်တွေ့တရားနာလိုက်ရပါသည်။

စာဖတ်သူတို့လည်း သံဝေဂရမည်ဆိုလျှင်တော့ .....။

တရားဟောခဲ့သော ဆရာတော်ကလေးနှင့် စာရေးသူတို့ ကုသိုလ်ရမည် ကေန်မလွဲပါ။

အမှားအမှန်၊ ကုသိုလ်၊ အကုသိုလ် ခွဲခြားနိုင်ကြပါစေ။

သဗ္ဗေသခါရာအနိစ္စာ
**မကြွေးညိုစိမ့်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

[၁]

❑

ကိုယ့်အလောင်းကို ကိုယ်ပြန်ပြီး မြင်တွေ့နေရသောအဖြစ်မျိုးလောက် စိတ်ပျက်စရာအကောင်းဆုံးမှာ ဤလောကတွင် ရှိအံ့မထင်။

ခုတင်ပေါ်၌ ပက်လက်လှန်လျက် ဆန့်ဆန့်ကြီးဖြစ်နေသော သူ့အလောင်းကို သူပြန်၍ ဦးခင်ဖေကြီး ထိတ်လန့်ချောက်ချားစွာ ကြည့်နေမိသည်။

အလောင်းကြီးအနီးတွင် သူ့အချစ်ဆုံးသမီး ခင်လေးကြီး ပူဆွေးသောကရောက်လျက် ငိုကြွေးနေသည်ကိုမြင်၍သာ သူသေဆုံးသွားခဲ့ပြီဖြစ်ကြောင်း ဦးခင်ဖေကြီး မမျှော်လင့်ဘဲ သိသွားရခြင်းပင်။

ထူးခြားသည်မှာ အလောင်းကြီး၏ ခန္ဓာကိုယ်အပြင်ဘက် လေထဲတွင် သူ အထိအတွေ့မဲ့ လွင့်မျောနေခဲ့ခြင်းဖြစ်၏။ ပြီးတော့ အနှောင်အဖွဲ့မရှိ။ အချုပ်အထိန်းမဲ့ လွတ်လပ်ပေါ့ပါးနေပြန်၏။

အခန်းနံရံကို ဖောက်ထွင်းသွားလာ၍ ရသည်။ အမိုးမျက်နှာကြက်ကို မလှပ်ဘဲ အပေါ်သို့ဖောက်ထွက်နိုင်သလို သမံတလင်းကြမ်းပြင်ကိုလည်း တိုးဝင်သက်ဆင်း၍ရသည်။ ယုတ်စွအဆုံး ခုတင်ပေါ်၌ ဆန့်ဆန့်ကြီးဖြစ်နေသော သူ့အလောင်းကြီးအတွင်းသို့ပင် ဝင်၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com


သို့သော် အသက်ရှင်စဉ်ကလို လှုပ်ရှားစေခြင်းငှာ မတတ်နိုင်ခဲ့။

အမြင်အာရုံရှိနေပေမည့် အထိအတွေ့အာရုံက ကင်းမဲ့လျက်။

တုံ့ပြန်သက်ရောက်မှု အထိအတွေ့အာရုံက ကင်းမဲ့လျက်။

တုံ့ပြန်သက်ရောက်မှုတွေ ဘာမှမရှိတာ။ သူ ဘာကိုမျှ ကိုင်တွယ်လှုပ်ရှား၍မရသလို အရာအားလုံးမှ အထိအတွေ့အာရုံကိုလည်း သူ မခံစားရတော့။

သို့တိုင် တခြားသူများကိုလည်း ထိတွေ့ဆွဲကိုင် လှုပ်ခတ်ကြည့်ပြန်သည်။ အရာမရောက်။ အသံပေးကြည့်ပြန်သည်။ မကြားနိုင်ကြပြန်။

သူသည် တိမ်မျှင်မီးခိုးငွေ့နှယ် အထိအတွေ့ပျက်ပြယ် အင်မဲ့အားမဲ့။

ခုတင်ပေါ်၌ အလောင်းကြီးသည် ရုပ်ခန္ဓာကြီးဖြစ်ကာ လက်ရှိသူ့အခြေအနေမှာ နာမ်ဝိညာဉ်ကြီး ဖြစ်နေလေပြီ။ သူ့အလောင်းကြီးက ထုထည်ဒြပ်နှင့်အခိုင်အမာကျန်ရစ်ခဲ့ပါလျက် ရုပ်ခန္ဓာကိုယ် ဘော်ဒီပြင်ပမှ သူကတော့ ထုထည်မရှိ၊ ဒြပ်မဲ့။

ခန္ဓာကိုယ်ဘော်ဒီကြီးကို ထားခဲ့ပြီး ဝိညာဉ်ကောင်အဖြစ် သူ တစ်ချိန်က သက်ဝင်နေခဲ့သော ရုပ်ကလာပ်ကြီးမှ ခွဲထွက်ခဲ့ရပြီဖြစ်ကြောင်း သူ သိသွားလေပြီ။ ခေတ်ပညာတတ်တစ်ယောက်ဖြစ်သော သူ၊ နာမ်ဝိညာဉ်ဆိုင်ရာ လောကီဂမ္ဘီရပညာရပ်များကို ဝါသနာပါ လေ့လာခဲ့သော သူ အခြေအနေအရပ်ရပ်ကို သုံးသပ်ရတော့သည်။

သူ့ကိုယ်သူသာ ပြန်မြင်နေရပြီး အခြားသူများက သူ့ကိုမြင်တွေ့ခွင့်မရတော့။ အခြားသူများ ပြောဆိုနေကြသောစကားများကို ကြားနေရပြီး သူပြောနေသောစကားကို အခြားသူများက မကြားနိုင်ကြတော့။ ဒါဆိုလျှင် ...

သူ့သမီး ခင်လေးကြီးသည် မိသားစုဆရာဝန်နှင့်အတူ အလှုပ်အရှားမဲ့ဖြစ်နေသော သူ့ရုပ်အလောင်းကြီးကို အမျိုးမျိုး စမ်းသပ်လျက်ရှိ၏။ ဘယ်လိုမျှ မရတော့မှ လက်လျှော့သွားပုံရသည်။

သူတို့ချစ်သော သူ့အဖေကို၊ သူတို့အဖေ ဦးခင်ဖေကြီးကို ...

တကယ်ပင် သေဆုံးသွားလေပြီဟု စိတ်ဒုံးဒုံးချ ယုံကြည်သွားကြလေပြီ။ သည်တော့မှ ...

ဝမ်းနည်းယူကြုံးမရ ကြေကွဲတသ ချုံးပွဲချငိုကြွေးကြသည်မှာ အိမ်ကြီးတစ်အိမ်လုံး ပွက်ပွက်ဆူ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂]

❏

အိမ်ကြီးထဲမှာ သမီးခင်လေးကြီးနှင့်အတူနေ တူမကလေး သက်မာ။ သမီးခင်လေးကြီး၏ယောက်ျား ကိုမောင်မောင်ရဲထွန်းတို့ ဦးခင်ဖေကြီးအလောင်း အတွက် ဗျာများနေစဉ် အိမ်ခြံရှေ့သို့ ကားတစ်စီးထိုးဆိုက်လာသည်။

ကျောင်းကားလေးပင်ဖြစ်သည်။ ကျောင်းကားပေါ်မှ မြေးကလေး ခင်သဇင်သင်းက ပြေးဆင်းလာသည်။ ခါတိုင်း ကျောင်းကားပေါ်မှ မြေးကလေး ခင်သဇင်သင်း ကျောပိုးအိတ်နှင့်ပြေးဆင်းလာလျှင် သူထွက်ကြိုနေကျဖြစ်သည်။

သို့ဖြစ်၍ ဦးခင်ဖေကြီး ခါတိုင်းလို ထွက်ကြိုလိုက်မိသည်။

မြေးကလေးက သူ့ကိုမတွေ့။ ခြံအတွင်း ဟိုသည်ကြည့်ပြီး ပြေးဝင်လာသည်။ သူ့ကိုပင် တွန်းတိုက်သလိုဖြစ်သွား၏။ အမှန်တော့ အငွေ့လိုဖြစ်နေသော သူ့ကို ဖောက်ထွက်သွားခြင်းဖြစ်၏။

မြေးကလေး သူ့ကိုမတွေ့၍ အိမ်ထဲမဝင်ခင် လှမ်းအော်သည်။

"မေမေ . . . သမီးဘိုးဘိုးဖေကြီးကော၊ ဖေကြီး . . ."

မြေးကလေးခင်သဇင်သင်းက သူလာကြိုနေကျအတိုင်း မတွေ့သဖြင့် ကျောပိုးအိတ်ကလေးလွယ်လျက် အိမ်ဝမှတင် အော်၍မေးတော့သည်။

"ဘိုးဘိုးဖေကြီး . . . ဒီမှာပါ မြေးလေးရယ်။ ဘိုးဘိုးဖေကြီး မြေးလေးကို ထွက်ကြိုနေကျအတိုင်း ထွက်ကြိုနေပါတယ်"

သူက ကြိုးစားပမ်းစားပြောလိုက်သော်လည်း သူ့အသံကို မြေးကလေး မကြား။ သူ့လှုပ်ရှားမှုကို မြေးကလေးမမြင်။ အိမ်ထဲမှာရှိနေသော သူ့သမီးခင်လေး ကြီး၏ အသံသာလျှင် လှမ်းထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဒုက္ခပါပဲ ...။ ဖေဖေ့အလောင်းကြီးကို သမီးလေးမြင်ရင် လန့်သွားတော့မှာပဲ။ သက်မာရေ ..., သမီးလေး ဒီကိုဝင်မလာခင် ထွက်ခေါ်ပြီး အိမ်အပေါ်ထပ်မှာ သွားနေချေပါ"

ပြီးတော့ သားမက်ဖြစ်သူ မောင်မောင်ရဲထွဋ်အသံ။

"ဟုတ်တယ် ... သမီးလေးကို မုန့်တွေဘာတွေကျွေးပြီး ချော့မော့ထား။ ဒီမှာ တို့လုပ်စရာရှိတာတွေ ဆက်လုပ်ရဦးမယ်။ ကလေးက ကြောက်တတ်တယ်"

သမီးနှင့် သားမက်အသံကို ကြားရပြီးနောက် တူမဖြစ်သူ သက်မာထွက်လာသည်။ အိမ်ဝရောက်နေပြီဖြစ်သော မြေးကလေး ခင်သဇင်သင်းကို ပွေ့ဖက်ပြီး ချော့မော့ခေါ်သွားသည်။

"လာ ... လာ ... သဇင်၊ ဘိုးဘိုးဖေကြီးနဲ့ သမီးမေမေတို့ အလုပ်တွေ ရှုပ်နေကြတယ်။ အပေါ်ထပ်မှာ မုန့်တွေအများကြီးရှိတယ်။ သွားစားကြရအောင်နော်"

မြေးကလေး ခင်သဇင်သင်းမှာ အသက်အားဖြင့် ခုနစ်နှစ်ခန့်သာ ရှိသေး၍ ကလေးပီပီ အစားမက်နေသေးသောအရွယ်မို့ အပေါ်ထပ်သို့ သက်မာခေါ်ဆောင်ရာ အလွယ်တကူပါသွားသည်။ လှေကားပေါ်တက်သွားသော မြေးကလေးကိုကြည့်ပြီး သူ ဝမ်းနည်းကြေကွဲစွာ မချင့်မရဲရေရွတ်မိသည်။

"ဖေဖေ့အလောင်းကြီးကို သမီးလေးမြင်ရင် လန့်သွားတော့မှာတဲ့လားကွယ်။ ကလေးက ကြောက်တတ်တယ်တဲ့လားကွယ်"

✿ ✿ ✿

[၃]

❑

အဲသည်လို ဝမ်းနည်းကြေကွဲမှုတွေကတစ်ဆင့် ..., သူ မသေခင် မနက်ကအဖြစ်အပျက်တွေကို ပြေး၍ မြင်လိုက်မိပြန်သည်။

ဦးခင်ဖေကြီးသည် မနက်တိုင်း လမ်းလျှောက်ထွက်နေကျအတိုင်း လမ်းလျှောက်ဝတ်စုံ၊ တုတ်ကောက်အကျအနဟန်ပန်ဖြင့် အိမ်မှထွက်ရန်ပြင်သည်။


www.burmeseclassic.com

www.burmeseclassic.com


အချိန်မှာ မနက်ငါးနာရီခွဲ။

မနက်ခုနစ်နာရီတွင် မြေးကလေးအတွက် ကျောင်းကြိုကားလာမည်ဖြစ်၍ မြေးကလေးနှင့် သူ့အမေ ခင်လေးကြီးတို့ နိုးနေကြပြီး ပြင်ဆင်နေကြ၏။

မြေးကလေးအတွက် ပြင်ဆင်နေရာမှ သမီးခင်လေးကြီးက သူ့ကိုလှမ်းမြင်ပြီး သူ့သမီး ခင်သဇင်သင်းလေးအား လှမ်းပြောသည်။

"ဟော ... ဘိုးဘိုးဖေကြီး ... လမ်းလျှောက်ထွက်တော့မယ်။ သမီးလေး နှုတ်ဆက်ပြောနေကျအတိုင်း လှမ်းပြောလိုက်လေ"

"အို ... ဖေဖေကြီးက ဘာမှမပြောသေးဘဲ သမီးက ဘယ်လိုပြောရမလဲ"

မြေးမလေး ခင်သဇင်သင်းက သူ့အမေကိုပြန်ပြောမှ သူတို့မြေးအဘိုးနှုတ်ဆက်ပြောနေကျစကားကို ဦးခင်ဖေကြီး လှမ်းပြောလိုက်သည်။

"ဘိုးဘိုးဖေကြီး လမ်းလျှောက်ထွက်တော့မယ်။ ဖေကြီးအသည်းနှလုံးဘယ်မှာလဲဟင် ..."

သည်တော့မှ မြေးကလေးက သူ့ရင်ဘတ်ကို သူပုတ်ပြကာ ...

"ဘိုးဘိုးဖေကြီးအသည်းနှလုံး ... ဒီမှာ ... ဒီမှာ "

မြေးကလေး၏ အားရပါးရ ပြောလိုက်သောဟန်ပန်နှင့် စကားလုံးများလည်း သူ၏ဟဒယနှလုံးအိမ်သို့ စိမ့်ဝင်သွားကာ မျက်နှာတွင် အပြုံးရိပ်များဝင်းလက်လျက် သူ့ကို အားအင်တွေ ပြည့်ဖြိုးသွားစေသည်ပင်။

သူ့မြေးကလေးနှင့် သမီးခင်လေးကြီးတို့ သားအမိကို လက်ပြပြီး ပြုံးရွှင်စွာ အိမ်မှ လမ်းလျှောက်ထွက်လာခဲ့သည်။

လမ်းထိပ်မှာဆုံနေကျ အဖော်များနှင့်မဆုံခင် လမ်းလျှောက်လာရင်း ငယ်စဉ်ကအဖြစ်ကလေးတွေကို သူ သတိရမိပြန်သည်။

မြေးမကလေး ခင်သဇင်သင်းကဲ့သို့ပင် သမီးခင်လေးကြီး၊ သား ခင်မောင်လတ်တို့ ငယ်စဉ်ကလေးဘဝတွေတုန်းကလည်း ဦးခင်ဖေကြီး လမ်းလျှောက်ထွက်လျှင်ဖြစ်စေ၊ ရုံးသွားလျှင်ဖြစ်စေ၊ ဤသို့ပင် သားအဖတစ်တွေ အားပါးတရ နှုတ်ဆက်နေကျဖြစ်၏။ ထိုစဉ်ကတော့ ဘိုးဘိုးဟူသော ဝေါဟာရမပါဝင်သေး။

"သားတို့၊ သမီးတို့ ... ဖေကြီး လမ်းလျှောက်ထွက်တော့မယ် ဖေကြီးအသည်းနှလုံး ဘယ်မှာလဲဟင်"

သူက ထိုသို့အမေး သမီးနှင့်သားက ယခုမြေးကလေး ခင်သဇင်သင်းကဲ့သို့ပင် သူတို့ရင်ဘတ် အသည်းနှလုံးနေရာများကို အားပါးတရ ပုတ်၍ပုတ်၍ ..

"ဖေကြီးအသည်းနှလုံး ... ဒီမှာ ... ဒီမှာ"


www.burmeseclassic.com

www.burmeseclassic.com


မောင်နှမနှစ်ယောက် အလုအယက် ပြောဆိုနေကျ။

ခုတော့ သားခင်မောင်လတ်က အိမ်ထောင်ကျ၊ ရာထူးရာခံနှင့် အဝေးမှ နယ်မြို့တစ်မြို့ကို ရောက်နေလေပြီ။ သမီးခင်လေးကြီးသာလျှင် အိမ်ထောင်ကျသော်လည်း မုဆိုးဖိုအဖြစ် အထီးကျန်နေသော ဖအေကြီးကို မခွဲနိုင်၊ မခွာရက်ဖြစ်ကာ အတူနေနေခြင်းဖြစ်၏။

သူတို့နေသော ရန်ကုန်မြို့တော်၏ တစ်ဖက်ကမ်းမြို့ကလေးမှာ ခရိုင်မြို့ဟုသာဆိုသော်လည်း ဖွံ့ဖြိုးမှုအားဖြင့် နေးကွေးလွန်းလှသည်။ ရန်ကုန်မြို့တော်ကြီး၏ လောင်းရိပ်အမိခံထားရသည့်ပမာ မြို့သက်ရင့်သော်လည်း ကျုံ့လိုနေဆဲရှိသေး၏။

ဒါကလည်း ရှေးရိုးစဉ်လာအရ ကြည့်တော့ ခပ်ကောင်းကောင်းပင်။ မိဘနှင့်သားသမီးကြား ဆွေမျိုးညီအစ်ကို မောင်နှမအကြား ရှေးအစဉ်အလာ မိသားစုစိတ်ဓာတ်တွေ မလဲမပြို အခိုင်အမာရှိနေဆဲဖြစ်၏။ မြန်မာ့ရိုးရာဓလေ့ဘက် ထိန်းထားနိုင်သမျှ ထိန်းထားနိုင်ကြဆဲ။

ယင်းကြောင့်ပင် အိမ်ထောင်ရက်သားပင် ကျကြသော်လည်း မိသားစုချင်းခွဲခွာနေသည်က နည်းသည်။ သား ခင်မောင်လတ်သည်ပင် အစိုးရဝန်ထမ်းမို့ မလွှဲသာ၍ နယ်မှာခွဲနေရသော်လည်း ဦးခင်ဖေကြီးတို့ မိဘဘိုးဘွားလက်ထက်ကတည်းက ပိုင်ဆိုင်ခဲ့သော ခြံကျယ်ထဲတွင် တိုက်အိမ်တစ်လုံး သီးခြားဆောက်ပေးထားလျက်ရှိ၏။

ယခုလည်း သားသမီးတွေလက်ထက်ကတည်းက နှုတ်ဆက်နေကျ အစဉ်အလာစကားလုံးတို့ကို သူ၏မြေးမကလေး ခင်သဇင်သင်းတိုင် သယ်ဆောင်လာနိုင်ခဲ့သည်ကို ဦးခင်ဖေကြီးတွေးပြီး အကျေနပ်ကြီးကျေနပ်နေမိသည်။ ထိုကျေနပ်မှုကြောင့် မျက်နှာတွင် ပြုံးတုံ့တုံ့ဖြစ်နေသော ဦးခင်ဖေကြီးကို သူ၏သူငယ်ချင်းမိတ်ဆွေ လမ်းလျှောက်အဖော်များက စောင့်နေရင်းမှ လှမ်းပြောသည်။

"ခင်ဖေကြီး ... မင်းကို တို့က အမြဲပဲစောင့်နေရတယ်။ ဘာလဲ လမ်းလျှောက်ဖို့အတွက် အသင့်ပြင်ဆင်ပေးမယ့်သူ မရှိသေးလို့ နောက်ကျတာလား"

"ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖိုဖြစ်သွားလို့ တစ်ပင်လဲမှ တစ်ပင်ထူပါဆိုတုန်းကတော့ မထူဘူး။ ခုကြီးတော့ ထူရခက်နေပြီမဟုတ်လား"

"ဘာမှ ထူစရာမလိုပါဘူးကွာ။ ငါ့မှာ ငါ့အချစ်ဆုံး သမီးနဲ့သားရှိတယ်။ ပြီးတော့ ငါ့အသည်းနှလုံး မြေးမလေးရှိတယ်။ အဲဒါတွေက ငါ့အတွက် သံယောဇဉ်အပင်တွေပဲကွ။ ဘာအပင်မှ မလိုတော့ဘူး"


www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . ခင်ဖေကြီးကိုတော့ သွားမပြောနဲ့။ သူက သူ့သားသမီး သံယောဇဉ်ကလွဲပြီး ဘာမှရှိတဲ့ကောင်မဟုတ်ဘူး။ ဒါကြောင့် သူ့မိန်းမသေပြီး အနှစ်နှစ်ဆယ်လုံးလုံး မုဆိုးဖိုဘဝနဲ့ ဦးအောင်ဇေယျ လုပ်နေတာပေါ့"

"အောင်မယ် . . . ဦးအောင်ဇေယျမှာ မိဖုရားတွေ အများကြီးကွ"

"ဟိုက လူစွမ်းကောင်းဘုရင်ကိုးကွ . . . ဟဲ . . . ဟဲ . . . ဟဲ"

"ငါလည်း လူစွမ်းကောင်းပါပဲ"

"မင်းက ဘာလူစွမ်းကောင်းလဲ"

"အသည်းနှလုံး လူစွမ်းကောင်းလေကွာ။ ငါ့မိန်းမသေသွားပေမဲ့ မိန်းမ အပေါ်မှာ တစ်သက်လုံး သစ္စာစောင့်သိသွားတဲ့ လူစွမ်းကောင်း၊ ပြီးတော့ ငါ့ သားသမီးတွေအတွက် စံပြုအဖေအဖြစ် တစ်သက်လုံး အသည်းနှလုံးဖြူစင်အောင် နေသွားတဲ့ သူရဲကောင်း"

"အေး . . . မင်းပြောတာလည်း ဟုတ်တုတ်တုတ်ပဲ . . . ခင်ဖေကြီး။ လူတွေဟာ ကာမဂုဏ်အာရုံနဲ့ပတ်သက်ရင် တော်ရုံတန်ရုံလူ မထိန်းသိမ်းနိုင်ကြ တာများတယ်။ 'အကောက်ထဲမှာ ဖြောင့်ဖြောင့်ရှာ၊ ကွေးကွေးလေးဟာ အဖြောင့် ပါပဲ'လို့ ဆိုရမလိုပေါ့ . . . ဟဲ . . . ဟဲ . . . ဟဲ"

"ဟေ့ . . . အဘိုးကြီးပေါက်စတွေ စကားတွေပေါပြီး လမ်းလျှောက်နှေး မနေနဲ့။ ခါတိုင်းစံချိန်အတိုင်း ကျိုက်ခေါက်ဘုရားခြေရင်းအထိ လျှောက်ကြမယ်။ အပြန်ကျတော့ သတင်းထောက်တင်ဦးကြီး အသုဘရက်လည် ဝင်ကြရဦးမယ် မဟုတ်လား"

လမ်းလျှောက်ဘက်တစ်ယောက်က လှမ်းသတိပေးလိုက်မှ ဦးခင်ဖေ ကြီးမှာ သူတို့နှင့်ကျောင်းနေဘက်သူငယ်ချင်း သတင်းထောက်တင်ဦး၏ အသုဘ ရက်လည်ဝင်ရဦးမည်ကို သတိရလိုက်သည်။ သတင်းထောက်တင်ဦးလည်း ဦးခင် ဖေကြီးလို စာသမားဖြစ်၍ သူတို့နှစ်ယောက် ပိုအတွဲများကြသည်။

ခပ်ပေပေနေတတ်သော တင်ဦးအစ်ကို။ တီဘီရောဂါသည် ဦးတင် ဖေကြီးမသေဘဲ တင်ဦးသေသွား၍ နှမြောနေကြသည်။

သူတို့အဘိုးကြီးပေါက်စ လမ်းလျှောက်အစုအဖွဲ့ကလေး ကျိုက်ခေါက် ဘုရားခြေတော်ရင်းအထိရောက်အောင် ခပ်သွက်သွက် လျှောက်လှမ်းခဲ့ကြသည်။

ဘုရားကြီးခြေတော်ရင်း အရှေ့ဘက်မုခ် ကားလမ်းအတိုင်း လက်ယာရစ် တောင်ဘက်၊ အနောက်ဘက်မုခ် ခြေတော်ရင်းမှပတ်၍ မြို့ထဲဘက်ဦးတည်သော မြောက်ဘက်မုခ် ကားလမ်းကနေပြီး မြို့ထဲသို့ ပြန်လျှောက်လာခဲ့ကြသည်။

ရန်ကုန်ဝန်းကျင်တွင် တောင်ကုန်းတောင်တန်း သစ်ကြီးဝါးကြီးတို့ဖြင့်


www.burmeseclassic.com

www.burmeseclassic.com


အုပ်ဆိုင်းနေသော သူတို့မြို့ကလေးမှာ သူတို့လို ပင်စင်စား သက်ကြီးရွယ်အို အဘိုးကြီးပေါက်စတွေအတွက် ကျန်းမာရေးအရ လမ်းလျှောက်၍ အင်မတန် ကောင်းသည်။

မြို့ထဲရောက်၍ သူငယ်ချင်းဦးတင်ဦး၏ ရက်လည်အသုဘအိမ်သို့ အစီအစဉ်အတိုင်း အိမ်ကိုမပြန်ကြတော့ဘဲ တန်းဝင်ကြသည်။ အသုဘထုံးစံ ကူငွေများကို ကူကြပြီး ဆွမ်းကျွေးညှော်ခံ မုန့်ဟင်းခါးစားသောက်ကြသည်။

လမ်းလျှောက်ရာမှ အပြန်ဖြစ်၍လားမသိ။ ဆာဆာနှင့် အင်မတန် ခံတွင်းတွေ့ကြသည်။

"ဟော့ ... ဟော့ ... ဒီအဘိုးကြီးပေါက်စဝိုင်းက ထည့်မလောက်ပါလားကွ"

အသံက သူတို့ရင်းနှီးသော ဦးတင်ဖေကြီးအသံ။ ဦးတင်ဖေကြီးသည် ယခုကွယ်လွန်သွားသော ဦးတင်ဦး၏အစ်ကိုကြီးမို့ သူတို့နှင့် ရင်းနှီးပြီးသား။

ဦးတင်ဦး၏အစ်ကိုကြီးဆိုတော့ သူတို့နှင့် အသက်အရွယ်အားဖြင့် နှစ်နှစ်၊ သုံးနှစ်ခန့်ကြီး၍ စီနီယာပီပီ သူတို့ကို သူ့ညီလို ဆက်ဆံတတ်သည်။ သူ့ညီကိုချစ်သလို သူတို့ကိုလည်းချစ်၍ အင်မတန်စတတ်နောက်တတ်သည်။

ဦးတင်ဖေကြီးသည် ယမကာလေးကြိုက်တတ်၍ သူ့ဝါသနာအတိုင်း မှီဝဲပြီး အာရှင်နေပုံရသည်။

"ငါက အဲဒီလို တရင်းတနှီးစားမှ သဘောကျတာကွ။ မင်းတို့ကိုတွေ့တော့ မင်းတို့သူငယ်ချင်း ငါ့ညီမောင်တင်ဦးကို သတိပြန်ရတယ်ကွာ။ စားကြပါကွာ။ အားရပါးရ စားကြစမ်းပါ။ နေကောင်းသလို စားကြစမ်းပါ"

"စိတ်ချ ... ဦးတင်ဖေကြီး၊ စားမှာပါ။ ခင်ဗျားအလှည့်ကျရင် ဒီထက်တောင် ပိုစားကြဦးမှာ။ ခု ... တင်ဦးကို သတိရပြီး ဝမ်းနည်းလို့။ ဒါတောင်မှ ဿိပ်မစားနိုင်ကြဘူး"

သူတို့အထဲမှ ဦးမျိုးမြင့်က ကာတွန်းဆရာပီပီ အကြွေးမထားဘဲ ပြန်၍ အနောက် ဦးတင်ဖေကြီးမှာ ဘာမှမပြောတော့ဘဲ အိမ်ခန်းထဲ လှည့်ဝင်သွားလေသည်။

ဒါကိုမြင်ပြီး အားနာတတ်သော ဦးခင်ဖေကြီးက ကာတွန်းဆရာ ဦးမျိုးမြင့်ကို သတိလှမ်းပေးရသည်။

"ဟေ့ကောင် ... မျိုးမြင့်၊ မင်းကလည်း ဒီအချိန်မျိုးမှာ သူပြောတာကို သည်းခံပြီး ငြိမ်နေတာမဟုတ်ဘူး။ မင်းပြောလိုက်လို့ သူ့ညီ တင်ဦးကို သတိရ ဝမ်းနည်းလို့ အိမ်ခန်းထဲဝင်ပြီး သွားငိုမလို့ လှည့်ထွက်သွားတာလားမသိဘူး"


www.burmeseclassic.com

www.burmeseclassic.com

"အောင်မာ ... ဒီလူကြီးအကြောင်း မင်းတို့က ဘာသိလို့လဲ။ လူတွေ ရှေ့မှာ သော်ကရခက်နေလို့ သူညီကို သတိရတယ်ဆိုပြီး အိမ်ခန်းထဲမှာ ဝှက်ထား တဲ့အရက်ကို သွားမော့တာကွ။ ဒီလူကြီးအထာ ငါက သိပြီးသား"

"ဒါတော့ ဟုတ်တယ်ကွ ... ခင်ဖေကြီး။ မျိုးမြင့်က ဦးတင်ဖေကြီးနဲ့ ပုလင်းတူ ဘူးဆို့တွေ။ ဒါကြောင့် တစ်ယောက်အထာတစ်ယောက် သိနေကြ တာ"

ထို့နောက ဦးတင်ဖေကြီး ပြန်ထွက်လာမည်ကို မစောင့်တော့ဘဲ တခြား အိမ်သားများကို နှုတ်ဆက်ပြီး သူတို့ပြန်လာခဲ့သည်။

လမ်းထိပ် သူ၏လမ်းလျှောက်အဖွဲ့နှင့် လူစုခွဲလာခဲ့သည်။

အိမ်ပြန်ရောက်တော့ သမီးခင်လေးကြီးနှင့် မြေးမလေး ခင်သဇင်သင်း တို့ အိမ်မှာ ရှိမနေကြတော့။

သားမက်ဖြစ်သူ ကိုမောင်မောင်ရဲထွန်းကိုပင် သူဆွဲနေကျ ဟီတာချီ ကော့စ်ကိုဆွဲလျက် ရုံးတက်ရန် အိမ်မှအထွက်နှင့် ဆုံလိုက်ရသည်။

"အဖေ့သမီးတော့ အဖေ့မြေးကို ထုံးစံအတိုင်း ကျောင်းအထိပို့ဖို့ ကျောင်း ကြိုကားနဲ့ ပါသွားလေရဲ့"

"အေး ... အေး ..."

အလိုက်သင့်ပြန်ပြောပြီး ဦးခင်ဖေကြီး အိမ်ဘက်ဆက်လျှောက်လာခဲ့ သည်။

တူမလေးဖြစ်သူသက်မာမှာ ဘုရားပန်းကပ်ရန် ခြံထဲမှာစိုက်ပျိုးထားသော ပန်းများကို ခူးနေလေသည်။

ဦးခင်ဖေကြီး အိမ်ဝမှလှမ်းအဝင် ရင်ဘတ်ထဲက ရုတ်တရက် ထိုးပြီး အောင့်တက်သွားသည်။ တံစို့တစ်ခုနှင့် ထိုးစိုက်လိုက်သလို စူးနစ်သွား၏။

ခါတိုင်း ထိုသို့တစ်ခါမှမဖြစ်ဖူးခဲ့။ ဤမျှနာကျင်အောင်လည်း မခံစားရ။

လမ်းလျှောက် တုတ်ကောက်သာပါမလာပါက မထိန်းနိုင်ဘဲ ပစ်လဲကျ သွားနိုင်သည်။ သို့တိုင် ...

အတန်တန်ထိန်းပါလျက် မဟန်နိုင်ဘဲ ညွတ်ခွေလဲကျသွားလေသည်။

"အမယ်လေး ... လုပ်ကြပါဦး။ ဘဘကြီး ... ဘာဖြစ်သွားသလဲ မသိ ဘူး။ လဲ ... လဲကျသွားလို့"

တူမလေးသက်မာ၏ အသံစူးစူးကိုသာ နောက်ဆုံး ကြားသိလိုက်ရပြီး နောက် ဦးခင်ဖေကြီး သတိလစ်သွားသည်။ ဘာဆို ... ဘာမှကိုမသိတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၄]

❑

ထို . . . ထိုအဖြစ်သည် ဦးခင်ဖေကြီးအတွက် အသက်ရှင်လျက် နောက်ဆုံးကြုံတွေ့ခဲ့ရသည့် အဖြစ်သာဖြစ်ပါသည်။

လူ့ဘဝတွင် နောက်ဆုံးကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ဟုဆိုလျှင် မမှားတန်ရာပါ။

လူ့ဘဝတွင် နောက်ဆုံးကြုံတွေ့ခဲ့ရသည်ဟု ဆိုရသော်လည်း ယခု ဦးခင်ဖေကြီး 'ဘယ်ဘဝကို ရောက်နေရပါသလဲ' ဟု သူ့ကိုယ်သူ ပြန်မေးတော့လည်း မသိနိုင်ခဲ့ပြန်။

"ဘာမှစဉ်းစားမနေပါနဲ့ . . . သူငယ်ချင်း။ မင်းနဲ့ငါနဲ့ ဘဝတူတွေ ဖြစ်သွားပြီ"

သူ့နောက်မှ အသံတစ်သံကြားရ၍ ဦးခင်ဖေကြီးနောက်ကို လှည့်ကြည့်မိသည်။

"ဟာ . . . တင်ဦး၊ မင်းသေသွားပြီလေ။ မင်းရဲ့ရက်လည်ဆွမ်းသွတ်ကနေ ငါတို့ ဒီနေ့ပဲပြန်လာကြတာ။ မင်းက ဒီကို ဘယ်လိုလုပ်ရောက်လာရတာလဲ"

ဦးခင်ဖေကြီးက သူ့မျက်လုံးထဲတွင် အကောင်အထည် ပီပီပြင်ပြင်မြင်နေရသော သူငယ်ချင်းဖြစ်သူဦးတင်ဦးကို မယုံကြည်နိုင်စွာဖြင့် ပြန်မေးမိသည်။

"ငါသေသွားပြီဆိုတာ . . . ဟုတ်တယ်။ ဘဝတစ်ခုကို ကူးပြောင်းဖို့ နွာကိုယ်အဟောင်း ဘော်ဒီအိုကြီးကို စွန့်ခွာလာတာဆိုရင် ပိုမှန်မယ်။ မင်းလည်း ငါ့လို သေခဲ့ပြီပဲ။ မင်းနဲ့ငါနဲ့က ဘဝတူတွေလေ။ ဒါကြောင့် တို့နှစ်ယောက်ဘဝတူ


www.burmeseclassic.com

www.burmeseclassic.com

ပြန်ဆုံကြတာပေါ့။ မင်း ဘာမှအားမငယ်နဲ့ သူငယ်ချင်း။ ငါက မင်းထက် အ
သေခဲ့တော့ စီနီယာမင်းဖြစ်နေပြီ။ မင်းကို ငါ အကူအညီပေးလို့ရတာပေါ့"

"ဟင် ... မင်းတို့မှာ စီနီယာတွေ၊ ဂျူနီယာတွေ ရှိသေးလား"

"ဘယ်နေရာမှာမဆို ရှိနေတာပဲ။ လူ့လောကကြီးမှာရှိသလို တမလွန်
လောကကြီးမှာလည်း ရှိတာပဲ။ နတ်ပြည်မှာတောင် နတ်ဘုံအဆင့်ဆင့်၊ နတ်သား
အဆင့်ဆင့်ရှိတယ်။ ငရဲပြည်မှာလည်း ငရဲဘုံအဆင့်ဆင့်၊ ငရဲသားအမျိုးမျိုး
တယ်။ မင်းပုံသေမှတ်ထားဖို့က အရေအတွက် ဂဏန်းတစ်တွေ၊ နှစ်တွေရှိနေတာ
ဟာ စီနီယာ၊ ဂျူနီယာတွေကြောင့် ပေါ်ပေါက်လာရတာပဲ"

"ဒါဆို ... ငါက ဘယ်ဘဝကို ရောက်နေရတာလဲ"

"အခုအချိန်တော့ တွယ်ရာမဲ့ဝိညာဉ်ဘဝပေါ့ကွာ"

"မင်းကကော ..."

"ငါက တွယ်ရာမဲ့ဝိညာဉ်ဘဝက ကျွတ်ပြီး ငါ ရှင်သန်ဖက်တွယ်ရ
နေရာတစ်ခုကို သွားဖို့အတွက် ယာယီနေရာလေးတစ်ခုမှာ နေနေရတယ်"

"ဘယ်မှာလဲ"

"ငါတို့ ဗိုလ်ချုပ်ကျေးရွာက ဗိုလ်ချုပ်သချိုင်းမှာ"

"ဟင် ..."

"မဟင်နဲ့ ... ကိုယ့်လူ။ အဲဒီမှာ တခြားဘုံတစ်ခုခုကို မသွားနိုင်သေး
တို့ရဲ့အဆွေအမျိုးတွေ ပေါင်းဟောင်းသင်းဟောင်း မိတ်ဆွေတွေကိုလည်း တွေ့နိုင်
သေးတယ်။ ဒါကြောင့် ငါ မင်းကိုလာခေါ်တာပါ။ လောလောဆယ်တော့ မင်းက
သေခါစဆိုတော့ အားငယ်နေမှာပေါ့။ သချိုင်းကိုရောက်ရင် ပေါင်းဟောင်းသင်း
ဟောင်းတွေနဲ့ တွေ့ပြီး ပျော်သွားမှာပေါ့"

"ပေါင်းဟောင်းသင်းဟောင်းတွေနဲ့တွေ့ပြီး ပျော်တာက နောက်ထား၊
မလိုက်ချင်သေးဘူးကွာ"

"မင်းက ဘာဖြစ်လို့ မလိုက်ချင်ရသေးတာလဲ"

"ငါချစ်တဲ့ သားသမီးတွေနဲ့ မခွဲနိုင်ဘူးကွာ။ ပြီးတော့ ငါ့အသည်းနှလုံး
မြေးမလေးကိုလွမ်းတယ်"

"ဒီဘဝရောက်မှ မင်းက မခွဲနိုင်တာတွေ၊ လွမ်းတာတွေ လုပ်နေတော့
လား။ တော်ကြာ ... မင်း ငါ့လိုကျန်ရစ်တဲ့ သားသမီးတွေ၊ အဆွေအမျိုးတွေ
ဥပေက္ခာပြု ရက်ရက်စက်စက်လုပ်တာတွေ မျက်ဝါးထင်ထင်မြင်နေရင် ပြီးလွမ်း
ပိုပြီးယူကျုံးမရ ဖြစ်ရလိမ့်မယ်ကွာ"


www.burmeseclassic.com

www.burmeseclassic.com 

"ကျန်ရစ်တဲ့ သားသမီးတွေနဲ့ ဆွေမျိုးတွေက ဘယ်လိုဥပေက္ခာပြု ရက်စက်ကြလို့လဲ"

"သေတဲ့သူနဲ့ ဘ၀ခြားသွားပြီဆိုပြီး အခေါင်းထဲထည့်၊ အိမ်ပြင်ထုတ် လိုက်တာတို့၊ သေတဲ့သူရဲ့အောက် ... အသက်ငယ်သူတွေရဲ့ ကိုယ်တိုင်းကိုယ်ထွာ ကို အပ်ချည်ကြိုးနဲ့ အတိုင်းယူပြီး ခေါင်းထဲထည့်ပေးလိုက်တာတို့၊ အားလုံး မင်းနဲ့ အတူထည့်ပေးလိုက်ပြီး ဆွေခန်းမျိုးခန်းဖြတ်လိုက်ပြီပေါ့။ သံယောဇဉ်ဖြတ်ပြီ၊ လာ မခေါ်နဲ့တော့ပေါ့ကွာ"

"သံယောဇဉ်ဆိုတာက သူတို့ဖြတ်တိုင်း ငါက ပြတ်ရမှာလားကွ"

"ဒါက မင်းဘက်ကအမြင်ကိုး။ ပြီးတော့ ရှိသေးတယ်။ မသာချခါနီးမှာ အိမ်ရှေ့မှာထိုးထားတဲ့ မဏ္ဍပ်ကဖြစ်စေ၊ ကနဖျဉ်းကဖြစ်စေ နှီးစတစ်စ၊ ကြိုးစ တစ်ခုချိုးဖြတ်ပြီး ထည့်ပေးလိုက်တာတို့၊ ဝါးခြမ်းပြားလေးတွေ လှေကားစတီလုပ် ပြီး ထည့်ပေးလိုက်တာတို့၊ ရေအိုးကို ရိုက်ခွဲတာတို့ လုပ်ကြသေးတယ်"

"သူတို့ဟာသူတို့ အလုပ်ပိုလုပ်တာ။ ငါတို့သေတဲ့လူတွေနဲ့ ဘာဆိုင် လို့လဲ"

"ဘာမှမဆိုင်ပေမဲ့ အဲဒီအဓိပ္ပာယ်တွေသိရင် သေတဲ့သူ ဝမ်းနည်းရမှာ အမှန်ပဲ။ အိမ်တံဆက်မြိတ်အစ ထည့်ပေးလိုက်တာ ဒီအိမ်ကို မင်းမလာနဲ့တော့၊ မင်းနဲ့ဒီအိမ်နဲ့ မဆိုင်တော့ဘူး။ တစ်ခါတည်း အမွေခွဲပေးလိုက်ပြီပေါ့။ လှေကား ကတော့ ရှင်းပါတယ်။ မင်းအိမ်ပေါ်က အလွယ်တကူနဲ့ မြန်မြန်ဆင်းသွားပါဆိုတဲ့ သဘော။ ရေအိုးရိုက်ခွဲလိုက်တာတော့ သေတဲ့လူနဲ့ ရှင်တဲ့လူတွေ နောက်မဆက် ဆံရအောင် 'အိုးစားခွဲ'လိုက်ပြီပေါ့ကွာ။ ရှင်တဲ့လူတွေဟာ သေတဲ့လူတွေအပေါ် အဲဒီလို ရက်စက်တတ်ကြတယ်။ ဒါတွေ ငါကကြုံခဲ့ရလို့ မင်းကိုပြောရတာ။ မင်းက ခုမှသေတဲ့ မသာပူပူနွေးနွေးဆိုတော့ ဒါတွေကို ကြုံရဦးမှာ မဟုတ်သေးဘူး"

သူ့ထက် စီနီယာမသာဖြစ်သော တင်ဦးပြောပြမှ မသာတွင် လုပ်လေ့ လုပ်ထရှိသော အကျင့်များကို ဦးခင်ဖေကြီး သတိပြန်ပြုမိသည်။

သို့သော် တင်ဦးသည် သူ၏သူငယ်ချင်းမို့ တင်ဦးစရိုက်ကို သူ ကောင်း ကောင်းသိနေသည်။ တင်ဦးသည် သူ့အစ်ကို ဦးတင်ဖေကြီးလို ပျော်ပျော်ရွှင်ရွှင်နေ တတ်သည်။ တစ်ဖက်သတ် တွေးသောအတွေးများလည်း ရှိတတ်သည်။

ယင်းကြောင့် ကျန်ရစ်သူများဘက်က ကောင်းတာလေးတွေကို တွေးဆ ကာ ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com


"တို့တစ်တွေ ဘဝကူးကောင်းအောင် ဆွမ်းတွေဘာတွေ ကျွေးပါသေးတယ်ကွာ။ တို့ကိုးကွယ်တဲ့ သံဃာတော်တွေကို လှူဖွယ်တမ်းဖွယ်ပစ္စည်းတွေ လှူဒါန်းပြီး အမျှအတမ်းဝေပါသေးတယ်ကွာ"

"ဒါကတော့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ထုံးတမ်းစဉ်လာအရ လုပ်နေတာကိုးကွ။ တို့ဗမာလူမျိုးတွေဟာ ဗုဒ္ဓဘာသာသာဆိုတယ်။ ဘုရားဟောတရားတွေထဲမှာ မပါတဲ့အလုပ်တွေပါ စွဲယူမွေးစားရင်း ဗုဒ္ဓဘာသာ တရားတော်နဲ့မဆိုင်တဲ့ အလုပ်တွေ သိပ်လုပ်တယ်။ ခု မသာအကြောင်းဘဲ ပြောရအောင်။ သေတဲ့အခါမှာ အမိန့်ပြန်တာတွေဘာတွေ လုပ်သေးတယ်။

'သင်သည် ဘယ်နေ့ဘယ်ရက်မှ သေသွားပြီဖြစ်၍ ကျွန်ုပ်တို့နှင့် မသက်ဆိုင်တော့ဘဲ သင်သွားလိုရာ သွားနိုင်ကြောင်း ခွင့်ပြုလိုက်သည်' ပေါ့ကွာ။ အမှန်တော့ အဲဒီလိုခွင့်မပြုလည်း သေတဲ့လူရဲ့ဝိညာဉ်က သူ့ကံအရ သူလားရာဂတိကို ရွေ့လျားပြောင်းသွားရမယ့်ဟာ ဘယ်လိုတန်ခိုးရှင်ကမှ ဟန့်တားဆွဲထားလို့ မရပါဘူးကွ"

"အေး ...မင်းပြောမှ ငါ နည်းနည်းတွေးမိသလိုတော့ ရှိလာတယ်။ သေပြီဆိုရင် ရှင်တဲ့လူတွေက အတူဆက်မနေရအောင် အမျိုးမျိုးနည်းနဲ့ နှင်ထုတ်နေတဲ့ပုံစံကွ"

"ကိုယ့်ဆွေမျိုးသားချင်းထဲက ကြောက်လန့်ပြီး နှင်ထုတ်တယ်ထားကွာ။ ဟိုလေ ...ကိုယ်နဲ့ ဘာမှဆွေမတော်မျိုးမစပ် အိမ်ပေါ်ကောက်တင် ကျွေးမွေး ပ,သထားတဲ့ ဟိုအိမ်တွင်းဆိုတဲ့ အဘိုးကြီးကလည်း တစ်မျောင့်။ မင်းသေလို့ ခုနစ်ရက်အတွင်း မင်းအိမ်မှာ မင်းဝိညာဉ် တဝဲလည်လည်ဖြစ်နေတာကို အသာကြည့်နေသေးသတဲ့။ ခုနစ်ရက်လည်ပြီဆိုတာနဲ့ မင်းအိမ်ပေါ်မတက်ရအောင် သူကိုင်ထားတဲ့ ကျိုင်းတုတ်ကြီးနဲ့ ဆော်တော့တာပဲတဲ့။ အမှန်တော့ မင်းကို အိမ်သားမဟုတ်တော့ဘူးဆိုပြီး နှင်ထုတ်တာ"

"မင်းက မသာဘဝမှာ အတွေ့အကြုံတွေ တော်တော်ရတော့ ငါ့ထက်အများကြီးတော်ပါတယ်။ ငါ မင်းနဲ့လိုက်ခဲ့မယ်။ သင်္ချိုင်းမှာ မင်းပြောသလို ငါတို့ဆွေမျိုးဟောင်းတွေ အပေါင်းအသင်းအဟောင်းတွေ တကယ်ရှိနေတယ်နော်"

"ဒါကလည်း တထစ်ချပြောလို့ မရဘူးကွာ။ သေတဲ့လူတွေဟာ သူတို့အသက်ရှင်စဉ်က လုပ်ခဲ့တဲ့ ကောင်းမှုကံအရ ရွေ့လျားပြောင်းရွှေ့နေကြရတာမျိုးပဲ။ တချို့က သင်္ချိုင်းကုန်းမှာတင်နေပြီး ငရဲသနင်း ယမမင်းကြီးဆီက စီရင်ချက်တွေ စောင့်နေရတယ်။ ဘူတာကြီးတို့ လေဆိပ်၊ ကားဆိပ်၊ သင်္ဘောဆိပ်တွေမှာ ကိုယ်သွားရမယ့် လားရာဂတိကို စောင့်နေရသလိုမျိုးပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . မင်းဟာက မတင်မကျကြီးပါလား။ သေတဲ့လူတိုင်းကို တွေ့နိုင်တာမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး . . .။ သေသေချင်း သေတဲ့သူကို ယမမင်းကြီးရဲ့ စေတမန် ယမနေ၊ ယမနဆိုတဲ့ပုဂ္ဂိုလ်က ယမမင်းကြီးဆီ ခေါ်သွားရတယ်။ ယမမင်းကြီးက ဒီလူ လူ့ဘဝတုန်းက ကုသိုလ်ကောင်းမှု လုပ်ခဲ့တာများလား။ အကုသိုလ်မကောင်းမှုတွေလုပ်ခဲ့တာ များသလားဆိုပြီး စစ်ဆေးတယ်။

ပြီးတော့ မနုဿတ္တ ဒုလ္လဘဆိုတာလို လူ့ဘဝဆိုတာ ရခဲတဲ့အတွက်ကြောင့် ဘယ်လိုသေခဲ့တာလဲ။ သေနေ့စေ့လို့ သေတာလား။ ကံသက်ကုန်လို့ သေတာလားဆိုတာ ကြည့်သေးတယ်။ နေ့မစေ့သေးဘူးဆိုရင် မသေစေရဘူး။ သူ့စေတမန်နဲ့ ဘဝဟောင်းကို ပြန်ပို့ခိုင်းတတ်သေးတယ်'။

တို့လို ကုသိုလ်လုပ်တဲ့အခါလုပ်၊ အကုသိုလ်လုပ်တဲ့အခါ လုပ်မိတဲ့သူတွေကျတော့ ချက်ချင်း လားရာဂတိကို ရောက်မသွားနိုင်သေးဘဲ 'စစ်ဆေးဆိုင်းငံ့' အနေနဲ့ ကိုယ့်အလောင်းမြှုပ်နှံတဲ့သင်္ချိုင်းမှာ ပြန်နေရသေးတယ်။ ယမမင်းဆီက အမိန့်စောင့်နေရတာပေါ့ကွာ"

"ဒါဆို ငါလည်း မင်းနဲ့အတူနေရဖို့များတယ်"

"အေး . . . ငါသိတာပေါ့။ ဒါကြောင့် မင်းကို ငါလာခေါ်တာ။ မင်းတို့ငါတို့က လူ့ဘဝမှာ ကုသိုလ်တွေလုပ်လိုက်၊ အကုသိုလ်တွေလုပ်လိုက်နဲ့ ယမမင်းကြီးစစ်ဆေးရတာ မျက်စိလည်အောင်လုပ်ခဲ့တဲ့ ကောင်တွေပဲ။ ဒါကြောင့် စစ်ဆေးဆိုင်းငံ့အနေနဲ့ သင်္ချိုင်းကုန်းမှာ လောလောဆယ်နေရမယ့်ကောင်တွေပဲ"

"ဒါပေမဲ့ ငါဝမ်းနည်းတာ တစ်ခုတော့ရှိတယ်။ ကျန်ရစ်ခဲ့တဲ့ ငါ့သား၊ ငါ့သမီးနဲ့ ငါ့မြေးမလေး ဘယ်လိုနေကြမလဲဆိုတာကို ပူပန်မိတာပဲ"

"သေလို့ မသာဖြစ်နေမှ ရှင်နေတဲ့သူတွေကို ပူမနေပါနဲ့ကွာ။ အဲဒီလို ပူနေရင်လည်း မင်းတို့ငါတို့ စာရူးပေရူးဘဝက အမည်မသိကဗျာ ဆရာတစ်ယောက်ရဲ့ ကဗျာလေးကိုရွတ်ပြီး သေပြီးနောက် စိတ်ပူစရာတွေကို ပျောက်အောင်ဖျောက်ပစ်ကွာ။ ခေါင်းစဉ်းက အင်္ဂလိပ်လို Why Worry လေကွာ"

"အေး . . . ငါ သတိရပြီ။ 'ဘာပူစရာရှိလို့လဲ'လို့ အဓိပ္ပာယ်ရတဲ့ကဗျာပဲ။ မင်းအစ်ကို ဦးတင်ဖေကြီး အရက်ဝိုင်းမှာ သဘောကျပြီး ထထရွတ်တဲ့ ကဗျာလေ"

"ငါ့အစ်ကိုကြီး သတိရတဲ့အနေနဲ့ တို့သူငယ်ချင်းနှစ်ယောက် အတူတူရွတ်ရင်း သင်္ချိုင်းကုန်းကို သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဘာပူစရာရှိသလဲ ...
လောကမှာ ပူစရာနှစ်ခုပဲရှိတယ်။
ကျန်းမာတာနဲ့ မကျန်းမာတာဖြစ်တယ်။
ကျန်းမာနေရင် ဘာမှပူစရာမရှိတော့ဘူး။
ဒါပေမဲ့ မကျန်းမာရင် ပူစရာနှစ်ခုရှိတယ်။
နေပြန်ကောင်းရင်ကောင်း
မကောင်းရင် သေသွားနိုင်တယ်။
နေကောင်းသွားရင် ဘာမှပူစရာမရှိတော့ဘူး။
သေသွားရင်လည်း ပူစရာနှစ်ခုပဲရှိတယ်
ကောင်းကင်ဘုံရောက်ရင်ရောက်
မရောက်ရင် ငရဲပေါ့။

ကောင်းကင်ဘုံရောက်သွားရင်တော့ ...
ဘာမှ ပူစရာမရှိတော့ဘူး။
ဒါပေမဲ့ ငရဲရောက်သွားရင်လည်း
မိတ်ဟောင်းဆွေဟောင်းတွေကို နှုတ်ဆက်ပြီး
အလုပ်ရှုပ်နေရတာနဲ့
ပူနေဖို့ အချိန်ရှိတော့မှာ မဟုတ်တော့ပါဘူး ...။

✿ ✿ ✿

[၅]

❑

သချိုင်းကုန်းက ချစ်စရာသာသာယာယာကလေး။ ကိုယ့်ရွာကိုယ့်သချိုင်းကို အတ္တနောမတိဖြင့် ဦးခင်ဖေကြီးစိတ်ထဲမှာ အထင်ရောက်နေခြင်းကြောင့် ရူးသွပ်စွာ ဆိုရလေခြင်းမဟုတ်ပါ။

တစ်ဖက်က တောင်ကုန်းမို့မို့၊ ထိုတောင်ကုန်းမို့မို့ ဆင်ခြေလျှောလေးသည် သေဆုံးကာစ အပျိုမချောချောကလေး ဆံကေသာ ပြေလျော့နေသည့်နှယ် စမ်းချောင်းကလေးဆီသို့ ရေသောက်ဆင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com


စမ်းချောင်းကလေးပေါ်ဖြတ်၍ ထိုးထားသော သစ်သားတံတားကလေးသည် တမလွန်နှင့် လူ့ဘုံခရီးခြားအဖြစ် တရားသံဝေဂယူတတ်သူတို့ ယူစေရန် သချိုင်းအတွင်း လူများ၊ မြေပုံများနှင့် အကူးအပြောင်းရှိကြောင်း ပြသနေ၏။

သချိုင်းကုန်းအလယ်ခေါင် ဇရပ်ကြီးအနီးတွင် ယောက်ျားကြီး သုံးလေးဆက်စာမျှ ပင်စည်တုတ်ခိုင်၍ အကိုင်းခက်လက်ဝေဖြာသော ကုက္ကိုပင်ကြီးများက သချိုင်းသက်တမ်းရင့်၍ ရာဇဝင်ရှိနေကြောင်း ဖော်ကျူးနေသံယောင်။

ပြီးတော့ ထိုကုက္ကိုပင်စိမ်းညို့ညို့အောက်မှ ရှေးဆန်ဆန်ဇရပ်အိုကြီး၊ သရဏံဂုဏ်တင်ရာ၊ သံဃာတော်များ တရားပေးစင်မြင့်နှင့် အသုဘရှု အခေါင်းတင် အုတ်အင်္ဂတေစင်မြင့်။ ကန်တော့ပွဲ၊ စားမြိန် စာထုပ်တင်ရန် နေရာမှစ၍ ရှေးမြန်မာကြီးတို့၏ သချိုင်းအင်္ဂါရပ် အပြည့်အစုံရှိသည်။

ဒါကြောင့်လည်း ဗီဒီယိုသမားလေးတွေ မကြာခဏရောက်လာတတ်ပြီး သူတို့ဇာတ်ဝင်ခန်းများ ရိုက်လေ့ရှိသည်။ သုသာန်ဓုတင်ထိုင်တတ်သော ရဟန်းတော်တွေလည်း ရှိနေတတ်သည်။

သချိုင်းအနီး ပတ်လည်ရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သစ်ပင်အုပ်တွေကြားက ချိုး(ဂျိုး)ငှက်ကလေးတွေ ကူသံကြားနေရတတ်သည်။

အနောက်ဘက်ဆီသို့ ယွန်းလုလုနေခြည်မှာ သချိုင်းကုန်းကိုပင် ကဗျာဆန်ဆန်ကြည့်နေသော ဦးခင်ဖေကြီးနှင့် ဦးတင်ဦးတို့အတွက် အခါကာလအားဖြင့် ညနေ နွားရိုင်းသွင်းချိန်ဆိုတာကိုပင် အမှတ်မရစေနိုင်။ မသာနှစ်လောင်း စာရှူးပေရှူးငယ်ဘဝကို သူငယ်ပြန်နေကြသည်။

သို့သော် သချိုင်း၏အမြင်သာယာမှုက သာယာမှု။ ပကတိအစဉ်အလာ ဖြစ်စဉ်က ဖြစ်စဉ်။

သူတို့နှစ်ယောက် သချိုင်းအတွင်းသို့ ဝင်လာကြစဉ် အရောင်အဝါ ခပ်မှိုင်းမှိုင်းနှင့် ညစ်ပုပ်ပျက်ယွင်းနေသော ပုံသဏ္ဍာန်အမျိုးမျိုးနှင့် အကောင်အထည်များ၊ ပုရိသ၊ ဣတ္ထိယများကို မသတီစရာ လှမ်းမြင်ကြရသည်။

ဦးတင်ဦးကတော့ ထိုအကောင်ဗလောင်များကို ရိုးနေဟန်တူသည်။ ဦးခင်ဖေကြီးအဖို့မူ အထူးအဆန်းတွေ ဖြစ်နေလေသည်။

သူတို့သည် အုတ်ဂူကြီးတွေပေါ်မှာ ထိုင်သူထိုင်၊ သစ်ပင်၏ ကိုင်းကြီးတွေပေါ်မှာ ဇောက်ထိုးဆွဲလိုဆွဲနှင့် လှမ်းကြည့်နေကြသည်။

တချို့က မြေပုံမို့မို့မှာလဲလျောင်းလျက် ဖောင်းအစ်ပြူးထွက်နေသော မျက်လုံးနီကြီးတွေနှင့် အကဲခတ်နေကြပုံရသည်။

တစ်စုံတစ်ယောက်၏အမိန့်ကို စောင့်ဆိုင်းနေဟန်လည်းရှိ၏။


www.burmeseclassic.com

www.burmeseclassic.com

တချို့က လက်နက်တွေ ကိုင်ထားသည်။ သူတို့လက်နက်တွေက စုံလင်လှသည်။ ပေါက်တူးပေါက်ပြားတွေ၊ ဓားတွေ၊ လှံတွေ၊ ခက်ရင်းခွတွေ၊ တင်းပုတ်တွေ။

လက်နက်မကိုင်ဆောင်သူတွေက လက်သည်းရှည်ကြီးများ၊ ဝါညစ်နေသော သွားစွယ်ကြီးများဖြင့် တိုက်ခိုက်ရန်အဆင်သင့်။ ပြူးပြူးပြဲပြဲ ကိုးရိုးကားယားရှိနေကြသည်။

ထိုအခိုက် ကြောက်မက်ဖွယ်အသံကြီးကို ကြားလိုက်ရသည်။

"တင်ဦးအသားနဲ့ ခင်ဖေကြီးအသားကို စားဖို့ပြင်"

အော်သံကြီးနှင့်အတူ ကုက္ကိုပင်ခွဆုံမှ အမွေးအမျှင်တွေနှင့် အကောင်ကြီးတစ်ကောင် ခုန်ဆင်းလာသည်။ ထိုအကောင်ကြီး၏ လက်ထဲတွင် ကြီးမားသော တင်းပုတ်ကြီးတစ်ခုလည်း ကိုင်ဆွဲလျက်ပါလာသည်။

"ငါတို့က တင်ဦးအသားကို စားနေကျ၊ ဆက်စားမယ်"

တချို့အကောင်တွေက အော်ပြီး ဦးတင်ဦးကို ဆွဲလှဲကြသည်။

တချို့အကောင်တွေက ဦးခင်ဖေကြီးကို ပတ်ဝိုင်းလိုက်ကြသည်။

ဦးခင်ဖေကြီး ကြောက်လန့်လျက် စီနီယာဖြစ်သောတင်ဦးကို ဆရာတင်ကာ လှမ်းအကူအညီတောင်းမိသည်။

"လုပ်ပါဦး ... တင်ဦး၊ ငါ့ကိုကယ်ပါဦး"

"ငါလည်း မတတ်နိုင်ဘူး။ သူတို့က ဒီသချိုင်းကို ငါ့ထက်အရင် ရောက်နေတဲ့သူတွေ။ ငါ့ထက် စီနီယာကျလို့ သူတို့လုပ်သမျှ ငါလည်းခံနေရတာပဲ ... အား ..."

ဦးတင်ဦးကို သချိုင်းမှအကောင်များ ဆွဲလှဲနေစဉ် ဦးခင်ဖေကြီးမှာ ကြောက်ရွံ့ချောက်ချားလျက်ရှိသည်။ တင်းပုတ်ကြီးနှင့် အကောင်ကြီးက တင်းပုတ်ကြီးကိုမြှောက်၍ ဦးခင်ဖေကြီးခေါင်းကို အားနှင့်ထုရန် ရွယ်လိုက်သည်။

"ဟေ့ ... ခင်ဖေကြီးကို မင်းတို့ လုံးဝမထိကြနဲ့"

ထိုအကောင်ကြီးနှင့် ဦးခင်ဖေကြီးကြားသို့ အလင်းတန်းတစ်ခုသည် တားဆီးသံနှင့်အတူ ကြားဝင်လိုက်သဖြင့် ဦးခင်ဖေကြီး သက်သာခွင့်ရသွားသည်။

ထိုအလင်းတန်းကို သေသေချာချာကြည့်လိုက်တော့ သချိုင်းကုန်းမှ အကောင်ဗလောင်တွေထက် ကိုယ်ရောင်အနည်းငယ်တောက်ပသော နတ်မကိုင်၍ ဆောင်း ဝတ်ရုံမည်းနှင့် လူထွားကြီးကို တွေ့လိုက်ရသည်။

"ခင်ဖေကြီးက ယမမင်းဆီ မရောက်သေးဘူး။ ယမမင်းကြီးရဲ့ အစစ်ဆေးမခံရသေးဘူး။ ယမမင်းကြီးစစ်ဆေးပြီးတဲ့ တင်ဦးကို မင်းတို့ စိတ်ကြိုက်


www.burmeseclassic.com

www.burmeseclassic.com


ထုံးစံအတိုင်း လုပ်နိုင်တယ်။ ခင်ဖေကြီးကိုတော့ ငါ ယမမင်းကြီးဆီ ခေါ်သွားရဦးမယ်''

ထိုလူထွားကြီးသြဇာကို လွန်ဆန်နိုင်ပုံမရဘဲ နောက်သို့ အားလုံး ဆုတ်သွားကြသည်။

လူထွားကြီးက ဦးခင်ဖေကြီးလက်ကို တစ်ချက်လှမ်းပုတ်သည်။

''ခင်ဖေကြီး . . . မင်း ယမမင်းကြီးနဲ့တွေ့ဖို့ ငါနဲ့လိုက်ခဲ့''

ပြောရင်း ရှေ့မှထွက်သွားသည်။

ခြေလှမ်းတွေ လှမ်းခြင်းမျိုးတော့မဟုတ်။ လေထဲတွင် လွင့်မြောပါသွားခြင်းမျိုးဖြစ်၏။ သူပါ ထိုပုဂ္ဂိုလ်နှင့်အတူ လွင့်ထွက်မြောပါ လာခဲ့ရလေသည်။

''အမယ်လေး . . . ကယ်တော်မူကြပါဦးဗျို့''

ဦးခင်ဖေကြီးနောက်မှာ သူငယ်ချင်းဦးတင်ဦး၏ ကြောက်မက်ဖွယ်အော်သံကြီးအား ကြားလိုက်ရသဖြင့် ဦးခင်ဖေကြီးနောက်ကို လှည့်ကြည့်မိသည်။

ရှေ့မှပုဂ္ဂိုလ်ကြီးက နောက်ကို လုံးဝလှည့်မကြည့်ဘဲ သိနေသည်။

''ဘာမှ လှည့်ကြည့်မနေနဲ့။ တမလွန်မှာ လူ့ဘဝက ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်ကံအရ အားလုံးဟာ ဘဝခြားပြီး ခံစား၊ စံစားခွင့်တွေ ရင်ဆိုင်ရတာမျိုးပဲ။ မင်း သူ့အတွက် ဝင်ခံလို့လည်းမရဘူး။ သူကလည်း မင်းအတွက် ဝင်ခံလို့မရဘူး။

တင်ဦးဟာ လူ့ဘဝတုန်းက မင်းထက် အကုသိုလ်အလုပ် ပိုများခဲ့တာတော့ သေချာတယ်။ မင်းလည်း သူ့အပေါင်းအသင်းဆိုတော့ ဘယ်လိုဖြစ်လာဦးမလဲ မသိသေးဘူး။ အရေးကြုံရင် သက်လုံကောင်းဖို့တော့ သတိထားပေ့။ ကိုယ်ပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်တွေကိုတွေး''

ဦးခင်ဖေကြီး၏သမီး ခင်လေးကြီးသည် တယ်လီဖုန်းနားတွင် ထိုင်လျက် စိတ်မရှည်နိုင်အောင် ဖြစ်နေရသည်။

တယ်လီဖုန်းစကားပြောခွက်ကို ကိုင်လျက် ဂဏန်းများကို နှိပ်ပြီး နားထောင်လိုက်၊ ပြန်ချထားလိုက်၊ တစ်ဖန် တစ်ဖက်သို့ပြန်ခေါ်လိုက်။

အနားမှာရှိနေသော ခင်ပွန်းဖြစ်သူ ကိုမောင်မောင်ရဲထွဋ်ကလည်း စိတ်စောလျက်ရှိသည်။

''ဖုန်းတွေက နယ်ကိုခေါ်ရင် တော်တော်နဲ့မရချင်ဘူး''

သူ့အပြောကို မခံချင်၍လားမသိ။ ဖုန်းခေါ်၍ ရသွားသည်။ ခင်လေးကြီးထံမှ ဖုန်းပြောသံထွက်လာသည်။


www.burmeseclassic.com

www.burmeseclassic.com


"ဟဲလို ... မောင်လေးကိုလတ်လား၊ မမ ခင်လေးကြီးပါ။ ဖေဖေ ... ဆုံးသွားလို့"

"ဗျာ ... ဘယ့်နှယ် ... ဖေဖေဆုံးသွားလို့၊ ဟုတ်လား"

"အေးကွယ် ... မမတို့ လုံးဝ မမျှော်လင့်ဘူး"

"ဟာဗျာ ... ကျွန်တော် ယုံတောင်မယုံနိုင်ဘူး။ ဖေဖေ မကျန်းမာဘူး ဆိုတာလည်း မကြားရ။ သတင်းမကြားဘာမကြား ဗြုန်းစားကြီး ဘယ်လိုဖြစ်တာလဲ"

"ဒီနေ့မနက် လမ်းလျှောက်ပြန်လာရင်းက ဗြုန်းစားကြီး ဖြစ်သွားတာပဲ။ အဲဒါ မောင်လေး အမြန်လာစေချင်တယ်"

"လာရမှာပေါ့ ... မမရယ်။ ဖေဖေ့အလောင်းကို ကျွန်တော် နောက်ဆုံးအနေနဲ့ မြင်လိုက်ချင်တယ်။ ကျွန်တော်လာမှ အသုဘချပါ မမ"

"ကိုလတ်က ဘယ်နေ့လောက် ရောက်လာနိုင်မလဲ"

"ဒီနေ့ တနင်္လာနေ့ဆိုတော့ သောကြာနေ့လောက်မှ ရောက်နိုင်မယ် ထင်တယ်။ ဒါတောင် ရုံးကကားနဲ့ လေယာဉ်ကွင်းရှိတဲ့ ခရိုင်မြို့ကို ဆင်းရမှာ။ လမ်းမှာ မိုးရွာပြီး မြေမပြိုဘူးဆိုရင်တော့ ကျွန်တော်ပြောသလို သောကြာနေ့ ရောက်လာနိုင်မှာပါ"

"ဒီထက် စောမရောက်နိုင်ဘူးလား"

"မရောက်နိုင်ဘူးမမ။ ဒါ အမြန်ဆုံးရောက်နိုင်တဲ့ရက်ကို ပြောရတာ"

"ကိုလတ်ရောက်လာမယ့်ရက်ကို စောင့်ရမယ်ဆိုရင် ဖေဖေ့ အလောင်းကို သုံးရက်နဲ့သင်္ဂြိုဟ်လို့ မဖြစ်နိုင်ဘူး"

"သုံးရက်နဲ့ သင်္ဂြိုဟ်လို့မရရင် ငါးရက်ထားပြီး သင်္ဂြိုဟ်ရင်ကော"

"အဲဒါတော့ ဖြစ်နိုင်ကောင်းပါတယ်။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လို့လဲ မမ ..."

"ခုဟာက နွေခေါင်ခေါင်ကြီး။ နေကပြင်းတော့ အနံ့အသက်တွေထွက်၊ မြင်မကောင်းရှုမကောင်း ဖြစ်နေမလားလို့"

"ကျွန်တော်တို့မြို့ကလည်း နာရေးကူညီမှုအသင်းတော့ရှိပါရဲ့။ သချိုင်းမှာ ရေခဲတိုက်မရှိတာ ဆိုးတယ်ဗျာ။ ဘာပဲဖြစ်ဖြစ် ဖေဖေ့အလောင်းကိုတော့ ကျွန်တော်မီချင်တယ်။ နောက်ဆုံးအနေနဲ့ ကန်တော့ချင်တယ်ဗျာ"

"အင်း ... ကိုလတ်ကို မမ ကိုယ်ချင်းစာပါတယ်။ ကိုလတ်ဆန္ဒပြည့်အောင် မမ ကိုရဲထွဋ်နဲ့တိုင်ပင်ပြီး ကြိုးစားကြည့်မယ်နော်"


www.burmeseclassic.com

www.burmeseclassic.com


"ကြိုးစားကြည့်မယ်မလုပ်နဲ့။ မောင်လေးဆန္ဒကို မမ ဖြစ်အောင်လုပ်။ ကျွန်တော် ခုပဲ အဲဒီကိုလာဖို့ ပြင်ဆင်နိုင်းတော့မယ်။ ငါးရက်နဲ့ မပီရင် ခုနစ်ရက်ထိ စောင့်ထားဗျာ"

တစ်ဖက်မှဖုန်းချသွား၍ ခင်လေးကြီးမှာ ဖုန်းကိုင်ရင်းငိုင်တွေသွားသည်။

သေခဲ့ပြီဖြစ်သော ဦးခင်ဖေကြီးသည် အိမ်မှာကျန်ရစ်ခဲ့သော သမီး ခင်လေးကြီးတို့ သူသေပြီးနောက် ဘာတွေဖြစ်နေသည်၊ ဘာတွေ လုပ်ဆောင်နေသည်ကိုမသိနိုင်ဘဲ ယမမင်းကြီး၏ တမန်တော်ခေါ်ဆောင်ရာနောက်သို့ တိမ်ပွမ်းစတစ်စနှယ် လွင့်မြောပါလာခဲ့သည်။ သူသည် ဥမင်လိုဏ်ခေါင်းရှည်ကြီးထဲမှာ ခရီးသွားနေရသည့်နှယ်ရှိ၏။

ထိုလိုဏ်ခေါင်းကြီးအတွင်းတွင် အလင်းရောင်က မစို့မပို့ရှိနေ၏။

တစ်ခါတစ်ရံ ထိုလိုဏ်ခေါင်းကြီးမှခွဲထွက်သွားသော လိုဏ်ခေါင်းတွေကိုလည်း တွေ့ရသည်။ အချို့လိုဏ်ခေါင်းများသည် မဲမှောင်လျက်။ အချို့လိုဏ်ခေါင်းများသည် အလင်းရောင်ဖြာထွက်လျက်ရှိသည်။

မဲမှောင်နေသော လိုဏ်ခေါင်းအတွင်းမှ သံဆိုးသံနက်ကြီးများဖြင့် ကယ်ပါ ကူပါ အသံကြီးများ မချိမဆန့်အော်ဟစ်သံကြီးတွေ ကြားနေရသည်။

အလင်းရောင်လျှံထွက်နေသော လိုဏ်ခေါင်းထဲမှာမူ သာယာနာပျော် ဖွယ်အသံများကို ကြားနေရပြန်သည်။

"ဒါနကုသိုလ်လမ်းခွဲနဲ့ အကုသိုလ်လမ်းခွဲတွေပဲ။ မင်းကတော့ ယမမင်း ကြီးနဲ့တွေ့ပြီးရင် ဘယ်လမ်းသွားရမလဲဆိုတာ သိလာမှာပါ"

ရှေ့မှ အလင်းရောင်ရှင်က နောက်ကိုလှည့်မကြည့်ဘဲ သူ့ကို ပြောပြ နေခြင်းဖြစ်၏။

"တို့ကတော့ သတ္တဝါအားလုံးကို အကုသိုလ်လမ်းကို မရောက်စေချင် ဘူးကွာ။ ကုသိုလ်လမ်းကိုပဲ ရောက်စေချင်တယ်။ သေသွားတဲ့လူတွေကို ငရဲပြည် ကိုသွားရအောင် ဆွဲချမလုပ်ချင်ဘူး။ ကောင်းရာသုဂတိ နတ်ပြည်ရောက်အောင်ပဲ ပို့ပေးချင်တယ်။ ဒါကြောင့် ယမမင်းကြီးနဲ့တွေ့ရင် မင်း လူ့ဘဝတုန်းက ကောင်းမှု ကုသိုလ်တွေ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ပြောပြနိုင်ဖို့စဉ်းစားထား ခင်ဖေကြီး"

အလင်းရှင်၏စကားကြောင့် ဦးခင်ဖေကြီး အားတက်သွားသည်။

သူ့ဘဝမှာ ကောင်းတာတွေ လုပ်ခဲ့တာများသည်။ အရာရှိ အရာခံကြီး တစ်ဦးပီပီ ညွှန်ခံပွဲများနှင့်ကြုံလျှင် မိတ်ဖြစ်ဆွေဖြစ် သောက်စားတတ်ပေမည့် အရက်သေစာ မူးယစ်ရမ်းကားခဲ့ဖူးသူမဟုတ်။ သူများမယား ပြစ်မှားစော်ကားဖို့ လည်း ဝါသနာမပါ။ သူတစ်ပါးအသက် သတ်ဖို့ကတော့ ဝေလာဝေး။ သူကိုယ်တိုင်


www.burmeseclassic.com

www.burmeseclassic.com



က ကြောက်တတ်သည်။ သားငါးစားတာတောင်မှ ဈေးက ပုံသကူသတ်ပြီးသား ဝယ်ချက်စားတတ်သည်။ လိမ်ညာမှု ... မှသာဝါဒါ။

ဒါကတော့ မိသားစုအတွက် အိမ်ထောင်ဦးစီး ငွေရှာရသူပီပီ ဝင်ငွေ တစ်ဖက်တစ်လမ်းကရအောင် သူ့နှင့်ဘဝတူ လုပ်ဖော်ကိုင်ဖက်များနှင့် မိုးခါးရည် သောက်။ ဒါ ... ဒါလောက်ပါပဲ။

ထိုစဉ် ထူးထူးခြားခြား တောက်ပသောအလင်းရောင်ကို မြင်လိုက်ရ သည်။

သူ့ကိုခေါ်ဆောင်လာသော အလင်းရှင်သည်ပင် ထိုတောက်ပသော အလင်းရောင်အောက်မှာ မှေးမှိန်သိမ်နုပ်သွားသည်။ တောက်ပသော အလင်းရှင်၏ ဘေးတွင် ပရပိုက်ကြီးအသင့်ကိုင်လျက် တမန်တော်နှင့်မခြားသော ကိုယ်ရောင် ကိုယ်ဝါ ခပ်သိမ်သိမ်နှင့် ပိအေလိုလို ပုဂ္ဂိုလ်တစ်ဦး ရှိနေသည်။

တောက်ပလွန်းသော အလင်းရှင်ကြီး၏ရှေ့မှောက်တွင် သူ့ကို ခေါ်ဆောင် လာသူအလင်းရှင်က ဒူးတုပ်ခစားလိုက်၍ သူပါ ဒူးတုပ်ခစားလိုက်ရသည်။ တမန် တော်အလင်းရှင်က ...

"ယမမင်းကြီးဘုရား ... ယမမင်းကြီးက သေနေ့စေ့၍ အခေါ်တော် လွှတ်လိုက်သော ခင်ဖေကြီးကို ကျွန်တော်မျိုး ခေါ်ဆောင်လာခဲ့ပါပြီဘုရား"

"ဘာကွယ့် ... ယမနော၊ မောင်မင်း သေနေ့စေ့၍ ခေါ်ဆောင်လာသူ က ဘယ်သူ ..."

"သန်လျင် ဗိုလ်ချုပ်ကျေးရွာက ခင်ဖေကြီးပါဘုရား"

သည်တွင် ယမမင်းကြီးသည် သူ၏နောက်ပါးတွင် ပရပိုက်ကိုင်လျက် အဆင်သင့်ရပ်နေသောသူကို ပို၍သေချာအောင် လှည့်မေးသည်။

"ဟဲ့ ... ယမန၊ ပုရပိုက်ထဲမှာ ကြည့်စမ်း။ သေနေ့စေ့တာ ခင်ဖေကြီး ဟုတ်မဟုတ်"

ယမနဆိုသောစေတမန်သည် သူ့လက်ထဲမှပရပိုက်ဖွင့်၍ ဖတ်ပြသည်။

"မှန်ပါ ... သေနေ့စေ့လို့ အခေါ်လွှတ်လိုက်တာက ခင်ဖေကြီး မဟုတ် ပါဘူး ... တင်ဖေကြီးပါ"

"ဟုတ်တယ်ကွယ့် ... ငါ ယမနောနဲ့ အခေါ်လွှတ်လိုက်တာက တင် ဖေကြီးဆိုတာ သတိရနေတယ်။ တင်ဖေကြီးဆိုတဲ့ကောင်က အရက်လည်းသောက် တယ်။ မကောင်းတာမှန်သမျှ လူမသိရင် အကုန်လုပ်တဲ့ကောင်ပဲ။ ဒီခင်ဖေကြီး က ဘာသာတရား ကိုင်းရှိုင်းတဲ့သူ၊ အကုသိုလ်နဲ့ ဝေးဝေးနေတဲ့သူ။ သူက သေနေ့ မစေ့သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com


မနုဿတ္တ ဒုလ္လဘဆိုသလို လူ့ဘဝဆိုတာ ရခဲပါဘိခြင်း။ လူ့ဘဝဟာ တန်ဖိုးအင်မတန်ရှိတဲ့ လမ်းဆုံလမ်းခွပဲ။ နတ်ပြည်သွားမလား၊ နိဗ္ဗာန်ကို မျက်မှောက်ပြုမလား။ ဒါမှမဟုတ် ... ငရဲပြည်သွားမလား၊ တိရစ္ဆာန်ဘုံသွားမလား၊ ကိုယ်ပြုတဲ့ကံ ကိုယ်ဖန်တီးစီရင်ရမယ့်နေရာ၊ သေနေ့မစေ့ဘဲ လူတစ်ယောက်အကျိုးမဲ့မဖြစ်စေနဲ့။ ခင်ဖေကြီးကို လူ့ ဘဝပြန်ပို့ပေးပြီး ငရဲကျမယ့် တင်ဖေကြီးကို သွားခေါ်လာခဲ့ပေတော့"

ယမမင်းကြီး၏ စကားကြောင့် ဦးခင်ဖေကြီး ဝမ်းအသာကြီး ဝမ်းသာသွားသည်။ တစ်သက်နှင့်တစ်ကိုယ် ထိုမျှလောက် ဝမ်းသာလွန်းသည်မှာ တစ်ကြိမ်တစ်ခါမျှ မရှိပါလေတော့။

ယမမင်းကြီးကို အရိုသေကြီးရှိသေ၊ အကြည်ညိုကြီး ကြည်ညိုကာ အကြိမ်ကြိမ်အခါခါ ဦးချကန်တော့နေမိသည်။

ယမမင်းကြီးထံမှလည်း စေတနာရှေ့ထားကာ ဦးခင်ဖေကြီးကို ဆုမွန်များပေးသနားကာ ဆုံးမစကားများ မှာကြားပေးလျက်ရှိသည်။

"ဒီအတွေ့အကြုံမျိုးကို လူအသိန်းအသန်းမှာ တစ်ယောက်ရဖို့ အင်မတန်ခဲယဉ်းတယ် ... မောင်ခင်ဖေကြီး။ လူ့ဘဝပြန်ရောက်ရင် ကောင်းမှုကုသိုလ်တွေ လားရာဘဝကောင်းအောင် မပြတ်လုပ်ဖို့ မမေ့ပါလေနဲ့။

ကဲ ... ယမနော ခင်ဖေကြီးကို လူ့ဘဝပြန်ပို့ပေးပြီး တင်ဖေကြီးကို ခေါ်လာခဲ့ပေတော့။ မှားခေါ်လို့ ခင်ဖေကြီးလည်း သူ့သားသမီးတွေနဲ့ မြေးမလေးကိုလွမ်း၊ ကျန်ရစ်တဲ့ သူ့သားသမီးတွေလည်း စိတ်ဒုက္ခရောက် အလုပ်ရှုပ်ဖြစ်ကုန်ပြီ"

"မှန်ပါ ... ကျွန်တော်မျိုး အမြန်ဆောင်ရွက်ပါ့မည်ဘုရား။ ကဲ ... ခင်ဖေကြီး ငါနဲ့ပြန်လိုက်ခဲ့"

ရှေ့မှ လေအလျင်နှုန်းနှင့် ရွေ့လျားနေသော ယမမင်းကြီးစေတမန် ယမနောကြီးကို ဦးခင်ဖေကြီး နှေးလွန်းသည်ဟုပင် အထင်ရောက်နေလေသည်။

အမှန်က ယမနောကြီးမနှေးပါ။ ဦးခင်ဖေကြီး စိတ်က စောလွန်းနေ၍ဖြစ်သည်။

စေတမန် ယမနောကြီးသည် နတ်စေတမန်ဖြစ်သည်။ နတ်တို့ဘုံဗိမာန်ကို အုပ်စိုးရသော တာဝတိံသာသိကြားမင်းကြီး၏ စေတမန် မာတလိတို့ ဝိသကြုံတို့ကဲ့သို့သော အထက်နတ်တော့မဟုတ်။

အောက်ဘုံငရဲပြည်ကို အုပ်စိုးရသော ယမမင်းကြီး၏ စေတမန်အောက်နတ်ဖြစ်ပုံရသည်။ ငရဲပြည်၌ ငရဲမခံရဘဲ ထိုအဆင့်ကိုရထားသည်မှာ တော်ရုံ


www.burmeseclassic.com

www.burmeseclassic.com

တန်ရုံကုသိုလ်မျိုးနှင့်တော့ မဖြစ်နိုင်ချေ။ ယမနေ့ာကြီးသည် လူ့ဘဝက ကော
သော အမှုကုသိုလ်တစ်ခုခု သို့မဟုတ် ကောင်းသော ကုသိုလ်အများအပြား လ
ခဲ့၍သာ ထိုဘဝသို့ ရောက်ရှိနေခြင်း ဖြစ်ပေသည်။

မမှန်မကန် မရိုးမသားပြုမူကျင့်ကြံခဲ့လျှင် ထိုနေရာကို ရရှိလိမ့်မည
မဟုတ်။

ခုတော့ ...

ဦးခင်ဖေကြီးနှင့်ကျကာမှ မမှန်မကန် မရိုးမသားပြုမူသလို ဖြစ်ခဲ့လေပြ

ဒါကလည်း ဦးခင်ဖေကြီးသည် ကောင်းမှုကုသိုလ် လုပ်သည့်အခါလု
မကောင်းမှု အကုသိုလ်တွေ လုပ်မိသည့်အခါလုပ်မိခဲ့သူဖြစ်၍ ယမမင်းစေတမ
ယမနေ့ာကြီး မျက်စိလည်သွားပုံရသည်။

နတ်မျက်စိလည်တယ်ဆိုတာ ဒါမျိုးဖြစ်နိုင်သည်။

ဒါမှမဟုတ်လျှင်လည်း နတ်သားတစ်ပါး၏ ရှုးသွပ်မှုဟု ပြောမည်ဆို
မလွန်ရာပါ။

ပုထုဇ္ဇနော ဥမ္မတ္တကော ... ပုထုဇဉ် လူသားတို့၏ ရှုးသွပ်မှု
ဒေဝတာဇနော ဥမ္မတ္တကော နတ်သားတို့လည်း ရှုးသွပ်တတ်၏လို့ ပြောင်းရမည်
သို့ ဖြစ်နေလေပြီ။

ဦးခင်ဖေကြီးက စာတွေပေတွေ မတောက်တခေါက် ရေးတတ်သူဖြစ်
ယမမင်းစေတမန် ယမနေ့ာကြီး မှားယွင်းရှုးသွပ်သော ထိုလုပ်ရပ်ကို သူလူဖြ
လူ့ဘဝသို့ အကောင်းပကတိပြန်ရောက်လျှင် 'ဒေဝတာဇနော ဥမ္မတ္တကော'
သော ခေါင်းစဉ်ကိုတတ်၍ ကိုယ်တွေ့ဝတ္ထုကြီးရေးလိုက်မည်ဟု တေးမှတ်အာ
ထားလိုက်သည်။

သူ တကယ်မသေဘူးဆိုတော့ ဝမ်းသာလွန်း၍ စိတ်တွေ ကယော
ကယက်ဖြစ်ကာ အတွေးလွန်သွားသည်ကို သူ့ရှေ့မှ နတ်စေတမန် ယမနေ့ာ
က လှည့်မကြည့်ဘဲ သိနေပုံရသည်။

"ဟေ့ ... ခင်ဖေကြီး"

"ဗျာ ... ခင်ဗျာ ..."

"မင်း လူပီပီ ငါ့အပေါ် မကောင်းကြံစည်ပြီး ဘာတွေတွေးနေတာလ

"မ ... မဟုတ်ရပါဘူး ခင်ဗျာ"

"စိတ်ကောင်းကောင်းထားပါကွာ။ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ် ကိလေ
တွေမှ လွန်မြောက် အရဟတ္တဖိုလ်ဆိုက်ပြီး ရဟန္တာမဖြစ်သေးသရွေ့ အမှာ
မကင်းနိုင်ကြဘူးကွ"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ် ... ဟုတ်ပါတယ်"

"ဒါဆို ငါ့ကိုခွင့်လွှတ်ပါကွာ။ လူ့ပြည်ပြန်ရောက်လို့ တောင်ရေးမြောက်ရေးတွေလုပ်ဖို့ စိတ်မကူးလေနဲ့"

"ဟုတ် ... ဟုတ်ကဲ့။ ကျွန် ... ကျွန်တော် အရှင်ယမနောကြီးရဲ့ အမှားအယွင်းကို ရေးဖို့ စိတ်မကူးရဲတော့ပါဘူး ခင်ဗျာ့"

"ရေးရဲရင်လည်း ရေးကြည့်ပေါ့ကွာ။ မင်းတို့လူသားတွေဟာ ငါတို့သေမင်းစက်ကွင်းက မလွတ်နိုင်ပါဘူးကွ၊ နားလည်ရဲ့လား"

"နားလည်ပါတယ် ခင်ဗျာ"

ကာယကံမြောက် မပြုမူရသေး၊ ဝစီကံမြောက် ထုတ်ဖော်မပြောရသေးဘဲ မနောကံဖြင့် တွေးမိသောအတွေးကိုပင် သိနိုင်စွမ်းသော ယမနောကြီးကို ဦးခင်ဖေကြီး လန့်လာသည်။ မကြံကောင်း မစည်ရာတွေ မတွေးဝံ့တော့။

ပြန်လည်ဆုံတွေ့ရတော့မည့် သူ့မိသားစုအကြောင်းပဲ သူတွေးတော့သည်။

ထိုအခါကျမှ ပထမဦးဆုံး သူသတိရလိုက်သည်မှာ သူ့အချစ်ဆုံးမြေးမလေး ခင်သဇင်သင်း ...

သူ လမ်းလျှောက်ထွက်ခါနီး၊ သို့မဟုတ် အပြင်ကို ကိစ္စတစ်ခုခုနှင့် သွားခါနီး ...

"မြေးကလေးရေ ... ဘိုးဘိုးဖေကြီး အသည်းနှလုံး ဘယ်မှာလဲ"

သူက လှမ်းအမေး မြေးမကလေးက သူ့ရင်ဘတ်အသည်း နှလုံးနေရာသို့ ပုတ်ကာပုတ်ကာ ...

"ဘိုးဘိုးဖေဖေကြီးအသည်းနှလုံး ဒီမှာ ... ဒီမှာ ..."

ထိုအကြောင်းအရာတွေ ပြန်မြင်၊ ထိုစကားသံတွေ ပြန်ကြားရတော့ ဦးခင်ဖေကြီး၏မျက်နှာမှာ အပြုံးရိပ်တွေ ဝင်းလက်သွား၏။

ထိုမှတစ်ဆင့် မြေးမလေးကိုမမွေးခင် သူ၏သမီးကြီး ခင်လေးကြီးနှင့် သားငယ် ခင်မောင်လတ်တို့၏ ငယ်စဉ်ကလေးဘဝမှ ယခုတိုင် မပျက်မယွင်းဘဲ မြေးမလေးလက်ထက်တိုင် စွဲမြဲခဲ့သော အစဉ်အလာကို ဆက်၍ဆက်၍ မြင်မိပြန်သည်။

ထိုစဉ်ကတော့ သမီးခင်လေးကြီးနှင့် သားခင်မောင်လတ်တို့က ကလေးအရွယ်။ ဘိုးဘိုးဆိုသော ဝေါဟာရကိုပင် မသုံးစွဲနိုင်သေး။


www.burmeseclassic.com

www.burmeseclassic.com

"သမီးနဲ့သားတို့ရေ … ဖေကြီး အပြင်သွားတော့မယ်။ ဖေကြီးအသည်းနှလုံး ဘယ်မှာလဲဟင် …"

"ဖေကြီးအသည်းနှလုံး … ဒီမှာ … ဒီမှာ …"

"ဖေကြီးအသည်းနှလုံး … တီမှာ … တီမှာ …"

သမီးကြီးက အရွယ်ရောက်နေပြီဖြစ်၍ စကားလုံး ပီပီသသ ပြောနိုင်သည်။ သားလေးက ငယ်လွန်းသေး၍ စကားလုံး ပီပီသသ မပြောနိုင်ရှာ။ မပီကလာ ပီကလာ …

"ဟွန်း … တော်တော်ချစ်စရာကောင်းတဲ့ ကလေးတွေ"

ဟာဒယနှလုံးအိမ်မှာ ပီတိတွေ တသိမ့်သိမ့်ရိုက်ခတ်ကာ သူ့မျက်နှာမှာ အပြုံးရိပ်တွေ တသိမ့်သိမ့်တက်လာသည်။

ထိုသို့ တစိမ့်စိမ့်တက်လာရင်းမှ သူ ယခု အိမ်သို့ပြန်ရောက်လျှင် သူ့ ဝိညာဉ်ခန္ဓာကိုယ်ဘော်ဒီကြီးကို ခေတ္တခွဲခွာပြီး မှားယွင်းစွာ ခေါ်တော်မူခြင်းမခံရမီ …

အဝေး … အဝေးခရီးက ပြန်ရောက်လာသူအဖြစ် သူ့သမီး၊ သူ့မြေး၊ သူ့သားတွေကို ပထမဆုံး ဝမ်းသာပီတိဖြင့် နှုတ်ခွန်းဆက်သပေးရမည့် အမေးမှာ …

"မြေးလေးတို့၊ သမီးနဲ့သားတို့ ဘိုးဘိုးဖေကြီး ပြန်လာပြီလေ၊ ဘိုးဘိုးဖေကြီးအသည်းနှလုံး ဘယ်မှာလဲ"

ဟူသော နှုတ်ဆက်အမေးစကားလုံးများပင်ဖြစ်၏။

ထိုအခါ သူချစ်လွန်းသော၊ မခွဲနိုင်မခွာရက် သံယောဇဉ်ဖွဲ့ တွယ်တာလွန်းရသော မြေးမကလေးနှင့် သမီးနှင့်သားတို့က …

ဟိုး … ယခင် … ယခင်ကာလတုန်းက စွဲတည်လာခဲ့သော အစဉ်အလာအတိုင်း …

"ဘိုးဘိုးဖေကြီး အသည်းနှလုံး … ဒီမှာ … ဒီမှာ …"

ဟု ထုတွတ်တွတ်ရေရွတ်ကာ သူတို့၏ ရင်ဘတ်အသည်းနှလုံး နေရာကလေးများကို ပုတ်၍ပုတ်၍ ပြကြဦးမည်မှာ မြင်ယောင်မိလာသေးတော့ … တွေးမိပါသေးတော့ … ကြိုတင်ပီတိတွေဖြစ်ရပါသေးတော့ …။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

❑

"ဒီမှာ ... အစိမ်းသေနတ်၊ ငါက မင်းထက် ရာထူးကြီးတယ်။ ငရဲသနင်း ယမမင်းကြီးရဲ့ စေတမန်ယမနောပဲ။ အိမ်ထဲကို ငါတို့ဝင်ဖို့ ဘာလို့ ရှေ့ကနေတားပြီး ကာဆီးကာဆီးလုပ်နေရတာပဲ"

သူ့ရှေ့မှဦးဆောင်သွားနေသော ယမနောကြီး၏အသံကို ကြားလိုက်ရမှ ဦးခင်ဖေကြီး၏အတွေးစတွေ ပျက်ပြယ်သွားကာ သတိတွေ ပြန်ဝင်လာခဲ့သည်။

သူနှင့် ယမနောကြီးသည် ယမမင်းထံမှ အပြန်ခရီး၊ လူ့ဘုံဘဝသို့ ပြန်ရောက်နေကြသည့်အဖြစ်။

ဦးခင်ဖေကြီးနှင့် ယမနောကြီးတို့နှစ်ဦးစလုံး ဦးခင်ဖေကြီး၏ ခြံကြီးထဲသို့ ဝင်မိနေကြလေပြီ။

သို့သော် မီးလောင်ဒဏ်ရာများနှင့် အဘိုးကြီးတစ်ယောက်က ကျိုင်းတုတ်ကြီးကိုင်ကာ အိမ်ဝမှနေ၍ အိမ်ထဲသို့မဝင်ရန် ဟန့်တားနေသည်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။ သူတော်စင်အဝတ်အဆင်နှင့် ဖြစ်သော်လည်း ရှိးသားပုံမရချေ။

ထိုအဘိုးကြီး၏မျက်နှာမှာ ဒေါသရိပ်ထင်နေသော်လည်း သူ့ထက်ရာထူးကြီးသည်ဆိုသော ယမမင်းစေတမန်ယမနောကြီးကို လွန်ဆန်ဝံ့ဟန်မရှိတဲ့ အောက်ကျို့သောလေသံဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com

“ကျုပ်ထက် ရာထူးတန်ခိုးအရာသာတဲ့ စေတမန်ယမနောကြီးဆိုတာ ကျုပ်သိပါတယ်။ အသင်တို့ဟာ ကျုပ်တို့ထက်မြတ်တယ်ဆိုတာလည်း နားလည်ပါတယ်။ ခုဟာက ဒီကခင်ဖေကြီးနဲ့ အိမ်ထဲကိုဝင်မယ်ဆိုတာ မဖြစ်နိုင်တော့လို့ပါ”

“ဘာဖြစ်လို့ ခင်ဖေကြီးနဲ့ အိမ်ထဲကို မဝင်နိုင်ရမှာလဲ။ ခင်ဖေကြီးက ဒီအိမ်နဲ့ ဒီခြံကိုပိုင်တဲ့ ပိုင်ရှင်အစစ်ပဲ။ သင်ကမှ သူတို့ ခေါ်ယူတင်ထားလို့ ဒီအိမ်ကြီးပေါ်မှာ နေနေရတဲ့သူ ဧည့်သည်ပဲ။ အိမ်ရှင်ကို ဧည့်သည်က ဘာဖြစ်လို့ နှင်ထုတ်ချင်ရတာလဲ။ အိမ်ရှင်ကို ဧည့်သည် မနှင်ကောင်းပါဘူး”

“အိမ်ရှင်ကို ဧည့်သည်မနှင်ကောင်းတာ ကျုပ်အသိသားပ။ ဒါပေမဲ့ ကျုပ်ဟာ အိမ်တွင်းနတ်ကြီးပီပီ ဒီအိမ်မှာဖြစ်ပျက်နေတဲ့ အတွင်းရေးတွေအားလုံးကိုသိထားလို့ ခင်ဖေကြီးဝင်လာရင် ဒီအိမ်ကြီးမှာ ကမ္ဘာကြီးတစ်ခုလုံး အုံ့ညို့သွားစရာ မဖြစ်သင့်တာတွေ မထင်မှတ်တာတွေဖြစ်သွားမယ့် အရေးအခင်းအဖြစ်သနစ်ကြီး ပေါ်ပေါက်လာမှာကို မြင်ပြီး တားဆီးနေတာပါ”

အိမ်တွင်းနတ်အဘိုးကြီးက ပြောနေစဉ် စေတမန်ယမနောကြီးနောက်မှ ဦးခင်ဖေကြီးက အိမ်ပေါက်ဝမှနေ၍ အိမ်ထဲသို့ ဝင်လိုဇောနှင့် လှမ်းကြည့်လိုက်မိသည်။

ဦးခင်ဖေကြီး၏အလောင်းကို ဧည့်ခန်းထဲ၌ ခုတင်ကြီးတစ်လုံးပေါ် တင်၍ လှပစွာ ပြင်ဆင်ထားလေပြီ။ ရဟန်းဒကာ၊ ကျောင်းဒကာအဖြစ် လူသိစေရန် ရွှေထီးလေးလက် ခုတင်တိုင်စွန်းတွေမှာထူ၍ ချည်နှောင်ထားသည်။

အချစ်ဆုံးဖြစ်သော သမီးကြီးက အသုဘမေးလာကြသော ဧည့်သည်များကို ဧည့်ခံစကားပြောနေသည်။ သားမက်ဖြစ်သူ ကိုမောင်မောင်ရဲထွန်းက သူ့သူငယ်ချင်း ကျူရှင်ဆရာများနှင့် တစ်စားပွဲတည်းထိုင်ကာ ပေါ်ကာဒေါင်းနေသည်။

“ ...... လိုက်တဲ့ဖဲ။ ယောက္ခမကြီးက ဂျိုကာလေးဘာလေး တက်အောင် လုပ်မပေးဘူး”

“မင်းကို သေသွားတဲ့ယောက္ခမကြီးက ဂျိုကာတက်အောင်မလုပ်ပေးပေမဲ့ ခြံနဲ့တိုက်နဲ့နေနိုင်အောင် လုပ်ပေးသွားတာပဲမဟုတ်လား။ ဟား ဟား ဟား ”

-- သူ့အလောင်း မြေမှမကျသေး။ သားမက်နှင့်အပေါင်းပါများက မခန့်လေးစားပြုနေကြပြီ။

မြေးမကလေး ခင်သဇင်သင်းသည် သူ့အလောင်းနှင့် ခပ်လှမ်းလှမ်း ဆက်တီတစ်လုံးပေါ်၌ အဒေါ်ဖြစ်သူ သက်မာ၏ပေါင်ပေါ်တွင် ထိုင်လျက် ပြင်ဆင်ထားသော သူ့အလောင်းကြီးကိုတစ်လှည့်၊ လူကြီးတွေကိုတစ်လှည့် အထူးအဆန်းလို ကြည့်နေရှာသည်။


www.burmeseclassic.com

www.burmeseclassic.com


အိမ်ထဲမှလူတွေရော၊ အဝင်အထွက်ပြုနေသူတွေရော ဦးခင်ဖေကြီးတို့ကို မမြင်နိုင်ကြ။ ယမနောကြီးနှင့် အိမ်တွင်းအဘိုးကြီးတို့ အချီအချ စကားများနေကြသည်ကိုပင် ကြားနိုင်စွမ်းမရှိကြ။

"ကျုပ်လာတာ ယမမင်းကြီးရဲ့ အမိန့်နဲ့လာတာ။ ခင်ဖေကြီးကို သေနေ့မစေ့သေးဘဲ လူမှားခေါ်လာမိလို့ ယမမင်းကြီးက လူ့ပြည်ပြန်ပို့ခိုင်းလိုက်တာပဲ"

"အဲဒါကြောင့် မဖြစ်နိုင်တာကိုမြင်ပြီး ကျုပ်တားနေတာပေါ့။ ယမမင်းကြီး အမိန့်ကို ကျုပ် အာခံနေတာမဟုတ်ပါဘူး"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။ ကျုပ်တို့ မရဏာသေမင်း လောကအစဉ်အလာမှာ သေနေ့မစေ့ဘဲ သေသွားရရိုးအစဉ်အလာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး။ ခင်ဖေကြီးရဲ့နာမ်ဝိညာဉ်ကို သူ့ရုပ်ခန္ဓာကိုယ်ကြီးထဲပြန်သွင်းပေးဖို့ ကျုပ်တာဝန်ပဲ"

"တော်တော်တော့ အပြောရကြပ်နေပါပေါ့လား ... ယမနောကြီးရယ်။ ကဲဗျာ ... ဘာ့ကြောင့် ဒီကိစ္စ မဖြစ်နိုင်ရတာလဲဆိုတာ ကျုပ်နဲ့အတူ ခင်ဗျားတို့နှစ်ဦးစလုံး လိုက်ခဲ့ပြီး ကြည့်ကြစေချင်ပါတယ်။ လာ ... ကျုပ်နဲ့လိုက်ခဲ့"

အိမ်တွင်းအဘိုးကြီးက လက်တွေ့ပြလိုဟန်ရှိသည်။

သူကခေါ်နေမှတော့ ယမနောကြီးနှင့် ဦးခင်ဖေကြီးတို့လည်း နောက်မှလိုက်လာခဲ့ကြရသည်။ အိမ်ခြံအပြင်ဘက်သို့ ရောက်လာခဲ့ကြသည်။

ခြံတွေက ခြံကျယ်ကြီးတွေဖြစ်ပြီး သုံးခြံလောက်အကျယ်မှာ တောင်ကုန်းမို့ တောအုပ်ချုံပုတ်အစပ်သို့ ရောက်လာကြသည်။

ထိုစဉ် ညှီစို့စို့အနံ့အသက်တစ်ခုကို ဦးခင်ဖေကြီးတို့ ရလိုက်သည်။

ချုံပုတ်အစပ်မှာ ခွေးသုံးလေးကောင်ကို တွေ့လိုက်ရပြီး ခွေးတွေက မြေကြီးများကို အနံ့ခံကာ ယက်ထုတ်နေကြသည်။

တစ်ကောင်သောခွေးက သူတို့ကိုမြင်ပုံရ၍ လှမ်းဟောင်ကာ အူသံပေးလိုက်သည်။ ဒီနေရာမှာ ခွေးကလူထက် အမြင်သာသည်မှာ တစ်ပန်းသာသွား၏။

"ဝုတ် ... ဝုတ် ... ဝု ... အူး ... ဝု ... အူး ..."

ကျန်အကောင်တွေက ဂရုမစိုက်။ မြေကြီးထဲမှ သူတို့အစာ ဖြစ်ဟန်ရှိသောအရာကို သဲကြီးမဲကြီး ယက်ထုတ်နေကြသည်။ သိပ်မယက်လိုက်ရ။

ခွေးတစ်ကောင်က မြေကျင်းထဲမှအစတစ်ခုကို ကိုက်ချီဆွဲထုတ်လိုက်သည်။

"အို ... အူအထွေးကြီးပါလား"

ဦးခင်ဖေကြီးနှုတ်မှ အံ့သြဘနန်းစကားလုံးတွေ ခုန်ထွက်သွား၏။

အူအထွေးကြီးနှင့်အတူ အသည်းတွေ၊ နှလုံးတွေ ဆက်၍ အတွဲလိုက်ပါလာသည်။ ကြည့်နေသော ဦးခင်ဖေကြီးရင်ထဲမှာ လှိုက်တက်လာသည်။


www.burmeseclassic.com

www.burmeseclassic.com


အိမ်တွင်းအဘိုးကြီး၏အသံကို ဆက်၍ ကြားရပြန်သည်။

"ကဲ . . . စေတမန်ယမနောကြီး၊ အဲဒါ ဘယ်သူ့အသည်းတွေ၊ နှလုံးတွေ၊ အူတွေ ထင်သလဲ။ ဟောဒီ ခင်ဗျားနောက်က ခင်ဖေကြီးရဲ့ အသည်းတွေ၊ နှလုံးတွေပါတဲ့ ခင်ဖေကြီးရဲ့ ဝမ်းတွင်းကလီစာတွေပါပဲဗျာ"

"ဘယ်လိုဖြစ်သွားတာလဲ"

"ဘယ်လိုဖြစ်ရမှာလဲဗျာ . . . ခင်ဖေကြီးရဲ့အလောင်းမှာ ဝမ်းထဲက သူ့အသည်းကလီစာတွေရှိနေရင် မြန်မြန်ပိုက်ကြီးဖောင်းပြီး အပုပ်မြန်လို့ နယ်က သူ့သားမလာခင် ကြာကြာခံအောင် ရှေးရိုးစဉ်လာအတိုင်း သူ့အသည်းတွေကို ဆေးရုံရင်ခွဲရုံက အလုပ်သမားတစ်လောက်ခေါ် ပိုက်ဆံပေးဖိုက်ခွဲပြီး ထုတ်ပစ်လိုက်တာပဲ"

"ဟင် . . . ဖြစ်မှဖြစ်ရပလေ"

"ယမနောကြီးမယုံရင် ဗိုက်ခွဲတဲ့ဆေးရုံက တာတီးနဲ့ တွေ့ချင်သေးသလား။ ကျုပ် တွေ့ပေးမယ်။ တာတီးဟာ ခင်ဖေကြီးဗိုက်ထဲ ကကလီစာတွေ ထုတ်ယူပြီး တော်၏လျှော်၏ ဒီတောစပ်မှာ လာမြှုပ်ခဲ့ပြီး ခုအချိန်မှာ ဗိုက်ခွဲလို့ ရတဲ့ ပိုက်ဆံနဲ့ ရွာဝက အရက်ပုန်းဆိုင်မှာရှိ နေလေရဲ့။ ကာယကံရှင်တွေမျက်နှာလွှဲတော့ သူလည်း ခဲပစ်လုပ်တော့တာပေါ့လေ။

"ဒုက္ခပါပဲဗျာ . . ."

ထို စိတ်ပျက်ညည်းညူသံမှာ ဦးခင်ဖေကြီးထံမှမဟုတ်ဘဲ ယမမင်းကြီး၏စေတမန် ယမနောကြီးဆီမှဖြစ်သည်။

ကာယကံရှင်ဖြစ်သော ဦးခင်ဖေကြီးမှာ စေတမန်ယမနောကြီးနှင့် အိမ်တွင်းအဘိုးကြီးတို့ ဘာတွေဆက်ပြောနေသလဲဆိုသည်ကို ဂရုမစိုက်နိုင်တော့။ ဦးနှောက်ထဲလည်း ထည့်သွင်းမစဉ်းစားတော့။

သူ၏အသည်းနှလုံးနှင့် အူတွေ မြိန်ရှက်စွာ လုယက်စားသောက်ပြီး တစ်ကောင်နှင့်တစ်ကောင် စားမာန်ခုတ်ဟိန်းဟောက်လျက် ကိုက်ခဲနေကြသည့် ခွေးတွေကိုသာ တွေတွေကြီး ငူငိုင်ကြည့်နေမိတော့သည်။


သူ့နားထဲတွင် ခွေးဟောင်သံများအစား သူစွဲလမ်း၍ သံယောဇဉ်တွယ်တာခဲ့သူများ၏ အသံများကိုသာကြားနေရပြီး မျက်ရည်များ ဝဲဆင်းလာခဲ့လေပြီ။

"ဖေကြီးအသည်းနှလုံး ဘယ်မှာလဲကွယ်"

ကျော်မင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

❑

ခေတ်မီမြို့တော်အမည်ရှိမြို့တွင် နေထိုင်သော ကျွန်တော်တို့အား အပြင်လူများကတော့ ရယ်သွမ်းသွေးကာ လှောင်ပြောင်လိုပါလိမ့်မယ်။

"ဘယ်လောက်တောင် နာမည်နဲ့ဆန့်ကျင်ပြီး ရှေးဆန်လိုက်သလဲဆိုတာ။ ခေတ်မီမြို့ဟာ နှစ်ပေါင်းငါးဆယ်လောက် အနည်းဆုံး နောက်ကျန်နေခဲ့ပြီ"

ခေတ်နောက်ကျနေသည်ကို ကျွန်တော်တို့ မငြင်းလိုပါ။ ဤအတိုင်းပင် ကျွန်တော်တို့ ကြိုက်ပါသည်။ သူတို့ပျော်ရွှင်မှုအတွက်လည်း မနာလိုပါ။ ကျွန်တော်တို့တွင်ဖြစ်ခဲ့သော အူအနာပေါက်မှုမျိုး၊ အစာအိမ် အချဉ်ပေါက်မှုမျိုး၊ စိတ်ညောင်းမှုမျိုးအတွက် ရယ်ခြင်းမှာ ကောင်းမည်ဟု ကျွန်တော်တို့ မြို့သူမြို့သား (၂၀၇) ယောက် မှတ်ယူကြပါသည်။

ကျွန်တော်တို့၏ သမရိုးကျတောင်ကြားဒေသဆီတွင် ကျွန်တော်တို့နေကြသည်။ ကျွန်တော်တို့အများစုမှာ၊ ဝက်များ၊ ကြက်များ၊ နို့စားနွားမများရှိသော လယ်သမားစုလေးမျှသာဖြစ်သည်။ ကျွန်တော်တို့မြို့တွင် စာတိုက်တစ်တိုက်၊ ကုန်စုံဆိုင်တစ်ဆိုင်၊ ဓာတ်ဆီဆိုင်တစ်ဆိုင်၊ ဟိုတယ်တစ်ခု အခြားအရပ်များထက် စာလျှင် အလွန်နည်းလှသည်ဟုဆိုရလောက်သော အရက်ဆိုင်နှစ်ဆိုင်သာရှိသည်။

ကျွန်တော်တို့တောင်ကြားဒေသတွင် အခြေချသူများ၏ စိတ်အားထက်သန်မှုကြောင့် မြို့အမည်မှာ မသင့်လျော်သောအမည် ဖြစ်ခဲ့ရသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ ထိုအမည်ကိုပြောင်းရန် စိတ်ကူးခဲ့ကြသည်။

ကျွန်တော်တို့၏ ဂရင်းနိုက်ကျောက်တူးတန်းအကြောင်း မပြောဘဲ ချန်ထားရန်ဖြစ်သော်လည်း ကျွန်တော် ကြိုးစားအမှတ်ရ တင်ပြမည့်ကိစ္စကြောင့် ပြောရပါတော့မည်။ ထိုစခန်းမှာ ကျွန်တော်တို့မြို့လူထု၏ ကြန်အင်စရိုက်ကို ဖော်ပြနိုင်သည့် သဲလွန်စဖြစ်၍ပင်။



www.burmeseclassic.com

www.burmeseclassic.com


ကျောက်တူးစခန်းကို ဤဒေသအား ဗဟိုကျောက်တူးစခန်းအဖြစ် ရောက်စေရန် ရည်မှန်းသော စနိုင်ဒါ-အယ်(လ်)-တစ်ဖက်က ပထမဦးစွာ စတင်လုပ်ဆောင်ခဲ့သည်။ စခန်းမှာ ရေချိုစမ်းချောင်းဘေးရှိ အဘိုးကြီးဘူးဗုစ်ကလိုင်၏ ဝက်မွေးမြူရေးခြံ၏ မြောက်ဘက်တွင် ဆယ်ကေကျယ်သော မြေနေရာကို ငှားရမ်းလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

'နွားကြာပွတ်'ဟူသောအမည်ကို ကလိုင်းရခဲ့သည်မှာ အရေခွံနွာ ခံရသည့် 'လား'များမှမဟုတ်ပါ။ အရေခွံနွာသူများထံမှဖြစ်သည်။ သူ၏စကားပြောသံက ကြာပွတ်ရိုက်လိုက်သည့်နှယ်ရှိသည်။ ကလိုင်းရှေ့တွင် မတ်တတ်နေရဲသူမှာ သတ္တိရှိသူ၊ သို့မဟုတ် ရူးမိုက်သူသာဖြစ်ပေလိမ့်မည်။ သို့ဖြင့် သူနှင့်တစ်ဖက်တို့ မြေငှားရန် စကားပြောဆိုနေသည်ကို နားထောင်ရသည်မှာ အလွန်ပင် စိတ်ဝင်စားဖွယ်ရှိလှသည်။

မည်သို့ အပေးအယူလုပ်ခဲ့မှန်း အများမသိသော်လည်း လုပ်ငန်းတွင် ကလိုင်း၏သား ဘီလီဘွိုင်းကလိုင်းကို အလုပ်ပေးရန်ဟူသော အချက်ပါသည်ဟုတော့ ရမ်း၍ခန့်မှန်းခဲ့ကြသည်။ ယခုတော့ ဘီလီမှာ ကလေးမဟုတ်တော့သလို၊ ချိချိနွဲ့နွဲ့လည်း မဟုတ်တော့ပါ။ အသက် (၂၅) နှစ်အရွယ်ဘီလီမှာ ဖခင်၏ ဆုပ်ကိုင်ကြိမ်းမောင်းမှုအောက်တွင် နေခဲ့ရသည်က ရှည်ကြာလှပြီဖြစ်သည်။

သို့သော် ဘီလီသည် ကျောက်တွင်းမှ ကျောက်များသယ်၍ ထရပ်ကားများပေါ်တင်ပေးသော ဝန်ချီစက်ကို မကြာမီပင် ကိုင်နိုင်ခဲ့သည်။ သူ၏အသွင်ကော ပြောဆိုနေထိုင်ပုံပါ မကြာမီ ပြောင်းခဲ့သည်။ သူ၏အလုပ်သစ်အပေါ် ဂုဏ်ယူဝင့်ကြွားမှုဖြင့် ကြိုးချည်ခံထားရသော ခွေးပမာမဟုတ်တော့ဘဲ လူကြီးတစ်ယောက်နှယ် ရင်ကော့လမ်းလျှောက်လာသည်။

မကြာမီပင် မြို့နေလူထုမှာ ကိုယ့်အကြောင်းနှင့်ကိုယ် ဘီလီအား ကောင်လေးဘီလီဟု မခေါ်တော့ဘဲ ဘီလီကလိုင်းဟုသာ ခေါ်လာကြသည်။ တစ်နေ့တွင် သူလည်း 'နွားရိုက်ကြာပွတ်'နှယ် ဖြစ်လာနိုင်စရာရှိခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

တစ်ဖက်မှာ ထိုလုပ်ငန်း၌ တစ်နှစ်တာမျှ ဝင်ငွေကောင်းခဲ့သည်။ ထို့နောက် ဒုတိယလုပ်ကွက်အတွက် ငှားရန်ဝယ်ရန် မတတ်နိုင်သဖြင့် ပြန်ရောင်းကာ ထွက်သွားသည့် တောင်ကြိုအုံကြားများအနေဖြင့် စီမံကိန်းကြီးတစ်ခု ဖြစ်မြောက်ရန် ကူညီရေးဝယ် မသိကျိုးကျွံရှိနေကြောင်း ညည်းတွားသွားခဲ့သည်။

တစ်ဖက်ထံမှ လက်ပြောင်းယူလိုက်သူမှာ တောင်ဘက်မိုင် (၂၀) အကွာရှိ ဤမြို့နယ်ရုံးစိုက်ရာ မစ်ဗီးမှ ဘက်ကတ်-အေမီးဆိုသူ ဖြစ်သည်။ လူအေးများ


www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် သာမန်ဘဝမျိုးတွင် တင်းတိမ်ကြောင်း သူတို့၏ချစ်စဖွယ်တောင်ကြားတွင် အရုပ်ဆိုးသော တွင်းကြီးများ၊ ကျောက်တုံးပုံကြီးများကို မမြင်လိုကြောင်း သဘောတရားကို သူသဘောပေါက်သည်။ အေမီးလိုချင်သည်မှာ ဝင်ငွေကောင်းကောင်းရရေး နှင့် တောင်များကို ရစ်ခွေစီးနေသည့် စမ်းချောင်းတွင် ငါးမျှားရေးပင်ဖြစ်သည်။

ကျွန်တော်တို့အနေဖြင့် စိတ်လှုပ်ရှားတက်ကြွစရာများ မနှစ်သက်ဟု မဆိုလိုပါ၊ ဆိုလျှင် မှားပါလိမ့်မည်။ အန္တရာယ်မရှိသော စိတ်လှုပ်ရှားစရာကလေး တစ်ခုဖြစ်ပါက အိတ်သွန်ဖာမှောက် ခံစားတတ်ကြပါသည်။

သို့သော် ကျွန်တော်တို့ကြုံတွေ့ရသော စိတ်လှုပ်ရှားမှုတစ်ရပ်ကတော့ ပျော်စရာမဟုတ်ပါ။ အပြင်လူများရောက်လာသော၊ ကြောက်စရာကိုဆောင်ယူခဲ့ သော၊ သေခြင်းတရားကို ဆောင်ယူခဲ့သောအဖြစ် တစ်ခုပင်ဖြစ်သည်။

ကျောက်တူးစခန်းတွေမှာ ခြေရာများတွေ့ပြီးနောက် ကျွန်တော်တို့ထဲ တွင် 'ခြေရာကြီး' ရောက်နေပြီဟု ကောက်ချက်ချခဲ့ကြသည်။ 'ခြေရာကြီး' ဆို သည်နှင့် အမွေးအမျှင်ထူထူ ခြေရာကြီးများထားခဲ့သူ၊ အလွန်ခွန်အားကြီးသူ၊ လူ တွေ ကြောက်လန့်ရသူဟူ၍ ကျွန်တော်ရှင်းမပြဘဲ သင်တို့သိပါသည်။

သူက ကျွန်တော်တို့လူသားများထက် အစွမ်းထက်ရာ သူ့အား မြင် တွေ့ခဲ့သည်။ သူ့အားဖမ်းမိရန်၊ ဓာတ်ပုံအရိုက်ခံရရန် သိပ္ပံပညာရှင်များအနေဖြင့် အတိုင်းအထွားယူခြင်း ကိုယ်လေးချိန်ယူနိုင်ခြင်းမျိုး သူက လုံးဝအဖြစ်မခံပါ။

ခြေရာကြီးကို စတင်တွေ့သူမှာ ကျွန်တော်တို့ထဲမှ တစ်ယောက်မှမဟုတ် ပါ။ ဝန်ချီစက်မောင်းသမား ဘီလီကလိုင်းဖြစ်သည်။ မိုးပထမဦးဆုံး ရွာပြီးနောက် တစ်နေ့မနက်စောစောတွင် ဘီလီ၏ကားက မြို့ထဲသို့ ဟွန်းသံမပြတ်မြည်ရင်း အပြင်းရောက်လာသည်။

ခြံတံခါးဝမှထွက်လာကာစ ကျွန်တော့်ကို သူမြင်သွားသည်။ သူ့ပစ်ကပ် ကားက ကျွန်တော့်ထံသို့ ကြောက်စရာကောင်းလောက်သော အရှိန်နှင့် တိုးဝင် လာသည်။ ပလက်ဖောင်းဘောင်ကို တိုက်မိပြီးမှ ရပ်သွားသည်။ ကျောက်မှုန့်စ တို့က ကျွန်တော့်မျက်နှာသို့ လာစင်သည်။ မျက်လုံးကိုသာ မှိတ်ထားလိုက်သည်။ ကားကရပ်သွားပြီး ကျွန်တော်ရပ် နေနိုင်ခြင်းမှာ အံ့ဖွယ်ပါတကား။ ကားစက်က ရပ်သွားသော်လည်း ရေတိုင်ကီမှ ရေက တပွက်ပွက်ဆူထွက်နေသည်။

"ရဲအရာရှိကြီးတပ်(ပ)ကား ... ကျွန်တော် လန့်လာလို့ဗျို့"

ဘီလီက အော်ပြောလိုက်သည်။

"အေး ... အေး ... မင်းဘယ်လောက်လန့်လာတယ်ဆိုတာ ငါတွေး မကြည့်တတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က အားမရှိတော့သလို ပြောလိုက်ပြီး တာဝန်ရှိသူ တစ်ဦးဟန် ယူကာ သူကား ပြတင်းပေါက်ထဲသို့ အေးစက်စက်မျက်လုံး အစုံဖြစ်ရန် ကြိုးစားရင်း ကြည့်သည်။

"ကဲ . . . အစကစပြောရင် ကောင်းမယ်"

ဘီလီက ကျွန်တော့်ကို ပြန်စိုက်ကြည့်နေသည်။ အဘိုးကြီး ကလိုင်း၏ မျက်လုံးအစုံကို ကြည့်ရသလို စိတ်မသက်မသာ ဖြစ်လာမိသည်။ ထို့နောက်မှာ ဘီလီ၏မျက်နှာထားက ပြောင်းသွားသည်။

"မနေ့ညက ကျောက်တွင်းကို ရောမဟာကြီး ရောက်လာသွားတယ်။ ခြေရာကြီးတွေ အကြီးကြီးပဲ။ ခင်ဗျားလိုက်ကြည့်ဖို့ ကောင်းတယ်"

"ဘယ်လောက်တောင် ကြီးလို့လဲ"

"အနည်းဆုံး လက်မနှစ်ဆယ်လောက်ရှည်ပြီး၊ ခုနစ်လက်မလောက် ကျယ်တယ်"

"ကျွန်တော်က သူ့ကားပေါ်တက်လိုက်ပြီး အေမီးကိုပါဝင်ခေါ်၍ လေးမိုင်မျှဝေးသော စခန်းသို့ ထွက်ခဲ့သည်။ စခန်းမှာ ကလိုင်းတို့ ဝက်ခြံအထက်မိုင်ဝက်ခန့်အကွာ ကျောက်တောင်ကြောတွင်ရှိသည်။ ဝက်ချေးနံ့များကို ကျွန်တော်တို့ ရှူရှိုက်နေမိသည်။

ဘီလီကဝက်သစ်ချပင်များ ဝိုင်းရံထားသည့်ကွက်လပ်တွင် ကားရပ်လိုက်သည် အနီးရှိဝန်ချီစက်ကြီးမှာ ကျောက်တုံးများရိုက်ခွဲသည့် သံလုံးတန်းလန်းနှင့် ရှိရာ နာရီချိန်သီးကြီးနှင့် တူလှသည်။

ကားပေါ်မှဆင်းကြသည့်အခါ အေမီး၏နီရဲရဲမျက်နှာမှာ ကျွန်တော့်ကဲ့သို့ပင် မယုံနိုင်ပုံ ရှိနေသည်။

"ကဲ . . . သတ္တဝါကြီးရဲ့ခြေရာတွေကို ပြစမ်း . . . ဘီလီ"

ဘီလီကကားများ ကျောက်တုံးတင်ရာနောက်ဘက်သို့ ပြသည်။ ဖုန်ထူခဲ့သောနေရာမှာ ယခုအခါတော့ မည်သည့်အရာမဆို ထင်ကျန်နိုင်ရစ်အောင် ရွှံ့တောဖြစ်နေသည်။ ညကရွာသော မိုးကြောင့်ထဲရပ်ကားဘီးရာများ မရှိတော့။

အေမီးနှင့်ကျွန်တော်တို့က ခပ်ကြောင်ကြောင်နှင့် စိုက်ကြည့်နေမိကြသည်။ ခြေရာကြီးများရှိနေသည်။ အရွယ်အစားတော့ ဘီလီခန့်မှန်းချက်က လိုပါဦးမည်။ ဘယ်–ညာခြေရာနှစ်ဘက်၏ အကွာအဝေးက သာမာန်လူထက် နှစ်ဆမျှ ပိုကွာဝေးသည်။

အေမီးနှင့်ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ တစ်ယောက်၏အတည်ပြုမှုကို တစ်ယောက်က ယူနေကြသည်။ အမှန်


www.burmeseclassic.com

www.burmeseclassic.com


ပင်ဖြစ်ကြောင်း ဆုံးဖြတ်မိကြသည်။ သူက ချုံကြားများကြား လိုက်ရှာသလို ကျွန်တော်ကလည်း မြေပြင်တစ်လျှောက် လိုက်ကြည့်သည်။

ဝန်ချီစက်မောင်းရန် ဘီလီရောက်လာပြီး ခြေရာတွေ့စဉ်က ၎င်းကားဘီးရာများမှလွဲ၍ တခြားခြေရာများမတွေ့ပါ နီးယာလှည့်ကားစက်သံများကြောင့် ကုန်ကားများကိုတားထားရန် သတိရလိုက်သည်။ ကျွန်တော်က ဘီလီအားတိုင်နှင့် ကြိုးများယူနိုင်းပြီး ခြေရာပတ်လည်ကို ကြိုးဝိုင်းထားလိုက်သည်။

"ဘီလီ . . . ကြိုးဝိုင်းထဲလူတွေ ရောက်မလာဖို့ မင်းတာဝန်ယူ"

ကျောက်တင်ကားနှစ်စီးနောက်မှ မြို့နေလူထု၏ ကားများ၊ လယ်သမားတို့၏ ပစ်ကပ်ကားများက မြေကွက်လပ်တွင် ထိုးရပ်လိုက်ကြသည်။ ဘီလီရောက်လာသည့်ကိစ္စကို သူတို့ကိုယ်တိုင်ကြည့်မြင်ရန် လာကြခြင်းဖြစ်သည်။ လူတိုင်းက ခြေရာကြီးကိုမြင်နိုင်ဖို့ တိုးကပ်လာကြသည်။

ကျွန်တော်က သူတို့၏မျက်နှာများကို အကဲခတ်ကြည့်သည်။ ရင်းနှီးပြီး မျက်နှာများဝယ် စိတ်လှုပ်ရှားမှုကြောင့် အသွင်ပြောင်းနေကြသည်။ ဘီလီဒစ်ဂင်းနှင့် ချား(လ်)ရေ့(စ)တို့က ကြိုးဝိုင်းအနီးတွင် အသံကျယ်ကျယ်နှင့် ပြောနေကြသည်။ 'သတ္တဝါကြီး'ကိုဖမ်းရန် သူတို့တွင် အစီအစဉ်များရှိပြီးပြီလောဟု တွေးလိုက်မိသည်။

ဘီးနှင့်ချာလီ၏ဘေးရှိ အဘိုးကြီးဂျင်အော်စတာတက်ကွာ ခြေရာများကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည်။ သူက ချာခနဲ ၎င်းတို့ဘက်လှည့်ကာ တစ်ခုခုပြောရန် ပါးစပ်ပြင်လိုက်သည်။ မည်သူတွေ မှန်းသိသွားပြီး မပြောတော့ဘဲ သွားမရှိတော့သည့် ပါးစပ်ကိုပိတ်ကာ ခပ်လုမ်းလုမ်းသွားရပ်ပြီး ယခုကိစ္စနှင့် ၎င်းတို့နှင့်ဆိုင်သလားဟု သံသယနှင့် တွေးနေဟန်က ထင်ရှားသည်။

ကျွန်တော်က ပြုံးပြီး ဝန်ချီစက်အနီးတွင် ဝါရင်းဘရက်ကက်နှင့် စကားပြောနေသည့် အေမီးထံလျှောက်သွားသည်။

"ကျွန်တော် မြို့ထဲပြန်ပြီး မစ်ဗီးကရဲစခန်းမှူးဘလက်ဆီကို အကြောင်းကြားမယ်။ ခင်ဗျားကတော့ ဒီမှာ မျက်ခြည်မပြတ် ကြည့်နေဗျာ။ ခြေရာတွေ ရှုပ်သွားမှာစိုးလို့"

"စိတ်ချပါ"

အေမီးက တောင်စောင်းမှ သစ်တောအုပ်ဆီသို့ လှမ်းမျှော်ကြည့်သည်။

"ဟောဟိုကနေသူ ကျွန်တော်တို့ကို စောင့်ကြည့်နေမယ်လို့ ထင်သလား"



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်က တာဝန်ရှိပုဂ္ဂိုလ်ပါ။ လေ့လာစူးစမ်းရမှာ ကျွန်တော့်အလုပ်ပဲ"

"ဒါ . . . လှည့်ကွက်တစ်ခုလို့ ထင်သလား"

"ဖြစ်နိုင်ပါတယ်။ ကဲ . . . ကျွန်တော် မြို့ပြန်ဖို့ ကားလိုတယ်"

"ကျွန်တော်လိုက်ပို့မယ်"

ဘရက်ကက်က စေတနာ့ဝန်ထမ်းကူညီသည်။ ၎င်းမှာ ဆံပင်ဝါဖျော့ဖျော့နှင့် ကိုယ်လုံးတုတ်ခိုင်သော လယ်သမားဖြစ်သည်။ ကလိုင်းတို့၏ အနီးဆုံးအိမ်နီးချင်းဖြစ်သည်။

"ဒါ . . . အလိမ်အညာတစ်ခု ဖြစ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် သေနတ်ကိုတော့ လက်လှမ်းမီရာမှာ ထားရမယ်"

"သိပ်လည်း မစိုးရိမ်နဲ့ဦး . . . ဘရက်ကတ်"

သူက အတန်ကြာ ငြိမ်နေသည်။

"အယ်လာဟိန်းကော သူ့ဘီလပ်မြေတွေနဲ့ ကစားနေတုန်းပဲလား"

အယ်လာဟိန်းမှာ ကျောင်းဆရာမဖြစ်သည်။ အချိန်အားများတွင် သူက အနုပညာကို လိုက်စားသည်။ ပုံဆွဲသည်။ သီချင်းရေးသည်။ သူမ နောက်ဆုံးအချိန်ဖြုန်းနေသည်မှာ ဘီလပ်မြေများနှင့် အရုပ်လုပ်ခြင်းဖြစ်သည်။ လက်ရာကလည်း မြောက်သည်။ ကျွန်တော်တော့ အိမ်တွင် သူမ၏အရုပ်နှစ်ရုပ် ရှိနေဆဲဖြစ်သည်။

"ဘာဖြစ်လို့လဲ . . . မပြောတတ်ဘူးဗျ။ ဘာကြောင့်မေးရတာလဲ"

"အယ်လာ . . . ဘီလပ်မြေယူနေကျ ကျွန်တော့်စားကျက်ခင်းထဲက စမ်းချောင်းဘေးနေရာမှာ တူးထားတဲ့အရာတစ်ခုရှိလို့"

"အဲဒီတော့ . . ."

ကျွန်တော်က ကုန်စုံဆိုင်ရှေ့တွင် ဆင်းလိုက်သည်။ ဆိုင်ထဲတွင် မစ္စက်ဟောလီသာရှိသည်။ မစ္စတာဟောလီသည်လည်း ကျန်လူများကဲ့သို့ ခြေရာကြီးကိုသွားကြည့်နေသည်။ ကျွန်တော်က ဖုန်းဆီသို့သွားပြီး မစ်ဗီးသို့ ဖုန်းဆက်သည်။ စခန်းမှူးဘလက်က နားထောင်ပြီး ကျွန်တော့်ကို နောက်တစ်ကြိမ် ခပ်ဖြည်းဖြည်းပြောခိုင်းသည်။

"ခင်ဗျားလေသံက အရက်မူးနေသံမပါဘူး . . ရဲအရာရှိမင်း။ ခင်ဗျားဟာ ပုံမှန်ဦးနှောက်ရှိတယ်လို့ ကျွန်တော်တွေးထားတော့ . . . ကဲ . . . တစ်ယောက်ယောက်ကို လွှတ်လိုက်ပါ့မယ်"

ကျွန်တော်က ကိုယ့်ကားကိုပြန်ယူ၍ ကျောက်တွင်းသို့ ဦးလှည့်သည်။


www.burmeseclassic.com

www.burmeseclassic.com


လူအုပ်က မကွဲသေး။ အချို့မှာ ရိုင်ဖယ်များ၊ ပြောင်းတိုသေနတ်များသာမက ခက်ရင်းခွကြီးများကိုင်ကာ တောင်စောင်းရှိ ချုံပုတ်များကြားတွင် ဟိုရှာဒီရှာ လု နေကြသည်။

မွန်းလွဲတစ်နာရီခန့်တွင် ဘလက်၏လူများ ရောက်လာကြသည်။ စူးစမ် မှုမျိုးစုံလုပ်ပြီး ခြေရာများကို ပုံသွင်းယူကြသည်။ တိုင်းတာကြသည်။ သုံးနာ တွင်တော့ လေပြင်းတစ်ချက်က သစ်ရွက်များကို ကျီစယ်လာသည်။ မြူနှင်းပါးပါ က နေလုံးကို ဖုံးသွားသည်။ မုန်တိုင်းကျတော့မည့်သဘောပင်။

ထို့နောက် ကားတစ်စီးချင်း နှစ်စီးချင်း ပြန်ကုန်ကြသည်။ ဘလက်ထံ လူများ စိတ်ကျေနပ်လောက်သည်အထိ စူးစမ်းကြပြီးနောက် ပြန်သွားသည်။ ထ အခါမှ ခြေရာများကို စောင့်ရန်မလိုတော့ကြောင်း ပြောရန် ဘီလီထံသို့သွားရ အပြု သူ၏မျက်နှာထားကြောင့် ခြေလှမ်းတုန့် သွားရသည်။

သူက လေပြင်းထဲဝယ် ကောင်းကင်သို့ အတွေးနှင့်ငြိမ်ကာ မေ ကြည့်နေသည်။ သူ့အား အနှောင့်အယှက်ပြုရန် စိတ်ထဲတွင် စိုးရွံ့လာမိသည် ချောင်းတစ်ချက်ဟန့်လိုက်မှ သူက လှည့်ကြည့်သည်။

သူ၏မှောင်မည်းနေသောမျက်လုံးအစုံက ကျွန်တော့်အား စိုက်ကြည့် လိုက်သည့်အခါ ညဘက်လေပြင်းကြားမှ ဝံပုလွေတစ်ကောင်၏ အကြည့်ကို သတ ရလိုက်သည်။ ထို့နောက် သူ့အား တာဝန်မှ အနားပေးလိုက်ပြီး မြို့သို့ ကျွ တော်ပြန်ခဲ့သည်။

မိုးက တစ်ညလုံးသာမက၊ နောက်တစ်နေ့လုံး ရွာသည်။ သန်းခေါင်ယ ရောက်မှတိတ်သွားပြီး အေးမြနေသည်။ နောက်တစ်နေ့မနက် ခြံထဲသို့ဆင်းလာပြ လမ်းတစ်ဝက်မျှအရောက်တွင် ဘီလီ၏ ကားက ကျွန်တော့်ဘက်သို့ အပြင် မောင်းလာနေသည်။ ယခုအချိန်တွင်တော့ ကျောက်မှုံများမစင်အောင် အိမ်ဒေါင့်သ ဝင်နေလိုက်နိုင်သည်။

"ရဲအရာရှိကြီး ... ဟိုဟာလာပြန်ပြီ။ ဒီတစ်ခါ ဝက်တစ်ကောင်ပါ သေ သွားတယ်။ အဖေရဲ့ ဝက်ပဲဖြစ်မယ်"

ဤအကြိမ်တွင်တော့ ကျွန်တော့်ကားနှင့်ပင် အေမီးကိုဝင်ခေါ်ခဲ့သည် ခြေရာများက ယခင်ခြေရာများအနီးတွင်သာဖြစ်သည်။ ကျွန်တော်တို့ရှေ့မှ သွ သော ဘီလီက ကျောက်တွင်းနှုတ်ခမ်းမှ ခေါင်းဆတ်ခေါ်သည်။ တွင်းထဲသို့ ကျွ တော်တို့ကြည့်လိုက်ပြီး ထိတ်လန့်သွားကြသည်။

ဝက်ဟုပြောရမည့် ဝက်တစ်ကောင်က မြောက်ဘက်အခြမ်းနံရံအနီးတွ ရှိသည်။ တိရစ္ဆာန်တစ်ကောင်နှင့်မတူတော့။ အသားနှင့် အရိုးများကြေပ်ထားပြ


www.burmeseclassic.com

www.burmeseclassic.com


သားရေအိတ်နှင့်ထည့်ထားသည်နှင့် ပိုတူလှသည်။ အရိုးစအချို့က အိတ်ထဲမှ ထိုး ထွက်နေသည်။

အေမီးက တအံ့တသြ ရေရွတ်သည်။

"တကယ်ပဲ ... ဘီလူးကြီးဆိုတာ။ တကယ်ပဲ ဝက်ဟာဒီလို ဘယ်လိုမှ ကြေမွမနေနိုင်ဘူး။ ဒါ လိမ့်ကျလို့ဖြစ်တာမဟုတ်ဘူး"

ဝက်သေအနီးရှိ ကျောက်တုံးကြီးတစ်တုံးကို ကျွန်တော်က လက်ညှိုးထိုး ပြသည်။

"ရဲအရာရှိကြီး ... ဝက်ဟာ တဲထဲကလွတ်သွားပြီး ဒီတွင်းထဲလိမ့်ကျ။ မိုးကြောင့် အခြေမခိုင်တော့တဲ့ကျောက်တုံးကြီး တိုက်တိုက်ဆိုင်ဆိုင် ဖိသေတယ် လို့ ဆိုချင်သလား။ အတော်ကိုထူးဆန်းတာပဲ"

ကျွန်တော်က တွင်းအထက်ရှိ မြေပြင်သို့ လှမ်းကြည့်သည်။ ကျောက် တုံးလိမ့်ကျရာမျိုး မတွေ့ရ။ ထို့နောက် ဝန်ချီစက်နောက်ဘက်တွင် ကျောက်တုံး ပြုတ်မကျမီက ရှိခဲ့ဟန်တူသော ခွက်နေသည့်အရာတစ်ခုကို သတိပြုမိလိုက်သည်။ ထိုနေရာမှ ကျောက်တုံးမှာ တွင်းထဲသို့ လိမ့်ကျနိုင်စရာတော့မရှိချေ။

"အဲဒီကျောက်တုံးအလေးချိန် ဘယ်လောက်ရှိမယ်ထင်သလဲ အေမီ"

သူက အတန်ကြာ အကဲခတ်သည်။

"ပေါင်ချိန် ခြောက်ရာကျော်တော့ ရှိလိမ့်မယ်"

ကျွန်တော်က မြေပေါ်မှ ခွက်နေသည့်အရာကို ပြလိုက်သည်။

"ဘီလူးကြီးက ဝက်ကို တွင်းထဲပစ်ချ၊ ဟောဟိုနေရာက ကျောက်တုံးကို ယူပြီး ထုချလိုက်တယ်လို့တော့ ခင်ဗျားမထင်ပါဘူးနော် ... ရဲအရာရှိကြီး။ အလွန့်အလွန်အားကောင်းမှသာ ဖြစ်လိမ့်မယ်"

"မထင်ပါဘူး ... ကျောက်တုံးဟာ ဝက်ပေါ်ပြုတ်ကျတာလည်း မဟုတ် ဘူး။ လှိမ့်ချတာလည်းမဟုတ်ဘူး"

"ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

အေမီးက တအံ့တသြ မေးသည်။

ကျွန်တော်က ဝက်သေအထက်ဘက် တွင်းဝအနီးရှိ နံရံကို လက်ညှိုး ထိုးပြသည်။ ထိုနေရာတွင် ကျောက်တုံးခွက်ရာကြီးတစ်ခု ရှိနေသည်။ ကျောက် တုံးကြီးနဲ့ဝက်က အတူတွဲ၍ တွင်းနံရံနှင့် အလွန်အရှိန်ပြင်းစွာ ဝင်ဆောင့်မိကြောင်း ထင်ရှားနေသည်။

ထိုအချိန်တွင် ဒုတိယအကြိမ် စိတ်လှုပ်ရှားစရာမြင်ကွင်းကို ကြည့်ရှု သူများ စတင်ရောက်လာကြပြီဖြစ်သည်။ ကျွန်တော်က ကျွန်တော်နှင့်ဘီဘီတို့


www.burmeseclassic.com

www.burmeseclassic.com


ဝက်ခြံဘက်သို့သွားကြည့်စဉ် ခြေရာများနှင့် မြေချိုင့်ခွက်ရာကြီးကို လူများမနေ့သ ယှက်ရန်၊ ကြိုးတားပေးဖို့ အေမီး အားပြောသည်။ ကျွန်တော်က ရိုင်ဖယ်သေနတ် နှင့် ကျည်ဆန်များပေးလိုက်မှ လက်ခံသည်။

ကျွန်တော်နှင့် ဘီလီက ဆင်ခြေလျှောအတိုင်း ကွေ့ကောက်လျှောက်ရင်း ဝက်နှင့် ဘီလူးခြေရာတို့ကို ကြည့်လာခဲ့ကြသည်။ လမ်းတစ်ဝက်လောက်တွင် ဝက် ခြေရာများကို တွေ့ရသည်။ မိုးရွာခဲ့၍ ကျန် ခြေရာများ မတွေ့ရတော့။ ဝက်မှာ တဲမှလွတ်သွားပြီး ကျောက်စခန်းပေါ်သို့ တက်လာခဲ့ဟန်တူသည်။ ကျွန်တော် တို့က စကားတပြောပြော လျှောက်လာသည်။

"မင်းအလုပ်ကို ဘယ်လိုသဘောရသလဲ . . . ဘီလီ"

"ကောင်းပါတယ်"

"မင်းကျောင်းထွက်ခဲ့တာ အတော်ကြာပြီနော်"

"ကျွန်တော် (၁၃) နှစ်မှာ ရှစ်တန်းအောင်ခဲ့တာ။ ခု အသက် (၂၅) နှစ် ရှိပြီ။ အထက်တန်းမတက်ခဲ့ရဘူး"

"မင်း ဆရာမအယ်လာဟိန်းနဲ့ သင်လိုက်ရသေးလား"

"ရှစ်တန်းမှာ သင်ရတယ်။ ဒီအရင်က ကလယ်ရာပစ်ကင်းပဲ"

"မစ္စတာဟိန်းဟာ အနုပညာဘက်မှာတော်တယ်ကွ။ သူလုပ်ပေးတဲ့ အရုပ်တွေတောင် အိမ်မှာရှိသေးတယ်။ မင်းကို သူ ပန်းချီဆွဲတာတို့၊ ဂီတတို့ . . . နောက်ပြီး အင်္ဂတေနဲ့ အရုပ်လုပ်တာတို့ သင်ပေးသေးလား"

ကလိုင်းတို့အိမ်သို့ ရောက်လာကြပြီဖြစ်သည်။ အဘိုးကြီး ကလိုင်းက ကျွန်တော်တို့လာနေသည်ကို ဖိနပ်ချွတ်အပြင်တွင် ရပ်ကာ ကြည့်နေသည်။ ဘီလီ ၏ဟန်နေဟန်ထားက ချည်တိုင်မှခွေးနှယ် ပြန်ဖြစ်လာသည်။

ဦးထုပ်ဆောင်းမထားသော ကလိုင်း၏ ဆံပင်ဖြူဖြူတို့မှာ ဖွာလံကြ နေသည်။ ဂျင်းအင်္ကျီနှင့် ဘောင်းဘီဝတ်ထားသည်။ သူ့မှာ ကျွန်တော်တွေ့ဆုံ ရန် မျှော်လင့်ထားသမျှထဲတွင် ဘီလူးသဘက်နှယ် လူကောင်ထွားလှသည်။ ပေါင်ခြောက်ရာအလေးချိန်ကို မနိုင်၊ မ,မနိုင် ကျွန်တော် တွက်ဆကြည့်သည်။ ခြေထောက်ကိုလည်း လှမ်းကြည့်သည်။ ကြီးတော့ကြီးသည်။ သို့သော် ပ 'ခြေရာကြီး' တော့ မဖြစ်နိုင်။

"မောနင်းမစ္စတာကလိုင်း"

ကျွန်တော်က ခပ်ရှိရှိနှုတ်ဆက်ပြီး သူစိတ်ကောင်းဝင်နေချိန် ဖြစ်ပါစေ ဟု မျှော်လင့်မိသည်။

"မောနင်း . . . ကဲ ဒီမှာ ဘာတွေဖြစ်နေသလဲဆိုတာ ပြောစမ်းကွာ"


www.burmeseclassic.com

www.burmeseclassic.com


"ဖေဖေ ..."

ဘီလီက ညောင်နာနာအသံနှင့် ခေါ်လိုက်သည်။

"ညက ဝက်တစ်ကောင်လွတ်သွားပြီး ကျောက်စခန်းမှာ သေနေတယ်"

"ဘာကွ ..."

ဘီလီမှာ တွန့်ခနဲဖြစ်သွားသည်။

"ဝက်အတွက် ဘက်ကက်အေမီးလျော်ရမယ်။ ငါနဲ့တွေ့မယ်"

ကျွန်တော်တို့ကို ဂရုမစိုက်တော့ဘဲ ကလိုင်းက ဝက်တဲများရှိရာသို့ ဒေါသတကြီး လျှောက်သွားသည်။ ဘီလီက ကျွန်တော့်ကို ဟိုဟိုဒီဒီ လိုက်ပြသည်။ ဘီလီနေသည့် သစ်သားတဲတစ်လုံးရှိသည်။ ဝက်စာကျွေးသည့် တဲနှစ်တဲ။ အသားကင်သည့်တဲတစ်တဲနှင့် ဝက်တန်းလျား များစွာရှိသည်။

တူရိုက်သံကို ကြားလိုက်ရသည်။ ကလိုင်းက ဝက်တိုးထွက်သွားသည့် အပေါက်ကို ပြန်ပိတ်နေသည်။ သူ့ရှေ့မှ ကျွန်တော်တို့ ဖြတ်သွားသည်ကိုပင် မော့မကြည့်။ ဝက်မှလွဲ၍ ဘာမှမတွေ့သဖြင့် ကျောက်စခန်းရှိရာသို့ ကျွန်တော်တို့ ပြန်တက်ခဲ့ကြသည်။

ယခုအချိန်ဝယ် ဝက်သေနှင့် ကျောက်တုံးကြီးကြောင့် စိတ်လှုပ်ရှားမှုက လူထုကို ပိုလွှမ်းမိုးနေသည်။ ရဲစခန်းမှူးထံမှာ လူများသာမက သတင်းထောက်များပါ ရှိနေကြသည်။

နောက်နှစ်ပတ်တာကာလကတော့ ခြေရာကြီးအကြောင်း လာစုံစမ်းသူ၊ တခြားဒေသသားများစွာမှတစ်ပါး မထူးခြားလှ။ နေ့တွင်နေသာပြီး ညတွင် အေးမြသောရက်များဖြစ်သည်။ ခြေရာကြီးအကြောင်းကိုသာ ပြောနေကြသည်။ သတင်းစာများတွင်လည်း ခေတ်မီမြို့မှ ရောမနှင်းလူအကြောင်း ရေးနေကြသည်။

နေသာသော အင်္ဂါနေ့မနက်ပိုင်းတွင် ကုန်စုံဆိုင်မှ ကျွန်တော် ထွက်လိုက်ချိန်ဝယ် အေမီးက လှမ်းတားလိုက်သည်။

"ရဲအရာရှိတပ်(ပ)ကား ..ကျွန်တော့်ပြဿနာနဲ့ ခင်ဗျားကို အနှောင့်အယှက်တော့မပေးချင်ပါဘူး။ ဒါပေမဲ့ မစ္စတာကလိုင်းသဘောပေါက်အောင် သွားပြောပေးပါလား"

"ကလိုင်းက ဘာလုပ်လို့လဲ"

အဖြေကို ကျွန်တော်သိပြီးဖြစ်၍ မေးစရာမလိုဘဲ မေးလိုက်မိသည်။

"သူက ကျောက်စခန်းကို နှစ်ခါရောက်လာပြီး သူ့ဝက်ဖိုးအလျော်တောင်းနေတယ်။ အချိန်တစ်ပတ်ပေးမယ်လို့ ပြောသွားတယ်"

"အဲဒီနောက်ကော ..."


www.burmeseclassic.com

www.burmeseclassic.com


"ဘာလုပ်မယ်လို့တော့ မပြောပေမဲ့ သဘောကျစရာ ဖြစ်လာမယ်တော့ မထင်ဘူး"

"အလုပ်တွေတော့ရှိသေးတယ်။ ဒါပေမဲ့ ညနေဘက်သွားလိုက်ပါမယ်"

"ကျေးဇူးပဲဗျာ"

ဝက်ခြံသို့ ကျွန်တော်ထွက်လာချိန်မှာ ငါးနာရီခန့်ရှိဖြစ်သည်။ ရာသီဥတု ပြောင်းလဲလာပုံကို ကားမောင်းရင်း သတိပြုမိသည်။ သစ်ပင်မှာ ယိမ်းနွဲ့နေအောင် လေတစ်ချက်တစ်ချက် တိုက်သည်။ တောင်ရိုးထိပ်တွင် လျှပ်လက်နေသည်။ မိုးသက်လေပြင်းတစ်ခု ကျတော့သည်။ ကျွန်တော့်ကားရပ်လိုက်စဉ် ဝက်စာကျွေး တဲ့တဲမှ ကလိုင်းထွက်လာသည်။ သူစိတ်ကောင်းဝင်နေဟန်မရှိသဖြင့် ဘာတွေ ဖြစ်လာမည်နည်းဟု စိုးရွံ့သွားမိသည်။

"ကဲ ... ခု ဘာကိစ္စလဲ"

ကြာပွတ်သံနှယ် သူ့အသံက ထွက်လာသည်။ ကျွန်တော်က အသံ တည်တည်ငြိမ်ငြိမ်နှင့် ခပ်လေးလေးဖြစ်အောင် ထိန်းရသည်။

"မစ္စတာကလိုင်း ... မစ္စတာအေမီးကပြောတယ်၊ သူ့ကျောက်တွင်းထဲ မှ တွေ့တဲ့ဝက်အတွက် သူ့ကို ခင်ဗျားလာတွေ့တယ်တဲ့။ ဝက်ဖိုးအလျှော်တောင်း တယ်တဲ့"

"ဟုတ်တယ် ... အမှန်ပဲ"

"ကျွန်တော်ထင်တာကတော့ ဒီကိစ္စဟာ ..."

ကလိုင်းက နားထောင်မနေပါ။ မြောက်ဘက်တောင်ရိုးပေါ်ရှိ ကောင်းကင် ကို စိုက်ကြည့်နေသည်။ လျှပ်စီးများ အတော်လက်နေပြီကို ကျွန်တော်လှည့် ကြည့်၍ မြင်လိုက်သည်။ ကားစက်သံကြားပြီး ဘီလီ၏ကားဝင်လာသည်။

ကလိုင်းက ကောင်းကင်မှ မျက်လုံးခွာပြီး ဘေးဘီသို့ ကြည့်သည်။ သူ ၏အကြည့်က ကြမ်းကြုတ်နေဟန်ရှိ၍ ကျွန်တော် အံ့အားသင့်သွားသည်။ ကျွန် တော်ထံသို့ အကြည့်က ပြန်ရောက်လာသည်။ သူကြောက်နေသည်။ သူ့ပါးစပ် က ဟိန်းဟောက်မရနိုင်သော မုန်တိုင်းကို သူကြောက်နေသည်။

ဘီလီ၏ ကားတံခါးပိတ်လိုက်သံနှင့် မိုးခြိမ်းသံက ဆက်တိုက်ပေါ်လာ သည်။ ကလိုင်းမှာ တွန့်ခနဲဖြစ်သွားသည်။ လည်ပင်းကြွက်သားများ ထောင်ထ လာသည်။ ပါးပြင်က ဆတ်ဆတ်တုန်နေသည်။ ရုတ်တရက်ဟစ်အော်လိုက်ပြီး အိမ်ဆီသို့ လှည့်ပြေးတော့သည်။ ဘီလီအားလှည့်ကြည့်လိုက်သော ကျွန်တော် မှာလည်း အံ့အားသင့်သွားသည်။

ကြောက်စရာအပြုံးနှင့် ဘီလီမှာ အိမ်လှေခါးထစ်ပေါ်သို့ ကဒ္ဒိမ်းကယိုင်


www.burmeseclassic.com

www.burmeseclassic.com


တက်နေသည့် ဖခင်အား ကြည့်နေသည်။ ကျွန်တော်လည်း မမြင်လိုတော့၍ မြို့သို့ ပြန်ခဲ့သည်။ မုန်တိုင်းက နှစ်နာရီမျှကြာပြီး လွင့်စင်သွားသည်။

နောက်တစ်နေ့မနက်တွင် မစ္စတာဟိန်းနှင့် ကျွန်တော် သွားတွေ့သည်။ အင်္ဂတေအရုပ်များအကြောင်း ပြောဖြစ်ကြသည်။ အရုပ် သူမလုပ်နိုင်သည်မှာ လနှင့်ချီပြီဖြစ်ကြောင်း သူမက ပြောသည်။ ထိုမှအပြန် ကိုးနာရီခန့်တွင် အေမီးနှင့် လမ်းတွင် ဆုံမိကြသည်။

"ဖြစ်ပြန်ပြီ . . ရဲအရာရှိမင်းရေ။ ခုဟာက လူပဲ။ ဘီလီကတော့ သူ့အဖေလို့ပြောပေမဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေလို့ ဘယ်သူမှပြောနိုင်မှာမဟုတ်ဘူး"

ကျွန်တော်၏ရှူးမိုက်မှုအတွက် ကိုယ့်ကိုယ်ကိုယ် ဆဲလိုက်မိသည်။ ထိုသို့ ဖြစ်စရှိလျှင် မနေ့ညကဖြစ်သည်ကို ကျွန်တော်သိသင့်သည်။ မိုးရွာသည်ကို ကျွန်တော်မေ့သွားသည်။ ယခင်နှစ်ကြိမ်ကလည်း မိုးရွာပြီးမှ ဖြစ်ခဲ့သည်သာ။

"ခု ဘီလီဘယ်မှာလဲ"

"အိမ်ပြန်မယ်လို့ ပြောသွားတာပဲ။ သူ အတော်လည်း တုန်လှုပ်နေပုံရတယ်"

"ကဲ . . . ကျွန်တော်ကားယူပြီး လိုက်ခဲ့မယ်"

ကျွန်တော်က ကျောက်စခန်းသို့မသွားမီ ရဲစခန်းမှူးဘလက်ထံသို့ သတင်းပို့ခဲ့သည်။ ကျောက်တွင်းထဲသို့ပင် ကျွန်တော်မကြည့်ပါ။ ကြည့်လည်း မကြည့်ချင်ပါ။ ဖြစ်ပျက်သမျှအတွက် အော့နှလုံးနာနေပြီ ဖြစ်သည်။ မနှစ်မြို့ဖွယ် တာဝန်တစ်ရပ်လည်း လုပ်စရာရှိသေးသည်။ ကျွန်တော်က ကားကိုထားခဲ့ပြီး ဝက်ခြံဆီသို့ ဆင်းလာခဲ့သည်။

နီးလာသည်နှင့်အမျှ တဲတစ်လုံးနောက်မှ တဒေါက်ဒေါက်ထုသံမှန်မှန်ကို ကြားရသည်။ သေနတ်ကို ဆွဲထုတ်ပြီး တဲနောက်သို့ပတ်သွားသည်။ ဘီလီက အင်္ဂတေနှင့်ပြုလုပ်ထားသော ခြေဖဝါးကြီးနှစ်ခုကို သံပေါင်တူနှင့်ရိုက်ခွဲနေသည်။

"ဘာဖြစ်လို့ ရိုက်ခွဲပစ်ရတာလဲ ဘီလီ။ ငါသိနေပြီဆိုတာ မင်းသိလို့လား"

ဘီလီမှာ တစ်ခဏသာ ထိတ်လန့်သွားပြီး စိတ်ထိန်းလိုက်နိုင်သည်။

"ခင်ဗျားရောက်လာမယ်ဆိုတာ သိပေမဲ့ ဒီလောက်မြန်မယ်မထင်ဘူး။ ခင်ဗျားကို လှည့်စားလို့မရတာလည်း သိပေမဲ့ အခွင့်အရေးရတာနဲ့ လုပ်ခဲ့တာပဲလေ"

"ငါနဲ့လိုက်ခဲ့မှာလား . . . ဘီလီ"

"ဟင့်အင်း . . . ခင်ဗျား ပစ်သတ်ဖို့ပဲရှိတယ်။ ကျွန်တော် လစ်တော့မှာ။


www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်လာရင် တူနဲ့ ကျွန်တော်ရိုက်လို့ရတယ်။ ဒီတော့ ကျွန်တော့်ကို ခင်ဗျား သေနတ်နဲ့ပစ်ဖို့ပဲ ရှိတော့တယ်''

ဘီလီက ချာခနဲလှည့်ကာ ကိုက်ငါးဆယ်မျှအကွာရှိ ချုံပုတ်များရှိရာ စမ်းချောင်းဆီသို့ ထွက်ပြေးသည်။ စမ်းချောင်းကိုကျော်၍ တောထူထူထဲသို့ သူ ရောက်သွားလျှင် အတော်ကြိုးစား ရှာဖွေရလိမ့်မည်။ ကျွန်တော်က အမြန်ဆုံး တွေးရသည်။ သူ့ကို ပစ်ဖမ်းရမည်လော။ သူသည် လူသတ်သမားဖြစ်သော်လည်း နောက်တစ်ကြိမ် မသတ်နိုင်တော့သည့်က သေချာသည်။

ကျွန်တော်က သေနတ်ကိုမြှောက်ချိန်ပြီး ခြေထောက်ကို ပစ်လိုက်သည်။ မထိ။ ကျွန်တော်က အလွန်နှေးကွေးလှသည်။ သူက ချုံပုတ်ကြားတိုးဝင်ပြီ။ ကမ်းနဖူးအပေါ် ကျော်ချလိမ့်မည်။ ဒီလိုပဲဖြစ်ရမှာပေါ့။ ငါသူ့ကို ဖမ်းလို့မမိဘူးပေါ့ ဟု တွေးလိုက်မိသည်။

သစ်ပင်အကွယ်မှနေ၍ ဘီလီက လှမ်းအော်ပြောလာသည်။ သူ၏ တိုးလျှိုးသံက ကျွန်တော့်ရင်ကို ထိခိုက်စေသည်။ ကျွန်တော်က ဘာမှမပြော တော့ဘဲ ကျောက်စခန်းဆီသို့ ပြန်တက်ခဲ့သည်။

ရဲစခန်းမှူးဘလက် မရောက်သေးပါ။ လိုအပ်သလောက်သာ ကျွန် တော်နေပြီး မြို့ထဲသို့ ပြန်ဝင်ခဲ့သည်။ ဘလက်ရောက်လာလျှင် ကျွန်တော့်အိမ် သို့ အရင်ဝင်မည်ကို သိသည်။ သူက နေ့လယ်တစ်နာရီခန့်တွင် ရောက်လာပြီး ကော်ဖီသောက်ရင်း ကျွန်တော်သိသမျှ သူ့ကို ပြောပြသည်။

အဖြစ်ကတကယ်တော့ ရှင်းရှင်းလေးပါ။ မေတ္တာတရား ငတ်မွတ်နေတဲ့ ဘီလီဟာ သူ့ကို နိုင်လိုမင်းထက်ပြုနေတဲ့ ဖခင်ကို မုန်းနေတယ်။ သူ့ကို ဘီလီ သေမတတ်ကြောက်အောင် လုပ်ထားသလို၊ ကလိုင်း သေမတတ်ကြောက်တာ က မုန်တိုင်းပဲ။

''မုန်တိုင်းတွေဟာ ဘီလီကို ထူးထူးခြားခြား အလုပ်တွေ လုပ်နိုင်လောက် စေတယ်။ ဘီလီဟာ စာတွေဖတ်ရင်းက ခြေရာကြီးဆိုတဲ့ လှည့်စားချက်တစ်ခုလုပ် ဖို့ စိတ်ကူးရခဲ့တယ်။ ဘီလီအတွက်တော့ မုန်တိုင်းဟာ 'ခြေရာကြီး'ပဲ။ သူမုန်း လှတဲ့ဖခင်ထက် ပိုအစွမ်းအားကြီးတဲ့ အရာတစ်ခုပဲ။

''ဘီလီက ဘီလပ်မြေနဲ့ ခြေရာကြီးတစ်ခုလုပ်ပြီး ဝန်ချီစက်မှာချိတ်နိုင် ဖို့ သံချိတ်တွေပါတပ်တယ်။ သယ်လို့မလို့ရနိုင်တဲ့ ဝန်ချီစက်ရှိတဲ့ ကျောက်တူး စခန်းမှာသာ ခြေရာကြီးတွေတွေ့တာ ဒါကြောင့်ပဲ။ သူက ခြေရာကြီးကို ပစ်ကပ် ပေါ်တင်သွား၊ ခြေရာတွေထင်အောင်လုပ် တစ်နေရာရာမှာ ဝှက်ထားပြီးမှ မြို့ထဲ လာပြောတာ''



www.burmeseclassic.com

www.burmeseclassic.com


"ကျောက်နံရံတွေရိုက်ခွဲတဲ့ ဝန်ချီစက်ကသံလုံးကြီးကို မြင်တဲ့လူမှန်သမျှ ဝက်ရယ်၊ ကျောက်တုံးကြီးရယ်၊ သူ့အဖေရယ်ကို နံရံနဲ့ ဘယ်လိုလွှဲရိုက်တယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်။ သူ သိုင်းကြိုးအပိုတစ်ခု တပ်ပြီး လိုအပ်တဲ့အချိန်မှာ စက်မောင်းခန်းကနေ ကြိုးလွှတ်လိုက်ရုံနဲ့ ပြုတ်ကျအောင်လုပ်ခဲ့တယ်"

"ဝက်သေတဲ့ညက ... သူဟာ ကျောက်တုံးကြီးကိုပဲ တွင်းထဲလွှဲပစ်ဖို့ ကြံတုန်း ဝက်ကိုမြင်တာနဲ့ သက်ရှိသတ္တဝါတစ်ဦးကို စမ်းကြည့်ဖို့ အခွင့်အရေးရလိုက်တာပဲ။ ဘီလီဟာ မုန်တိုင်းကျလို့ သွေးပျက်မတတ်ကြောက်နေတဲ့ သူ့အဖေကို တူနဲ့ထုသတ်တာပဲဖြစ်မယ်။ ကျောက်တုံးချီပြီး နံရံနဲ့ လွှဲရိုက်တဲ့အချိန်မှာ ကလိုင်းဟာ သေပြီးလည်း ဖြစ်ချင်ဖြစ်မယ်၊ မသေသေးပဲလည်း ရှိချင်ရှိမယ်။ ဒီလိုပဲ ကျွန်တော်လည်း မြင်တယ်"

ရဲစခန်းမှူးဘလက်က ကော်ဖီကိုလက်စသတ်ပြီး ထရန်ပြင်သည်။

"ဒီတော့ ကျွန်တော်တို့လူစုပြီး လိုက်ဖမ်းရဦးမှာလား"

"မလိုပါဘူး။ မိုးလင်းတာနဲ့ ဘီလီကို ကျွန်တော်ဖမ်းပေးမှာပါ"

ဘလက်က ကျွန်တော့်အား အကဲခတ်ကြည့်သည်။

"ခင်ဗျားက သိပ်သေချာလှချည်လား"

"ဒီလောက် တစ်ခါမှ မသေချာပါဘူးဗျာ။ မိုးလင်းတဲ့အထိသာ သည်းခံစောင့်ပါ"

"ကောင်းပြီ တပ်(ပ)ကား၊ မိုးလင်းတဲ့အထိတော့ ခင်ဗျားပွဲပဲ။ အဲဒီအချိန်မှ ဘီလီကို ခင်ဗျားမမိရင် ကျွန်တော်နည်း ကျွန်တော့်ဟန်နဲ့ လုပ်ရလိမ့်မယ်။ ကဲ ... အချင်းဖြစ်တဲ့ဆီ ကျွန်တော်သွားကြည့်ဦးမယ်"

"ဘလက် ... ခုညအဲဒီလို ဘယ်သူမှသွားဖို့ မလိုပါဘူးဗျာ"

"အေး ... ခင်ဗျား ကိုယ်ဘာလုပ်နေတယ်ဆိုတာ သိမယ်ထင်တယ်"

နောက်တစ်နေ့မနက်တွင် ဘလက်နှင့် သူ့လူနှစ်ယောက်က ကျွန်တော့်ကို ဝင်ခေါ်သည်။

"ကဲ ... ဘီလီကို ဘယ်မှာရှာရမလဲ"

"ကျောက်တူးစခန်းမှာ"

"ဘာ"

"ကျောက်တူးစခန်းမှာ ကောင်လေးဘီလီကို ကျွန်တော်တို့ ရှာတွေ့ပါလိမ့်မယ်"

မနက်ခင်းနေရောင်အောက်တွင် ဝန်ချီစက်ကြီးက ထီးထီးရှိနေသည်။ ဝန်ချီကြိုးက ကျောက်တွင်းထဲကျနေသည်။ ကားပေါ်မှ ကျွန်တော်တို့ဆင်းပြီး တွင်း


www.burmeseclassic.com

www.burmeseclassic.com



ထိပ်သို့လျှောက်သွားစဉ် ဘလက်တို့အဖွဲ့၏ စူးစမ်းလိုစိတ်ရှိဟန်ကို အလိုလိုသိနေသည်။ ကျွန်တော့်အထင်မှန်မည်ဟု ကျွန်တော်ယုံသည်။ မှန်လည်းမှန်ခဲ့ပါသည်။

ဘီလီ၏ ကြေမွနေသည့်ခန္ဓာကိုယ်က ယခင်က သူ့ဖခင်ရှိခဲ့ရာ အနီးတွင် ရှိသည်။ အံ့အားသင့်နေရာမှ ပထမဦးဆုံး လှုပ်လှုပ်ရှားရှား ဖြစ်လာသူမှာ ဘလက်ဖြစ်သည်။

"ကောင်းပြီတပ်ကား ... ဘယ်လိုလဲဆိုတာ ပြောရင်ကောင်းမယ်"

"ဘီလီဟာ ပင်ကိုယ်ထိုးထွင်းဉာဏ်ရှိတဲ့သူပါ။ ခု သူ့ကိုယ်သူ သတ်သေလိုက်တာပဲ"

"ဘယ်သူ့အကူအညီမှမပါဘဲ ... ဟုတ်လား"

ကျောက်တွင်း၏တောင်ဘက်အစွန်းရှိ ဝက်သစ်ချပင်ကြီးကို ကျွန်တော်ပြလိုက်သည်။ အမြင့်ဆုံးသစ်ကိုင်းတွင် ကြိုးတစ်ချောင်းတန်းလန်းကျနေသည်။

"လွယ်လွယ်လေးပါ။ ဘီလီဟာ ကျောက်ခွဲသံလုံးကြီးကို သစ်ပင်ပေါ်ရောက်အောင် ရွှေ့တယ်။ သစ်ကိုင်းပေါ် သူကတတ်ပြီး သံချိပ်နဲ့ ကြိုးကိုချည်တယ်။ သစ်ပင်ပေါ်က ပြန်ဆင်းပြီး သံလုံးကြီးကို တွင်းအပေါ်ရွှေ့တယ်။ နောက် သစ်ပင်ပေါ်ပြန်တက်၊ ကြိုးကိုဖြုတ်လိုက်ပြီး သူကပါလိုက်သွားရာက ဝင်ဆောင့်အသေခံသွားတာပဲ"

"အံ့အားသင့်စရာပဲ။ ဒီလိုလုပ်လိမ့်မယ်လို့ မနေ့က ခင်ဗျား ဘယ်လိုသိတာလဲ"

"သူ ကျွန်တော့်ကို နောက်ဆုံးပြောခဲ့တဲ့စကား ရှိလို့ပါ။ ရဲအရာရှိမင်းတဲ့ ... ကျွန်တော်လုပ်တာကို သူတို့ကိုမပြောပါနဲ့၊ ကျွန်တော်လည်းပဲ ခုလိုခံသွားရတာလို့ပဲ သူတို့ထင်ပါစေတဲ့"

ဤသည်မှာ ခေတ်မီမြို့တော်မှ ခြေရာကြီး၏ သေဆုံးခန်းဖြစ်ပါသည်။ တကယ်တော့ ကျွန်တော်က ဘီလီ၏တောင်းဆိုချက်အတိုင်း ရေငုံမနေခဲ့သည်က အမှန်ပင်။ အဖြစ်မှန်ကိုတွက်ဆနိုင်မည့် ကျွန်တော်ထက်သာသူ များစွာရှိပါသည်။

'ခြေရာကြီး' သာ ဆက်ရှိနေဦးမည်ဆိုပါက ဘီလီသည် လူသတ်သမားအဖြစ် သူတို့သိကြမည်မဟုတ်ပါ။ လူသတ်သမားအား လူသတ်သမားဟုသိစေလို၍ ကျွန်တော် ရေငုံနှုတ်ပိတ်မနေခဲ့ခြင်းသာ ဖြစ်ပါသည်။

ဘသက်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ကျွန်တော်က ရေနံရှာဖွေရေး ဆိုက်စမစ်အဖွဲ့မှ အငယ်တန်း ရေနံတူး အင်ဂျင်နီယာပါ။ နဂိုကလည်း တောသား၊ တေတေပေပေနဲ့ ဖြစ်သလိုနေခဲ့လို့ ပညာတော်ရဲ့သားနဲ့ အင်းစိန်ကျောင်းသာ တက်ခဲ့ရပြီး အညံ့ဆုံးဘာ္ဘသာတွဲဖြစ်တဲ့ မိုင်းဘာသာရပ်နဲ့ ဒီပလိုမာရပြီး ရေနံတူးတဲ့ဘက် ရောက်ခဲ့တာပါ။ ရေနံဆိုတာက မြို့ပေါ်မှာ တူးလို့ရတာမှ မဟုတ်ဘဲ။ တောထဲနဲ့ ပင်လယ်ကမ်းလွန်၊ တောင်တန်းတွေပေါ်မှာ တူးရတာ အများအသိပါ။

အဲ ... ဒါပေမဲ့ ဒီအလုပ်က ကျွန်တော်နဲ့တော့ အကိုက်သား။ ကျွန်တော်အထက်ကပြောခဲ့သလို လူပေ၊ လူတေ တောသား၊ တောပျော်တစ်ယောက်ဖြစ်တာမို့ ရောက်တဲ့နေရာဟာ ကျွန်တော့်အိမ်ပါပဲ။ တာဝန်ကျရာနေရာနဲ့ နီးစပ်ရာရွာတွေနဲ့ အလွမ်းသင့်အောင်ပေါင်းတယ်။ နယ်လှည့်အရာရှိတွေအတွက် ဌာနက ပေးကမ်းထောက်ပံ့တဲ့ (ရာရှင်) အပိုငွေကြေးနဲ့ ရိက္ခာပစ္စည်းကို အရင်းပြုပြီး တောရွာထွက်တောစာနဲ့လည်း စားတယ်။ လက်ဆောင်အဖြစ် အရင်းပြုပြီး ပေးကမ်းစွန့်ကြဲတယ်။ ပေါင်းသင်းဆက်ဆံရေးမှာ ပေးကမ်းခြင်းဟာ အောင်မြင်ခြင်းအခြေခံပေါ့။ အင်ဂျင်နီယာလည်းဖြစ်ပြန်၊ သားငါးဘူးတွေ လက်ဆောင်ပေး၊ ငွေကြေးကလည်း သုံးနိုင်တော့ တောရွာမှာ အလွန်မျက်နှာပွင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ရွာသူရွာသားတွေကို သားငါးဘူး၊ ကုလားပဲတွေ လက်ဆောင်ပေးပြီး မိတ်ဆွေဖွဲ့တယ်။ ကာလသားတွေကို အရက်တိုက်၊ ထန်းရည်တိုက်ပြီး ပေါင်းတယ်။ နောက်ဆုံး ရွာသူကြီးနဲ့ ကျောင်းထိုင်ဆရာတောင် မနေရပါဘူး။ ကျွန်တော် မြို့ကို တစ်လတစ်ခါ နှစ်ခါပြန်တာနဲ့ ကိတ်မုန့်တွေ၊ ရေခွေးခာတ်ဘူးတွေ၊ လက်နှိပ်ဓတ်မီးတွေ ဝယ်လာပြီး လက်ဆောင်ပေးပြီး ပေါင်းတာ။ ဒါကြောင့် တောရွာမှာဆိုရင် အင်ဂျင်နီယာ တောက်ထိန်ဆိုရင် 'ဗိုလ်တောက်၊ ဗိုလ်တောက်' နဲ့ ကလေးကအစ ခွေးအဆုံး သိကြပါတယ်။

ကျွန်တော့်ဌာနကလည်း ရပ်ရွာနဲ့ တည့်အောင်ပေါင်းတတ်တဲ့ ကျွန်တော့် ကို အလွန်သဘောကျပြီး အားကိုးပါတယ်။ တခြားတွင်း အင်ဂျင်နီယာဆိုတာ (AE)ပဲ။ ကျွန်တော်က (JE)ပဲ ရှိသေးတာ။ ဒါပေမဲ့ Service အရ စီနီယာဂျေအီး၊ တွင်းတူးခေါင်းဆောင်ပဲ။ ကျွန်တော့်အထက်မှာ (SAE)တစ်ယောက် ရှိသေးပေ မဲ့ သူက မြို့သား၊ တောမှာမပျော်ဘူး။ အရေးကြီးတဲ့ကိစ္စတွေ လုပ်ပြီးတာနဲ့ အစစ အရာရာ ကျွနတော့်ကိုလွှဲပြီး ရန်ကုန်ပြန်ပြေးတော့တာပဲ။ ကျွန်တော့်မှာ တွင်းတူး ဝန်ထမ်းလုပ်သား (၂၀)လောက်နဲ့ အလုပ်ကြပ်(၂)ယောက်၊ ပစ္စည်းတင် TE Hino ကားကြီးတစ်စီးရှိတယ်။ (SAE) ကတော့ LAND ROVER ကားသုံးတယ်။

ထောက်ဌာနက စာရေးကြီးဦးကျော်က ကျွန်တော့်တပည့်အားလုံး ကျွန် တော့်လက် ကျွန်တော်ခြေပါပဲ။ တကယ့်လက်တွေ့ တွင်းဆရာက ဆရာမိုးကြီး။ အတွေ့အကြုံရင့်ပြီး အတန်းပညာမတတ်လို့ အရာရှိမဖြစ်တာ။ အရက်တော့ အလွန်ကြိုက်တယ်။

နောက်တစ်ယောက် အင်ချုပ်က ဆရာသန်းဖေ။ သူတို့နှစ်ယောက်က အတွဲညီတယ်။ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်တယ်။ အဲ ... နားပြီဆိုရင် တော့ အရက်ကြိုက်တာချင်းလည်း တူကြတယ်။ ဝန်ထမ်းတွေအပေါ်လည်း သားသမီးအရင်းအချာလို ပေါင်းတာ။ ဝန်ထမ်းတွေကလည်း သူတို့နှစ်ဦးကို အလွန် ချစ်ကြောက်ရိုသေကြတယ်။ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ပဲ။ သူတို့က တစ်အုပ်စု လုံး စုပေါင်းချက်စားကြတာ။ အခုနောက်ပိုင်း ဝန်ထမ်းမိသားစု၊ အိမ်ထောင်စုတွေ ရောက်လာမှ အိုးခွဲချက်စားကြတာပေါ့။ ဒါတောင် ဆရာမိုးကြီးရဲ့ သီးစုံပဲကုလား ဟင်းကို ကပ်စားကြတုန်းပဲ။ ကျွန်တော်ကတော့ ဆရာမိုးတို့ဆီမှာ စားလိုက်၊ ဝန်ထမ်းမိသားစုအိမ်တဲတွေမှာ စားလိုက်၊ ရွာက အလျှဉ်းသင့်တဲ့အိမ်တွေမှာ


www.burmeseclassic.com

www.burmeseclassic.com


စားလိုက်၊ တစ်ကိုယ်ရေတစ်ကာယ လူပျိုဘဝဆိုတော့ ပူစရာမရှိဘူး။ ကြုံရာ သင့်ရာမှာပါပဲ။ တောရွာဆိုတော့ အစားအသောက်ကလည်း ပေါသကိုးဗျ။

အဲ ... ကျွန်တော်တို့ တာဝန်ထမ်းဆောင်ရတဲ့နေရာကို ပြောရဦးမယ်။ ထန်းတစ်ပင်မြို့နယ်၊ မဲဇလီရေထိမ်းတံတားအနား၊ ပဲခူးတိုင်း၊ ပဲခူးရိုးမတောင်ခြေ ဒေသပါပဲ။ အရှေ့ဘက်မှာ ပုသိမ်ရန်ကုန်လမ်းနဲ့ လှိုင်မြစ်ဖြစ်ကြီး၊ လှိုင်မြစ်ကမ်း၊ တစ်ဖက်မှာတော့ ဆရာ သိပ္ပံမောင်ဝရဲ့ ကုက္ကိုဝရွာရှိတယ်။ ငါးနဲ့သားငါးလုပ်ငန်း လုပ်ကြတယ်။ အတော်စည်ကားတဲ့ ရွာကြီးပါပဲ။ တစ်ရွာလုံး ဝါးဖောင်တွေ၊ သစ်ဖောင်တွေ ပိုင်းနေတယ်။ လှိုင်မြစ်ကမ်းက ရွာကြီးပဲလေ။

ရေနံ့အစမ်းတွင်းတွေက အလားအလာကောင်းပါတယ်။ အခု ကျွန်တော်တို့ တူးတဲ့နေရာက အမိက ရေနံကြောကြီးရှိတယ်လို့ ကောင်းကင်ဂြိုဟ်တုမြေပုံ အရ အထောက်အထားရထားတယ်။ ကျွန်တော်တို့ဌာနကလည်း အတော်အလေး ထားပါတယ်။ ရပ်ရွာကလူတွေ၊ ရှေးမီနောက်မီလူကြီးတွေ ပြောစကားအရတော့ ကျွန်တော်တို့ စခန်းချပြီး ရေနံတွင်းတူးမယ့်နေရာက မြေကြမ်းပြီး အလွန်နတ်ကြီး တဲ့နေရာဆိုပဲ။ အရင်က အမိကရသစ်ပင်ကြီးတွေရှိတဲ့ သစ်တောကြီးဖြစ်ပေမဲ့ အခုတော့ ပဲခူးရိုးမတောင်ခြေ၊ ကွင်းနဲ့ တောပြုန်းပြီး အင်တိုင်းဆန်ဆန် တော လောက်ပဲ ရှိပါတော့တယ်။

တောနဲ့တူတာဆိုလို့ ဝါးရုံတောနဲ့ အင်ပင်ပေါက်၊ မြယာချုံနဲ့ ဆီးပင်၊ ညောင်ကြပ်ပင်ပေါက်၊ ခပေါင်းပင်၊ ရေငတ်ခံနိုင်တဲ့ ဆူးပင်တွေလောက်သာ ရှိပါ တော့တယ်။ ကြာရင်တော့ ကန္တာရတောလောက်တောင် အနိုင်နိုင်ကျန်မှာပါ။ အဲဒီနားက တောရွာတွေကတော့ ရွာဟောင်းကြီးတွေဖြစ်လို့ ကုလားကုက္ကိုပင်ကြီး တွေနဲ့ ပိတောက်ပင်၊ မန်ကျည်းပင်ကြီးတွေရှိတာကြောင့် အရိပ်ကောင်းပြီး အတော် အေးချမ်းပါတယ်။ အရင်တုန်းက သစ်ပေါဝါးပေါနဲ့ ဆောက်ထားတဲ့ ပျဉ်ထောင် အိမ်ကြီးတွေ ရှိသေးတယ်။ ရှေးဟောင်းဘုန်းကြီးကျောင်းဆိုရင် အတော်ခန့်ညား ကြီးကျယ်တုန်းမဲ့။

အဲဒီရွာဘုန်းကြီးကျောင်းကြီးမှာ သက်တော်ရှည်ဆရာတော်ဘုရားကြီး မရှိတော့ပေမဲ့ သက်တော်ရှည် ကပ္ပိယကြီးတော့ ရှိသေးတယ်။ အသက်က (၉၀) ကျော်ပြီ။ နာမည်က အဘိုးဖြူသီးတဲ့။ ရွာမှာတော့ အဘိုးဖြူ၊ အဘိုးဖြူနဲ့ အတော် လူချစ်လူခင်များတယ်။ အသက်အကြီးဆုံးဖြစ်လို့ ရှေးဟောင်းနှောင်းဖြစ် အကုန်သိ


www.burmeseclassic.com

www.burmeseclassic.com


တယ်။ မှတ်ဉာဏ်ကလည်း အလွန်ကောင်းပြီး အရင်က အဲ့ဒီရွာမှာ ဗိန္ဓောနဲ့ ပယောဂဆရာ၊ လက္ခဏာ၊ ဗေဒင်ဆရာ၊ အခု ကျောင်းထိုင်ဆရာတော်က အရင်ဆရာတော်ဘုရားကြီး ပျံလွန်မှ ရောက်လာတဲ့ ဆရာတော်၊ သက်တော် (၇၀)၊ ဝါတော်(၅၀) ရွာကိစ္စမှာ ရှေးမီနောက်မီ ကပ္ပိယကြီးအဘိုးဖြူကို ဆရာတင်ရတယ်။ ရွာသူကြီးဦးဘမုန်းတောင် ရွာကိစ္စ အရေးပေါ်ရင် အဘိုးဖြူကို မတိုင်ပင်ဘဲ မလုပ်ရဲဘူး။ အဲ ...အဲ့ဒီရွာနာမည်တွေကို ပြောဖို့ကျန်နေတယ်။ 'မရိုးဖြူ' ရွာတဲ့။ လူသိများပြီး ခေါ်ကြတာကတော့ အဘိုးဖြူရွာတဲ့လေ။

ကျွန်တော်တို့လည်း ရေနံရှာဖွေရေးအတွက် နေရာအတိအကျ သတ်မှတ်ချက်ရတော့ အဘိုးဖြူကိုပဲ ဆရာတင်ပြီး မေးရစမ်းရတာပေါ့။

"အဘိုးဖြူ ... ကျွန်တော်တို့စခန်းချပြီး ရေနံအစမ်းတွင်းတူးမယ့်နေရာက အရင် ဘယ်လိုနေရာလဲ။ မြေကြမ်းတယ်ဆို။ ဆောင်ရန်ရှောင်ရန်ကလေးများ လုပ်ပေးပါဦး။ ကျွန်တော်တို့က အစိုးရဝန်ထမ်းဆိုတော့ ဒီနေရာတူးဆိုရင် တူးရမှာပါပဲ။ ရှောင်လွှဲလို့ မရနိုင်ပါဘူး"

"အေးပါ ... မင်းတို့က အစိုးရမင်းအာဏာနဲ့ အလုပ်လုပ်ရတဲ့ မင်းခစားတွေပဲ။ တူးရမှာပေါ့။ အဲ ... ဒါပေမဲ့ သူ့နေရာနဲ့သူ ပိုင်ရာဆိုင်ရာဆိုတာ ရှိစမြဲပဲ။ နောက်ပြီး မင်းတို့ စခန်းချတဲ့နေရာက လက်ပံလှစခန်းလို့ ခေါ်တယ်။ လက်ပံလှချောင်းမြစ်ဖျားခံရာ ဒေသပေါ့။ လက်ပံလှချောင်းကပဲ ပဲခူးရိုးမကို အခြေခံပြီး လှိုင်မြစ်ထဲကို စီးဝင်တာ။

၁၉၅၂ခုနှစ်၊ အင်္ဂလိပ်တွေ မြန်မာပြည်အောက်ပိုင်းကို သိမ်းယူပြီးကတည်းက ဘုံဘေဘားမားသစ်ကုမ္ပဏီက လက်ပံလှသစ်ထုတ်စခန်းဆိုပြီး အထိုင်ချ သစ်စခန်းကြီးဖွင့်ခဲ့တာ။ လက်ပံလှချောင်းကနေ လှိုင်မြစ်ထဲ သစ်မျှောချပြီး သစ်ထုတ်ခဲ့တာ။ မင်းတို့စခန်းမှာ သစ်ဆွဲဆင် အကောင် (၂၀)လောက်ရှိပြီး ဆင်ဦးစီးတွေက အိန္ဒိယကုလားတွေ၊ မြန်မာဆင်ဦးစီးနည်းနည်းပဲ ရှိတယ်လို့ ကြားဖူးတယ်။ မျက်နှာဖြူသစ်တောမန်နေဂျာ ရုံးစိုက်ရာဒေသပေါ့။ အလုပ်သမားတွေ ရာဂဏန်းနဲ့ အတော်ကြီးကျယ်တဲ့ စခန်းကြီးပဲ။ အဘတို့ရွာလည်း အဲ့ဒီစခန်းကြီးကို မှီပြီး ရွာကြီးဖြစ်လာတာ"

"ဒါနဲ့ အဘ အဲ့ဒီ လက်ပံလှစခန်းနဲ့ လက်ပံလှချောင်းက ဘယ်လိုဖြစ်ပြီး ပျောက်ကွယ်သွားတာလဲ"

"အဲဒါကို ပြောမယ်လေကွယ်။ မင်းက တယ်လောတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



လက်ပံလှချောင်း။ လက်ပံလှစခန်းဆိုတာ အဲ့ဒီတုန်းက အဓိကရလက်ပံပင်ကြီးကို အစွဲပြုပြီး မှည့်ခေါ်တာတဲ့။ အဲဒီနေရာက ပသီနတ်မောင်နှမ နယ်မြေ။ လင်မယားအတူနေတာတို့၊ ယောကျ်ားနဲ့မိန်းမ၊ ဆက်ဆံတာတို့ မကြိုက်ဘူး။ အစပိုင်းကတော့ အလုပ်သမားယောကျ်ားချည်းပဲဆိုတော့ ပြဿနာမရှိဘူး။ နှစ်ပေါက်လို့ စခန်းကြီး စည်ကားလာတော့ ဈေးသည်တွေနဲ့ အလုပ်သမားမိသားစု သားမယား အိမ်ထောင်စုတွေ တဖြည်းဖြည်းရောက်လာပြီး စည်ကားသထက် စည်ကားလာတော့တာပေါ့။ အဲဒီမှာ အမှားဖြစ်ဟန်တူပါတယ်။

ပထမ ချောင်းရေလျှံတယ်။ အတော်နဲ့ ရေမကျလို့ အိမ်ထောင်စုတွေ ကုန်းမြင့်ရာ ရွှေ့ပြောင်းရတယ်။ နောက်တစ်ခါ မြေပြိုတယ်။ စခန်းကို နီးစပ်ရာ အဘတို့ရွာဘက် ပြောင်းလာကြတယ်။ နောက်ဆုံးတော့ တောင်ကုန်းနဲ့ ရိုးမ တောင်စွယ်ပါ ပြိုပြီး လက်ပံလှစခန်းတစ်ခုလုံး တော်လဲသံကြီးနဲ့ ဖုံးလွှမ်းသွားတော့တာပဲ။ အဲဒီကတည်းက စခန်းလည်း မြေအောက်ရောက် ပျောက်ကွယ်သွားပြီး လက်ပံလှချောင်းလည်း တဖြည်းဖြည်း ကောသွားတော့တာပဲ''

အဲဒါက လူကြီးတွေပြောလို့ သိရတာ။ အဘလည်း မမီလိုက်ဘူး။ အဲ . . . မောင်ရင်တို့က အခု အဲဒီစခန်းအပေါ်တည့်တည့်မှာ စခန်းချပြီး ရေနံတူးကြဦးမှာဆိုတော့ ဒုတိယအကြိမ် အမှားမဖြစ်ဖို့တော့ အရေးကြီးတယ်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေပဲ၊ ဒေသခံပုဂ္ဂိုလ်တွေကိုတော့ ဒေသထုံးစံလေးစားသမှုနဲ့ အသိအမှတ်ပြုကြပေါ့။ မင်းတို့ ဆန္ဒရှိရင် အဘဦးဆောင်ပြီး လုပ်ပေးပါ့မယ်''

''ဟုတ်ကဲ့ပါ . . . အဘ အားကိုးပါတယ်။ အဘပဲ ဦးဆောင်ပြီး ဆောင်ရွက်ပေးပါ။ လိုအပ်တာမှန်သမျှ ကျွန်တော် အကုန်ဝယ်ပါ့မယ်''

''အေး . . . အေး . . . ကောင်းပြီ။ နေ့ကောင်းရက်သာ အဘရွေးပြီး စီစဉ်ပေးပါ့မယ်။ ဒီကြားထဲ မင်းတို့ဘက်က အမှားတော့ မလုပ်မိစေနဲ့''

''ဟုတ်ကဲ့ပါ . . . အဘ။ ကျွန်တော် အလုပ်သမား အားလုံးကိုလည်း နားလည်အောင် ကျွန်တော် ပြောဆိုသတိပေးထားပါ့မယ်''

''အေး . . . အေး . . . ကောင်းပြီ။ အဘ တွက်ချက် နိမိတ်ယူ၊ ခွင့်တောင်းပြီး အမြန်ဆုံး ဆောင်ရွက်ပေးပါ့မယ်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

တစ်ပတ်ခန့်အကြာ တနင်္ဂနွေနေ့ အလုပ်နားရက်ရောက်တော့ အဘဖြူက ကျွန်တော့်ကိုတွေ့တာနဲ့ . . .

"ဗိုလ်တောက်ရေ . . . မင်းဆီကို ငါ လာမလို့ပဲ။ လာမယ့် ဗုဒ္ဓဟူးနေ့ မနက်မှာ မင်္ဂလာရက်ရတယ်။ အချိန်ကတော့ မနက် (၉)နာရီပေါ့။ ရော့ . . . ဟောဒီမှာ လိုအပ်တဲ့ပစ္စည်းစာရင်း။ ဆားမလောက်ကဝယ်ဝယ်၊ ထန်းတပင်က ဝယ်ဝယ်၊ ကြိုက်တဲ့နေရာကဝယ်။ ပစ္စည်းပြည့်စုံရင် ပြီးတာပဲ"

ထို့ကြောင့် ကျွန်တော် အင်္ဂါနေ့မနက်တွင် TE ကားကြီးဖြင့် ဆရာမိုးကို ခေါ်ကာ ဆားမလောက်ဈေးသို့ ထွက်ခဲ့ကြသည်။ ထန်းတပင်က အတွင်းကျသည်။ သွားငါးတော့ပေါသည်။ သူက အုန်း၊ ငှက်ပျော၊ အသီးအနှံတွေဆိုတော့ ဆားမလောက်ဈေးက အဆင်ပြေပါသည်။ ကျွန်တော်တို့အတွက် ယမကာလည်းမျိုးစုံရသည်။ ရန်ကုန်၊ ပုသိမ်၊ ညောင်တုန်း၊ လမ်းဆုံဖြစ်သဖြင့် စားသောက်ဆိုင်များက အတော်လက်ရာကောင်းပါသည်။ တောစာချည်း စားနေရသော ကျွန်တော်တို့ တစ်ခါတလေ မြို့စာကလေးများလည်း စားချင်စိတ် ခံတွင်းတောင်းသည်။

ကျွန်တော်တို့ စခန်းဖြင့်နီးသော မဲဇလီရွာ၊ ရေထိန်းတံတား စားသောက်ဆိုင်များက လွန်စွာညံ့သည်။ မြို့ကဆိုင်များမဟုတ်ဘဲ နီးစပ်ရာရွာများကဖွင့်သော ဆိုင်များဖြစ်၍ မြို့လက်ရာမဟုတ်။ တောလက်ရာသာဖြစ်သည်။ အရက်ဆို ဤ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်တွင် အားလုံးအတူတူချည်းဖြစ်သည်။ ယခင်ကလို ထွေးညိုကို တောရွာတွေမှာပင် မသုံးတော့။ တောကြို့အုံကြား မြန်မာပြည်က ချက်လုပ်သည့် ဝီစကီအမျိုးမျိုးက နေရာယူထားသည်။ ယခင်က အကောင်းထားပြီး သူတကာကြိုက်သည့် ရှုပါ Rum ပင် မသုံးကြတော့ပါ။

တကယ်တမ်း ဈေးဝယ်တော့လည်း ဆရာမိုးနဲ့အဖွဲ့ပါပဲ။ ကျွန်တော်က အဘဖြူပေးတဲ့ ဈေးစာရင်းနဲ့ ငွေထုတ်ပေးလိုက်ရုံပါပဲ။ ကျွန်တော်နဲ့ ကားဆရာကတော့ ဈေးပြန်စောင့်ရင်း ဆားမလောက်က အကောင်းဆုံးစားသောက်ဆိုင်မှာ စားသောက်အပန်းဖြေကြတာပါပဲ။

နေ့လယ်ပစ္စည်းစုံတော့ နေ့လယ်စာစားကြရင်း ထပ်သောက်ကြပြန်ရော။ စခန်းပြန်ရောက်တော့ ပစ္စည်းတွေကို အဘဖြူအပ်ပြီး အဘဖြူ ပြင်ဆင်နိုင်းသလို ဆရာမိုးအဖွဲ့ကိုအပ်ရတယ်။ ကန်တော့ပွဲနဲ့အတူ တွင်းတူးပစ္စည်းအစုံအလင်ကို အတူပြင်ဆင်ထားရမှာဖြစ်ပါတယ်။

သတ်မှတ်ထားတဲ့ ဗုဒ္ဓဟူးနေ့ မနက်(၇)နာရီကတည်းက အဘဖြူဦးစီးတဲ့ ကျွန်တော်တို့အဖွဲ့တွေ ကျင်းတူးမယ့်နေရာမှာ အဆင်သင့် ပြင်ဆင်နေကြပါတယ်။ ကျင်းတူးစင်မြင့် ကရိန်းနဲ့လွန်သွားကို ကျင်းစတူးမယ့်နေရာပေါ်တည့်တည့်မှာ ချပြီး ကန်တော့ပွဲပေးရွတ်ဖတ်သရဇ္ဈာယ်ရမှာ ဖြစ်ပါတယ်။ ရွာချောင်းက ကျောင်းထိုင်ဘုန်းကြီး အပါအဝင်သံဃာတော်ငါးပါးကိုလည်း ပင့်ထားပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းအဖွဲ့ အကုန်လုံးက တစ်ဖက်၊ သံဃာတော်များက တစ်ဖက် ဖြစ်ပါတယ်။

ပထမဆုံး ဆရာတော်က ငါးပါးသီလပေး၊ အန္တရာယ်ကင်း ပရိတ်တော်ကို ဟောကြားပြီး သံဃာတော်အားလုံးက မေတ္တာသုတ်ကို ရွတ်ဆိုပါတယ်။ ပြီးမှ ရေစက်ချ၊ အမျှဝေ၊ မေတ္တာပို့ သာဓုခေါ်ရပါတယ်။ ကိစ္စတွေ အားလုံးပြီးမှ သံဃာတော်တွေကို စခန်းရုံးမှာ ဆွမ်းကပ်ပါတယ်။ တစ်ချိန်တည်းပဲ အဘဖြူရွေးပေးတဲ့ မနက် (၁၀)နာရီတိတိအချိန်မှာ တွင်းတူးလွန်စက်ကြီးကို စတင်မောင်းပါတယ်။ လွန်စက်ကြီးမောင်းတယ်ဆိုတာနဲ့ ဆရာသန်းဇော်တို့အဖွဲ့က ကြီးကြပ်ရတယ်။ ဆရာမိုးတို့အဖွဲ့ကတော့ ဆရာတော် ဘုန်းကြီးဝေယျာဝစ္စတွေ လုပ်ပေါ့။ တက်ညီလက်ညီပါပဲ။ ဆရာတော်တွေဘုဦးပေးပြီး ရွာကျောင်းကို ပြန်ကြွ၊ ကျွန်တော်တို့ အဘဖြူနဲ့ ရွာသူကြီး၊ ကာလသားခေါင်းနဲ့ ဖိတ်ကြားထားတဲ့သူတွေကို နေ့လယ်စာ ထမင်းကျွေးနေတုန်း တွင်းတူးအဖွဲ့ခေါင်းဆောင်သန်းဇော်ရောက်လာတယ်။ မြေတစ်ဆုပ်ကိုင်ပြီး ကျွန်တော်နဲ့ ဆရာမိုးကို လာပြတာ။



www.burmeseclassic.com

www.burmeseclassic.com


"ဆရာမိုးနဲ့ ဗိုလ်တောက်၊ ပေ (၅၀)အနက်က ဟော့ဒါတွေ ထွက်လာတယ်။ မြေကြီးမဟုတ်ဘူး။ ကျွန်းသားတွေထင်တယ်။ ဝါထိန်ပြီး ကျွန်းသားအနံ့ထွက်နေတယ်။ အောက်ထဲမှာ ရှေးတုန်းက ကျွန်းသားအငုတ်များ ကျန်ခဲ့ရော့သလား မသိဘူး"

ဆရာမိုးက သူ့ထုံးစံအတိုင်း အဆဲကလေးဖြင့် ...

"နင့်မေကလွှား ... အနက်ပေ(၅၀)မှာ ကျွန်းငုတ်က ရှိမလားဟ။ ကျွန်းပင်ငုတ်ပဲ ရှိလှ အနက်ပေ (၄) (၅)ပေပေါ့။ ကျွန်းငုတ်က အဝီစိမှာ သွားရှိရမှာလား ... သန်းဇော်ရဲ့"

"သိဘူးလေ ... ဆရာမိုးရဲ့။ အင်္ဂလိပ်ခေတ်ကဆိုတော့ လွန်ခဲ့တဲ့ နှစ်(၁၀၀)ကျော်က အဘဖြူပြောတော့ မြေပြိုပြီး စခန်းကို ဖုံးသွားတာဆိုဗျ"

ထိုအခါမှ ကျွန်တော်က ဝင်၍ ...

"ဆရာမိုး ဖြစ်နိုင်တယ်ဗျ။ အင်္ဂလိပ်ခေတ်တုံးက ပုံထားတဲ့ သစ်လုံးပုံပေါ် လွန်သွားကျသွားသလားမှ မသိတာ"

"လာပြန်ပြီတစ်ယောက် လွန်ခဲ့တဲ့ အနှစ်(၁၀၀)ကျော်က သစ်လုံးတွေက ဆွေးရောပေါ့ဟ"

"ဆရာမိုး မြန်မာ့ကျွန်းဗျ။ နောက်ပြီး လေမိုးမထိဘဲ မြေမြုပ်နေတာ။ နှစ်ထောင်နဲ့ချီပြီးတောင် ခံချင်ခံမှာ"

"အေးကွ ... အဲဒါလည်း ဖြစ်နိုင်တယ်။ ရေနံမတူးဘဲ မြေထိုးစက်နဲ့ကလော်ပြီး ကျွန်းတုံးတွေဖော်၊ ရောင်းစားရမလိုဖြစ်နေပြီ"

"ကောင်းတာပေါ့ ... အဘရဲ့။ ဗ(၁)၊ ဗ(၁)နဲ့ ထောင်ထဲသွားပြီး ဇိမ်နဲ့နေပ်နေရတာပေါ့။ ကျွန်းက အစိုးရပိုင်၊ တားမြစ်ပစ္စည်းလေ"

"မင်းကလည်း ငါက သဘောပြောတာပါ။ ပေ (၅၀)အနက်က စခန်းတစ်ခုလုံး ချိုင့်ဝှမ်းကြီးဖြစ်သွားအောင် ဘယ်လိုနဲ့ ကော်မလဲ။ ကုန်လိုက်မယ့်ဒီဇယ်တွေ။ ကျွန်းတုံးတွေ အများကြီးဆိုရင်တော့ ဟုတ်ချင်ဟုတ်မယ်။ တစ်တုံးနှစ်တုံးကို သွားထိတာဆိုရင်တော့ မှန်းချက်နဲ့ နှမ်းထွက်ကိုက်မှာ မဟုတ်ဘူးကွ"

"ကဲ ... ကိုယ့်အလုပ်ကိုယ်လုပ်တာပဲ ကောင်းပါတယ်ဗျာ။ ကျွန်တော်လုပ်ငန်းခွင် ပြန်တော့မယ်။ ဆရာမိုးတို့ ထမင်းစားပြီး ကျွန်တော်တို့အလှည့်နော်။ နေ့လယ် (၁၂)နာရီ ဂျူတီချိန်းမယ်"

"အေးပါဟ ... အငတ်ရ၊ ဝတ်ကြီးကျလွန်းတယ်။ ဒီနေ့ ဟင်းကောင်းကောင်းနဲ့ ထမင်းစားရမှာပါ"

ထိုနေ့က ကျွန်တော်တို့နေ့လယ်စာစားပြီး နေ့လယ်(၁၂)နာရီတွင် အဘမိုး


www.burmeseclassic.com

www.burmeseclassic.com


နှင့် ဆရာသန်းဇော်တို့အဖွဲ့ ဂျူတီချိန်းပြီး ဆရာသန်းဇော်တို့အဖွဲ့ နေ့လယ်စာ ထမင်းစားကြသည်။ ဤသို့နှင့် (၆)နာရီတစ်ကြိမ် အဖွဲ့ချိန်းပြီး နားကြသည်။ တွင်းတူးလွှနစက်ကြီးကိုတော့ အနားမပေး။ နေ့အဆိုင်း၊ ညအဆိုင်း အဆိုင်းခွဲ၍ လုပ်ကြရသည်မှာ ထုံးစံဖြစ်ပေသည်။

ညနေ (၆)နာရီထိုးပြီး ဆရာသန်းဇော်တို့အဖွဲ့ ညနေစာစား၍ လုပ်ငန်းခွင်အဝင် ဆရာမိုးတို့အဖွဲ့ လုပ်ငန်းအထွက် ရွာမှ ကာလသားခေါင်း ကိုစိန်မှတ် ရောက်လာပြီး ချေတစ်ကောင် မျက်စိလည်လမ်းမှားပြီးဝင်လာသဖြင့် ကာလသားများ ဝိုင်းဝန်းပိတ်ဆို့ပြီး ရိုက်သတ်၍ ချက်ပြုတ်ထားကြောင်း ညစာစားရန် လာဖိတ်သည်။ ဆရာမိုးကလည်း ဂျူတီအထွက်အတော်ဖြစ်သဖြင့် စခန်းမှ ပုလင်းများကိုယူကာ ကျွန်တော်တို့နှစ်ဦး ကာလသားခေါင်းကိုစိန်မှတ်နှင့်အတူ လိုက်သွားကြသည်။ ကိုစိန်မှတ်တို့အိမ်တွင် စားဝိုင်းကြီးက အဆင်သင့်။ ဆရာမိုးက အသင့်ပါလာသည့် ပုလင်းများကို အပ်လိုက်တော့ ဝိုင်းစကြသည်။ ကိုစိန်မှတ်က ...

"ဗိုလ်တောက်ရေ .... အဘဖြူကတော့ ပြောတယ်။ ရွာထဲတောကောင်ဝင်တာ အတိတ်နိမိတ် မကောင်းဘူးတဲ့။ ကျွန်တော်တို့ကိုလည်း အစားအသောက် ဆင်ခြင်ဖို့ သတိပေးထားတယ်"

ဆရာမိုးက ...

"တောင်ခြေ၊ တောနဲ့ဆက်နေတဲ့ရွာပဲ။ တောကောင်ဝင်တာ ဘာဆန်းသလဲ။ အဘဖြူကတော့ ရှေးလူကြီးပီပီ အတိတ်တွေ နိမိတ်တွေကောက် နေပြန်ပါပြီ။ ပိုင်ရာဆိုင်ရာတွေကို လုပ်သင့်တာတွေလည်း လုပ်ပြီးပြီပဲ။ တောကောင်ဝင်တော့ အခုလို ပျော်ပျော်ပါးပါး စားရတာ အမြတ်ပေါ့။ တောပြုန်းကတည်းက တောကောင်သားက မစားရတာ ကြာပြီပဲ"

ချေတစ်ကောင်လုံး ဝမ်းတွင်းသားဟင်းက အမြည်း၊ ခြေလက်စွပ်ပြုတ်၊ ခေါင်းက အသုပ်၊ ရင်ပုံသားက အကင်နဲ့ ဟင်းဆီပြန်ဆိုတော့ လက်ရာက အတော်စုံသည်။ ကျွန်တော်တို့အဖွဲ့ စားကြသောက်ကြသည်မှာ ည(၉)နာရီထိုးသွားသော်လည်း ဝိုင်းက မပြတ်သေးပါ။

ည (၉)နာရီထိုးသည်နှင့် ရိုးမတောင်ပေါ်တွင် လေတိုက်လာသည်။ လေသံက တဝေါဝေါ၊ တောသံဟိန်းနေသည်။ အချိန်က မတ်လကုန်ဖြစ်၍ သကြန်မိုးကလည်း ဝေးပါသေးသည်။ သို့သော် ယခုနှစ် မိုးဦးစောစောကျမည်ဟု အဘဖြူက တွက်ချက်ထားသည်။ မကြာပါ။ ရိုးမကြောပေါ်တွင် လျှပ်စီးများလက်လာပြီး လျှပ်ရောင်ကြောင့် မိုးရိပ်များ ဆင်လာသည်ကို မြင်တွေ့နေရသည်။

ဆရာမိုးက ...


www.burmeseclassic.com

www.burmeseclassic.com


"ကဲဟေ့ ... အမြန်စားသောက်ပြီး ဝိုင်းဖြတ်ကြရအောင်။ အခါမဲ့မိုးက တကယ်ရွာမယ်ထင်တယ်။ သန်းဇော်တို့အဖွဲ့ မိုးရွာထဲမှာ ဒုက္ခရောက်ကုန်လိမ့်မယ်။ စခန်းပြန်ကြရအောင်"

ကျွန်တော်တို့ လက်စသိမ်း၍ အပြတ်ဖြတ်နေကြစဉ် မိုးသဲသဲ ရွာချလာပြီး တော်လဲသံကြီး ကြားလိုက်ရသည်။

"ဝေါဝေါဝေါ ... ဝုန်း အုန်း ... အုန်း ... အုန်း"

ရိုးမတောင်ကြီး ပြိုဆင်းသလို အသံမျိုး၊ လျှေင်လှုပ်သလို ရွာတစ်ရွာလုံး သွက်သွက်ခါသွားသည်။ လျှေင်လှုပ်၊ တော်လဲသံကြီးမှာ (၅)မိနစ်ခန့်သာ ဖြစ်သော်လည်း သဲသဲမဲမဲ ရွာသောမိုးကြီးက မတိတ်နိုင်။ အတော်လည်း ရေပါသည်။ နွေရာသီ ပူပြင်းခြောက်သွေ့သော အချိန်တွင် ရွာသော မိုးဖြစ်သော်လည်း အငြိုးကြီးလှသည်။ ရွာတွင်းတစ်ရွာလုံး ရေဖွေးသွားသည်။ မိုးတိတ်တော့လည်း ထူးဆန်းလှသည်။ တုံးတိတိ ဖြန်းခနဲ ရပ်သွားသည်။

ဆရာမိုးက ...

"ကဲ ... ဗိုလ်တောက်ရေ သန်းဇော်တို့အဖွဲ့တော့ ဘာတွေဖြစ်ကုန်မလဲ မသိဘူး။ မိုးတိတ်တုန်း ပြေးကြစို့လား"

"ဟုတ်ကဲ့ ... ဆရာမိုးရေ"

"ကျွန်တော်တို့လည်း လိုက်မှာပေါ့ အဘမိုးရ။ တုတ်မီးတွေ လက်နက်တွေပါ ယူခဲ့မယ်။ ဒီလို နွေရာသီမိုးရွာရင် အဆိပ်ရှိတဲ့အကောင်တွေ ထွက်တတ်တယ်။ ခြေခင်းလက်ခင်း အန္တရာယ်ရှိတယ်"

"အေး ... အေး ... အုပ်စုလိုက် သွားကြတာပေါ့"

ထိုအချိန်တွင် ခမောက်ကြီးတစ်လုံးနှင့် တုတ်မီးထိုးလျက် အဘဖြူ ရောက်လာသည်။

"ဘာတွေဖြစ်ကုန်တာလဲဟေ့ ... ငါ့အထင်တော့ မင်းတို့တွင်းတူးစင်ဘက်က ပြိုလဲသံပဲ။ အင်္ဂလိပ်ခေတ်က လက်ပံလှချိုင့်ဝှမ်းကြီးကို မြေပြိုလို့ ဖုံးသွားပြီး အခုမင်းတို့ကလည်း ရေနံတွင်းတူး၊ မိုးကလည်း မထင်မှတ်ဘဲ ရွာကလိုင်ထဲရေတွေဝင်ပြီး မြေတွေပြိုပြီး အရင်လို ချိုင့်ဝှမ်းကြီး ပြန်ဖြစ်သွားပြန်ပြီထင်တယ်။ ငါပြောသားပဲ၊ ရွာထဲချောင်ကတည်းက နိမိတ်မကောင်းပါဘူးလို့၊ မင်းတို့အဖွဲ့ထဲက တစ်စုံတစ်ယောက်လည်း နတ်မောင်နှမကြိုက်တာကို လုပ်မိပြန်ပြီထင်ပါရဲ့၊ ဒီတစ်ခါလည်း အသေအပျောက်များမှာပဲ"

ကျွန်တော်တို့အဖွဲ့ မီးတုတ်များ၊ တုတ်မီးများဖြင့် ရွာကထွက်တော့ ကျွန်တော်တို့စခန်းဘက်တွင် တစ်မျှော်တစ်ခေါ် ရေကြီးဖွေးနေသည်။ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com


တို့ စခန်းချသော ကုန်းပြင်မို့မို့ကိုပင် မမြင်ရတော့။ လှုပ်လှုပ်ရှားရှား လူသားကိုပင် တစ်စုံတစ်ယောက်မှ မမြင်ရတော့။

ကျွန်တော်တို့ တစ်မျှော်တစ်ခေါ် ရေပြင်ကြီးအနှံ့ မီးထိုးကြည့်၍ လှည့်ပေးသည်။ ပြန်ထူးသံမကြားရ။ ရေပြင်အလယ် ရေနံတွင်းတူးစင်နေရာဟု ခန့်မှန်းရသောနေရာမှ ရေပွက်ထနေသည်ကို အဝေးက လှမ်းမြင်နေရသည်။ ညဘက်ကြီး ရေဖုံးလွှမ်းနေသော ချိုင့်ဝှမ်းကြီးက မည်းမှောင်နက်၍ မည်မျှကျယ်သည် မသိရသဖြင့် ရှေ့ဆက်လည်း မသွားရဲတော့၊ အချိန်ကလည်း သန်းခေါင်ယံတိုင်ချေပြီ။

အဘဖြူက ...

"ကဲ ... လာကြပေတော့။ ညဘက်ကြီး အန္တရာယ်များတယ်။ ဝန်ထမ်းတွေတော့ တစ်ယောက်မှ အသက်ရှင်ကြပုံမရဘူး။ မနက်မှ မြင်မြင်ထင်ထင်ကြည့်ကြတာပေါ့။ ဒီညတော့ နီးနီးကြားကြား၊ စုစုဝေးဝေး ဘုန်းတော်ကြီးကျောင်းမှာပဲ အိပ်ကြတာပေါ့"

ထိုညက စုဝေး၍ အိပ်ကြသော်လည်း အိပ်၍မရပါ။ ရွာကလည်း တစ်ယောက်ပြီးတစ်ယောက် စိုးရိမ်စိတ်ဖြင့် သတင်းလာမေးနေကြသည်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ခေါင်းဆောင်များဖြစ်ကြ၍ အောက်လက်ငယ်သားများအပေါ်တွင် တာဝန်ရှိသဖြင့် စိတ်က မဖြောင့်ပါ။ တကယ်တမ်း ထိုညက ကျွန်တော်တို့အဖွဲ့သားမက တစ်ရွာလုံး မအိပ်နိုင်ကြဘဲ မိုးစင်စင်လင်းသော်ညဖြစ်ပါသည်။

မနက်အာရုံတက် ရောင်နီလာတော့ ကျွန်တော်တို့အဖွဲ့သားမက ရွာသူရွာသားများပါ ဘုန်းကြီးကျောင်းသို့ လာရောက်စုဝေးကြသည်။ အဘဖြူက လူစုံသော်လည်း ထွက်ခွင့်မပေးသာပါ။ အလင်းရောင်ကောင်းစွာရမှ အဘဖြူဦးဆောင်ပြီး ရွာကထွက်ခဲ့ကြသည်။ မြေပြင်က စိုစွတ်ဆဲဖြစ်သော်လည်း ရေဗွက်အိုင်ကျန်နေခြင်းမရှိ။ ကောင်းကင်ကလည်း ပြာလွင်လွင်နှင့် တိမ်စိုင်တိမ်ခဲများမရှိ။ တိမ်မြူမျှင်မျှလောက်သာ ရှိပြီး မိုးသားကင်းစင်နေသည်။

ကျွန်တော်တို့စခန်းကို အဝေးကပင် လှမ်းမြင်နေရသည်။ ကုန်းမြင့်ကလေး မဟုတ်တော့ ချိုင့်ဝှမ်းရေအိုင်ကြီးဖြစ်သည်။ ရေက အနည်းငယ်သာကျန်ခဲ့ပြီး ထူးဆန်းစွာ ကျွန်းသစ်လုံးပုံများကို ချိုင့်ဝှမ်းအနှံ့ မြင်ရသည်။ ကျွန်တော်တို့ ရေနံတူးသော တွင်းတူးစင်ကြီးမှာ ကျွန်းသစ်လုံးပုံကြီးတစ်ခုအပေါ်မှ တစ်ခုအပေါ်သို့ ပြိုလဲကျနေပြီး စိမ်းဖန့်ဖန့် ပျစ်ချွဲချွဲရေနံစိမ်းများ စီးယိုနေသည်။

ကျွန်တော်တို့ စခန်းချ၍ အခြေစိုက်ခဲ့သော ပဲခူးရိုးမတောင်ခြေ၊ ကုန်းမို့မို့ကလေးမှာ မရှိတော့။ တွင်းတူးရန် ပိုက်လုံးများ၊ လိုအပ်သော အရန်ပစ္စည်းများ၊ ယာယီတဲနှင့် ဝန်ထမ်းတဲစုများ၊ ရိက္ခာဂိုထောင်နှင့် ကျွန်တော်၏ချစ်သောမြင်း


www.burmeseclassic.com

www.burmeseclassic.com


HINO (TE) ကားကြီးပင်မရှိတော့ မြင်ကွင်းမှာ ပျောက်ကွယ်သွားပေပြီ။ ချိုင့်ဝှမ်းကြီးက အတော်ကျယ်သည်။ ရိုးမတောင်ခြေတွင် ဂလိုင်ကြီးလို ဖြစ်ပေါ်နေပြီး ရေစပ်စပ်နှင့် ရွံ့ညွှံပြင်ကြီးက လတာပြင်လို ကျယ်ပြန့်ပြီး အတော်ရှည်လျားသည်။ ရေများကအောက်ဘက်သို့ စီးဆင်းသွားရာ ယခင်နှစ်ပေါင်း (၁၅၀)ကျော်က လက်ပံလှချိုင့်ဝှမ်းပုံစံ ပြန်ပေါ်နေသည်။

အဘဖြူက အသေအချာကြည့်၍ လက်ညှိုးတစ်ထိုးထိုးဖြင့် ...

"အေး ... ငယ်စဉ်က ငါတို့မမီခဲ့တဲ့ ရှေးဘိုးဘွားတွေပြောခဲ့လို့ သိရ၊ ကြားရတဲ့ အင်္ဂလိပ်ခေတ်က လက်ပံလှ၊ ဘုံဘေဘားမား သစ်စခန်းကြီးပြန်ပေါ်လာတာပဲ ၁၉၅၂ခုနှစ်လောက်က ဖွင့်ခဲ့တာဆိုတော့ အခုနှစ်ပေါင်း (၁၅၀)ကျော်မှ မူလဇာတိ ရုပ်ပြန်ပေါ်လာတာ။ အတော်ထူးဆန်းတယ်။ ရေနံဝန်ထမ်းတွေ အသက်စွန့်ပြီးတူးခဲ့တဲ့။ မင်းတို့ရေနံ အစမ်းတွင်းကတော့ အောင်မြင်ပါပြီ။ ဟော့ဟို လတာပြင်ပေါ်မှာ ရေနံစိမ်းတွေ အိုင်ထွန်းနေတယ်။ တွင်းတူးပိုက်ကလည်း ရေနံစိမ်းတွေ စုပ်မထုတ်ရဘဲ စိမ့်ယိုထွက်နေတယ်"

"ကဲ ... ဗိုလ်တောက်ရေ၊ ပျောက်ဆုံးနေတဲ့ ဝန်ထမ်းတွေနဲ့ မိသားစုတွေအလောင်းရှာဖို့ မဲဇလီအခြေစိုက်စခန်းကို အပြေးသွားပြီး အကြောင်းကြားပေရော့ မင်းက ရေနံအစမ်းတွင်းတာဝန်ခံဆိုတော့ တာဝန်လုံးလုံးရှိတယ်။ အခုနေ လတာပြင်ချိုင့်ဝှမ်းထဲ ဆင်းဖို့ကတော့ အတော်အန္တရာယ်များတယ်။ တစ်ပတ် (၇)ရက်လောက်တော့ စောင့်ရလိမ့်မယ်လိမ့်ပါရဲ့"

"ဟုတ်ကဲ့ပါ အဘဖြူ။ ကျွန်တော်တို့လည်း အခုလောလောဆယ်တော့ ချိုင့်ဝှမ်းထဲ မဆင်းရဲပါဘူး။ ချိုင့်ဝှမ်းအနားသတ် မြေက မိုးရေဖြောင့်ထိပြီး အခုအချိန်အထိ တစ်လှုပ်လှုပ် ပွဲ့ကျနေတုန်းပဲ။ ကျွန်တော့်ဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေ၊ ကလေးတွေကတော့ အသက်ရှင်လမ်း မမြင်တော့ပါဘူး။ အတော်ဆန်းကြယ်တဲ့ အဖြစ်အပျက်ပါပဲ။ ပြောမယ့်၊ ကြုံမှသိရတာပါပဲဗျာ"

"အေး ... ငါပြောခဲ့သလို မင်းတို့ဝန်ထမ်းထဲက အများတစ်ခုခု ကျူးလွန်မိလိမ့်မယ်။ ခက်တာက ဘယ်သူ့မေးရမှာလဲ။ သက်သေမှ မရှိတော့တာ"

ကဲ ... အဘဖြူရေ ချိုင့်ဝှမ်းပတ်လည်သည်ဘက်က မြေစိတ်မချရတော့ ကျွန်တော်တို့ ပဲခူးရိုးမကြောပေါ်တက်ပြီး လေ့လာကြမယ်။ မဲဇလီအခြေစိုက်စခန်းကိုလည်း လူလွှတ်ပြီး အကူအညီတောင်းပါတယ်။ ဒီလောက်ကြီးဖြစ်နေတာ သူတို့ဘက်ကလည်း မသိစရာအကြောင်းမရှိပါဘူး။ အကြောင်းတစ်ခုခုတော့ ရှိပါလိမ့်မယ်။ ကဲ ... လူခွဲကြစို့"

ကျွန်တော် အစီအစဉ်ဆွဲနေစဉ် အခြေစိုက်စခန်းဘက်မှ လယ်ကွင်းကို


www.burmeseclassic.com

www.burmeseclassic.com


ဖြတ်၍ ဖုံအလိမ်းလိမ်းဖြင့် တက်လာသော ကားနှစ်စီးကို မြင်ရသည်။ နှစ်မိုင်ခန့်ဝေးကွာသော မဲဇလီအခြေစိုက်စခန်းဘက်တွင် မိုးသဲသဲပင် ရွာဟန်မတူပါ။

အဘဖြူက ...

"ကဲ ... ဗိုလ်တောက် ခဏစောင့်ဦး၊ ဟိုမှာ ... မင်းတို့အခြေစိုက်စခန်းက အဖွဲ့တွေ လာနေကြပြီ"

ကျွန်တော်နှင့် ဆရာမိုးတို့ အပြေးသွားကြိုကြသည်။ HINO (TE) ကားကြီးနှစ်စီးအပေါ်တွင် လူကအပြည့်။ ဖုန်ထူသောကြောင့် မျောက်ဖြူကြီးများ၊ သဖွယ် ဖြစ်နေကြသည်။ အခြေစိုက်စခန်းမှ တာဝန်ခံ (SAE)ဦးကျော်မြင့်နှင့် ဝန်ထမ်းများဖြစ်ကြသည်။ ဝန်ထမ်းအင်အာ များလွန်း၍ အသေအချာကြည့်မှ ကျွန်တော့်စခန်းမှ သေဆုံးသွားပြီဟု ယူဆထားသော ဆရာသန်းဇော်နှင့် အဖွဲ့ဝင်များ ဆရာမိုး၏ အနားရသော အဖွဲ့ဝင် ဝန်ထမ်းများဖြစ်ကြသဖြင့် ကျွန်တော် အလွန်အံ့ဩမိသည်။

"ဟယ် ... ဆရာသန်းဇော် ဘယ်လိုဖြစ်တာလဲ။ ကျွန်တော်နဲ့ ဆရာမိုးက ခင်ဗျားတို့အဖွဲ့နဲ့ ဆရာမိုးရဲ့ နားနေရင်းကျန်ခဲ့တဲ့ ဝန်ထမ်းတွေ မိသားစုတွေ မြေပြိုတဲ့အထဲ အကုန်ပါသွားကြပြီမှတ်တာ။ ကံကောင်းလိုက်တာဗျာ။ တော်လဲသံကြားကတည်းက မဲဇလီအခြေစိုက်စခန်းဘက် ထွက်ပြေးကြထင်ပါရဲ့"

"အယ် ... ဗိုလ်တောက်ကမေးတယ်ရှိသေးတယ်။ အတော်ထူးဆန်းတဲ့ အဖြစ်အပျက်ပဲဗျ။ ဆရာမိုးရဲ့ အဖွဲ့တွေ အဆိုင်းနားနေတုန်း ကျွန်တော်တို့အဖွဲ့ ကျွန်တော်ပါ (၁၁)ယောက် တွင်းတူးစက်ကြီးကိုမောင်းရတယ်။ အားလုံးမလိုအပ်တာကြောင့် ကျွန်တော်က စန်းအောင်နဲ့ချစ်ဖွယ်တို့ကို ငါးယောက်စီနှစ်ဆိုင်းခွဲပြီး နားနားနေနေလုပ်နေတုန်း ဖုန်အလူးလူးနဲ့ ကုလားကလေးတစ်ယောက်ရောက်လာတယ်။ ကျွန်တော့်ကိုလည်း သူ သိနေတယ်ဗျ"

"ဆရာသန်းဇော် ... ဗိုလ်တောက်နဲ့ ဆရာမိုးတို့နှစ်ယောက် မဲဇလီအခြေစိုက်စခန်းနားက အရက်ဆိုင်မှာ အရက်လာသောက်ရင်း ရွာသားတွေနဲ့ ရန်ဖြစ်လို့ အရိုက်ခံထားရတယ်။ သေလုမြောပါးပ။ အဲဒါကို ကျွန်တော်သိလို့ လာပြောတာ။ ညမိုးချုပ်ပြီး ဘယ်သူမှမြင်မှာမဟုတ်ဘူး။ ဆရာသန်းဇော်တို့ အချိန်မီ လာမကယ်နိုင်ရင် သွေးထွက်လွန်ပြီးသေလိမ့်မယ်။ ကျွန်တော်နဲ့ အမြန်လိုက်ခဲ့ပါ"

ဆိုတာနဲ့ ကျွန်တော်တို့ စန်းအောင်တို့အဆိုင်းကိုထားခဲ့ပြီး ချစ်ဖွယ်တို့အဆိုင်းရယ်၊ နားနေကြတဲ့ ဆရာမိုးရဲ့အဖွဲ့ဝင်(၁၀)ယောက်ကိုပါ စုစည်းပြီး လက်နက်တုတ်ဓားကိုယ်စီနဲ့ ကုလားလေးခေါ်ရာနောက် အပြေးလိုက်ခဲ့တာ။ စိတ်အားနေလို့လား မသိဘူး ကျွန်တော်တို့စခန်းနဲ့ မဲဇလီအခြေစိုက်စခန်းဟာ နှစ်မိုင်ကျော်


www.burmeseclassic.com

www.burmeseclassic.com


ဝေးပေမဲ့ (၁၅)မိနစ်လောက်နဲ့ရောက်သည်။ စခန်းမှာ ကားကြီးရှိပေမဲ့ ဒရိုင်ဘာညွှန့်မောင်ကိုလည်း ရှာမရတော့ အပြေးလာကြတာပေါ့။

ကျွန်တော်တို့အုပ်စု မဲဇလီ အခြေစိုက်စခန်းကို အလျင်မဝင်ဘဲ ရန်ကုန်–ပုသိမ်လမ်းက စားသောက်ဆိုင်တွေဘက် တန်းသွားကြတာ။ ဆိုင်တန်းတွေ အနားရောက်တော့ လာခေါ်တဲ့ ကုလားလေးကို မတွေ့တော့ဘူး။ ကျွန်တော်တို့လည်း ဘယ်နားရှာရမှန်းမသိတော့ဘူး။ အဲဒါနဲ့ မပိတ်သေးတဲ့ စားသောက်ဆိုင်တွေကို လိုက်လံစုံစမ်းတော့ ဒီည ရန်ဖြစ်သံတောင် မကြားမိပါဘူးတဲ့။

ဗိုလ်တောက်နဲ့ ဆရာမိုးကိုပါ အားလုံးကသိကြတော့ ဒီည ဆရာတို့နှစ်ယောက်လာတာကိုတောင် မမြင်မိပါဘူးလို့ ဆိုကြတာ။ ကျွန်တော်တို့အဖွဲ့က အရှုးဖြစ်ကရော။ ဒါနဲ့ ကုလားကလေးကိုရှာတော့လည်း မတွေ့ရတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့လည်း ပင်ပန်းလွန်းလို့ အတိုးချပြီး အရက်ထိုင်သောက်ကြတာပေါ့။ ဒါလောက်ဝေးတဲ့ နှစ်မိုင်ခရီးကို ညဘက်ကြီးတစ်ယောက်တည်း အပြေးလာပြီး နောက်ပြောင်တယ်ဆိုတာတော့ အတော်အံ့သြစရာကောင်းတာပဲ။ အရက်ကလေးဝင်သွားတော့ စိတ်ပူတာတွေ၊ ပင်ပန်းတာတွေ ပျောက်သွားပြီး လာခေါ်တဲ့ ကုလားကလေးကိုပဲ ကျိန်ဆဲကြတာပေါ့။ အဲ . . . ဒါပေမဲ့ . . . ည (၉)နာရီလောက်ရှိတော့ လေတွေတိုက်လာတယ်။ ကွင်းတစ်ပြင်လုံး ဖုန်လုံးကြီးနဲ့ မှောင်သွားတယ်။ မှောင်တာမှ ပိန်းပိတ်အောင်မှောင်တာ။

"စားသောက်ဆိုင်တန်းမှာ လျှပ်စစ်မီးရှိပေမဲ့ လေတိုက်တာနဲ့ မီးပျက်သွားလို့ မီးအိမ်ထွန်းပေမဲ့ ထွန်းမရဘူး။ အားလုံး ငုတ်တုတ်ပဲ။ အဲဒီအချိန်မှာ လေရောမိုးရော ကျလာတယ်။ မိုးက မသဲပေမဲ့ လေက ကြမ်းတယ်။ တစ်ဆက်တည်း ကျွန်တော်တို့ စခန်းချရာ ရှိုးမတောင်ခြေဘက်ဆီက တော်လဲသံကြီးနဲ့ မြေပြိုသံကြီးကို တဝေါဝေါတဝုန်းဝုန်း ကြားလိုက်ရတယ်။ အဲဒီအချိန်မှာ လေကတိုက်၊ မိုးကရွာ၊ လျှပ်စစ်မီးကပျက်၊ မိုးချုပ်သံတဝုန်းဝုန်းနဲ့ မိုးကြိုးတွေ တချိန်းချိန်းပစ်တယ်။ တော်လဲသံကြီးနဲ့ မြေပြိုသံက နာရီဝက်လောက်ကြာတော့ ရပ်သွားပေမဲ့ မိုးကြိုးပစ်ပြီးရင် လျှပ်လက်သံက ရပ်မသွား ကျွန်တော်တို့လည်း ကွင်းပြင်ထွက်ပြီး မပြန်ရဲတာနဲ့ တစ်ညလုံး မှောင်မှောင်မည်းမည်းထဲမှာ အရက်ထိုင်သောက်နေရတာ။ ရောင်နီလာမှ မိုးချုန်းတာနဲ့ လျှပ်စီးလက်တာ ရပ်သွားတယ်။ အဲဒါနဲ့ မဲဇလီက အခြေစိုက်စခန်းကို သတင်းပို့လူစုပြီး ပြန်ခဲ့ကြလို့ အခုမှရောက်တာ။ ညက မိုးသဲမှတ်တာ အခုတော့ လယ်ကွင်းပြင်မှာ ဖုန်တထောင်းထောင်းနဲ့ ဒီဘက်မှာပဲ ကွက်ကြားမိုးရွာတာ ထင်ပါရဲ့"


www.burmeseclassic.com

www.burmeseclassic.com


"အင်း ... ဒါဆိုရင် ကုလားကလေးက ဆရာသန်းဇော်တို့အဖွဲ့ နား နေကြတဲ့ ဆရာမိုးအဖွဲ့က ဝန်ထမ်းတွေကို ကယ်လိုက်တာပေါ့နော"

"ဗိုလ်တောက်ရဲ့ အဲ့လိုပြောလို့ရတယ်ဆိုပေမဲ့ ဗိုလ်တောက်နဲ့ ဆရာမိုး တို့ သေလုမြောပါးအရိုက်ခံထားရတယ်ဆိုလို့ ကျွန်တော်တို့ဝန်ထမ်းတွေ မောင်း တင်ပြီး လာကြတာ။ ကျွန်တော်တို့ တွင်းတူးစင်ကြီး မြေပြိုလို့လဲပြီး ကျွန်တော် တို့အားလုံး သေကုန်မယ်ဆိုရင်တောင်မှ မယုံလို့ နေရာက ရွှေ့မှာမဟုတ်ဘူး"

"ဩော် ... ဒါဆို ကျွန်တော်နဲ့ ဆရာမိုးကိုချစ်လွန်းလို့၊ သံယောဇဉ် ကြောင့်ဆိုပါတော့"

"ဟုတ်ပါ့ ... ဗိုလ်တောက်ရယ်"

မဲဇလီအထိုင်စခန်းတာဝန်ခံ (SAE) ဦးကျော်မြင့်က လက်ပံလှချောင့်ဗှမ်း ကြီးကို အပေါ်စီးမှာ အားရပါးရလှည့်ပတ်ကြည့်ရှုရင်း အဆုံးအရှုံးနှင့် အမြတ် ကို တွက်ချက်နေဟန်တူပါသည်။ အဘဖြူကတော့ နှုတ်မှပွစိပွစိ ရွတ်ဖတ်နေဟန် တူသည်။ ဆရာမိုးကတော့ ဆရာသန်းဇော်အား တိုးတိုးကပ်မေးနေသည်။

✿ ✿ ✿

[၃]

❑

နေထွက်လာမှ ကျွန်တော်တို့အုပ်စုခွဲ၍ လက်ပံလှချောင့်ဗှမ်းကြီး နှုတ်ခမ်း အားပတ်၍ ကြည့်ကြသည်။ နှုတ်ခမ်းစပ်ကိုတော မနင်းရဲ၊ ရေအစိုဓာတ်မကုန် သေး၍ မြေပွဲကျမှာစိုး၍ ဖြစ်သည်။ ကျွန်တော် ဆရာမိုးနှင့် ဆရာသန်းဇော်တို့ ကတော့ ပျောက်ဆုံးနေသူများအား ရှာဖွေတွေ့လိုတွေ့ငြား ရိုးမပေါ်သို့ တက်ခဲ့ကြ သည်။ ရိုးမကြောမှာလည်း ယခင် ရိုးမတောလို သစ်ကြီးဝါးကြီးဖြင့် စိုစိုပြေပြေ မရှိတော့။

လက်ကျန်သစ်ပင်ကလေးများကိုပင် ထင်းနှင့်မီးသွေးဖုတ်ရန် ခုတ်ကြ တော့ တောင်ခေါင်းတုံးသာသာ ကျန်တော့သည်။ သစ်တောဌာနက အားထုတ် စိုက်ပျိုးထားသော ကျွန်းပင်ပေါက်ကလေးများက နွေရာသီတွင် ရိုးပြောင်ငုတ်တို


www.burmeseclassic.com

www.burmeseclassic.com


အား လယ်ပတ်ကြားအက်အထဲမှ ကောက်ရိုးနွယ်ပင်ကလေးများကို မှီခိုတက်သလို အားမရှိလှ။ ရိုးမတစ်ခွင်လုံး ရေငတ်ခံနိုင်သော ဆူးပင်နှင့် ချုံပင်ငယ်ကလေးများကသာ မင်းမူနေသည်။

ထိုစဉ်တွင် အရွက်ဖားဖား ရှင်သန်အောင်မြင်နေသော ကျွန်းပင်ပေါက်တစ်ပင်အနီးတွင် တစ်စုံတစ်ရာကို လှမ်းမြင်မိသည်။ အသေအချာကြည့်မှ ဝန်ထမ်းဝတ်စုံ အပြာရောင်ဖြင့် တစ်စောင်းကလေးလဲနေသော လူတစ်ယောက်။ အသေအချာ ပြေးကြည့်တော့မှ ဆရာသန်းဇော်၏ နောက်ဆုံး တွင်းတူးအဖွဲ့ငါးယောက်မှ တစ်ယောက်ဖြစ်ပေသည်။ သွေးတိုးနှင့် နှလုံးခုန်နှုန်းကို စမ်းသပ်ကြည့်တော့ အသက်မသေသေးပါ။ မေ့မျောနေခြင်းဖြစ်ပါသည်။ ဒဏ်ရာများကို ရှာကြည့်တော့ ပွန်းပဲ့ရာကလွဲ၍ ကြီးကြီးမားမားမရှိပါ။ အကြောက်လွန်၍ မေ့မျောသွားဟန်တူသည်။ ကျွန်တော်တို့ ဝန်းဝန်းပြုစုကြသည်။ ဆရာသန်းဇော်က သူ့တပည့်အား မျက်နှာအား အသင့်ပါလာသော ရေဘူးထဲမှ ရေဖျန်း၍ သတိရစေသည်။

"စိန်ကုလား စိန်ကုလား"

ဟုခေါ်၍နှိုးတော့ တအင်းအင်းညည်း၍ သတိရလာသည်။

"အင်း ... ဟင်း .... ဟင်း ..." .

စိန်ကုလား သတိရလာတော့ ပြူးကြောင်ကြောင်ဖြင့် ပတ်ဝန်းကျင်အားကြည့်၍ ငုတ်တုတ်ထထိုင်သည်။ ကျွန်တော်တို့ ဝိုင်းကြည့်နေကြသည်ကို မြင်တော့မှ ...

"ဗိုလ်တောက် ... ဆရာမိုး၊ ဆရာသန်းဇော် ကျွန်တော်မသေသေးဘူးနော်။ ဟိုကောင်တွေ သန်းထွန်း၊ စိန်မှတ်၊ မောင်တင်၊ ဟန်လင်းတို့ရော။ ဘယ်ရောက်သွားကြပြီလဲ"

"အေး ... အဲဒါက မင်းကို ငါတို့က မေးရမှာလေ"

"အင်း ... ဟုတ်ပါရဲ့ ကျွန်တော် စဉ်းစားလိုက်ဦးမယ်။ ရင်ပူလွန်းလို့ ရေပေးစမ်းပါ ဆရာသန်းဇော်ရယ်"

စိန်ကုလားမှာ ရေကို အငမ်းမရသောက်ပြီးမှ ...

"ကျွန်တော်တို့ အဆိုင်းတွင်းတူးနေတုန်း ဆရာသန်းဇော်ကို ကုလားလေးတစ်ယောက်လာခေါ်တာနော်။ ည (၈)နာရီလောက်ရှိနေပြီ။ ကျွန်တော်မှတ်မိတယ်"

"အေး ...ဟုတ်တယ်ကွ။ ဗိုလ်တောက်နဲ့ ဆရာမိုးတို့ မဲဇလီစခန်းဘက်ကမှာ အရိုက်ခံရတယ်ဆိုလို့ ငါတို့ လူစုပြီးလိုက်သွားတာ။ မင်းတို့ရော ဘယ်လိုကဘယ်လို ဖြစ်တာလဲ"


www.burmeseclassic.com

www.burmeseclassic.com


''ဆရာသန်းဇော်တို့အဖွဲ့ ဆင်းသွားတော့ အေးအေးဆေးဆေးပဲဗျ။ ကောင်းကင်မှာ လခြမ်းကလေးက ထွက်ပြူစ။ သာသာယာယာပါပဲဗျာ။ ကျွန်တော်တို့ ငါးယောက်အဖွဲ့လည်း တွင်းလွန်ပိုက်ကြီးနားမှာ စုရုံးပြီး သတိထား ကြီးကြပ်နေကြတာပါ။ တစ်ခါတစ်ခါ လွန်ပိုက်ကြီးက မာမာကို ဆောင့်မိရင် တဒုတ်ဒုတ်မြည်နေတတ်တယ်။ ကျောက်သားကို ထိုးခွဲပြီး လွန်ပိုက်ခေါင်းမရုန်း နိုင်ရင် မော်တာကြီးလောင်သွားမှာစိုးလို့ ကျွန်တော်တို့ သတိထားနေတာပါ။ လွန်ပိုက်က အလည်ရပ်သွားရင် အချိန်အင်ဂျင်စက်ကြီးကိုရပ်ဖို့ သတိထားနေ ရတာပါ။ နောက်ပြီး ကျွန်တော်တို့ ရေနံဓါတ်ငွေ့အနံ့ကို ရှူမိနေတယ်။ ဒါကြောင့် လည်း ဆေးလိပ်မသောက်ကြဖို့ သတိပေးရသေးတယ်။

ည (၉)နာရီလောက်ရောက်တော့ တွင်းအောက်ခြေက တရှူးရှူးအသံ တွေကို ကြားရတယ်။ ရိုးမတောင်ပေါ်ကလည်း တောပြုံသလို တဝေါဝေါ တိရစ္ဆာန် တွေ ပြေးလွှားသံကို ကြားရတယ်။ တစ်ချိန်တည်း လေပြင်းတိုက်လာပြီး မိုးသား တွေတက်လာတယ်။ ကောင်းကင်ကြီး မိုးသားတွေ ချက်ချင်းဖုံးသွားပြီး လျှပ်စီး တွေ လက်တယ်။ မိုးရွာလာတယ်။ ကျွန်တော်တို့ ဘယ်ပြေးရမှန်းမသိဘူး။

အဲဒီအချိန်မှာ မြေကြီးက သိမ့်ခနဲဖြစ်သွားပြီး ဝုန်းခနဲဆို ကျွန်တော် တို့လည်း ဖုန်လုံးကြီးနဲ့အတူ မြောက်တက်သွားတာပဲ။ အဲဒီအချိန်အထိ ကျွန် တော် အသိမလွတ်သေးဘူး။ တောင်ကမ်းပါးယံတစ်ခုကို ရောက်သွားသလိုမျိုး ကုပ်မိကုပ်ရာ ဆွဲတက်သွားရာက ကျွန်တော် ဒီရိုးမပေါ် ရောက်လာတယ်ထင်တာ ပဲ။ ကျွန်တော့်နောက်ကျောဘက်မှာတော့ မြေပြိုသံ၊ ရေတွေစီးသံ၊ မိုးသဲသဲမဲမဲ ရွာသံ၊ လေတိုက်သံတွေကြားရပြီး ကျွန်တော်လည်း သတိမေ့သွားတော့တာပဲ။ စန်းအောင်တို့လေးယောက်တော့ ဘယ်ရောက်သွားလည်း မသိဘူး။ ရှာကြပါဦး ဆရာတို့''

''အင်း ... ရေနံဓာတ်ငွေ့ယိုစိမ့်ကုန်ပြီး ပေါက်ကွဲတာပဲ။ ဒါပေမဲ့ ဘယ့် နှယ့်ကြောင့် တော်လဲပြီး မိုးကြိုးပစ်မိုးကြီးရွာ ရေကြီးတာနဲ့ တိုက်ဆိုင်သွားရ တာလဲ''

''အဲဒါတော့ ကျွန်တော်မသိဘူး။ ကျွန်တော်သိတာကတော့ အဘဖြူ ပြောဖူးတဲ့ ကျွန်တော်တို့ အစမ်းတွင်းနေရာက မြေကြမ်းတယ်။ မတော်မရာ မလုပ်မိစေနဲ့ဆိုတာပဲ''

''ဟ ... ခု ဘာဖြစ်လို့လဲ။ ရေနံဓာတ်ငွေ့စိမ့်ယိုပေါက်ကွဲပြီး မတော် တဆ မိုးကြီးသွားတာ၊ တိုက်ဆိုင်တာပဲ မဟုတ်လား''

ကျွန်တော်က မှတ်ချက်ပြုတော့ ဆရာမိုးက ...


www.burmeseclassic.com

www.burmeseclassic.com


"ဗိုလ်တောက် . . . ခဏကလေးနေဦး။ စိန်ကုလား မင်း ဘာသိထားသေးသလဲ။ ပွင့်ပွင့်လင်းလင်း ပြောစမ်းကွာ။ ခု ငါတို့ဒီမှာ ခေါင်းဆောင်တွေပဲရှိတာ။ တခြားသူ မရှိဘူး"

"ဒီလို . . . ဆရာမိုးရဲ့ ဝန်ထမ်းတွေအားလုံး ဒီနေရာက မြေကြမ်းတယ်လို့ အဘဖြူကပြောထားတော့ ဆင်ခြင်ကြတယ်။ မဆင်ခြင်တာက ကားသမား ညွန့်မောင်။ ဒီဇယ်ရောင်းပြီး ငွေယားကလည်း ထောတယ်။ မကြာခဏ ဖဲကလည်း နိုင်တယ်။ သုံးနိုင်ဖြုန်းနိုင်တော့ စန်းမောင်မိန်းမနဲ့ငြိတယ်။ ညွန့်မောင်ကလည်း ကျတယ်။ ကျွန်တော်တို့သိလို့ စန်းမောင်ကို သတိပေးပေမဲ့ စန်းမောင်က မယုံဘူး။ ညွန့်မောင်နဲ့ စန်းမောင်က သောက်ဖော်စားဖက်။ ပြီးခဲ့တဲ့ညကလည်း စန်းမောင်နဲ့ညွန့်မောင် အတူအရက်တွဲသောက်ပြီး စန်းမောင်တာဝန်ကျလို့ ထွက်လာတော့ ညွန့်မောင်ကျန်ခဲ့တယ်။ စန်းမောင်မိန်းမ မိပေါက်က ပလူးပလဲနဲ့လုပ်ပြီး ညွန့်မောင်ကို အမြည်းလုပ်ပေးနေတာ။ ကျွန်တော်တို့ တွင်းဘက်ဖြတ်လာရင်း နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာ။ အဲဒါကြောင့်လည်း ဖြစ်နိုင်ပါတယ်"

"ကဲ . . . လာပါ၊ ဆရာမိုးနဲ့ . . . ဆရာသန်းဇော်ရယ်။ အချိန်မီကယ်လို့ရအောင် ကျန်တဲ့အဖွဲ့တွေကို ရှာကြဦးစို့။ မကောင်းမှုဆိုတာ ဖုံးထားလို့မရပါဘူး။ နောက်တော့ ပေါ်မှာပါပဲ။ ကဲ . . . စိန်ကုလား။ မင်းလိုက်နိုင်ရင် လိုက်ခဲ့။ မလိုက်နိုင်ရင် ဒီနားမှာပဲ ခဏလှဲနေရင်းစောင့်။ ငါတို့ ဒီနားပတ်ဝန်းကျင် နှံ့စပ်အောင် ရှာလိုက်ဦးမယ်"

ကျွန်တော် အသိပေးမှ အားလုံးထလာကြပြီး ပတ်ဝန်းကျင်အနှံ့ လူခွဲ၍ရှာကြသည်။ ချိုင့်ဝှမ်းဘက်၌လည်း ဦးကျော်မြင့်တို့အဖွဲ့က ကြိုးများချည်၍ချိုင့်ဝှမ်းထဲဆင်းရန် စီစဉ်နေကြသည်။ နီးစပ်ရာ ရွာသူရွာသားများကလည်း ကမ်းလုံးညွတ်မျှ စည်ကားလွန်းလှသည်။

ကျွန်တော်တို့ လူစုခွဲ၍ ရှာစဉ် ရိုးမတောင်ကျော၊ ခါးပြတ်လျှိုတစ်ခု အတွင်း၌ စန်းမောင်တို့ လေးယောက်အား တစ်စုတစ်ဝေးတည်း တွေ့ရသည်။ သတိမေ့နေကြခြင်းဖြစ်ဟန်တူပါသည်။ ဆရာသန်းဇော်က ပြုစုပြီး သတိရလာသည်နှင့် သူ့တွင်ပါလာသော ရေဗူးထဲမှ အရက်တစ်ငုံကို တိုက်လိုက်ရာ နေရာမှထလာကြသည်။ သူတို့ကတော့ သဘာဝဓာတ်ငွေ့ပေါက်ကွဲပြီး သတိမေ့၍ လွင့်စင်လာကြကြောင်းသာ ပြောနိုင်သည်။ ကျန်တာတွေ သတိမရှိကြတော့။ အိပ်ပျော်သွားဟန်တူသည်ဟု ပြောကြသည်။ ကျွန်တော်တို့ ရိုးမကြောပေါ်မှ ဆင်းလာကြတော့ ကွင်းလယ်တွင် ဖုန်တစ်ထောင်းထောင်းဖြင့် ရန်ကုန်ရုံးချုပ်ကို အကြောင်းကြားထားသဖြင့် ယာဉ်တန်းကြီး ဆင်းလာကြဟန်တူပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့ စခန်းအနားပြန်ရောက်တော့ လူဆုံကြသည်။ ရုံးချုပ်မှ အင်ဂျင်နီယာမှူးကြီး ဦးရွှေသီးအပြင် ကျွန်တော်၏ တွင်းတာဝန်ခံအင်ဂျင်နီယာ (SAE) ဦးမြတ်ကျော်လည်း ပြန်ပါလာသည်။

"ဗိုလ်တောက်ရေ ... ဝန်ထမ်းတွေအဆုံးအရှုံး ဘယ်လိုအခြေအနေ ရှိသလဲ။ ရေနံ့အစမ်းတွင်း အောင်မြင်သွားတာတော့ မင်္ဂလာသတင်းပဲ။ ဝမ်းနည်း ဝမ်းသာပေါ့ကွာ"

"ဆရာကျော် ... ကားသမားညွှန့်မောင်နဲ့ ဝန်ထမ်းမိန်းမ သုံးဦးရယ်၊ ကလေးတချို့ ပျောက်ဆုံးနေတာကလွဲလို့ အဖိတ်အစင်မရှိပါဘူး။ ဒီမှာ နောက်ဆုံး တွင်းတူးတဲ့ငါးယောက်အဖွဲ့ စိန်ကုလားနဲ့ စန်းမောင်တို့အဖွဲ့ပါ။ သူတို့ကတော့ သဘာဝဓါတ်ငွေ့ပေါက်ကွဲအားနဲ့ လွင့်စင်ပြီး ရိုးမတောင်ကြောပေါ်က အခုကလေး တင် ရှာတွေ့လို့ ခေါ်ခဲ့တာပါ"

"အေး ... အေး ... ဝမ်းသာသဟေ့။ ဗိုလ်တောက် ဒီတစ်ခါတော့ မင်းနဲ့ အဖွဲ့တွေအားလုံး ဂုဏ်ပြုပြီး ရာထူးတိုးပေးမယ်"

(SAE) ဦးမြတ်ကျော်က ကျွန်တော်တို့အား လက်ဆွဲနှုတ်ဆက်ဂုဏ်ပြု တော့ ရန်ကုန်ရုံးချုပ်မှ အင်ဂျင်နီယာမှူးကြီး ဦးရွှေသီးကလည်း ကျွန်တော်တို့အား လက်ဆွဲနှုတ်ဆက်ဂုဏ်ပြုသည်။ တကယ်တော့ ကျွန်တော်တို့အစွမ်းအစက သာမာန် ပါ။ ဤအခြေအနေဖြစ်လာအောင် ဖန်တီးခဲ့သော စန်းမောင်မိန်းမနှင့် ကားသမား ညွှန့်မောင်ကိုပဲ ကျေးဇူးတင်ရမလိုလို၊ နယ်မြေပိုင်ဆိုင်ရာ ပသီနတ်မောင်နှမကိုပဲ ကျေးဇူးတင်ရမလိုလို၊ ရွာခံအဘိုးဖြူကိုလည်း မေ့ထား၍မရပါ။

အဘိုးဖြူပြောပြထားသဖြင့် လက်ပံလှချိုင့်ဝှမ်းအကြောင်း သိထားရခြင်း ဖြစ်သည်။ အခုတော့ လက်ပံလှချိုင့်ဝှမ်းကြီးက ရွှေချောင်းကျွန်းတုံးများအပြင်၊ ရေမည်း ရေနံစိမ်းကိုပါ နိုင်ငံတော်အတွက် လက်ဆောင်ပေးခဲ့ပါပြီ။ ကျွန်တော် တို့အဖွဲ့ ကံကောင်းလေစွ။

ဝန်ထမ်းအဖွဲ့က ချိုင့်ဝှမ်းအတွင်းဆင်း၍ ပိုက်စိပ်တိုက်ရှာကြသဖြင့် ကားသမားညွှန့်မောင်နှင့် စန်းမောင်မိန်းမအလောင်ကို ကျွန်းသစ်လုံးပုံကြားမှ ရှာဖွေတွေ့ရှိသည်။ နှစ်ဦးဖက်လျက်သား။ ရှာဖွေရေးသမားများက အထုပ်ဖြင့် ထုတ်လာကြသည်။ ကမ်းပေါ်သို့ ဝန်ထမ်းများက ကြိုးနှင့်ချည်၍ တင်ပေးသည်။ ထိုအလောင်းများကိုမြင်တော့ စန်းမောင်မှာ ငိုကြီးချက်မဖြင့် ...

"မိန်းမရယ် ... အစ်ကိုမရှိတော့ မင်းမှာ နီးစပ်ရာလူကို အားကိုးရှာ ရတော့တာပဲနော်။ အစ်ကိုလည်း ရုတ်တရက်ကြီး မင်းကို ဘယ်လိုမှ အကာ


www.burmeseclassic.com

www.burmeseclassic.com


အကူယ် မပေးနိုင်ခဲ့ဘူး အိုး ... ဟီး ... ဟီး ... သူငယ်ချင်းညွန့်မောင်ရယ် ကျေးဇူးတင်ပါတယ်ကွာ"

"အေး ... အေး ... ညွန့်မောင်ကိုကျေးဇူးတင်၊ မင်းမိန်းမက ညွန့်မောင်ကို ဖက်ထားတာ မဟုတ်ဘူး။ ညွန့်မောင်က မင်းမိန်းမကို ဖက်ထားတာဟ ... ငတုံးရ"

"ဆရာမိုးကလည်းဗျာ ... ဒီလို ကြောက်လန့်စရာ အခြေအနေမှာ နီးစပ်ရာလူကို အားကိုးတကြီး ကြုံသလိုဖက်ကြမှာ ဓမ္မတာပါပဲ"

ကျွန်တော်က ....

"ဆရာမိုး .. မပြောပါနဲ့တော့။ သူ့ယုံကြည်ချက်နဲ့သူ ရှိပါစေ။ အကောင်းမြင်တာ ကောင်းတာပေါ့"

"အေး ... အေး ... ငါပဲ မှားတာပါ။ ငါ့အပြစ်ပါပဲ။ မပြောတော့ပါဘူးကွာ"

တစ်မနက်ခင်းလုံးရှာကြသော်လည်း ကျန်အလောင်းများကို ရှာမတွေ့တော့။ ချိုင့်ဂူမ်းအောက်ပိုင်းတွင် ရွှံ့ညွန်လတာပြင်ကြီးဖြစ်နေပြီး ရေမခန်းသေးသဖြင့် ဆင်း၍လည်း မရှာရဲတော့ပါ။ တစ်မနက်ခင်းလုံး ရှာကြသော်လည်း မတွေ့သေးသဖြင့် ရှာဖွေရေးအဖွဲ့များ လက်လျှော့၍ ကမ်းပေါ်ပြန်တက်ခဲ့ကြသည်။ ရေနံစိမ်းအဖွဲ့က ရေနံစိမ်းများအား စုစည်းသိမ်းဆည်းသိုလှောင်ရန် စီစဉ်နေကြသည်။ ကျွန်တော်တို့အဖွဲ့က အဘိုးဖြူရွာနှင့် လက်ပံလှရေနံချိုင့်ဂူမ်းအနီး မန်ကျည်းပင်ကြီးအရိပ်တွင် ယာယီကယ်ဆယ်ရေးစခန်းအဖြစ်၊ ရပ်ရွာကာလသားများ အကူအညီဖြင့် တစ်ဖက်ရပ်တဲတန်းရှည်ကြီး ထိုးနေပါသည်။ အမိုးကတော့ နီးစပ်ရာ ကောက်ရိုးပုံမှ ကောက်ရိုးများကို တင်ထားသည်။ ကျေးရွာကြီးဖြစ်သဖြင့် ဝါးကတော့ အလွန်ပေါသည်။ တစ်ရွာလုံး ဘယ်နေရာကဆွဲဆွဲ အဘိုးဖြူနှင့် ရွာသူကြီးတို့အစီအမံဖြင့် ကယ်ဆယ်ရေးထမင်းထုပ်များလည်း ရောက်လာပါပြီ။

(၇)ရက်ပြည့်သောနေ့တွင် ကွယ်လွန်ပျောက်ဆုံးသူများကို ရည်စူး၍ ကျွန်တော်တို့ဌာနက ယာယီတဲစခန်းတွင် ဘုန်းကြီးငါးပါးပင့်၍ ဆွမ်းသွတ်အမျှဝေပါသည်။ အကျွေးအမွေးဖြင့် အဘိုးဖြူတို့ရွာ တစ်ရွာလုံးကို ဖိတ်ကြား၍ နေ့လယ်စာ ထမင်းကျွေးရင်း (SAE) ဦးအောင်မြတ် ကူညီခဲ့သော အဘိုးဖြူနှင့် သူကြီး၊ ကာလသားအဖွဲ့များအား ငွေကြေးနှင့် လက်ဆောင်များပေးပြီး ဂုဏ်ပြုသည်။ ကျွန်တော်တို့တစ်ဖွဲ့လုံး ရာထူးတိုးသည်။

ကျွန်တော်က (AE)ဖြစ်သွား၍ ဆရာမိုးနှင့် ဆရာသန်းဇော်တို့က (JE) ဖြစ်သွားကြသည်။ ကျန်ဝန်ထမ်းများအားလုံး တစ်ဆင့်တိုးရာထူးတက်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com


နောက်ဆုံး တွင်းတူးဝန်ထမ်းစန်းအောင်တို့ ငါးဦးအဖွဲ့ကတော့ တစ်ဆင့်တိုးရာထူး တက်ရုံမက သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်ခဲ့ကြသဖြင့် ဆုငွေ သုံးသိန်းစီ နှင့် နာမည်ကောင်းလက်မှတ်များလည်း ရကြပါသည်။

ဒုတိယအပတ်ရောက်မှ ကျွန်တော်နှင့် ဆရာမိုး၊ ဆရာသန်းဇော်တို့ ဆုငွေတစ်သိန်းစီနှင့် နာမည်ကောင်းလက်မှတ်များ ရကြပါသည်။ ကျွန်တော် တို့ကတော့ ကိုယ့်အကြောင်းကိုယ်သိသဖြင့် ရာထူးတက်သည်နှင့်ပင် ကျေနပ်နေ ကြပါသည်။


တစ်လခန့်ကြာတော့ ကျွန်တော်တို့ လက်ပံလှရေနံမြေစခန်းကြီး အလွန် စည်ကားလာသည်။ ဝန်ထမ်းများအတွက် သွပ်မိုးပျဉ်ထောင်အိမ်ခန်းများ၊ လျှပ်စစ် မီး၊ စက်ရေတွင်းနှင့် ရေနံစိမ်းထုတ်လုပ်ငန်းအတွက် ရေနံစိမ်းတိုင်ကီကြီးများ၊ ရေနံစိမ်းတင် ဘောက်ဆာကားကြီးများ၊ သစ်လုံးတင်ကားကြီးများ ရောက်ရှိလာပြီး လယ်ကွင်းပြင်လမ်းလည်း ဖုံမထတော့။ ကျောက်ခင်းလမ်းဖြစ်သွားသည်။ မကြာခင် ကတ္တရာလမ်း ဖြစ်သွားပေတော့မည်။ ဝန်ထမ်းအင်အား များပြားလာသည်နှင့် အမျှ လက်ပံလှရေနံချိုင့်ဝှမ်းစခန်းကြီး တိုတက်ကြီးမားလာသည်။ ရေနံတွင်း သစ်များကလည်း ထပ်တူးသည်။ စခန်းကြီး ခေတ်မီတိုးတက်လာသလို စခန်းအနီးရှိ အဘိုးဖြူတို့ရွာ(မရိုးဖြူ)ရွာလည်း ရွာကြီးအဆင့်ကနေ တောမြို့တစ်ခုအဖြစ် နေ့ချင်း ညချင်းကူးပြောင်းလာပါသည်။

ဒါကတော့ ကျွန်တော်ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ လက်ပံလှရေနံချိုင့်ဝှမ်း က ထူးဆန်းတဲ့ အဖြစ်အပျက် ဇာတ်လမ်းတစ်ပုဒ်ပါပဲ။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

[၁]

❑

ကဆုန်လဆန်း၏ နွေက ပူပြင်းလှသည်။ သို့သော် တောင်ဘက်မှ တစ်ခါတစ်ရံ တိုက်ခတ်ဝင်ရောက်လာသော လေများကြောင့် အပူဒဏ်သက်သာသလို ရှိသည်။ ကျွန်တော်အပါအဝင် လယ်သမားများသည် မိုးကျသည်နှင့် လယ်ယာလုပ်ငန်းခွင်ကို ဝင်ရောက်နိုင်ရန် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်သည်။

လယ်သမားများသည် တစ်မိုးစာ ဝမ်းစာစပါးကို ကြိတ်ခွဲ၍ သိုလှောင်ခြင်း၊ နေအိမ်၊ တဲ၊ နွားတင်းကုပ် စသည်တို့ကို ဖာထေးပြုပြင်ခြင်း၊ ထွန်တုံးထွန်တံ၊ စက်တုံး၊ ထယ် စသော လယ်ယာကိရိယာများကို ပြင်ဆင်ခြင်း စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေကြပြီဖြစ်သည်။

ကျွန်တော်သည်လည်း တပည့်ကျော်သံလုံးဦးဆောင်သော သူရင်းငှားတစ်ဦးနှင့်အတူ လယ်ယာလုပ်ငန်းခွင်အတွက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်နေကြသည်။ ယနေ့ လယ်ကွင်းထဲသို့ နွားချေးချရမည်ဖြစ်သောကြောင့် လှည်းနှစ်စီးကို အသင့်ပြင်ခိုင်းထားသည်။

တစ်နှစ်ပတ်လုံး နွားများယိုထားသည့် နွားချေးကို စုဆောင်းထားပြီး မိုးကျခါနီးတွင် လယ်ထဲသို့ သွားရောက်ချထားပေးရသည်။ နွားချေးသည် သဘာဝမြေဩဇာဖြစ်ပြီး တစ်ဧကလျှင် လှည်း(၃)စီး၊ (၄)စီးခန့် ထည့်ပေးနိုင်ပါက စပါးအထွက် သိသိသာသာပင်တိုးသည်။ ထိုအချိန်က ဓာတ်မြေဩဇာများ တွင်တွင်



www.burmeseclassic.com

www.burmeseclassic.com


ကျယ်ကျယ် မသုံးစွဲနိုင်သောကြောင့် သဘာဝမြေသြဇာ နွားချေးကိုသာ အဓိကသုံးစွဲကြရသည်။

ကျွန်တော်သည် ၁၉၈၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီး ဝန်ထမ်းအလုပ်ကို မလုပ်လိုသဖြင့် မိဘများ၏ လက်ငုတ်လက်ရင်းဖြစ်သော လယ်ယာလုပ်ငန်းကို သူရင်းငှား (၃) ဦးနှင့် ဦးစီးလုပ်ကိုင်နေခြင်းဖြစ်သည်။ လွတ်လပ်စွာနေထိုင်လိုခြင်းကြောင့် လယ်ထဲတွင် တပည့်ကျော်များနှင့်အတူနေထိုင်ပြီး တစ်ခါတစ်ရံမှ ရွာထဲသို့သွားသည်။

ကျွန်တော့်အတွက် စားရေးသောက်ရေးကိစ္စရပ်အားလုံးကို တပည့်ကျော်သုံးလုံးက တာဝန်ယူဆောင်ရွက်ပေးသည်။ တပည့်ကျော်သုံးလုံးက အလွန်အားကိုးရသူဖြစ်သည်။ ဟင်းချက်ကောင်းသလို ထန်းလျက်အရက်ကိုလည်း ကိုယ်တိုင်ချက်သူဖြစ်သည်။ ကျွန်တော်တို့က အရက်ကို ဝယ်မသောက်၊ ထန်းလျက်ကိုဖိုလိုက်ဝယ်၍ ချက်သောက်ကြသည်။

ကျွန်တော်ကလည်း ကျွန်တော့်ကို အလွန်ချစ်သော အဘထိတ်တုံးရွှေကြောင့် (၁၀) တန်းအောင်ကတည်းက အရက်ကို သောက်တတ်နေပြီဖြစ်သည်။ အဘ၏တိုက်တွန်းမှုကြောင့် အရက်ကို ကိုယ်တိုင်ချက်သောက်ကြခြင်းဖြစ်သည်။ အရက်ချက်ပြီး လေးဂါလံပုံးများဖြင့် ထည့်ထားပြီး လုပ်ငန်းသိမ်းချိန်တွင် သောက်ကြခြင်းဖြစ်သည်။ ကျွန်တော့်ကဲ့သို့ပင် အဘထိတ်တုံးရွှေတို့ ကိုလေးကျော်တို့အားလုံးလည်း အရက်ကို ကိုယ်တိုင်ချက်သောက်ကြခြင်းဖြစ်သည်။

"အစ်ကိုလေး ... လှည်းတွေ အဆင်သင့်ဖြစ်ပြီ၊ တင်ရတော့မလား"

"အေး ... အေး ... တင်လေကွာ၊ လုပ်ငန်းစကြရအောင်"

ကျွန်တော့်ထံမှ ခွင့်ပြုချက်ရသောအခါ သုံးလုံးနှင့် လူငှားနှစ်ယောက်က လှည်းနှစ်စီးပေါ်သို့ နွားချေးများကို တင်ကြသည်။ လှည်းများကို ရိုင်ပတ်ကာ၍ နွားချေးများကို တောင်းဖြင့် ကျုံးထည့်ပြီး တင်ကြခြင်းဖြစ်သည်။ လှည်းပေါ်တွင် နွားချေးများပြည့်သောအခါ လယ်ကွင်းထဲသို့ မောင်းယူသွားပြီး လယ်ကွင်းထဲတွင် ချရသည်။ နွားချေးကို လယ်ကွင်းထဲတွင် ဒီအတိုင်းပုံချ၍ မထားရပါ။

လယ်ထဲသို့ရောက်သောအခါ လှည်းနောက်ဘက်မှ ရိုင်ပတ်ကိုဖွင့်ပြီး လူငှားတစ်ယောက်က ပေါက်တူး၊ သို့မဟုတ် ထွန်ခြစ်ဖြင့် နောက်ဘက်မှ ဆွဲချရသည်။ လှည်းကိုမရပ်ဘဲ ရှေ့မှမောင်းနေစဉ် နောက်မှ ဆွဲချသွားရခြင်းဖြစ်သည်။ အတန်းလိုက် ညီညီညာညာ ချသွားကြသည်။ သို့မှသာ လယ်ကွင်းထဲတွင် သဘာဝမြေသြဇာ ညီညီညာညာရနိုင်မည်။


www.burmeseclassic.com

www.burmeseclassic.com


နွားချေးမချခင် လယ်ကွင်းများကို မီးရှို့ထားရသည်။ စပါးရိတ်ရာမှ ကျန်ရစ်ခဲ့သောရိုးပြတ်များကို ကုန်စင်သွားရန် မီးရှို့ပစ်ရခြင်း ဖြစ်သည်။ မီးရှို့ရာတွင် နေ့အချိန် ရှို့၍မရပါ။ အပူရှိန်ပြင်းထန်ပြီး လေတိုက်နေသဖြင့် မီးကိုမနိုင်ပါက ကောက်ရိုးပုံ၊ တဲစသည်တို့ကို လောင်ကျွမ်းနိုင်သည်။ အဆင်မသင့်ပါလျှင် ရွာကိုပါ မီးဝိုင်းနိုင်သည်။

လယ်ကွင်းမီးရှို့ရာမှ တဲများ၊ ကောက်ရိုးပုံများ မကြာခဏ မီးလောင်ကြရသည်။ ထို့ကြောင့် ညအချိန်အေးသည့်အချိန်မှ လယ်ကွင်းများကို မီးရှို့ကြသည်။ ကျွန်တော့်လယ်များကိုတော့ တပည့်ကျော်သံလုံးတို့က လွန်ခဲ့သည့်တစ်ပတ်လောက်က မီးရှို့ထားကြပြီဖြစ်သည်။ ထိုကဲ့သို့ရှို့ထားမှ မိုးတွင်းအခါ လွယ်ထွန်ရာတွင် ထွန်တုံးကို ရိုးပြတ် များရစ်ပတ်ပြီး လုပ်ငန်းနှောင့်နှေးခြင်း မဖြစ်နိုင်တော့ပါ။

ကျွန်တော်နှင့် လူငှားများ လယ်ကွင်းထဲသို့ နွားချေး ချနေကြသည်မှာ ညနေစောင်းအချိန်သို့ ရောက်လာခဲ့ပြီ။ ဒီတစ်ခေါက်ပြီးလျှင် တစ်နေ့တာလုပ်ငန်းသိမ်းရတော့မည်။ ကျွန်တော်တို့ နွားချေးချနေသည့်လယ်က ကျွန်တော်လုပ်သည့် လယ်ထဲတွင် အကြီးဆုံးလယ်ကွက်ဖြစ်ပြီး (၅ ဧက) ခန့်ရှိသည်။ ကျွန်တော်နှင့် လူငှားတစ်ဦး နွားချေးချနေစဉ် တပည့်ကျော်သံလုံး၏အသံကို ကြားလိုက်ရသည်။

"အစ်ကိုလေး ... အစ်ကိုလေး ..."

"ဟေ ... ဘာလဲကွ သံလုံးရ"

"အစ်ကိုလေး ... ဒီနားကို ခဏလာပါဦး ... အစ်ကိုလေးရ"

"ဘာဖြစ်လို့လဲကွ။ ဒီမှာ အလုပ်လုပ်နေတာ မမြင်ဘူးလား"

"ခဏလေးပါ ... အစ်ကိုလေးရ"

ကျွန်တော် လှည်းကို ရပ်ထားလိုက်ပြီ။ တပည့်ကျော် သံလုံးတို့လှည်းဆီသို့ သွားလိုက်သည်။ သူတို့လှည်းက ကန်သင်းရိုးဘေးတွင် နွားချေးချနေခြင်းဖြစ်သည်။ ကျွန်တော့်အနားရောက်တော့ ...

"အစ်ကိုလေး ... ဒီကန်သင်းရိုးနားက 'ဂုန်း ... ဂုန်း' နဲ့ ဂလိုင်သံလို ကြားရလို့ သရဲများခြောက်ကြတာလားမသိဘူး နားထောင်ကြည့်စမ်းပါ"

"ဟကောင်ရ ... ဒီအချိန်ကြီး ဘယ်ကသရဲက လာခြောက်မှာလဲကွ"

"လာပါ ... အစ်ကိုလေးရ၊ နားထောင်ကြည့်စမ်းပါ"

ကျွန်တော်က သူပြသော ကန်သင်းရိုးနားကို သွား၍ နားထောင်ကြည့်လိုက်သည်။ ကန်သင်းရိုးက လူ့ရင်ဆိုလောက်ရှိပြီး တစ်လံခန့် ကျယ်ဝန်းသည်။ ကျွန်တော် သွားနားထောင်ကြည့်တော့ သူပြောသလိုပင် ကန်သင်ရိုးအောက်နက်ဆီလောက်မှ 'ဂလုံး''ဂလုံး'နှင့် ဂလိုင်သံကို မတိုးမကျယ်ကြားလိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုကန်သင်းရိုးဘေးတွင် လယ်ရေနက်အိုင်ဖြစ်ပြီး နွေအခါဖြစ်၍ ရေခန်းခြောက်နေသည်။ ကျွန်တော်လည်း ဘာကြောင့်ဟူ၍ စဉ်းစားမရဖြစ်နေသည်။ စဉ်းစားနေရင်း လွန်ခဲ့သောနှစ်ရက်က ထူးထူးဆန်းဆန်းမက်ခဲ့သော အိပ်မက်ကို သွား၍သတိရလိုက်သည်။

"အစ်ကိုလေး . . . ထပါဦးရှင်"

ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ တဲရှေ့မှ ခေါ်နှိုးသံကြောင့် နိုးသွားပြီး လှမ်းကြည့်လိုက်သည်။ မည်သူ့ကိုမျှ မတွေ့ရသဖြင့် ပတ်ဝန်းကျင်ကို လိုက်ကြည့်လိုက်သည်။

"ကျွန်မက ဒီမှာပါရှင့်"

အသံကြားရာကိုကြည့်လိုက်တော့ (၅) ပိဿာခန့်ရှိသည့် ကြီးမားသော ငါးရံ့ကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ တိရစ္ဆာန်ဖြစ်သော ငါးတစ်ကောင်က လူ့စကားပြောနေ၍လည်း အံ့အားသင့်သွားသည်။

"ငါ့ကိုခေါ်တာ ဘယ်သူလဲ မင်းလား"

"ဟုတ်ပါတယ်ရှင်"

ကျွန်တော် ကြည့်နေရင်းမှာပင် ထိုငါးကြီးပျောက်ကွယ်သွားပြီး ၎င်းနေရာတွင် မိန်းမပျိုလေးတစ်ယောက်ကို တွေ့ရှိလိုက်ရသည်။

"နေစမ်းပါဦး . . . မင်းက လူလား၊ ငါးလား"

"ကျွန်မက ငါးဘဝနဲ့ ရွာဦးကသောက်ရေကန်မှာနေပြီး စောင့်ရှောက်ရတဲ့သူပါ"

"အခု ငါ့ဆီကိုလာတာ ဘာကိစ္စလဲ"

"အစ်ကိုလေးရဲ့ပိုင်နက်ထဲမှာ ကျွန်မရဲ့ ဘဝတူညီအစ်ကိုမောင်နှမတွေ ဒုက္ခရောက်နေလို့ အစ်ကိုလေးကိုကူညီဖို့ အကူအညီလာတောင်းတာပါ"

"သူတို့က ဘာဖြစ်နေလို့လဲ"

"ဒီနှစ်ရာသီဥတုကလည်း အရမ်းပူတယ်။ မိုးဦးကျလည်း နည်းနည်းနောက်ကျလိမ့်မယ်။ ဒီအတိုင်းဆို သူတို့ ရေပြတ်ပြီးသေကုန်မှာ စိုးရတယ်။ အဲဒါကို အစ်ကိုလေးက သူတို့ကို ကျွန်မ စောင့်ရှောက်နေတဲ့ ရေကန်ထဲကို လာပို့ပေးပါ။ အစ်ကိုလေးကို ကျေးဇူးမမေ့ပါဘူးရှင်"

"သူတို့က ဘယ်နားမှာနေမှန်း ငါမှမသိတာ ဘယ်လိုလုပ်ပို့ပေးရမလဲ"

"ကိစ္စမရှိပါဘူးရှင် . . . အစ်ကိုလေး တစ်နည်းနည်းနဲ့ သိလာပါလိမ့်မယ်။ ကဲ . . . ကျွန်မကို ခွင့်ပြုပါဦးရှင်"


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် ကြည့်နေရင်းမှပင် မိန်းမပျိုကလေးက ရွာဦးသောက်ရေကန်ဘက်ထွက်သွားပြီး ကျွန်တော့်မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ မိန်းမပျိုကလေး ပျောက်ကွယ်သွားသည့်အချိန်မှာပင် ကျွန်တော် အိပ်ရာမှ လန့်နိုးလာခဲ့သည်။ အိပ်မက်က ထူးထူးဆန်းဆန်း ဖြစ်နေ၍ မှတ်မိနေသည်။

ယခု ကျွန်တော့်လယ်ကွင်းထဲ ကန်သင်းရိုးအောက်က ကြားနေရသော အသံသည် ထိုအိပ်မက်နှင့်များ ဆက်စပ်နေသလားဟု တွေးတောလိုက်သည်။ ပိုပြီးသေချာအောင် တံငါသည်အရင့်အမာကြီးဖြစ်သော သံယောင်းမဦးပိန်ကို မေးပြီးမှ လုပ်စရာရှိတာကို လုပ်မည်ဟု ဆုံးဖြတ်လိုက်သည်။

တပည့်ကျော်သုံးလုံးနှင့် သူရင်းငှားများကို ဒီအကြောင်း မည်သူ့မျှမပြောရန် နှုတ်ပိတ်လိုက်ပြီး တဲသို့ပြန်လာခဲ့ကြသည်။ လုပ်ငန်းသိမ်းသောအခါ ရေမိုးချိုး၍ ထမင်းမစားသေးဘဲ ရွာထဲသို့ ထွက်လာခဲ့သည်။ ဒီအချိန်ဆိုလျှင် အဘထိတ်တုံးရွှေတို့ သံယောင်းမဦးပိန်တို့ အဘအိမ်တွင် ဝိုင်းဖွဲ့နေကြပြီဖြစ်သည်။

✿ ✿ ✿

[၂]

❑

ကျွန်တော် ရွာထဲရောက်တော့ မှောင်စပျိုးနေပြီဖြစ်သည်။ သူကြီးဖြစ်သူ ဦးလေးငယ်အိမ်ရှေ့ရောက်တော့ အိမ်ပေါ်တွင် လူ (၁၀) ယောက်ခန့်ကို တွေ့လိုက်ရသည်။ ခေါင်းရင်းဘက်တွင် ဦးလေးငယ်နှင့်အတူ ဘုရားလူကြီး ဦးပြားကြီးကို တွေ့လိုက်ရသည်။ လူအုပ်အလယ်တွင် ဆရာမလေးနန်းရွှေစင်ကို တွေ့ရသည်။

ကျန်းမာရေးဆရာမလေး နန်းရွှေစင်က တိုင်းရင်းသူ ခရစ်ယာန်ဘာသာဝင်၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးများကြားတွင် နေထိုင်ရသော်လည်း အလိုက်အထိုက် အံဆင်ပြေအောင် နေသူဖြစ်၍ အားလုံးက ချစ်ခင်ကြသည်။ သူကြီးက လှမ်းခေါ်သဖြင့် ကျွန်တော်တက်သွားတော့ ဆရာမလေးနန်းရွှေစင်က ပြုံး၍ နှုတ်ဆက်သည်။ ကျွန်တော့်ကိုမြင်တော့ ဦးပြားကြီးက မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။ ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး ...


www.burmeseclassic.com

www.burmeseclassic.com


"ဦးပြားကြီး ... ဘုရားလူကြီး အာပေါင်အာရင်းသန်သန်နဲ့ ဘာတွေပြောနေတာလဲဗျ"

"ဆရာမလေးနန်းရွှေစင်က တို့ဗုဒ္ဓဘာသာဝင်တွေ ဘုရားကို ဆွမ်းတို့ ရေတို့ ပန်းတို့ ဘယ်လိုကပ်ရသလဲလို့မေးလို့ ငါက ရှင်းပြနေတာပါ မောင်ရာ"

"အဲဒါတွေအပြင် ဝါးဘလောက်သောက်က တရုတ်ကြီးအန်းကိုးဘုရား ဆွမ်းတော်ကပ်ပုံကိုလည်း ပြောပြလိုက်ဦးလေးဗျာ"

"အဲဒါကတော့ ငါမသိဘူးကွ ... မောင်ရဲနိုင်ရ မင်းပဲပြောလိုက်ကွာ"

"ဒီလို ဆရာမလေးရဲ့ ... အဲဒီတရုတ်ကြီးအန်းကိုးမိန်းမက မကြည်လို့ ခေါ်တယ်။ သူတို့က ထုံးစံအတိုင်း ခေါက်ဆွဲဆိုင်ဖွင့်ပြီး ရောင်းကြတယ်။ အန်းကိုးရဲ့ မိန်းမ ဒေါ်ကြည်က ဘုရား၊ တရား သိပ်ကြည်ညိုတယ်။ နေ့တိုင်း ပန်းရေချမ်း ဆွမ်း မပြတ်ကပ်လှူတယ်။ သူ ကိုယ်တိုင်လုပ်တာ။ ဘုရားရှိခိုးရင်လည်း အကြာကြီး။

တစ်နေတော့ ဒေါ်ကြည်တစ်ယောက် မနက်စောစော ခရီးသွားစရာရှိလို့ ဘုရားဆွမ်းတော်ကပ်ဖို့ကိစ္စကို သူ့ယောကျ်ားကို လွှဲထားခဲ့တယ်။ စိတ်မချလို့ လည်း တဖွဖွမှာတယ်။ တရုတ်ကြီးက ဘာနဲ့ကပ်ရမှာလဲလို့မေးတော့ ဒေါ်ကြည် က ကောင်းတာတွေကပ်ပေါ့လို့ ပြောခဲ့တယ်။

ဆွမ်းတော်ကပ်ချိန်ရောက်တော့ တရုတ်ကြီးအန်းကိုးက မကြည်က ကောင်းတာတွေကပ်လို့ ပြောခဲ့တယ်။ ဒီတော့ ငါက ကောင်းတာတွေ ကပ်ရမယ် ဆိုပြီး ခေါက်ဆွဲဆိုင်က ခေါက်ဆွဲကြော်တဲ့ ပစ္စည်းအားလုံးကို ဘုရားစင်ပေါ်တင် ထားတယ်။ ကြက်တို့ ဘဲတို့ကို ခေါက်ဆွဲဆိုင်မှာ ချိတ်တဲ့အတိုင်း ဘုရားစင်မှာ တွဲလောင်းတွေ ဆွဲထားတယ်။

အသီးအနှံတွေရော၊ အချဉ်ရည်တွေရော အားလုံး ဘုရားစင်ပေါ်ကို တင် ထားလိုက်တာ။ သူ့ဆိုင်က ပစ္စည်းတွေထည့်တဲ့ မှန်ဗီရိုအတိုင်းပဲ။ အဲဒါတွေလည်း ပြီးရော ဒေါ်ကြည်ဘုရားရှိခိုးတဲ့အတိုင်း လုပ်ဖို့ကြတော့ ဘုရားစာတွေ မရဘူး။ ဒီတော့ သူက ဘုရားစင်ရှေ့မှာ လက်အုပ်ချီပြီး 'ကောင်းတာတွေ တင်ထားတယ်။ စားစား ဝအောင်စား၊ ပလီပလာ တီတီတာတာကတော့ မကြည်လာမှ ပြောလိမ့် မယ်' လို့ ပြောလိုက်တယ်။

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ခစ် ... ခစ် ... ခစ် ..."

"အစ်ကိုလေးကလည်း တော်တော်ပေါက်ကရပြောတယ်"

"တကယ်ငါ့ညီမရဲ့ ... တရုတ်ကြီးက ဒေါ်ကြည်လို့ ဘုရားရှိခိုးမရတော့ လှူရသလို ပြောလိုက်တာ။ နောက် ဒေါ်ကြည်သိသွားတော့ သူ့လင်တရုတ်ကြီးကို


www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းတော်မကပ်နိုင်းရဲတော့ဘဲ ဘယ်သွားသွား ဆွမ်းတော်ကပ်ပြီးမှ သွားတော့တယ်''

''ဟား ... ဟား ... ဟား ... ဟား ...''

''ကဲ ... ကဲ ... ကျွန်တော်လည်း သွားလိုက်ဦးမယ်။ အဘာ ထိတ်တုံးရွှေတို့နဲ့ တွေ့စရာရှိလို့''

ပြောပြောဆိုဆို ကျွန်တော် ထထွက်လာခဲ့သည်။ ရွာသူကြီး ဦးလေးငယ်၏အိမ်ပေါ်တွင် ပရိသတ်က တဝါးဝါး ပွဲကျကျန်နေခဲ့သည်။ အဘာထိတ်တုံးရွှေအိမ်ရောက်တော့ ဝိုင်းစည်နေပြီဖြစ်သည်။ သံယောင်းမ ဦးပိန်၊ ကိုလေးကျော်တို့မြဝင်းကြီးတို့ကို လူစုံတက်စုံ တွေ့လိုက်ရသည်။ ကျွန်တော့်မြင်တော့ အဘာက–

''လာကွ ... တူချစ်လေး၊ အဘာလည်း မင်းကို မျှော်နေတယ်''

''ကျွန်တော် အလုပ်နည်းနည်းများနေလို့ပါ ... အဘာရ၊ အဘာကို တွေ့ချင်တာရယ်၊ ဦးပိန်ကိုလည်း မေးစရာလေးတစ်ခုရှိလို့ ရွာကိုတက်လာတာ''

''မေးစရာရှိတာ နောက်မှမေးကွာ။ အခု အရင်ချလိုက်ဦး။ ရော့ကွ''

ကျွန်တော်က အဘာကမ်းပေးသော ခွက်ကို ယူ၍ သောက်လိုက်သည်။ သူတို့တွေကတော့ ရေချိန်တောင် အတော်ကိုက်နေပြီဖြစ်သည်။ အဘာတို့နှင့် ဝိုင်းပြီး နာရီဝက်ခန့်အကြာမှ ...

''ဦးပိန် ... ကျွန်တော် တစ်ခုလောက်မေးချင်လို့''

''ကဲ ... မေးကွာ''

''ဒီလို ဦးပိန်ရ ... ကျွန်တော့်လယ်ထဲမှာ ညနေက နွားချေးချရင်းနဲ့ အဲဒီလယ်ရဲ့ ကန်သင်းရိုးအောက်က ဂလုံး ... ဂလုံးနဲ့ ဂလိုင် သံပေါက်တဲ့အသံတွေ ကြားခဲ့ရလို့၊ အဲဒါ ဘာတွေဖြစ်နိုင်သလဲလို့''

ကျွန်တော့်စကားကို ကြားသောအခါ ဦးပိန်က ကျွန်တော့်ကို သေချာစိုက်ကြည့်ပြီးမှ ...

''အဲဒါ ဘာလဲဆိုတာ ငါသိတယ်။ ဒါပေမဲ့ ငါမပြောခင် မင်းဆီက ကတိတစ်ခုတောင်းချင်တယ်။ အဲဒါကို ကတိပေးနိုင်မှ ငါပြောမယ်''

''ကောင်းတာလုပ်ဖို့ဆိုရင် ကတိပေးတယ်ဗျာ''

''ဒ်အေး ငါကလည်း မင်းကို ကောင်းတာလုပ်ဖို့ပဲ ကတိတောင်းမှာပါ''

''ကဲ ... ပြော၊ ဦးပိန်ရာ''

''ကိုရဲနိုင် မင်းကြားလာခဲ့တဲ့အသံက ငါးတွင်းကအသံတွေကွ။ အဲဒီနေရာမှာ ငါးတွင်းရှိတယ်။ မင်းအသံကြားရတဲ့ ကန်သင်းရိုးအောက်မှာ ဖြစ်လိမ့်မယ်''

''ဗျာ ... ငါးတွင်း၊ ဟုတ်လား ... ဦးပိန်''


www.burmeseclassic.com

www.burmeseclassic.com


"အေး ...ဟုတ်တယ်။ ငါးတွေစုပြီး မိုးတွင်းရောက်ဖို့ နွေကာလကိုကျော်ဖြတ်ဖို့ စုပေါင်းပြီး ခိုအောင်းနေကြတာကွ။ အဲဒီငါးတွင်းမျိုးကို မိုးစောစောကုန်တဲ့နှစ်တွေမှာ တွေ့ရတတ်တယ်။ မိုးစောစော ကုန်တဲ့အခါ ငါးတွေက မြစ်တွေ၊ ချောင်းတွေ၊ ကန်တွေထဲကို မဆင်းနိုင်ကြတော့ဘဲ လယ်ကွင်းတွေထဲမှာ ပိတ်မိနေတတ်ကြတယ်။

အဲဒီပိတ်မိနေတဲ့ငါးတွေက လယ်ကွင်းကန်သင်းရိုးအောက်က ကျင်းတွေ၊ ဂလိုင်တွေထဲမှ စုပြီးနေတတ်ကြတယ်။ တစ်နွေလုံး ဒီအတိုင်းခိုပြီး မိုးရွာပြီး လယ်ထဲရေတင်တော့မှ အပြင်ကို ပြန်ထွက်ကြတာကွ။ တစ်နွေလုံး အစာမစားဘဲ ရွံ့နွံတွေထဲမှာ ဒုက္ခခံပြီးနေကြရတာ"

"အဲဒီငါးတွင်းကို တူးပြီးရင် အဲဒီငါးတွေကို သောက်ရေကန်ထဲကို လွှတ်ပေးဖို့ ငါတူကိုပြောချင်တယ်"

"စိတ်ချပါ ...ဦးလေး၊ ကျွန်တော်လည်း အဲဒီလိုစိတ်ကူးရှိပါတယ်"

ကျွန်တော် သံယောင်းမဦးပိန်ကို အတော်လေးစားသွားသည်။ ကိုယ်တိုင်က တံငါလုပ်ငန်းဖြင့် အသက်မွေးနေသော်လည်း ထိုကဲ့သို့ ဒုက္ခရောက်နေသည့် သတ္တဝါများအပေါ် ငဲ့ညှာစွာ ထောက်ထားသူဖြစ်နေသည်။ သူ့ဆန္ဒနှင့် ကျွန်တော် လုပ်ဆောင်ရမည့်ကိစ္စက အတူတူဖြစ်နေသည်။

ကျွန်တော်လည်း အကျိုးအကြောင်းသိရပြီဖြစ်၍ ည (၉) နာရီခန့် ဝိုင်းသိမ်းပြီးနောက် ပြန်လာခဲ့သည်။ နောက်တစ်နေ့လုပ်ရမည့်လုပ်ငန်းများကို တွေးတောနေသဖြင့် တော်တော်နှင့် အိပ်မပျော်။ ညဉ့်နက်မှ အိပ်ပျော်သွားခဲ့သည်။

✿ ✿ ✿

[၃]

❑

နောက်တစ်နေ့နံနက်ရောက်သောအခါ တပည့်ကျော်လူငှား (၃)ဦးအား ခေါ်၍ လှည်းတစ်စီးပေါ်တွင် ပေါက်တူး၊ ပေါက်ပြား၊ ဓား၊ တောင်း စသော ပစ္စည်းများကို စုံလင်စွာတင်၍ ယမန်နေ့ညနေက အသံကြားရသော လယ်ကွင်းထဲသို့ ထွက်လာကြသည်။ ထိုလယ်ကွက်သည် ကျွန်တော်တို့တဲမှ လယ်(၃)ကွက်ခြား တစ်ခေါ်လောက်ရှိသော နေရာဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုနေရာသို့ ရောက်သောအခါ တပည့်ကျော်များကို ပေါက်တူးဖြင့် တစ်ယောက်တစ်လှည့် တူးစေသည်။ ငါးသံကြားသောနေရာသည် ကန်သင်းရိုးအောက်တည့်တည့်ဖြစ်သဖြင့် ကန်သင်းရိုးကို ဦးစွာ ဖြိုဖျက်ပြီးမှ တူးရသည်။

ကန်သင်းရိုးကလည်း လူကြီးရင်စို့ခန့်မြင့်ပြီး တစ်လံခန့်ကျယ်သော ကန်သင်းရိုးဖြစ်သဖြင့် တပည့်ကျော်သံလုံးဦးဆောင်သော သူရင်ငှားများမှ ချွေးသီးချွေးပေါက်ကျအောင် ပင်ပန်းကြီးစွာ တူးကြရသည်။

ကန်သင်းရိုးကို ဖြိုဖျက်လိုက်သောအခါ လက်သီးဆုပ်ခန့်ရှိသော တွင်းပေါက်ဝတစ်ခုကို တွေ့လိုက်ရသည်။ ၎င်းတွင်းပေါက်ဝအတိုင်း မြေအောက်သို့ ဆက်လက်တူးဖော်သွားသည့်အခါ တွင်းပေါက်ဝက တဖြည်းဖြည်းကျယ်သွားပြီး ကန်သင်းရိုးအောက် (၃) တောင်ခန့်အနက်တွင် (၁၀) ပေပတ်လည်ခန့်ရှိသော နွံအိုင်တစ်အိုင်ကို တွေ့လိုက်ရသည်။ ထိုအိုင်ကို ဂရုတစိုက်ကြည့်လိုက်သောအခါ အံ့အားသင့်ဖွယ်များကို တွေ့လိုက်ရတော့သည်။

အိုင်ထဲတွင် ရွှံ့နွံများနှင့်ရောနှောသော ငါးများကို အများအပြား တွေ့ရှိလိုက်ရသည်။ ထိုအိုင်ထဲတွင်နေကြသော ငါးမျိုးပေါင်းစုံကြောင့် ကျွန်တော် အလွန်အံ့ဩသွားသည်။ ငါးရံ့၊ ငါးကျည်း၊ ငါးခူ၊ ငါးပြေမများကို အများဆုံးတွေ့ရသည်။ ထိုငါးများနေထိုင်ကြပုံမှာ ဖြစ်သလို ရောနှောနေကြခြင်းမဟုတ်ဘဲ အမျိုးအစားတူရာတူရာ စုဝေး၍ နေထိုင်ကြသည်ကို တွေ့လိုက်ရသည်။

ရှေ့ဆုံးတွင် ငါပြေမများကို အုပ်စုလိုက်တွေ့ရသည်။ ငါးများအားလုံးထဲတွင် ငါးပြေမသည် လူကိုသော်လည်းကောင်း၊ ငါးအချင်းချင်းကိုသော်လည်းကောင်း၊ အလွန်ဒုက္ခပေးသော ငါးမျိုးဖြစ်သည်။ ၎င်း၏ ပါးဟက်ကျောနှင့် ဗိုက်တစ်လျှောက်ရှိ ဆူးတောင်အသေးများ၊ အကြေးခွံများအားလုံးသည် ဘရိတ်ဒါးကဲ့သို့ အလွန်ထက်မြက်လှသည်။ သွားထိသည်နှင့် ထိခိုက်ရှနာဖြစ်ရသည်။

ထို့ကြောင့် ငါးပြေမကို သားစားငါးကြီးများဖြစ်ကြသော ငါးရံ့၊ ငါးဘတ်စသော ငါးများပင် စားသောက်ခြင်းမရှိကြပါ။ ကျွန်တော်တို့တွေ့သော ငါးတွင်းထဲတွင် ငါးပြေမများကို ထိပ်ဆုံးတွင် တွေ့ရသည်။ ၎င်းတို့နောက်တွင် ငါးကျည်း၊ ငါးခူ၊ ငါးရံ့တို့ကို အစဉ်လိုက်တွေ့ရှိရသည်။ ငါးများမှာ တစ်ကောင်နှင့်တစ်ကောင် မေးတင်၍ စီထပ်နေကြပြီး ရွှံ့နွံပေါ်တွင် ခေါင်းကလေးများသာ ပေါ်ထားနိုင်ကြသည်။

တွင်းထဲတွင် ငါးများကို အပြည့်တွေ့ရသည်။ ခန့်မှန်းခြေ ပိဿာ (၅၀) ခန့်ရှိသည်။ ရာသီဥတုပူပြင်းလှသဖြင့် တွင်းထဲတွင် ရေလုံးဝမရှိပါ။ ရှိနေသော ငါးများကူးနေသည့် ရွှံ့နွံများမှာလည်း ပျစ်ချွဲနေပြီးနောက် တစ်ပတ်ခန့်ကြာလျှင်


www.burmeseclassic.com

www.burmeseclassic.com


ထို့ရွှံ့နှစ်များခြောက်လာပြီး တွင်းထဲတွင်ရှိသော ငါးအားလုံး သေဆုံးသွားနိုင်သည်။ ကျွန်တော်တို့တွေ့သောအချိန်မှာ အချိန်မီကလေးပင်ဖြစ်သည်။

ကျွန်တော်က လူငှားတစ်ယောက်ကို တဲသို့ပြန်လွှတ်၍ နွားစားခွက်နှစ်လုံးကို တဲရှေ့ကန်ပေါင်ပေါ်တွင် ချထားစေသည်။ ထို့နောက် ငါးတွင်းထဲမှ ရွှံ့နှစ်များလူးနေသောငါးများကို ဖမ်းယူ၍ တောင်းများဖြင့်ထည့်ပြီး တဲသို့သယ်ယူကြသည်။

တဲရှေ့ကန်ထဲမှ ရေဖြင့် ငါးများကို စင်အောင်ဆေးပြီး နွားစာခွက်များထဲတွင် ခေတ္တရေဖြည့်၍ ထည့်ထားလိုက်သည်။ ကျွန်တော်တို့လေးယောက် တွင်းထဲမှ ငါးများကိုဖမ်းယူပြီး တဲသို့သယ်ခြင်း၊ ရေဆေး၍ သိုလှောင်ခြင်းများ ကို ပင်ပင်ပန်းပန်းပြုလုပ်ကြရာ နေ့ (၁၁) နာရီ အချိန်တွင် အားလုံး ဆေးကြောပြီးစီးသွားခဲ့သည်။

ကျွန်တော်တို့ ငါးတွင်းတွေ့၍ ဖမ်းဆီးနေသောသတင်းကို အချို့လူများကကြားသဖြင့် လာရောက်ပြီး ဝယ်ခြင်း၊ ဟင်းစားတောင်းခြင်းများ ပြုလုပ်ကြသည်။ ဘုရားလူကြီး ဦးပြားကြီးက ထိပ်ဆုံးမှဖြစ်သည်။

"ဟေ့ . . . တူလေးမောင်ရဲနိုင် လုပ်ပါကွ။ တစ်ပိဿာလောက် ရောင်းပါကွ။ မရောင်းရင် ဟင်းစားပေးကွာ"

"စိတ်မဆိုးပါနဲ့ . . . ဦးလေးရာ၊ ရောင်းလည်း မရောင်းပါဘူး။ ပေးလည်း မပေးနိုင်ပါဘူး"

"ရောင်းလည်း မရောင်းဘူး။ ပေးလည်းမပေးဘူးဆိုတော့ ဒီငါးတွေကို မင်းက ဘာလုပ်မလို့လဲကွ။ ဒီလောက်အများကြီးကို"

"ဇီဇိတဒါန လွှတ်မလို့ဗျ"

"အောင်မယ် . . . မင်းတို့က ကြီးကျယ်လို့"

"တကယ်ပြောတာ . . . ဦးပြားကြီးရ။ အမိမဲ့သား ရေနည်းငါးဆိုသလို ဒုက္ခရောက်နေရှာတဲ့ ဒီငါးတွေကို ဘဘုန်းကျောင်းအောက သောက်ရေကန်ထဲ သွားလွှတ်မလို့"

"ကျွန်တော်တို့က ကုသိုလ်လုပ်နေတာ။ ဦးလေးက အကုသိုလ်ဖြစ်ချင်ရင်တော့ ယူသွားဗျာ"

"အောင်မယ်လေး . . . နေပါမောင်ရာ မယူတော့ပါဘူး၊ နေပါစေ"

"ဟား . . . ဟား . . . ဟား . . . "

ကျွန်တော်တို့အုပ်စု သဘောကျစွာဖြင့် ဝိုင်း၍ ရယ်မောလိုက်ကြသည်။ ဦးပြားကြီးကတော့ ရှုံးရှုံးရဲရဲဖြင့် ပြန်သွားတော့သည်။ ထမင်းစားသောက်ပြီးနောက် ငါးထည့်ထားသော စည်ပိုင်းများကို လှည်းနှစ်စီးပေါ်သို့ တင်စေသည်။


www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် လှည်းများကို ရွာထိပ်သောက်ရေကန်သို့ မောင်းလာခဲ့ပြီး ရေကန်သို့ရောက်သောအခါ ငါးများကို ကန်ထဲသို့လွှတ်ကြသည်။ ကျွန်တော်တို့ လုပ်နေသည်ကို တွေ့မြင်သော ရွာသူရွာသားများကလည်း တစ်ပျော်တစ်ပါး ဝိုင်း၍ ဆောင်ရွက်ကြသည်မှာ ကန်ပေါင်ပေါ်တွင် အုံးအုံးထနေကြတော့သည်။

ကျွန်တော်တို့ ငါးလွှတ်ပွဲကို ကျောင်းမှ ဘဘုန်းကိုယ်တိုင် လာရောက်ကြည့်ရှုပြီး သာဓုခေါ်ဆိုခဲ့သည်။ ဘဘုန်းမျက်နှာမှာ သူ့မြေးချစ်အတွက် တပြုံးပြုံးနှင့်ဖြစ်နေသည်။ ငါးအားလုံးကို လွှတ်ပြီးသောအခါ ဘဘုန်းကို ကန်တော့၍ ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။ လှည်းပေါ်တွင် ထိုင်လိုက်လာသော လူငှားတစ်ဦးဖြစ်သည့် ရွှေဗျိုင်းမှာ လက်တစ်ဖက်ကို အခြားတစ်ဖက်ဖြင့်ဆုတ်ပြီး မျက်နှာရှုံ့မဲ့နေသဖြင့် ကျွန်တော်က . . .

''ဟေ့ကောင် . . . ရွှေဗျိုင်း၊ ဘာဖြစ်နေတာလဲ''

''ခုန ငါးကျည်းတွေကိုခတ်ပြီး လွှတ်တုန်းက ငါးကျည်းစူးမိသွားလို့ အစ်ကိုလေး''

''အေး . . . အေး . . . ငါးကျည်းက နည်းနည်းတော့ နာတယ်ကွ။ ပျောက်သွားမှာပါကွ''

ကျွန်တော်က အားပေးလိုက်သည်။ ဟုတ်ပါသည်။ ကျွန်တော်တို့ဒေသတွင်ရှိသော ငါးများအနက် အဆိပ်အပြင်းဆုံးငါးမှာ ပင်လယ်ငါးခူဖြစ်သည်။ သို့သော် ပင်လယ်ငါးခူက လယ်ထဲချောင်းထဲတွင်မနေ။ မြစ်ထဲတွင်သာ နေသည်။ မြစ်ထဲရှိ ကွေ့များ၊ ဂလိုင်များ၏ ကြမ်းပြင်တွင် တွင်းနှင့်နေသည်။ ပင်လယ်ငါးခူကို ဖမ်းဆီးလိုသူများက မြစ်ရေစစ်ချိန်တွင် ရေငုတ်၍ ငုံးတွင်းများကို နှိုက်၍ ဖျက်ဆီးရသည်။ ပင်လယ်ငါးခူက ရိုးရိုးငါးခူထက် ပိုကြီးပြီးတစ်ကောင်လျှင် လေးငါးဆယ် သားရှိသည်။

ထိုပင်လယ်ငါးခူစူးမိလျှင် ချက်ချင်းမနာကျင်သော်လည်း မြစ်ထဲတွင် ရေစတက်ချိန် နာရီဝက်ခန့်နှင့် ရေစကျချိန် နာရီဝက်ခန့်တို့တွင် အဆိပ်တက်၍ လွန်စွာနာကျင်သဖြင့် အော်ဟစ်နေရသည်။ ထိုကဲ့သို့ တစ်ပတ်ခန့် ဆက်တိုက်ခံစားပြီးမှ ပျောက်ကင်းရသည်။ အဆိပ်ပြင်းသလို ငုံးပင်လယ်ငါးခူ၏အသားသည် ချက်စားပါက ရိုးရိုးငါးခူအသားနှင့် ဘာမှမဆိုင်ဘဲ လွန်စွာအရသာရှိလှသည်။

ပင်လယ်ငါးခူပြီးလျှင် ငါးကျည်းအဆိပ်က အနာကျင်ဆုံးဖြစ်သည်။ ငါးကျည်း အစူးခံရလျှင် ချက်ချင်းယောင်ကိုင်းလာပြီး နှစ်နာရီခန့် နာကျင်သောဝေဒနာကို


www.burmeseclassic.com

www.burmeseclassic.com


ခံစားရသည်။ ထို့နောက်မှ တဖြည်းဖြည်း ပျောက်သွားသည်။ ငါးဖမ်းရင် ငါးကျည်း နှစ်ခါသုံးခါခန့် စူးမိလျှင်ငါးကို ဆက်မဖမ်းနိုင်တော့ဘဲ နာကျင်လွန်းသဖြင့် ညည်းညူနေရသည်။ ထို့ကြောင့် ကျွန်တော်က ရွှေဗျိုင်းအား အားပေးလိုက်ခြင်း ဖြစ်သည်။

တဲသို့ ပြန်ရောက်ကြသောအခါ ပစ္စည်းများကို နေသားတကျ ပြန်ထားစေပြီး အလုပ်သမားများကို မိမိတို့နှင့် သက်ဆိုင်ရာအလုပ်များကို လုပ်ကိုင်စေသည်။ သူရင်းငှားတစ်ဦးဖြစ်သော ရွှေဗျိုင်းကတော့ လက်ကြီးယောင်ကိုင်းလာပြီး ပိုနာလာသဖြင့် တအင့်အင့်နှင့် ညည်းညူနေတော့သည်။ ဒဏ်ရာက ပိုနာလာသဖြင့် ရွာထဲသို့လွှတ်ပြီး ဆရာမလေး နန်းရွှေစင်ထံ ဆေးထိုးခိုင်းလိုက်သည်။

ကျွန်တော် တဲရှေ့ကန်ပေါင်ပေါ်သို့ ထွက်လာခဲ့သည်။ မိမိပြုလုပ်ခဲ့သော ကုသိုလ်အတွက် ဝမ်းသာပီတိ ဖြစ်မိသည်။ ကန်စပ်တွင် ငါးသယ်ယူစဉ်က အသုံးပြုသော ခွဲတောင်းတစ်လုံးကို ရွှံ့နွံများ ပေကျံလျက်တွေ့ရသဖြင့် ကျွန်တော်က ယူပြီး ကန်ထဲနှစ်ဆေးလိုက်သည်။ တပည့်ကျော်တွေ ဆေးဖို့ မေ့သွားဟန်တူသည်။ ထို့ကြောင့် ကျွန်တော်ကိုယ်တိုင်ပင် သေချာစွာ ဆေးကြောနေလိုက်သည်။

ထိုကဲ့သို့ ဆေးကြောရင်း တောင်းကိုမှောက်၍ ဆေးလိုက်သောအခါ တောင်း၏အောက်ခြေတွင် ကွပ်ထားသော ကြိမ်များအကြားတွင် ညပ်လျက် ရေညှိတက်နေသော လက်စွပ်တစ်ကွင်းကို တွေ့လိုက်ရသည်။ ကျောက်နီလက်စွပ် တစ်ကွင်းဖြစ်ပြီး ငါးမူးသားခန့်ရှိသည်။

ကျွန်တော်က လက်စွပ်ကို သေချာစွာ ပွတ်တိုက်ဆေးကြောလိုက်သောအခါ ဝင်းဝါတောက်ပြောင်သော ရွှေသားလက်စွပ်ဖြစ်ပြီး ကျောက်မှာလည်း အရည်လည်နေပြီ။ ပတ္တမြားဖြစ်ဟန်တူသည်။ တွေ့ရသောတောင်းမှာ ငါးတွင်းထဲတွင်ချပြီး ငါးများကိုထည့်ကာ အခေါက်ခေါက် အခါခါ သယ်ခဲ့သောတောင်းဖြစ်သောကြောင့် လက်စွပ်သည် ငါးတွင်းထဲမှ ပါလာပုံရသည်။ ကျွန်တော်က လက်စွပ်ကို မည်သူမျှမပြောဘဲ သိမ်းဆည်းထားလိုက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

နာရီဝက်ခန့်အကြာတွင် ငါးကျည်းစူးသော ဒဏ်ရာကို ဆေးသွားထိုး ကြသော ရွှေဖျိုင်းနှင့်သံလုံးတို့ ပြန်ရောက်လာကြသည်။ ကျွန်တော်က ...

"ဟော့ကောင်တွေ ... ဆရာမလေးနဲ့ တွေ့ခဲ့လား"

"ဟုတ်ကဲ့ ... အစ်ကိုလေး။ တွေ့ခဲ့ပါတယ်။ ဆေးလည်း ထိုးပေးလိုက် တယ်။ သောက်ဆေးတွေ ပေးလိုက်တယ်။ ပြီးတော့ အစ်ကိုလေး ...."

"ဘာလဲကွ ... မင်းက"

"ဆရာမလေးက အစ်ကိုလေးကိုလည်း မေးနေတယ်။ ကျွန်တော်တို့ ငါးလွှတ်တဲ့အချိန် သူကွင်းထဲကို မွေးလူနာ ကြည့်နေရလို့တဲ့။ နို့မို့ဆိုရင် သူလည်း လာဝိုင်းလုပ်ပါတယ်တဲ့"

"အေးပါကွာ"

"အစ်ကိုလေး .. ဆရာမလေးကလေ အစ်ကိုလေးကို အရမ်းသံယောဇဉ် ရှိတာ။ တွေ့တာနဲ့ အစ်ကိုလေးအကြောင်း မေးတော့တာပဲ"

"တော်ပြီ ... ဟော့ကောင်၊ တော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com


"တကယ်ပါ .... အစ်ကိုလေးနဲ့ ဆရာမလေးက ရှေ့သွားနောက်လိုက် သိပ်ညီတာ"

"ဒီကောင် ... တော်တော့ဆို၊ ငါဆွဲထိုးလိုက်လို့"

"ဟီး ... ဟီး ... ဟီး ..."

တပည့်ကျော်သုံးလုံးကတော့ တဟီးဟီးရီ၍ ထွက်သွားသည်။ ထိုနေ့ည ကျွန်တော်အိပ်ပျော်နေချိန်တွင် အိပ်မက်ထဲသို့ ယခင်လာရောက်ခဲ့သော ကန်စောင့် ငါးကြီး ရောက်ရှိလာပြန်သည်။ ကြည့်နေရင်း ယခင်အခေါက်ကကဲ့သို့ပင် မိန်း ကလေးတစ်ယောက်အသွင်သို့ ပြောင်းလဲသွားပြီး ကျွန်တော့်ကို ကျေးဇူးတင် စကား ပြောကြားတော့သည်။

"ကျေးဇူးတင်ပါတယ် ... အစ်ကိုလေးရယ်။ အစ်ကိုလေး ကျေးဇူး ကြောင့် ကျွန်မတို့အမျိုးနွယ်တွေ ဘေးကင်းတဲ့ဆီကို ရောက်ကုန်ကြပါပြီ"

"နေပါဦး ... ညနေက ငါတွေ့တဲ့ပစ္စည်းက ..."

"ဟုတ်ပါတယ် ... အစ်ကိုလေးကို ကျေးဇူးဆပ်တာ။ လိုရာကို သုံး ပါ။ ပြီးတော့လည်း အစ်ကိုလေးအရက်သမားတစ်ယောက်က မလုပ်သင့်တာတစ်ခု ကို လုပ်လို့ ကျွန်မတို့ ဆုံးမထားတယ်။ အသက်အန္တရာယ်တော့ မရှိပါဘူး"

"ဘာတွေ လုပ်ထားလို့လဲကွ"

"သူ့ကိုမေးကြည့်ရင် သိပါလိမ့်မယ်။ ကျွန်မတို့လည်း ကုသိုလ်ကံကြောင့် ဒီမှာ အစောင့်အရှောက်ဘဝနဲ့ နေကြရတာပါ။ အချိန်တန်ရင်တော့ လွတ်ရာကျွတ်ရာ ကို သွားကြရမှာပါ။ ကဲ ... ကျွန်မ သွားတော့မယ် ခွင့်ပြုပါဦး"

ပြောပြောဆိုဆို ပျောက်ကွယ်သွားခဲ့သည်။ သူပျောက်ကွယ်သွားသည့် အချိန်တွင် ကျွန်တော်လည်း အိပ်ရာမှ နိုးလာခဲ့သည်။ ငါးကျည်းစူးသော ရွှေဖျိုင်း တစ်ယောက် တစ်ညလုံးအိပ်၍မရဘဲ ညည်းညူနေရသည်။ ဆေးထိုးဆေးသောက် လုပ်သော်လည်း နာကျင်မှုက လျော့မသွား၊ လက်ကလည်း အယောင်မလျော့။ နံနက်မိုးလင်းမှပင် သူ့ကို အကျိုးအကြောင်း မေးကြည့်ရသည်။

"ရွှေဖျိုင်း ... မင်းဒဏ်ရာက ဘယ်လိုနေသေးလဲ"

"သိပ်မသက်သာဘူး၊ နာနေတုန်းပဲ"

"မင်း မနေ့က ဘာမဟုတ်တာလုပ်ထားသလဲ။ ငါ့ကို မှန်မှန်ပြောစမ်း ပေါ့ကောင်"

"ဘာမှမလုပ်ပါဘူး ... အစ်ကိုလေးရ"

"အခုထိ မင်းက ညာနေတုန်း။ အဲဒါကြောင့် မင်း ဒီလိုဖြစ်နေတာ"


www.burmeseclassic.com

www.burmeseclassic.com


ရွှေဗျိုင်းမျက်နှာက ရှုံ့မဲ့နေသည်။ နာကျင်လွန်းသဖြင့် တစ်ခါတစ်ရံ အော်ဟစ်နေရသည်။ ကျွန်တော် အတင်းအကျပ်မေးတော့မှ …

"ကျွန်တော် မနေ့ကသွားလွှတ်တဲ့ ငါးတွေထဲက ငါးရံ့နှစ်ကောင်ကို အိမ်မှာစားဖို့ မိန်းမကို ခိုးပေးလိုက်ပါတယ်"

"မင်း တော်တော်မိုက်တဲ့ကောင်ပဲ။ ငါတို့အားလုံး ကုသိုလ်လုပ်တယ်။ မင်းက အကုသိုလ်ဖြစ်အောင်လုပ်တယ်။ မသေတာ ကံကောင်း။ မင်းကတော့ကွာ"

"ဟုတ်ပါတယ် … အစ်ကိုလေး၊ ကျွန်တော် မှားသွားပါတယ်"

"အင်း … မှားသွားတယ်ဆိုလို့ ပြီးမသွားဘူး။ ကဲ … ကဲ … ဒီလို လုပ်၊ လက်ဖက်တစ်ပွဲဝယ်ပြီး ယူသွား။ နောက်ဖယောင်းတိုင်၊ အမွှေးတိုင်တွေ လည်းယူသွားပြီး တို့ငါးလွှတ်တဲ့ သောက်ရေကန်ကိုသွားပြီး တင်မြှောက်ပြီး တောင်းပန်လိုက်၊ ဖယောင်းတိုင်နဲ့ အမွှေးတိုင်တွေကိုလည်း ဘုရားကို ကပ်လှူ ပူဇော်မို့ လှူဒါန်းပါတယ်ဆိုပြီး ထွန်းညှိပေးထားခဲ့လိုက်"

"ဟုတ်ကဲ့ပါ … အစ်ကိုလေး။ ကျွန်တော်တို့ အခုပဲ သွားလုပ်လိုက်ပါ့ မယ်"

ရွှေဗျိုင်းနှင့်သံလုံးတို့ ကျွန်တော်ပြောသည့်အတိုင်း ဆောင်ရွက်ရန် ထွက်သွားကြသည်။ တစ်နာရီခန့်ကြာပြီး နောက်နှစ်ယောက်သား တဲသို့ ပြန်ရောက် လာကြသည်။ ရွှေဗျိုင်းမျက်နှာမှာ သွားစဉ်ကကဲ့သို့ ရှုံ့မဲ့မနေတော့ဘဲ အနည်းငယ် လန်းလာသည်။

"အစ်ကိုလေးပြောတဲ့အိုင်း အကုန်လုပ်ခဲ့ပါတယ်။ မသိနားမလည်လို့ မိုက်မိတာကို ခွင့်လွှတ်ပါလို့ တောင်းပန်ခဲ့ပါတယ်။ ဖယောင်းတိုင်နဲ့ အမွှေးတိုင် တွေကိုလည်း ထွန်းပေးပြီး ဘုရားကို လှူဒါန်းနိုင်ဖို့ ဒါနလည်း ပြုခဲ့ပါတယ်"

"အဲဒီလိုလည်း လုပ်ပြီးရော ကျွန်တော့်လက်လည်း တော်တော်သက်သာ သွားတယ် … အစ်ကိုလေး"

"အေး … အေး … ပျောက်သွားမှာပေါ့ကွာ"

ရွှေဗျိုင်း၏ ဒဏ်ရာမှာ တဖြည်းဖြည်း သက်သာလာသည်။ လက်မှ ယောင်ကိုင်းနေမှုမှာလည်း တဖြည်းဖြည်းလျော့လာပြီး ညနေစောင်းတွင် လုံးဝပျောက် ကွယ်သွားတော့သည်။ ရွှေဗျိုင်းလည်း အတော်ခံလိုက်ရသည်။ တစ်သက်စာ အတွက် မှတ်သားလောက်သည့် အနေအထားဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

ထိုနေ့ညနေစောင်းသို့ ရောက်သောအခါ ကျွန်တော်သည် သိမ်းထားသော ဗီးတွင်းထဲမှရသည့် ပတ္တမြားလက်စွပ်ကိုယူ၍ ဘဘုန်းကျောင်းသို့ ရောက်လာခဲ့ သည်။ ကျွန်တော်ရောက်သောအခါ တပည့်ကျော်သံလုံးကို သွားခေါ်ခိုင်းထား သော အဘထိတ်တုံးရွှေ၊ သံယောင်းမ ဦးပိန်တို့အုပ်စုလည်း ဘဘုန်းကျောင်းတွင် ကြိုတင်ရောက်ရှိနေကြပြီဖြစ်သည်။ ထူးထူးခြားခြား ဆရာမလေး နန်းရွှေစင်ကိုပါ လူအုပ်ထဲ တွေ့လိုက်ရသည်။ အဘထိတ်တုံးရွှေ လက်ချက်ပင်ဖြစ်ရမည်။

ကျွန်တော်က အကျိုးအကြောင်းကိုပြောပြ၍ လက်စွပ်ကို ဘဘုန်းလက် သို့ အပ်လိုက်သည်။ ဘဘုန်းက ကျွန်တော့်ကို . . .

"ငါ့မြေးက စိတ်ကောင်းစေတနာကောင်းနဲ့ကူညီလို့ မြင်အပ် မမြင်အပ် တဲ့ ပုဂ္ဂိုလ်တွေက ချီးမြှင့်တာ။ ငါ့မြေးက ဘယ်လိုလုပ်ချင်လို့လဲ"

"တပည့်တော် . . . ဒီပစ္စည်းကို ကိုယ်ကျိုးမသုံးလိုပါဘူး။ အခု ဘဘုန်း ကို ခေတ္တအပ်ထားပြီး လာမယ့်နှစ် ဒီကျောင်းဝင်းထဲက ဘုရားကြီး ထီးတော်နဲ့ စိန်ဖူးတော်ကို ပြုပြင်တဲ့အခါ လှူဒါန်းပေးစေချင်ပါတယ်"

"အေး . . . အေး . . . ကောင်းပြီ။ ငါ့မြေးဆန္ဒအတိုင်း ဘဘုန်း ဆောင် ရွက်ပေးပါ့မယ်။ ပြီးတော့လည်း ငါ့မြေးပြောပုံအရ တစ်သက်လုံးက တံငါလုပ်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ ငပိန်။ ဒီတစ်ခါတော့ မင်းရဲ့ စိတ်ကောင်း၊ စေတနာကောင်းကိုတော့ ဘဘုန်း သာဓုခေါ်တယ်ဟေ့။ သာဓု ... သာဓု ... သာဓု''

''မှန်ပါ့ဘုရား''

သံယောင်းမဦးပိန်၏မျက်နှာကို ကြည့်လိုက်တော့ ဝမ်းသာပီတိ အပြုံးတွေ နှင့်။ လာရင်းကိစ္စရပ်များပြီးပြီမို့ ပြန်ရန် ဘဘုန်းကို ဦးချကြသည်။ ပြန်ရန်ပြင် တော့ အဘထိတ်တုံးရွှေက ...

''လူလေး ... မင်း ဆရာမလေးကို စောင့်ခေါ်ခဲ့။ အဘတို့ သွားနှင့် မယ်။ ပြင်စရာရှိတာ ပြင်ထားလိုက်မယ်''

''အဘကလည်း ကျွန်တော်ကိစ္စရှိလို့ အရင်သွားမလို့''

''ဟုတ်သားပဲ ... လူလေးရဲ့။ ဆရာမလေးကို စောင့်ခေါ်သွားလိုက် ပါ''

ဘဘုန်းကဝင်ပြော၍ ကျွန်တော် မတတ်သာတော့။ စောင့်ခေါ်ရတော့ သည်။ ဆရာမလေးက ဘဘုန်း၏ကျန်းမာရေးကို စစ်ဆေးပြီး လိုအပ်သည့်ဆေးဝါး များကို ကပ်လှူခဲ့သည်။ ပြီးမှ ကျွန်တော်တို့နှစ်ယောက် ရွာထဲသို့ ပြန်လာခဲ့ကြ သည်။ ကျောင်းဝင်းထဲမှ ထွက်ပြီးနောက် ဆရာမလေးက ...

''အစ်ကိုလေး ... ဒီညနေ အဘထိတ်တုံးရွှေတို့နဲ့ ပိုင်းထိုင်မလို့မဟုတ် လား''

ကျွန်တော်က ဘာမှမပြောဘဲ နေလိုက်သည်။ ဆရာမလေးက ဆက် ၍ ...

''ကျွန်မက အစ်ကိုလေးတို့၊ အဘတို့ကျန်းမာရေးကို စိုးရိမ်လို့ပြောတာ ပါ။ အဘထိတ်တုံးရွှေကို ဘာဖြစ်လို့ အရက်ကို ဒီလောက်သောက်ရလဲမသိဘူး နော်''

''ဒီလို ... ဆရာမလေးရဲ့၊ အဘက အရက်ကို ကြိုက်တာထက် သူ့ အသက်သခင်ဆိုပြီး သောက်နေတာ''

'' 'ရှင် ...' သူ့အသက်သခင် ... ဟုတ်လား''

''ဟို' လွန်ခဲ့တဲ့ တစ်နှစ်လောက်က 'ရန်ကုန်'နဲ့ 'ဒလ' ကူးတို့ကူးတဲ့ တိုးအေးသင်္ဘောနစ်တာကို ဆရာမလေး ကြားလိုက်မှာပေါ့''

''ဟုတ်ကဲ့ ... သိတယ် ... အစ်ကိုလေး''

''အဲဒီသင်္ဘောနစ်မှုံအခေါက်မှာ အဘထိတ်တုံးရွှေရယ်၊ ကိုလေး... ရယ် ရန်ကုန်ဘက်ကမ်းကနေ ရွာကိုပြန်မယ်ဆိုပြီး သင်္ဘောပေါ် တက်ခဲ့ကြ တယ်။ သင်္ဘောထွက်ခါနီးတော့ အဘစိတ်ထဲမှာ အရက်အရမ်းသောက်ချင်...



www.burmeseclassic.com

www.burmeseclassic.com


စိတ်တွေပေါ်လာလို့ ကိုလေးကျော်ကို ဘုန်းကြီးလမ်းဘုံဘိုင်မှာ အရက်သွား သောက်ရအောင်ဆိုပြီး ခေါ်တယ်။

ကိုလေးကျော်က ဒလဘက်ကမ်းကျမှ သောက်ရအောင်ဆိုတာကို အဘ က ရန်ကုန်ဘက်ကမ်းမှာပဲ သောက်မယ်ဆိုပြီး ကိုလေးကျော်ကို 'တိုးအေး' သင်္ဘောပေါ်ကနေ အတင်းဆွဲခေါ်ပြီး ဘုန်းကြီးလမ်း ဘုံဆိုင်ကို ဆိုက်ကားနဲ့ လာခဲ့ကြတယ်။ ဘုံဆိုင်ထဲလည်းရောက်ရော သင်္ဘောလည်း နစ်တော့တာပဲ။ လူတွေသေလိုက်ကြတာ အဘတို့ပါသွားရင်လည်း သေမှာပဲ"

"အဲဒီတော့ အဘက ငါ့အသက်ကို ဒီအရက်က ကယ်လိုက်တာ။ ငါ့ အသက်သခင်ကျေးဇူးရှင်က ဒီအရက်ပဲ။ အဲ့ဒီတော့ ဘယ်သူတွေ ဘာပဲပြော ပြော၊ ငါ့အသက်သခင်ကျေးဇူးရှင်ကိုတော့ ဘယ်တော့မှမဖြတ်ဘူး။ သေတဲ့အထိ သောက်မယ်ဆိုပြီး သောက်တော့တာပဲ ... ဆရာမလေးရေ"

"ရှင် ... ကောင်းရော"

ဆရာမလေးမှာ ဘာမှမပြောနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွား တော့သည်။


ဟုတ်ပါသည်။ ကျွန်တော်ချစ်သော အဘထိတ်တုံးရွှေသည် အသက် (၈၀) ကျော် ကွယ်လွန်သည်အထိ အရက်ကို နှစ်ခြိုက်စွာ သောက်သုံးသွားခဲ့ သည်။

နောက်နှစ်အွေ ရွာဦးဘုရားကြီး ထီးတော်နှင့် စိန်ဖူးတော်ကို ပြန်လည်ပြု ပြင်ပြီး ကပ်လှူပူဇော်ကြသည့်အခါ ဂမ္ဘီရငါးတွင်းမှရရှိခဲ့သော ပတ္တမြားလက်စွပ် ကို ထည့်ဝင်လှူဒါန်းပြီး မြင်အပ်မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်းတို့အား ရေစက် သွန်းချ၍ အမျှအတန်းပေးဝေပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ပါသည်။

ဝင်းနိုင် (ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## [၁]

ပသေဖြစ်သေးတဲ့ည

❑

''အသက်ရှင်ရတာ ဘယ်လောက်ပျော်စရာကောင်းသလဲနော်။ ငါတော့ တောင့်တတာ တစ်ခုတည်းရှိတယ်။ နေမင်းကို နမ်းလိုက်ချင်တာပဲ။ ကြည့်ပါဦး ... နေမင်းကြီးက ဘယ်လောက်နွေး၊ ဘယ်လောက်လင်းသလဲ။ အဲ ... ဟိုရေထဲမှာရှိတဲ့ နှင်းဆီပန်းကလေးတွေကလည်း ချစ်စရာပဲ။

ရေကန်ထဲမှာ ဘဲတွေကူးနေလိုက်ကြတာ ကြည့်လို့သိပ်လှ။ တချို့ဘဲတွေကလည်း ရေထဲကို ခေါင်းစိုက်နေကြတယ်။ သူတို့က အဲဒီလို နေတတ်ကြတယ်လေ။ ပြီးတော့ ဖျတ်ခနဲဆို ကမ်းဘက်ဆီ ကူးကြပြန်တယ်။

ရွှံ့စိုစိုပေါ်မှာ ဘဲခြေရာတွေကို ပွလို့။ ဆူလိုက်ညံလိုက်ကြတာ တဂတ်ဂတ်နဲ့ သူတို့အော်သံတွေကို အဝေးကြီးက ကြားနေရတယ်။ ရေပြင်ကလည်း လှုပ်နေတာပဲ။ ဒီရေပြင်ဟာ စောစောက မှန်လိုကြည်နေတာ။ ရေကန်အနားပတ်လည်မှာ ရှိသမျှတွေဟာ ဒီရေပြင်ပေါ်မှာ ပီပီပြင်ပြင် အရိပ်ထင်နေကြတာပေါ့။

သစ်ပင်တွေ၊ ချုံတွေ၊ မြင်းမိုရ်မြင့်မြင့်လယ်တဲအိမ်နဲ့ ပျံလွှားသိုက်တွေတောင် အရိပ်ထင်နေလို့။ အထူးသဖြင့် လယ်တဲအိမ်နံရံဘေးမှာ အပင်ပုံတွေ



www.burmeseclassic.com

www.burmeseclassic.com


ကားကားစွင့်စွင့်ဝေနေတဲ့ နှင်းဆီပင်ကြီးဟာတော့ တစ်ပင်လုံး ရေပြင်ပေါ်မှာ အရိပ်ထင်နေတာပဲ။ နှင်းဆီပန်းတချို့ကတော့ ရေပြင်နဲ့ ထိတော့မတတ်။ အားလုံးဟာ ပန်းချီကားတစ်ချပ် ရေးခြယ်ထားသလို ရေထဲမှာ အရိပ်ထင်နေတာ။

အဲ ... ရေပြင်ကလှုပ်သွားတော့ အရိပ်ထင်နေတာတွေလည်း အကုန်လှုပ်ကုန်တာပေါ့။ ထင်နေတဲ့အရိပ်တွေလည်း အကုန်ပျက်သွားကြပါလေရော"

စိတ်ကူး၌ ခဏချင်းထင်လာသည့် အတိတ်ပုံရိပ်တွေသည် ပစ္စက္ခနှင့်လားလားမျှမဆိုင်။ ခြေအရွေ့တို့ကိုတန့်၍ နား၍မရသဖြင့် ခန္ဓာကိုယ်ကြီးကသေပြေးရှင်ပြေး၊ အသက်လုပြေးနေရဆဲ။ စိတ်တွေကသာ တိမ်နှယ်လွင့်လျက်သာပျော်ဖွယ် ဟိုးနောက်နောက်က အတိတ်ဆီသို့ တဝဲလည်လည်။

အရှုံးဖြင့် ဒရောသောပါး ဆုတ်ပြေးလာခဲ့ရသော မအောင်မြင်သည့်ညတိုက်ပွဲဖြစ်သည်။ သူတို့သည် ချီတက်ခဲ့ရာလမ်းအတိုင်း စုရပ်နေရာဆီသို့မရပ်မနား တစ်ပြေးတည်း ပြေးနေရသည်။ မောလွန်းလှ၍လည်း တစ်ယောက်နှင့်တစ်ယောက် စကားပင်မပြောနိုင်။ သူတို့ရှေ့မှ တလှုပ်လှုပ်အရိပ်မည်းတွေရွေ့လျားရာနောက်သို့သာ တစိုက်စိုက် တရွတ်သီထိုး၊ တလှမ်းချင်းစမ်း၍ အပြေးလိုက်နေကြရ၏။

ညကလည်း မှောင်လိုက်သည်မှာ ပိန်းပိန်းစေးမည်းလို့။ အမှောင်ထုကိုလက်ဖြင့် ကိုင်ကြည့်၍ပင် ရတော့မတတ်ဖြစ်သည်။ ကြယ်ရောင်လင်းရိပ်ကလေးသော်မှမရှိ။ သူတို့ အရေးမသာ နိမ့်ပါးခဲ့ရသူတွေသည်သာ လှုပ်ခနဲလှုပ်ခနဲ ညမှောင်ကြီးထဲ ပြေးဝင်နစ်မြုပ်သွားနေကြရခြင်း ဖြစ်သည်။

ဟူးကောင်းတောင်ကြားလွင်ပြင်၌ ဝင်းဂိတ်၏ ခြသေ့်တပ်ရင်းများ၊ လီဒိုလမ်းမကြီးဖောက်လုပ်ရာတွင် စတီးဝဲလ်ကိုဝင်ကူသော ဗိုလ်ချုပ်ကြီးလီ၏ တရုတ်တပ်မကြီးတွေနှင့် သူတို့အင်ဖာပြန်ဂျပန်ဘုရင့်ကြည်း တပ်မတော်ဒီဗိဇံတပ်တွေသည် ထွေးလုံးရစ်ပတ် သဲကြီးမဲကြီး တိုက်ခိုက်နေကြဆဲဖြစ်သည်။ ကျားကုတ်ကျားခဲ၊ နောက်မဆုတ် ဒူးမတုပ်စတမ်း။

တစ်ခါတစ်ခါ ညထဲမှာ ရန်သူနှင့် လက်တစ်ကမ်းအကွာမှ ဘေးချင်းယှဉ်ချီတက်နေရသည့်တိုင် တစ်ဦးနှင့်တစ်ဦး သတိမထားမိနိုင်။ သည်မျှအထိ ပူးတုံခွာတုံ ဖြစ်၍နေသည်။ ဖြစ်ရပုံများ မနက်အရုဏ်တက်ချိန် အလင်းရောင်ကလေးမှုန်တိမှုန်ဝါး ပျိုးလာသည့်အခါကျမှသာ မျက်စိတစ်လှမ်း ထင်သာမြင်သာရှိလာတတ်ပြီး ထိုအခါမှပင် တစ်ညလုံး မှောင်ကြီးမည်းတောထဲ၌ စစ်လမ်းတစ်ခုတည်းမှာ အတူပူးပေါင်း ချီတက်ဖြစ်နေခဲ့ကြသည်တို့မှာ မိမိတို့တပ်တွေမဟုတ်ဘဲရန်သူတရုတ်တပ်တွေဖြစ်နေမှန်း ထိတ်လန့်တကြား သိကြရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


သည်တော့မှပင် တစ်ဦးနှင့်တစ်ဦး အိပ်မှုန်စုံမွှားထဲက မျက်လုံးတွေ ဖွတ်အတင်းဖြလျက် ရုတ်ခြည်းထ၍ ပစ်ခတ်တိုက်ခိုက်ကြရပြန်သည်။ မမျှော်လင့်ဘဲနှင့် လွန်စွာပြင်းထန်သည့် တိုက်ပွဲကြီးတွေ ဖြစ်ချင်ဖြစ်သွားတတ်သေးသည်။

"ဖောက်ထွက်မှဖြစ်မယ်"

သူ့အနားမှ သူတို့တပ်စုမှူး၏ တစ်ကိုယ်တည်းဘာသာ ရေရွတ်သံသည် မှောင်ကြီးထဲက အမှတ်မထင် လျှံထွက်လာသည်။ မည်သို့ဖြစ်စေ၊ လက်ရှိအခြေအနေတွင် တပ်စုတစ်ခုလုံးက သူ့ထံမှ 'တိုက်မလား သေမလား' စစ်မိန့်တစ်ရပ် ထွက်ကျအလာကိုသာ ငံ့လင့်နေကြခြင်းဖြစ်လေရာ တပ်စုမှူး၏ တီးတိုးသံသည် သူတို့တစ်တွေအတွက် လျှပ်ရောင်ပြက်လိုက်သလို ဝင်းခနဲ လက်သွားတော့၏။ ခြေလက်လှုပ်စရာအာရုံတွေ ပြန်၍ စုစည်းရှင်သန်လာသည်။

ဝန်းကျင်ပတ်လည်မှ တရုတ်တပ်များနှင့် အနီးကပ်ရင်ဆိုင် တိုက်ပွဲများကလည်း တဝုန်းဝုန်းတဒိုင်းဒိုင်း ဆူညံပေါက်ကွဲနေ၏။

"ကျွန်တော် ရှေ့ကတပ်ဖွဲ့တွေဆီ ပြေးပြောလိုက်မယ် ... ဗိုလ်ကြီး။ တပ်စုတစ်စုလုံး ခေါင်းဖော်နိုင်လို့ ပစ်အားစုနိုင်တာနဲ့ တစ်ပြိုင်နက်တည်း ရှေ့တည့်တည့်က ခံစစ်စည်းကို တစ်ရှိန်ထိုး ဖောက်ထွက်ကြမယ်လို့"

တပ်ကြပ်ကလေး ရှီဂေဟာရ၏ ခပ်သဲ့သဲ့ တိုးတိုးတိမ်တိမ် အသံကို ကြားသည်။ သူနှင့်အတူ ဒဏ်ရာတစ်စုံတစ်ရာ အလျှဉ်းမထိ မခိုက်သေးဘဲ ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားနိုင်သေးသူ အနည်းငယ်သာကျန်ရှိတော့ရာ ထိုအစုထဲ၌ တပ်ကြပ်ကလေးလည်း ပါနေသည်။

စစ်မြေအရပ်၌ စစ်သည်၏အတွေးနှင့် ခံစားချက်ဆိုသည်က ဆန်းသည်။ မိမိ၏ ရှင်ခြင်း၊ သေခြင်းတွေထက် ကိုယ့်စစ်ဆင်ရေးတာဝန် အောင်မြင်ရေးသည်သာ အဓိက၊ ပဓာန၊ ပထမဦးစားပေးဖြစ်၏။ မည်သူမည်ဝါတွေ ပါပါ၊ မပါပါ မည်သူတွေ သေချင်သေ၊ ရှင်ချင်ရှင် ဆိုသည့် အကြောင်းတရားတွေက အရေးမကြီး။ ရှင်သန်ကြွင်းရစ်သူ၊ စွမ်းနိုင်သူတို့က မိမိတို့၏ စစ်ရေးရည်မှန်းချက်ကို အဆုံးစွန်လက်အလှုပ် ခြေအလှုပ် ပြုနိုင်သေးသည်အထိ ဦးလည်မသုန် ထမ်းရွက်သွားဖို့သည်သာ သူတို့အတွက် တန်ဖိုးထားအပ်သည့်အရာဖြစ်သည်။

"ဖောက်ထွက်မယ်"

"ရန်သူ့ခံစစ်စည်းကို ဖောက်ထွက်ကြမယ်"

ရန်သူတပ်များဆီမှ လက်နက်ကြီးသံ၊ စက်သေနတ်သံတွေက အဆက်မပြတ် ကြားနေရဆဲဖြစ်၏။

သို့နှင့်တိုင် ...


www.burmeseclassic.com

www.burmeseclassic.com

ထိုသည့်လက်နက်မျိုးစုံ ပေါက်ကွဲသံတွေ၊ အော်သံဟစ်သံ ညည်းသံ ညူသံတွေ တဗိုင်းဗိုင်းတဗုန်းဗုန်း လဲသံပြိုသံတွေကြားထဲကပင် သူတို့တပ်စုမှူး၏ နှုတ်မိန့်က တစ်နားမှတစ်နား လေပြည်တိုးသလို ကူးသွားသည်။ တပ်စုသည် စစ်မြေမှခွာဖို့ အပူတပြင်း စိတ်ဆာနေကြပြီဖြစ်၏။

ခဏကြာလျှင် သူတို့ဘက်က ဘရင်းဂန်းစက်သေနတ်ပစ်ခတ် သံများကို ကြိုးကြားကြိုးကြား ကြားရစပြုလာ၏။ တဖြည်းဖြည်း ပစ်အားတွေ ပေါက်ကွဲမှုအရှိန်တွေ မြင့်၍လာသည်။ ရိုင်ဖယ်သေနတ်သံများ၊ တော်မီဂန်းသံများ၊ သေနတ်မောင်းတင်သံများ၊ လက်ပစ်ဗုံး ပေါက်ကွဲသံများကိုပါ ဆက်တိုက်ကြားရသည်။ သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်စလုံးမှ သေရေးရှင်ရေးအဖြစ် တိုက်ပွဲဝင်စစ်ရေးငင်မှုများသည် တစစ ကြမ်းတမ်းပြင်းထန်၍ လာနေပြီ။

စစ်မြေသည် ကမ္ဘာပျက်သည်သို့ ငရဲပွက်နေတော့၏။

"တက် ... တက် ..."

"ပစ်"

"လုံ့စွပ် ... တပ်"

"ပစ် ... ပစ် ... ပစ်၊ ဖိပစ်ထား"

"မဆုတ်နဲ့ ... တက်"

သွေးဆာလွန်းသည့် သေမင်းအော်သံတွေ ဟိန်းဟိန်းညံပွက်ထလျက်ရှိ၏။ သို့မဟုတ် အသက်ရှင်ကြွင်းရစ်ဖို့ ကျားကုတ်ကျားခဲ ရုန်းကန်ကူးခတ်နေသံတွေ။

"တိုက်ကြ"

တစ်စုမှူးဗိုလ်ကြီးကူရိစာကီ၏ ကျယ်ကျယ်လောင်လောင် စစ်မိန့်သံသည် ညကို ရုတ်ခြည်းလှုပ်နိုးလိုက်သလိုဖြစ်သည်။ သူတို့တပ်စုကလေးသည် လက်နက်ကြီးငယ်ပေါက်ကွဲသံတွေ၊ တဒိုင်းဒိုင်းတရှဲရှဲဖြင့် မကောင်းသူထိပ်ကောင်းသူထိပ် ပြေးဝင်လာနေသည့် ကျည်ဆန်တွေအကြား မှောင်ပိန်းပိန်းညထဲသို့ ရုတ်ခနဲ ခုန်ဆင်းနစ်မြုပ်သွားကြပြန်တော့သည်။

"ဘန်ဇိုင်း ... ဘန်ဇိုင်း ... ဘန်ဇိုင်း"

စိတ်ကူးထဲတွင်မူ အိမ်ရှေ့က ရေကန်ကလေးနှင့် နှင်းဆီပန်းရုံလေးက ယာယီပျက်သုဉ်းသွားပြန်လေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

ထွက်ပေါက်ရှာကြခြင်း

❑

"ဂျာဗားကျွန်းကတော့ ရွှေပြည်သာ

မြန်မာပြည်ဆိုတာက ငရဲ

သေပွဲဝင်ရတဲ့နေရာကတော့ ဂါဒါလူကာနာလူကျွန်း (Gadalu Kanalu Island)" ဟူသည့် ညည်းချင်းနှင့်။

"ဂျားဗားကျွန်းကတော့ ရွှေပြည်သာ

ဂါဒါလူကာနာလူကျွန်းကငရဲတွင်း

ထမင်းတကယ်ငတ်တာက အင်ဖာ" ဆိုသည့်ပြက်လုံးတွေက မအောင်မြင်ခဲ့သည့် 'မဏိပူရ-အင်ဖာထိုးစစ်ကြီး' ပြိုဆင်းလာခဲ့ပြီးသည့်နောက် သူတို့တပ်တော်များအကြား၌ အလှိုင်းတကြီး ပျံ့နှံ့လှုပ်ခတ်လျက်ရှိ၏။

အဆိုပါအင်ဖာစစ်ဆင်မှုသည် ဂျပန်ဘုရင့်တပ်မတော်ကြီးကို အကြီးအကျယ် အထိနာစေခဲ့ပြီး စစ်ဦးကျိုးသွားစေခဲ့သည်။ ယင်းစစ်ဆင်ရေး၌ ပါဝင်ဆင်နွှဲခဲ့ကြသည့် ဂျပန်စစ်သားများသည် ကြောက်မက်စဖွယ် ဘေးဒုက္ခဆိုးများဖြင့်ကြုံတွေ့ခဲ့ကြရသည်။ နှုတ်ကဖွင့်၍ ထုတ်မပြောဖြစ်ကြသည့်တိုင် နေ့နေ့ညည မျက်နှာချင်းဆိုင်နေရသည့် ဝမ်းနည်းကြေကွဲချင်စရာ ဖြစ်ရပ်များကိုမူ မသိကျိုးကျွန်ပြုချင်၍မရ။



www.burmeseclassic.com

www.burmeseclassic.com


ဟူးကောင်းတောင်ကြား တောတောင်များထဲ၌ ရန်သူတပ်များ၏ ညှပ်ပူး ညှပ်ပိတ်စစ်ဆင်တိုက်ခိုက်နေမှုကို ကွေ့ပတ်ရှောင်တိမ်းလျက် အစားအစာတော်ပြတ် ဆင်းရဲ၊ အားအင်ကုန်ခန်း၊ ပင်ပန်းမောဟိုက်ပြီး ဒယီးဒယိုင် တဆုတ်တည်းဆုတ်နေ ရသည့် စစ်ဆုတ်ခရီးအတွေ့အကြုံများသည် ခါးသီးနာကျင်လွန်းလှတော့သည်။

ကောင်းကင်မှ ရန်သူလေယာဉ်ပုံများကလည်း ပုံးကြဲ၊ မြေပြင်၌ စားစရာက နတ္ထိ၊ ခရီးလမ်းပမ်း တောကြီးမျက်မည်းကလည်း ခက်ခဲ၊ ရောဂါမျိုးစုံက အနန္တ၊ မောက်မာကြမ်းတမ်းရင့်သီးလွန်းသည့် အထက်အရာရှိများ၏ ဖိစီးနှိပ်စက်မှုက နိစ္စဓူဝ။ ထိုထိုဒုက္ခသုက္ခများကို ကျောပိုးလွယ်လျက်၊ ရင်စည်းခံလျက် ဖြတ်ကျော် ရင်း စစ်ဆုတ်နေကြရသည့် အခြေအနေ၌ တဒင်္ဂတိုင်း တစ်ခဏတိုင်းသည်ငရဲ။ ပင့်သက်တစ်ရှိုက် မျက်ဝန်းတစ်ခတ်အတွက်မျှပင်ဖြစ်စေ၊ အဆမတန်ဆင်းရဲစွ။

"ဘဝမှာ အသက်ရှင်နေရတာက သေတာထက်ပိုပြီး စွမ်းအားကြီးတယ်။ မုန်တိုင်းကြီးတစ်ခု ပြင်းပြင်းထန်ထန် ကျလာခဲ့ပြီဆိုရင် ပင်လယ်လှိုင်းကြီးတွေက လည်း လူသားကို ရန်ပြုလာတတ်တယ်။ ဝါးမျိုဖမ်းစားဖို့ ကြိုးစားလာကြတယ်။ ဒါပေမဲ့ တို့ကတော့ တို့လုပ်စရာရှိတာတွေကို ပုံမှန်အတိုင်း လုပ်နေကြရုံပဲ။ မုန်တိုင်း နဲ့အတူ မကြောက်မရွံ့ နေနိုင်ရဲရမယ်။ မုန်တိုင်းစဲသွားတဲ့အခါ တို့ဘဝတွေဟာ ပြန်ပြီး နေချင်စရာ ကောင်းလာပြန်ရော။ မုန်တိုင်းကြီးမလာခင်ကထက် မုန်တိုင်း အလွန်ကာလတွေဟာ နေ့တိုင်းနေ့တိုင်း ပိုပြီး တန်ဖိုးကြီးလာတတ်တယ်"

အင်ဖာမှဆုတ်လာခဲ့သည့် အမှတ်(၂၅)တပ်တော်စုမှူး ဗိုလ်ချုပ်ကြီးက သူ့ပြောပြီးခဲ့သည့်စကားတွေကို ငြိမ်၍ နားထောင်နေကြသော စစ်ဦးစီးများ၊ တပ်မှူးများကို စေ့စေ့ကြည့်လျက်ရှိ၏။ စစ်ဆင်ရေးခန်းမအဖြစ် ယာယီအသုံးပြု နေသည့် ဝါးတဲကြီးအတွင်း၌ လုံးလုံးကြီး ငြိမ်တိတ်နေသည်။ အသက်ရှူသံမှုန်းမှုန်း တွေမှတစ်ပါး မည်သည့်အသံကိုမျှ မကြားရ။

"၁၉၄၄ မက်လလယ်အထိ အမှတ် (၁၅)၊ (၃၁) နဲ့ (၃၃) ဒီဗီဇံတပ်မ ကြီးတွေဟာ ချင်းတွင်းမြစ်ဝှမ်းနဲ့ ရခိုင်ရိုးမကိုဖြတ်ပြီး ရည်မှန်းချက်ကို အချိန်မီ ချီတက်နိုင်ခဲ့တယ်။ စစ်ပွဲစစချင်း ဂျင်နရယ်စလင်းရဲ့ အမှတ် (၁၄) တပ်မတော်ကို ပြတ်ပြတ်သားသား ရိုက်ချိုးပစ်နိုင်ခဲ့ပြီး မဟာမိတ်တပ်တွေရဲ့ လမ်းပန်းအဆက် အသွယ်ကို ဖြတ်တောက် ပစ်နိုင်ခဲ့တယ်။

မဏိပူရလွင်ပြင်က အင်ဖာနဲ့ ကိုဟီးမားကို ဝိုင်းပတ်ပိတ်ဆို့ ထိန်းချုပ် ထားနိုင်ခဲ့ကြတယ်။ ဒါပေမဲ့ အဲဒီလို အကဲသာနေတဲ့ စစ်ရေးအခြေအနေကို ကြာရှည် ထိန်းမထားနိုင်ခဲ့ဘဲ အဆုံးအဖြတ်ထိုးစစ်ကြီးကိုလည်း လုံးဝ မဆင်နွှဲနိုင်ခဲ့ဘူး။ မမျှော်လင့်ဘဲ အခြေအနေဆိုးတွေကြုံပြီး ဒရောသောပါး စစ်ဆုတ်ခဲ့ရတယ်"


www.burmeseclassic.com

www.burmeseclassic.com


လူတိုင်းသိခဲ့ကြပြီး အဖြစ်အပျက်တွေသာဖြစ်သည်။

မိမိတို့ဂျပန်တပ်များသည် မြန်မာပြည်ရှိ အခြေခံတပ်စခန်းများနှင့် ဝေးလွန်းလှသည်။ လူမနီးသူမနီး တောကြီးတောင်ကြီးများကို ရက်ပေါင်းများစွာ ဖြတ်သန်းတိုက်ခိုက်နေရသည့်တိုင် လက်နက်ခဲယမ်း မီးကျောက်စားရေရိက္ခာတို့ကို အချိန်မီ အလျဉ်မပြတ် ထောင်ပံ့ဖြည့်တင်းပေးနိုင်ဖို့ နှေးကွေးလေးလံလွန်းသည်။

ဗိုလ်ချုပ်စတီးဝဲလ်၏ လီဒိုလမ်းမကြီးနှင့် တနိုင်း၊ 'ရှင်ဘွေယန်' တွင် အခြေပြုသည့် အမေရိကန်စစ်ဌာနချုပ် 'စတီးဝဲလ်မြို့' ကိုလည်း မစီးနိုင်၊ ချင်းတွင်းမြစ်ဝှမ်းဒေသနှင့် ဟူးကောင်းတောင်ကြား လွင်ပြင်အနှံ့အပြားရှိ မိမိတို့တပ်များကိုလည်း ဝင်းဂိတ်၏ ခြသေ့်တပ်များက ပြောက်ကျားစစ်နည်းဗျူဟာသုံးလျက် နောက်ကျောကို ဖြတ်တောက်မွှေနှောက်လာနေသည်။

အခြေအနေမှာ ရန်သူက မိမိတို့တပ်များကိုပင် တန်ပြန်ခြိမ်းခြောက်လာနိုင်နေသလိုဖြစ်သည်။ အဆိုးဆုံးမှာ ရှေ့တန်းတိုက်ခိုက်ရေးတပ်များနှင့် အခြေခံစစ်ဌာနချုပ်တို့အကြား ဆက်သွယ်ရေးလမ်းကြောင်းတွေကို ပိတ်ဆို့ဖြတ်တောက်ခံထားရခြင်းဖြစ်သည်။

''ဟုတ်ပါတယ် ... ဗိုလ်ချုပ်၊ 'လျှပ်တစ်ပြက်စစ်ဆင်ရေး' နာမည်နဲ့ ကျုပ်တို့စစ်ကြောင်းတွေနောက်ပိုင်းကို ဝင်မွှေနေတဲ့ဝင်းဂိတ်ရဲ့ ခြသေ့်တပ်ဖွဲ့တွေဟာ စုစုပေါင်းမှ အင်အား ၃,၀၀၀ပဲ ရှိပါတယ်။ ဗြိတိန်ဘုရင့်တပ်မတော်က တပ်ရင်း ၁၃၊ ဂေါ်ရခါးရိုင်ဖယ်တပ်၊ အမှတ် (၂) ဘားမားရိုင်ဖယ်တပ်တွေထဲက ဒေါင်ဒေါင်မြည်တွေကိုချည်း ရွေးထုတ်ပြီး ပေါ့ပေါ့ပါးပါး ဖွဲ့ထားတာ။ သူတို့မှာ စစ်ကြောင်း (၇) ကြောင်းပဲရှိတယ်။

စစ်ကြောင်းတစ်ကြောင်းစီမှာ စစ်ကြောင်းမှူးဗိုလ်မှူး (၁) ဦး၊ အရာရှိ (၈)ဦး၊ အခြားအဆင့် (၂၅၀)၊ လားနဲ့မြင်းအကောင်(၅၀) စီနဲ့ပဲ စုဖွဲ့ပေးထားတာ။ ပေါ့ပေါ့ပါးပါး၊ လျင်လျင်မြန်မြန် လှုပ်ရှားနိုင်တဲ့အတွက် သူတို့ရဲ့အင်အားကလေးဘာမဟုတ်လောက်တာနဲ့ ကျုပ်တို့ ချင်းတွင်းမြစ်ဝှမ်းဒေသ စစ်နယ်ဝန်းကြီးတစ်ခုလုံးကို အနေကျုံ့ပြီး ခြေမဆန့်သာအောင် ထိန်းချုပ်လှုပ်ရှားနိုင်ခဲ့ကြတယ်။

သူတို့ရဲ့ အကဲသာမှု အဓိကသော့ချက်က ရုတ်တရက်ပြောင်းလွယ်ပြင်လွယ်ရှိတဲ့ စစ်ရေးစီမံချက်တွေအပြင် စစ်ဆင်ရေးစီမံချက်မှန်သမျှကို ဝင်းဂိတ်က သူ့စိတ်တိုင်းကျ သူလိုချင်သလို စီမံကွပ်ကဲနိုင်နေတာပဲ''

ဗိုလ်ချုပ်ဆကုရိုင်းက လက်ရှိစစ်မြေပြင်အခြေအနေကို ခြုံငုံသုံးသပ်ပြသည်။ မှန်သည်။ အခြေအနေတွေက တကယ်ပင် ထိုအတိုင်းဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com


"လက်ရှိ မြန်မာပြည်စစ်မျက်နှာမှာ တပ်စွဲဖြန့်ကြက်ထားတဲ့ ကျုပ်တို့ ဂျပန်စစ်သည်အင်အားက ၃၂၀,၀၀၀၊ ဆူဘတ်ချန်ဒရာဘို့(စ်) ရဲ့ အိုင်အင်အေ (အိန္ဒိယအမျိုးသားတပ်မတော်) နဲ့ ဗိုလ်မှူးကြီးဆူဇူကီးတို့ရဲ့ ဘီဒီအေ (ဗမာ့ကာကွယ်ရေးတပ်မတော်) နှစ်ရပ်ပေါင်းအင်အားက ၂၅,၀၀၀၊ အရပ်ရပ်ကိုယ့်အင်အား ၃၄၅,၀၀၀ ကျော်ဖြစ်တယ်"

"အင်ဖာကဆုတ်လာတဲ့ အမှတ် ၂၅ တပ်မအင်အားတွေပါ ချင်းတွင်းဘက်ကို ပြန်ပေါင်းမိကြပလား"

"ဆိုပါတော့ ‥ အားလုံးမဏိပူရ–အင်ဖာစစ်မြေပြင်ကနေ မြန်မာပြည်နယ်နိမိတ်ထဲကို ဆုတ်လာခဲ့ကြပြီး ရခိုင်ရိုးမ၊ ချင်းတွင်းမြစ်ဝှမ်းဒေသနဲ့ မြောက်ဘက်တောင်ကုန်းဒေသတွေမှာ မဟာမိတ်တပ်တွေကို ထိပ်တိုက်ရင်ဆိုင်ထားရတုန်းပဲ"

"ရန်သူ့အခြေအနေ ‥‥"

"အင်း ‥‥ ပြောရမှာက တော်တော်ကလေးတော့ ဆိုးသားခင်ဗျ။ လက်အောက်စစ်သည်တွေများ သိရင်တော့ သွေးပျက်သွားလောက်တယ်။ ဟူးကောင်းလွင်ပြင်နဲ့ အိန္ဒိယနယ်စပ်ကနေ ပြိုင်ဝင်လာတဲ့ အင်္ဂလိပ်–အိန္ဒိယတပ်တွေက တစ်သန်း နှစ်သိန်း၊ သီဟိုဠ်–ဩစတြေးလျတပ်သားက တစ်သိန်း၊ ချန်ကေရှိတ်ရဲ့ ယူနန်တရုတ်စစ်သည်က နှစ်သိန်း၊ စတီးဝဲလ်ရဲ့ လီဒိုလမ်းကို ကာကွယ်ဖို့ အမေရိကန်တပ်က တစ်သိန်း၊ ပေါင်း ‥ တစ်သန်းခြောက်သိန်း"

"ဟော ‥‥"

"မြတ်စွာဘုရား ‥‥"

"ရန်သူတပ်နဲ့ တို့အင်အားက ငါးချိုးတစ်ချိုးပါလား"

"သေချာရဲ့လား"

ပျားတူအုံကို တုတ်ဖြင့် ထိုး၍ဆွပေးလိုက်သလို ဖြစ်သည်။ စစ်ဆင်ရေးစခန်းမကြီးတစ်ခုလုံး အသက်ဝင်လာသည်။ သူတို့သိလိုက်ကြရသည့် ကိန်းဂဏန်းများက သူတို့ကို အသက်ရှူဖို့ကိုပင် မေ့လျော့သွားအောင် ဖမ်းစားထား၏။

"ဒါဟာ ကြည်းတပ်ရေးရာ ဝန်ကြီးဌာန၊ ရာထူးခန့်အပ်ရေးဌာနမှူး၊ ဒုတိယဗိုလ်ချုပ်ကြီး တိုမီနာဂါနဲ့ ဗဟိုစစ်ဦးစီးဌာနစစ်ဆင်ရေးဆိုင်ရာဌာနမှူး၊ ဒုတိယဗိုလ်ချုပ်ကြီး တာနာကားတို့ စိစစ်အတည်ပြုပြီးတဲ့ အချက်အလက်တွေပါခင်ဗျာ။ ကင်ပေ(စစ်ပုလိပ်) အကြီးအကဲ ဗိုလ်မှူးကြီး ယာမာဒါတို့ဘက်ကလည်း အတည်ပြုချက် ရထားပြီးပါပြီ"

"ဟူး ‥‥ မလွယ်ပါလား"


www.burmeseclassic.com

www.burmeseclassic.com



စစ်ဦးစီးများ၊ တပ်မှူးများ၏ခေါင်းတွေက ငိုက်ဆိုက်။ အာရုံနောက်ကျိစရာ အတွေးများဖြင့် မွန်းကျပ်ပိတ်လှောင်သွားလေသည်လား၊ စစ်ဆင်ရေးခန်းမကြီးတစ်ခုလုံး မှိုင်းမှုန်သွားသလို ဖြစ်၏။

''ကဲ ... စစ်ဆင်ရေးမှူးကြီးကပဲ ဆက်ပြောပါဦး။ ဒီအခြေအနေမှာ ဘာလုပ်သင့်သလဲ''

'အခြေအနေမှန်ကို ရဲရဲလက်ခံ၊ ပြဿနာအခက်အခဲကို ဝံ့ဝံ့စားစား ရင်ဆိုင်။ တောတိုင်းတောင်တိုင်းမှာ လမ်းရှိတယ်။ လမ်းဆုံးမှ ရွာတွေ့ရမယ်။ အန္တရာယ်အနည်းပါးဆုံး၊ အခုအခံအဟန့်အတား အပါးလျားဆုံး၊ ပြုန်းတီးမှု အသက်သာဆုံးလမ်းကို ရွေးလျှောက်တတ်ဖို့ လိုတယ်။ ငုတ်တုတ်ထိုင်ပြီး တွေဝေနေရုံနဲ့ ရလဒ်တွေကို ပြောင်းပြန်လှန်ပစ်လို့ မရနိုင်ဘူး' ဟူသာ လူတိုင်း အာရုံဝင်နေကြ၏။ အခြေအနေသည် ထိရောက်ထက်မြက်သည့် စစ်ရေးစီမံမှုတစ်ရပ်ကို အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း ထင်းထင်းကြီး မြင်သာနေသည်။

''အာရှတောင်ပိုင်းစစ်မြေပြင်ရဲ့ အဓိကအချက်အချာဖြစ်တဲ့ မြန်မာပြည်စစ်မျက်နှာမှာ ရှုံးလို့တော့မဖြစ်ဘူး။ အဲဒါဟာ ဒီစစ်ပွဲကြီးရဲ့ အဆုံးအဖြတ် ဖြစ်သွားလိမ့်မယ်။ ဒီတော့ လက်ရှိအနေအထားကို အပြောင်းအလဲဖြစ်သွားစေနိုင်တဲ့ 'တန်ပြန်လျှပ်တစ်ပြက်စစ်ဆင်ရေး စီမံချက်' တွေ လိုတယ်။

မြန်ဆန်ရမယ်၊ ထိရောက်ရမယ်၊ အကျိုးသက်ရောက်မှု ကြီးမားရမယ်။ ကိုယ့်ဘက်က အထိအခိုက်ပြုန်းတီးဆုံးရှုံးမှု နည်းရမယ်။ ပြီးတော့ လက်အောက်တပ်တွေက စစ်ဦးစီးဌာနရဲ့ ကွပ်ကဲမှုအနည်းဆုံးနဲ့ လွတ်လွတ်လပ်လပ် သူတို့ဘာသာ လှုပ်ရှားနိုင်ရလိမ့်မယ်''

''ကွန်မင်ဒိုနည်းလား ... ကာမီကာဇေလား''

''ဘာပဲဖြစ်ဖြစ်ပေါ့။ ခြေတစ်လှမ်းစ ရွေ့နိုင်တယ်ဆိုရင်တောင် နည်းဦးမလား''

သက်ပြင်းချသံတွေ ညံလာသည်။

ရုတ်တရက်ဖြင့် အဖြေရှာ၍မရ။ ဤသို့ဖြင့်၊ စစ်ဆင်ရေးညှိနှိုင်း အစည်းအဝေးတစ်ခုသည် စကားလုံး အစုအပုံကြီးများနှင့်အတူ အချိန်ထဲ၌ စီးမျောပျောက်ကွယ်၍ သွားပြန်လေသည်။

''ထွက်ပေါက်တစ်ခုခုတော့ တွေ့မှဖြစ်မယ်''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၃]

မိစ္ဆာခရီး

❑

''မင်းသိထားဖို့ တစ်ခုရှိတယ်နော်''

အကောင်းစားဝီစကီ အရက်ပြင်းပြင်းကို အတော်များများ သောက်ထာ
ပြီးဖြစ်သည့် ဗိုလ်မှူးယိုရှီနို၏ အဆီပြန်မျက်နှာဝင်းဝင်း ပွစုတ်စုတ်ကြီးက
အာရုံထဲသို့ တရစ်ဝဲဝဲ ဖွတ်အတင်းဝင်လာနေ၏။ သူလည်း နည်းနည်းဖြင့်
နေပြီ ထင်သည်။ ရီဝေရီဝေ မှုန်တုန်တုန် မှိုင်းတိုင်းတိုင်း။ သို့ပင်ဖြစ်လည်း
တွေက ခါတိုင်းထက်ပင် ပူနွေး သွက်လက်နေတုန်း။

''ဒါဟာ တို့တပ်ဖွဲ့တွေအတွက် ကယ်တင်နိုင်မယ့် တစ်ခုတည်းသေ
ထွက်ပေါက်ဖြစ်လာလိမ့်မယ် ဒေါက်တာ။ ကြားလား ...။ မြန်မာပြည်စစ်မျက်
မှာ တို့တွေ လုံးဝရှုံးလို့မဖြစ်ဘူး။ အဲဒီအတွက် ဟောဒီဟူးကောင်းလွင်ပြင်
နေ တို့တပ်တွေ အမြန်ဆုံးဖောက်ထွက်နိုင်ဖို့ အရေးတကြီးလိုနေတယ်။ ...
အဲဒီအတွက် မင်းလုပ်ရမယ့် ဒီအလုပ်က အဓိကအဆုံးအဖြတ်ပဲ''

ခြေအရွေ့တို့က ခပ်သုတ်သုတ် ခပ်မြန်မြန်လှမ်းနေဆဲ



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ရောင်ကြောင့် ညသည် ခပ်မှုန်မှုန် အလင်းရောင်ပျပျကလေးရှိနေသည်။ ရှေ့မှတောသည်လည်းကောင်း၊ နောက်ကတောင်သည်လည်းကောင်း ပိန်းပိတ်ဆို့မှောင်နေသည့်တိုင် မျက်စိတစ်ကမ်းမှ ခြေသွားလမ်းမှုန်မှုန်ကလေးကိုမူ မြင်နေရဆဲ။

ပိုးလွယ်လာခဲ့သည့် ကျောပိုးအိတ်အတွင်းမှ ရေဘူးတွေက တစ်ချီတစ်ချီ တလှုပ်လှုပ်ဖြင့် အသံပြုချင်သည်။ ရေဘူးချင်းတိုးမိတိုက်မိ၍ အတွင်းကရေတွေ စိမ့်ယိုထွက်ကျလာမည်စိုးသဖြင့် ဂွမ်းထုပ်တွေ၊ ပတ်တီးလိပ်တွေကို စေ့နေအောင် သိပ်ထည့်ထားသည့်တိုင် သူ ခြေလှမ်းခပ်ကျဲကျဲ အနေတ်အသိမ်းနှင့်၊ ကုန်းခပ်မော့မော့ အတက်ကလေးများ ဆင်းခြေလျှော ကုန်းအဆင်းကလေးများနှင့် ကြုံတိုင်း မသက်မငြိမ်ယိမ်းလှုပ်လျက် တချွတ်ချွတ်တချောက်ချောက် မြည်သံပေး၍ သူတို့ကို မမေ့မလျော့အောင် လက်တို့သတိပေးနေသလိုရှိ၏။

"စစ်ဆုတ်လမ်းတစ်လျှောက်လုံးမှာ မဟာဒုက္ခတွေက ဝွင်းဆုံးကျနေကြပြီ ... ဒေါက်တာကြီး။ ထောက်ပံ့ရေးဆိုတာ လုံးဝမရှိတော့ဘူး။ အင်ဖာစစ်ဆင်ရေးဟာ တကယ့်ကို သေလုမြောပါး ခက်ခဲပင်ပန်းတဲ့ တိုက်ပွဲကြီးပဲ။ ကျွန်တော်တိုက်ခဲ့ဖူးသမျှ စစ်ပွဲတွေထဲမှာ အပြင်းထန်ဆုံးပဲ။ ရိက္ခာနဲ့ ခဲယမ်းမီးကျောက်ကလည်း မလုံလောက်။

ဖျားနာပြီး ရောဂါနဲ့သေကုန်ကြတဲ့ ဂျပန်စစ်သားတွေဆိုတာလည်း ဟောတစ်လောင်း ဟောတစ်လောင်း။ ကြာလာတော့ ဒီစစ်ကြီးမှာ ကျုပ်တို့ဟာ တကယ်ကောနိုင်ကြပါ့မလားလို့ စိုးရိမ်လာကြရတော့တယ်"

ခင်ဗျားလည်း တွေ့ခဲ့ရမှာပဲ။ စစ်ဆုတ်ကြတဲ့ ခရီးလမ်းတစ်လျှောက် ဆက်ပြီး လမ်းမလျှောက်နိုင်တော့တဲ့ စစ်သားတွေကို မမြင်ချင့်အဆုံး ကြုံနေရတယ်။ ဒဏ်ရာရထားတဲ့သူတွေ၊ ရောဂါတစ်ခုခုရထားတဲ့သူတွေ အားကြီးပဲ။

စစ်ကြောင်းတွေနဲ့အတူ ကြိုးစားပြီး လမ်းလျှောက်လိုက်လာခဲ့ကြရင်းက ဘယ်လိုမှ မခံမရပ်နိုင်တော့လို့ ခဏအနားယူတဲ့အနေနဲ့ ထိုင်ချလိုက်မိရင် အဲဒီလူဟာ လုံးဝ ပြန်မထ၊ ပြန်မလျှောက်နိုင်တော့ဘူး။ တစ်ခါနားလိုက်တာဟာ ကိုယ့်ဘဝကိုယ်ဘာသာ နိဂုံးချုပ် အဆုံးသတ်ပစ်လိုက်သလိုပဲ။ 'ရေလေးတစ်ခွက်လောက် ပေးခဲ့ကြပါဗျာ'လို့ တစာစာ ငိုယိုမြည်တမ်းရင်း လူမသိသူမသိ ကျဆုံးသွားကြရတာပဲ။

အဲဒီတော့ ဒေါက်တာကန်အိချိချိဘားဆိုတဲ့ တပ်ဖွဲ့ဆေးမှူးကြီးရေ ... ကျုပ်တို့ ... အဲလေ ... ကျုပ်ရဲ့ ရဲဘော်တွေ၊ စစ်သည်တွေ ဒီထက်ဒီ လေလွင့်ပြုန်းတီးနေရတာတွေ ပိုပိုများမလာခင် ကျုပ်တို့ ဘာလုပ်သင့်သလဲ"



www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့ကပင် စစ်ဆင်ရေးမှူးကြီးက သူ့ကို တကူးတကပြောခဲ့သည်။ သူ့အထက်က ဆေးမှူးချုပ်ကြီးလည်း ရှိနေခဲ့၏။ သူတို့နှစ်ဦး၏ မျက်ဝန်းရိပ်၌ တစ်ခုခု ထူးခြားမှုရှိနေခြင်းကို ဖျတ်ခနဲ အမှတ်ထင်ထင် သတိထားလိုက်မိခဲ့သေး၏။ ဘာမှန်းတော့မသိ။

"ဆေးမှူးကြီး ..."

ခြေသံတရှပ်ရှပ်တွေက သူနောက်နားမှကပ်၍ မေးလိုက်လာနေခြင်းဖြစ်သည်။ ခြေသံရှပ်ရှပ်ကပင် သူ့တို့ တီးတိုးအသံပြုခဲ့ခြင်းဖြစ်၏။

"ဘာလဲ ... တာကေအီရှီ"

"ကျွန်တော်တို့ ဘယ်အထိ ဝေးဝေးသွားကြရမှာလဲခင်ဗျာ"

တကယ်တမ်းက တပ်သားတာကေအီရှီကို သူနှင့်အတူ ထည့်ပေးလိုက်သူမှာ စစ်ဆင်ရေးအရာရှိ ဗိုလ်မှူးယိုရှိနိုမဟုတ်။ ဒေသခွဲ ကင်ပေအဖွဲ့ ခေါင်းဆောင်ဗိုလ်ကြီး အဇူမဖြစ်သည်။ သူ့အသက်ဘေးကို ကာကွယ်ပေးရန်ဟူသည့် စကားလှလှလေးများ၏ နောက်ကွယ်၌ သူက သူ့ရည်မှန်းချက်တာဝန်ကို မလုပ်ဆောင်နိုင်ခဲ့လျှင်ဖြစ်စေ၊ အကြောင်းကြောင်းကြောင့် မအောင်မြင်ခဲ့လျှင်ဖြစ်စေ၊ သူ့ကိုအပျောက်ရှင်းပစ်ဖို့ အပြီးအပြတ် အမိန့်ပေးထားပြီးဖြစ်မှန်း သူအတပ်သိသည်။

မြန်မာပြည်စစ်မြေပြင်၌ ဂျပန်ကြည်းတပ်မတော်နှင့်အတူ ပူးတွဲတာဝန်ထမ်းဆောင်ခဲ့သည်မှာ သမနိရှည်လှပြီဖြစ်၍ စစ်၏ အတွင်းသဘောကို သူ ရိပ်စားနားလည်နိုင်ခဲ့ပြီးဖြစ်၏။

"ရှင်ဗွေယန်တောင်ဘက်၊ 'တာရိရှာ'နားကတောင်ကြားအထိ သွားကြရမှာပဲ။ 'တနိုင်းမြစ်'ထဲကိုစီးဝင်းလာတဲ့ 'တဝမ်မြစ်'၊ 'ထရုံမြစ်'နဲ့ တခြားမြစ်သေးချောင်းမြောင်းတွေဆုံတဲ့ တနိုင်းမြစ်ရဲ့ မြစ်ကျဉ်းတောင်ကြားကလေးရောက်တဲ့အထိ"

"ရေနဂါးနတ်ကြီးရဲ့ ကျိန်စာသင့်တာခံနေရတယ်ဆိုတဲ့ တရုံမြစ်နဲ့ဆုံတဲ့နေရာ အထက်နားပေါ့"

"အေး ..."

"ပြီးတော့ရော ..."

"အဲဒီမှာ အင်္ဂလိပ်ဆေးတပ်က ဗိုလ်မှူးကြီးဟောင်းတစ်ယောက်နဲ့ သူ့ဇနီးတို့က ဦးစီးပြီး သာသနာပြု အခြေခံစခန်းကလေး၊ ဆေးရုံနဲ့ ကျမ်းစာသင်ကျောင်းတစ်ခုကို ယာယီဖွင့်ထားတယ်။ အဲဒီကိုရောက်ရင် တို့ခရီးဆုံးပြီ"

အမေရိကန် 'မရောဒါး'တပ်များကို ဦးစီးအုပ်ချုပ်ရသည့် အမေရိကန်ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ဌာနချုပ်တည်ရာနှင့် သူတို့ပစ်မှတ် ဇာဇပ် (Za Zup)'


www.burmeseclassic.com

www.burmeseclassic.com


ရွာကလေးက ဝေးလွန်းလှသည်ကားမဟုတ်။ ရေဝေကုန်းတန်းကလေး၏ ကျောပေါ်မှာရှိနေသည့် 'ဇာဇပ်'သည် တာရှိတောင်ကြားကို စီးမြင်နိုင်သော နေရာဖြစ်သည်။

''တပ်ကြပ်ကလေး အီရာကိုတို့နဲ့က ဘယ်မှာဆုံဖြစ်ကြမလဲ''

''တင်းကောက်ရွာက ဂျင်းဖောနဲ့ နာဂတချို့ကို ကင်ပေက စည်းရုံးထားတာရှိတယ်။ သူ့တို့ ဇာဇပ်ကိုမရောက်ခင် ကုန်းတန်းကလေးနားက တောထဲအထိ လိုက်ပို့ လိုက်ကြလိမ့်မယ်''

''ဟာ ... သတင်းပေါက်သွားရင် အခက်ပဲ''

''မစိုးရိမ်နဲ့။ ထုံးစံအတိုင်း သူတို့ လုပ်လိုက်ကြလိမ့်မယ်''

''ဩ ...''

တာကေအီရှိ၏ 'ဩသံ' သည် သူ့ 'ထုံးစံအတိုင်း'ဆိုသော စကားကိုပင် နားလည်ယောင် ပြုလေသလားမသိ။ သူကမူ သူပြောမိခဲ့သည့် 'ထုံးစံအတိုင်း' ဟူသော စကားကြီးကို ကျောစိမ့်လှသည်။ ညမှောင်ကြီးထဲ၌ပင် ချွေးစေးတွေ ပြန်ချင်ချင်။ စစ်ဆင်ရေးမှူးဗိုလ်မှူး ယိုရှိုဒို၏ အဆီပြန်မျက်နှာကြီးနှင့် သွေးကြောနီတွေ ပင့်ကူအိမ်ဖွဲ့သလို ယှက်သန်းနေသည့် မျက်ဝန်းကြီး၏အကြည့်ကို သတိရလာစေသည်။

သူက 'မင်း .... သိထားဖို့ တစ်ခုရှိတယ်နော်' ဟူသော စကားတစ်ခွန်းကိုချည်း ထပ်တလဲလဲ ပြောခဲ့သည်ပဲ။

'ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းတို့ဟာ အသက်ရှင်ပြီး ပြန်လာနိုင်မှာမဟုတ်ဘူး။ ဒီအခြေအနေတွေကို သေသေချာချာ သုံးသပ်လိုက်ရင် လမ်းက တစ်ခုတည်းပဲ။ မင်းနားလည်တယ်နော်' ... တဲ့။

သူဘယ်တုန်းက ဘယ်မှာဝှက်ထားမှန်းပင် မသိခဲ့ရသည့် ရှားရှားပါးပါး အကောင်းစားအင်္ဂလိပ်ဝီစကီကို ထုတ်ယူလာလျက် သူ့ကို တိုက်သည်။ သူလည်း တစ်ခွက်ပြီးတစ်ခွက် လင်းတမျိုမျို၍ ကသောကမျော မော့ချပစ်နေမိခဲ့သည်ပင်။

တစ်ခဏအတွင်းမှာ သူသိလိုက်သည်။

သည်တာဝန်နှင့်အတူ 'တာဝန်ထမ်းဆောင်ပြီးရင် ကိုယ့်ဘာသာကိုယ် သတ်သေလိုက်ပေတော့' ဟူသော အဓိပ္ပာယ်။ ဤသည်မှတစ်ပါး အခြားရည်ညွှန်းရာ အကြောင်းကိစ္စ လုံးဝမရှိ။

''တာဝန်ပြီးဆုံးပြီးနောက် ပစ်မှတ်နေရာမှာတင် ကိုယ့်လက်ပစ်ဗုံးနဲ့ ကိုယ် သတ်သေလိုက်ကြ။ အသက်ရှင်လျက်နဲ့ ပြန်မလာခဲ့ကြနဲ့။ ကိုယ့်ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်ဆိုတဲ့အကြောင်း ဘယ်လိုသဲလွန်စ အထောက်အထားတွေမှ မကျ ရစ်စေဖို့ အဓိကပဲ။

အထူးသဖြင့် လုပ်ဆောင်ချက်တွေကို နောက်ဆုံးအတည်ပြုပေးရမ တပ်ဖွဲ့ဆေးမှူး ဒေါက်တာကန်အိချီချီဘားရဲ့ တာဝန်က အဓိကအကျဆုံး နားလည်တယ်နော်''

အသံတွေက ဝေးသွားလိုက်၊ နီးလာလိုက်။ မနေ့တစ်နေ့ကဆီ လူးလ ခေါက်တင်ပြေးလွှားလျက် သူ့ကို သောကဝန်ဖြင့် ဖိစီးလေးလံနေစေတော့သည်

တောင်ရိုးတောင်စွယ်ကလေးတွေ အပေါ်ကို ကွေ့ပတ်တက်လာလိုက ချောင်းတိမ်ရိုးကောကလေးတွေအား ဟိုမှသည်မှဖြတ်လိုက်၊ တောညို့ညို့တွေ ဝင်လိုက်ဖြင့် တရစပ်ခရီးပြင်းနှင်လာခဲ့ကြရာ ကျောတွေတောင့်တင်းလျက် အော လာနာလာသည်။ ခရီးလမ်းသည်လည်း အတန်အသင့် ပေါက်ခဲ့ကြပြီဖြစ်၏။

''ဟောဟိုက လှမ်းမြင်နေရတာဟာ တာရိုးတောင်ကြားပဲ။ ဟိုး တောင်တန်းကလေးကို လွန်ရင် 'ဇာဖပ်'ကိုရောက်မယ်''

တာကေအိရှိက ကျောက်တုံးမြင့်မြင့်တစ်ခုကို ကျောမှီထိုင်ချလိုက်ရ ကြယ်ရောင်ဖြင့် မှုန်တိမှုန်မွှားလင်းနေသည့် ညကြည့်မြင်ကွင်းပြင်ကျယ်ကြီး ကို လက်ညှိုးညွှန်သည်။

တောင်ကြားကျဉ်းကျဉ်းကလေးဆီသို့ ရစ်ရစ်ခွေခွေ ပျင်းတိပျင်းတွဲ ဆင်းနေသည့် တနိုင်းမြစ်သည် ကြယ်ရောင်အောက်တွင် တလက်လက် ခပ်သဲ လင်းနေသည်။ မြင်ကွင်းကား မှုန်မှုန်ရီရီဝေဝါးလွန်း၏။ ညို့ညို့မှိုင်းလျက်။

ဟူးကောင်းလွင်ပြင်ကျယ်ကြီးကို စီးမိုးမြင်နေရသလိုဖြစ်သည်။ သို့ တိုင် တောနှင့်တောင်ကို ညက အမဲမွှစုပ်မျိုထားသည့် သက်ငြိမ်မြင်ကွင်းမျိုးသာ ၏။ လှုပ်လှုပ်ခတ်ခတ်မရှိ။ တိတ်ဆိတ်ခြင်း၊ နက်မှောင်သိပ်သည်းခြင်း၊ အသ အနေကင်းမဲ့ခြင်း၏ အသွင်အပြင်ကိုသာ လုံးလုံးလျားလျား ဆောင်နေတော့သည်

သူတို့နှစ်ဦးသားသည်လည်း ညကြီးထဲ၌ စုံးစုံးမြုပ်လျက်။ ကြယ်ရော အလင်းရိပ်ကလေးတွေ ခပ်မှုန်မှုန်ပက်ကြဲထားသည့် ညမှောင်ထဲသို့ စူးစိုက်ကြ လျက်။

''အိရာကိုတို့နဲ့ ဆုံဖို့ချိန်းထားတာ ဘယ်အချိန်လဲ''

''နီးပြီ''

သည့်ထက်လည်းပို၍ ပြောရန်စကားမရှိတော့။ ညထဲမှာ ခြေသံ ရွေ့တွေကိုပင် ကြားနေရပြီဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

ကြပ္ပာပိုး

❑

''ဗျာ ••• အဲဒါကြီးကို ကျုပ်တို့က လုပ်ကြရမယ်။ ဟုတ်လား •••
ဆရာမှူးကြီး''

''အေး •••• ခုန ရှင်းပြခဲ့ပြီးတဲ့ အတိုင်းပဲ''

စကားလုံးတွေကို ပြန်၍ပင် မျိုချလိုက်ကြလေသည်လား မသိတတ်
ပြီ။ လည်စလုပ်ကြီးတွေ နိမ့်တုံမြင့်တုံဖြင့် မည်သို့မျှ စကားမဆိုကြတော့ဘဲ သူ့
ကိုသာ မျက်လုံးကြီးများပြူးလျက် စိုက်ကြည့်နေကြ၏။

သူသည် မြန်မာပြည်စစ်မြေပြင်၌ တွဲဖက်ထားသည့် တစ်ဦးတည်း
သော ဆေးဘက်ဆိုင်ရာ သီးသန့်ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ စစ်ဆင်ရေး
နယ်မြေများ၌ ရောဂါဖြစ်ပေါ်စေတတ်သည့် ဘက်တီးရီးယား ပိုးမွှားစုံစမ်းစစ်ဆေး
ရေး အဖွဲ့မှူးဖြစ်သည်။ ပို၍ တိတိကျကျဆိုရလျှင် ရှေ့တန်းစစ်မျက်နှာများ၌
ကူးစက်ရောဂါ (Outbreak) များကျရောက်ခဲ့လျှင် အသေးစိတ်စုံစမ်းပြီး ဖြစ်ပွား
သည့်ရောဂါ ခြေခံအကြောင်းရင်းတို့ကို သတ်မှတ်အတည်ပြုပေးရသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရောဂါကုထုံးကုနည်း၊ နိမ်နင်းမည့်နည်းလမ်းတို့ကို ဒေသခံဆရာဝန်များနှင့် ညှိနှိုင်းဆွေးနွေး၍ အကြံပြုပေးရသည်။ သို့ဖြစ်၍ သူ့ကိုသိကြသူ ဂျပန်ကြည်းတပ်မတော်တစ်ခုလုံးက 'ဆေးမှူးကြီး' ဟုလည်းကောင်း၊ 'ဒေါက်တာကြီး' ဟုလည်းကောင်း ခေါ်ဝေါ်နှုတ်ဆက်တတ်ကြစမြဲ။ ရှိသေးသည်။

သူ့ကို ထူးထူးခြားခြား 'The Killer' 'လက်မရွံ့ကြီး' ဟုလည်း ခေါ်တတ်သူရှိသေးသည်။ သူ့အထက်အရာရှိ တပ်မဆေးမှူးချုပ်နှင့် စစ်ဆင်ရေးမှူးကြီးတို့ဖြစ်သည်။ သူတို့က သူထမ်းဆောင်ရသည့် တာဝန်၏ သဘောသဘာဝ အတိမ်အနက်ကိုလည်းကောင်း၊ အလုပ်၏ဓလေ့ကိုလည်းကောင်း အတွင်းသိ အစင်းသိတွေ ဖြစ်ကြ၏။

သူသည် ဘယ်နေရာသို့သွားသွား ကူးစက်ရောဂါတွေဖြစ်စေသည့် မှုလပိုးမွှားများကို အမြဲတမ်း သယ်သယ်သွားရတတ်သည်။ ထိုသို့ အချိန်မရွေး အန္တရာယ်ဘေးဆိုး ကျစေနိုင်သည့် ဗုံးတစ်လုံးထက်ပို၍ လူထောင်ပေါင်း၊ သောင်းပေါင်းများစွာကို ကူးစက်ရောဂါကပ်ဘေးသင့်စေလျက် သေဆုံးသွားစေနိုင်သည့် ရောဂါပိုးမွှားတွေကို အမြဲတမ်း သယ်ဆောင်သွားလာနေရသူသည် သူတို့တပ်တော်တွေထဲ၌ သူတစ်ယောက် တည်းသာရှိသည်။ ဤသည်ကို သူတို့သိ၏။ သို့ဖြစ်၍ 'လက်မရွံ့ကြီး' ဟု သူ့ကို ပျော်စေပြက်စေ ကလိနေကြခြင်းဖြစ်သည်။

သို့နှင့်တိုင် ယခုလက်ရှိအနေတွင်မူ ...

"ဟင်း ..."

သက်မကြီးတွေ တဟင်းဟင်းချနေကြသည့် သူ့လုပ်ဖော်ကိုင်ဖက် စစ်သားရင့်မကြီးငါးယောက်ကို ရင်မချိစွာ သူမြင်နေရသည်။

"ငါတို့တပ်တွေအနေနဲ့ တိုက်ပွဲတွေမှာ ဆက်တိုက်အရှုံးနဲ့ ကြုံနေရလို့ အတွက် စစ်ဆင်ရေးအရာရှိတွေက ဒီနည်းလမ်းကို ရွေးလိုက်တာပဲ"

တွေတွေဝေဝေ မယုံမရဲ မျက်ဝန်းတွေကို မြင်နေရဆဲဖြစ်၏။ သူ့ကို ကြည့်နေပုံကြီးတွေမှာလည်း 'ဟုတ်မှ ဟုတ်ပါလေစ' ဟု သံသယ တစ်ထွေးတစ်ချေကြီးတွေနှင့်ဖြစ်သည်။

"အမိန့်ကတော့ ကျုပ်ဆီမှာ အမြဲသယ်ထား၊ လွယ်ထားရတဲ့ ရောဂါကပ်ဆိုးသင့်စေနိုင်တဲ့ မှုလပိုးမွှားတွေကို အများအပြားပွားအောင်လုပ်ပြီး အဲဒါတွေကို ရေဘူးထဲမှာထည့်၊ ရန်သူတွေတပ်ဖြန့်တပ်စွဲထားတဲ့ နေရာတွေတစ်လျှောက်မှာ ဒီရောဂါပိုးတွေကို ပြန့်ပွားအောင်သွား ဖြန့်ကြကြဖို့ပဲ"

မျက်ဝန်းများက မမိုတ်မသုန် စူးစူးရဲရဲ သူ့ကိုကြည့်နေကြဆဲဖြစ်သည့်နှင့်တိုင် ထိုအရည်ကြည်လဲ့လဲ့လင်းလင်းများ၌ ကြောက်ရွံ့ထိတ်လန့်မှုလေးများ ကြော


www.burmeseclassic.com

www.burmeseclassic.com


ဝမ်းနည်းမှုလော၊ စက်ဆုပ်မုန်းတီးမှုလော အမျိုးအမည်မသိသည့် စိတ်အနေတွေကို ဖတ်၍ရသည်။ 'ဘယ်လိုစစ်သည် သူရဲမျိုးက ဒီလောက်ယုတ်ညံ့တဲ့တိုက်ပွဲမျိုးကို လွယ်လွယ်ကလေးလက်ခံ ခေါင်းညိတ်လိုက်မှာတဲ့လဲ'။ သူ့ရင်ထဲ၌လည်း သူ့မေးခွန်းတွေနှင့်သူ မျက်နှာချင်းဆိုင်နေရဆဲ။

''ဒီနေရာတစ်ဝိုက်ဟာ ဟူးကောင်းချိုင့်ဝှမ်းထဲကို တိုးလျှိုပေါက် ဖြတ်စီးနေတဲ့ မြစ်တွေ၊ ချောင်းတွေရဲ့ ဆုံရပ်ပဲ။ တို့နေရာယူထားတဲ့ ဒီရေဝေကုန်းတန်းကလေးဟာ ရန်သူတပ်တွေရဲ့အလယ်မှာ ရှိနေတယ်။ မကြာခင် ရန်သူတပ်တွေက ဒီကုန်းတန်းကလေးကို သိမ်းမိသွားကြလိမ့်မယ်။ သူတို့ရဲ့ တန်ပြန်ထိုးစစ်ကြီးက စနေပြီ။

အဲဒီထိုးစစ်ကြီးကို ဟန့်ထားထိန်းထားနိုင်ဖို့ အရေးတကြီး လိုအပ်နေတယ်။ ချင်းတွင်းမြစ်ဝှမ်းနဲ့ ဟူးကောင်းတောင်ကြားလွင်ပြင်ထဲမှာ ငါတို့တပ်အင်အားတစ်သိန်းကျော် ပိတ်မိနေတယ်။ သူတို့တစ်တွေ ဘေးမသီရန်မခ ခွာစစ်ဆင်ပြီး အမြန်ဆုံးတပ်ဖွဲ့အလိုက်၊ တပ်ဖွဲ့အလိုက် ဆွဲထုတ်သွားနိုင်ဖို့ လိုနေတယ်။ မြစ်ကြီးနားကိုဖြတ်ပြီး သံလွင်အရှေ့ခြမ်း နမ်းခမ်းမှာ တပ်ပေါင်းစုပြန်ဖွဲ့ရလိမ့်မယ်။ အဲဒီတော့ ...''

စစ်ဆင်ရေးမှူးကြီးက ရှင်းပြထားခဲ့သည့် စကားလုံးများကိုသာ ... ကြက်တူရွေးနှုတ်တိုက် ရွတ်လျက် ရှင်းပြနေမိ၏။ သို့သော် သူကိုယ်တိုင်ပင်လျှင် သူ့စကားတွေကို အာရုံမဝင်။ အယုံအကြည်ပါးလျား လျော့ရဲ။ 'မသင့်မလျော်တဲ့နည်းလမ်းကို သုံးဖြစ်ဖို့ ဆင်သေကို ဆိတ်ရေနဲ့ဖုံးမယ့် ဆင်ခြေမျိုးပဲ။ လုံလည်းမလုံ၊ အမြင်လည်းမတော်'။ သူ့ဘာသာလည်း အတွေးတွေကမပြတ်။

''ဒီတော့ ကျုပ်တို့က ဘာလုပ်ရမှာလဲ ... ဆေးမှူးကြီး။ ကျုပ်တို့ကို ပေးလိုက်တဲ့ တစ်ခုတည်းသော အမိန့်ကတော့ ခင်ဗျားနိုင်းသမျှကို ပြီးမြောက်အောင်မြင်အောင် လုပ်ဖို့ပဲ။ ဒါပဲ ...''

သူ့လုပ်ငန်းအစီအစဉ်တွေကို လက်တွေ့လုပ်ဆောင်ရမည့် လက်ရွေးစင်လက်မရွံ့ငါးယောက်အနက် ရာထူးအမြင့်ဆုံး၊ အသက်ခပ်ကြီးကြီး တပ်ကြပ်ကြီး အိမာမူရာက ခပ်ပြတ်ပြတ် တုံးတိကြီးမေး၏။ ခြေဆံလက်ဆံတုတ်တုတ်တိုတို၊ တောင့်တောင့်တင်းတင်း၊ ညိုမောင်းမောင်း တပ်ကြပ်ကြီးသည် စစ်သားတစ်ဦးဆိုသည်ထက် လယ်သမားတစ်ယောက်နှင့် ပို၍တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com

တာကေအီရှိ၊ တပ်ကြပ်ကလေး အီရာကို၊ တာနာကားနှင့် အထက်တန်းကျောင်းသားကလေးလို မျက်နှာမျိုးဖြင့် တပ်သားကလေး အဆာဟီနတတို့ကလည်း ထိုမေးခွန်းကို သူဘယ်လိုဖြေမလဲဟု စိတ်စောစွာဖြင့် စောင့်နေကြ၏။ ထို့သို့သာ ထင်ချင်မိတော့သည်။

အထူးသဖြင့် 'တောထဲကယုန်'ဟု ဂျပန်တပ်တွင်းသုံး ဗန်းစကားဖြင့် အမည်သညာပြုထားကြသည့် ကောင်ကလေးအဆာဟီနတ၏ မျက်နှာရိပ်က သူ့အဖြေကို အလွန်အမင်း အလေးအနက်ထားနေမှန်း သိသာလွန်းနေသည်။

"ချောင်းတွေဟာ အဲဒီရေဝေကုန်းတန်းက စတင်ပြီး ရန်သူတွေ တပ်ဖြန့်စွဲထားတဲ့ဘက်တွေကို စီးဆင်းနေတယ်။ အဲဒီချောင်းများက ရေဝေကုန်းတန်းကနေ ရောဂါပိုးမွှားတွေကို ကြဲဖြန့်လိုက်ရင် ဒီရေကိုသုံးစွဲမိသမျှ ရန်သူတွေ သေကုန်ကြမှာပဲ။

ဟောဒီရေဘူးတွေထဲမှာ အင်မတန်သန်စွမ်းတဲ့ ရောဂါပိုးမွှား ဘက်တီးရီးယားတွေ ပါတယ်။ တပ်ကြပ်ကြီးနဲ့ တာနာကာတို့က ရေဝေကုန်းတန်းအခြေက ချောင်းဖျားတွေမှာ ရောဂါပိုးမွှားတွေကိုခတ်ဖို့ တာဝန်ယူရမယ်။

တပ်ကြပ်အီရာကိုနဲ့ ယုန်ကလေးအဆာဟီနတတို့က ရန်သူတွေဟာ တို့တပ်တွေနောက်ကလိုက်ပြီး ထိုးစစ်ဆင်လာမယ့် လမ်းတစ်လျှောက် ရန်သူ့တပ်ဖွဲ့တွေသုံးတဲ့ သောက်ရေတွင်းတွေ၊ ရွာကလေးတွေထဲက သောက်ရေတွင်းတွေအားလုံးမှာ ရောဂါပိုးမွှားတွေပါတဲ့ ရေတွေကို လိုက်ခတ်ကြဖို့ပဲ။ ကျုပ်နဲ့ တာကေအီရှိတို့က တာရိုးတောင် ကြားကိုဖြတ်စီးတဲ့ တနိုင်းမြစ်ထဲကို ပိုးမွှားတွေခတ်ဖို့ တာဝန်ယူမယ်။

"ရောဂါပိုးမွှားတွေ ဖြန့်ကြဲလိုက်တဲ့အကြောင်းရော၊ ဖြန့်ကြဲလိုက်တဲ့ လူတွေရဲ့ အကြောင်းကိုပါ ဘာသဲလွန်စအထောက်အထားမှ လုံးဝ မကျန်ရစ်စေရဘူး။ အဲဒါ အမိန့်ပဲ"

ညကာ ပို၍ ငြိမ်တိတ်သွားသလိုရှိသည်။

တစီစီအော်မြည်နေတတ်သည့် ညပိုးညမွှားကလေးတွေပင် သူတို့လုပ်ရိုးလုပ်စဉ် အလုပ်တွေကို မေ့လျော့၍ ရပ်နေမိကြပုံရသည်။ တစ်တောတစ်တောင်လုံးငြိမ်။

✿ ✿ ✿


www.burmeseclassic.com

www.burmeseclassic.com

[၅]

ပဋိပက္ခ

❑

''ဒီအလုပ်ကို ကျုပ် မလုပ်နိုင်ဘူး။ ဒါဟာ မကောင်းမှုဒုစရိုက်ကြီးတစ်ခုပဲ''

အဆာဟိနတက အပြင်းအထန်ငြင်းသည်။ ရိုးစင်းလွန်းသည့် သူ့မျက်နှာကလေးက ရဲရဲတွတ်နေ၏။ ဂျပန်လူမျိုးတစ်ဦးအဖို့ သည်လိုအမိန့်မျိုးကြားလိုက်ရသည်ကိုပင် အလွန်အမင်း ရှက်ရွံ့နာကြည်းနေဟန်။

''ကဲ .... ခင်ဗျားရဲ့ အဆိပ်ပိုးမွှားတွေကို ခတ်လိုက်ပါပြီတဲ့။ အချင်းချင်း သူသေကိုယ်သေတိုက်နေတဲ့ ရန်သူတပ်တွေသေမှာက ထားလိုက်ပါတော့။ 'ရန်သူတွေပဲလေ' လို့ ဖြေတွေးတွေးပေးလို့ ရသေးတယ်။ အရပ်သားတွေ၊ ချောင်းညာချောင်းဖျားမှာ ပိတ်မိနေတဲ့ ကျုပ်တို့တပ်တွေကိုရော ခင်ဗျားရဲ့အယုတ်တမာပိုးမွှားတွေက ချမ်းသာပေးမှာတဲ့လား။ ကဲ ...''

တပ်ကြပ်ကြီးအီမာမူရာက တွေးတွေးဆဆ သူ့ကိုမေးပြီး သူ ဘာပြန်ဖြေမလဲဟု သူ့မျက်နှာကို စိုက်ကြည့်နေသည်။

''ဒါအမိန့်ပဲ။ ကျုပ်လည်း ဒီထက်ပိုပြီး ပြောခွင့်မရှိဘူး။ အားလုံးသိထားဖို့က ဒါဟာ အထက်ကပေးတဲ့ စစ်ဆင်ရေးအမိန့်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



သူက မည်သူ့မျက်ဝန်းတွေကိုမျှ တည့်တည့်ရင်မဆိုင်။ 'ဒါ အမိန့်ပဲ' ဟု ခပ်ပြတ်ပြတ်ပြောပြီး မည်းမည်းမှုန်မှုန်ညထဲကို ကြည့်နေလိုက်သည်။

အဆာဟိနတကောင်ကလေးတို့၊ အီမာမူရာတို့တွေထံမှ အငမ်းမရ ပေါက်နေကြသည့် အမေးပုစ္ဆာတွေသည် သူ့ရင်နှလုံးကို ကာလအတန်ကြာ တဗုန်းဗုန်း ရိုက်ပုတ်ထုနှက်ခဲ့ပြီး ဖြစ်သည့်အကြောင်း သူတို့မသိ။ အဖြေတစ်ခုကို တွေ့လိမ့်နိုး အတွေးသံသရာချာချာလည်ရင်း တစ်ချက်ကလေးမျှ မျက်ဝန်းမမှိတ်မိခဲ့ရသည့် သူ့ညတွေကို သူတို့မသိ။

မြန်မာပြည်စစ်မျက်နှာတွင် သူထမ်းဆောင်နေရသည့် ရောဂါကာကွယ်ရေးနှင့် ထောက်ပံ့ရေးဌာန၏ မူလရည်ရွယ်ချက်မှာ ရောဂါပိုးမွှားများကို ယခုကဲ့သို့ စစ်မျက်နှာတွင် ဖြန့်ရန်မဟုတ်။ ကူးစက်တတ်သော ရောဂါဘေးဆိုးများသင့်စေမည့် ရောဂါပိုးမွှားများကိုဖြန့်ရန် ရည်ရွယ်ဖွဲ့စည်းထားသော တပ်ဖွဲ့ဟူ၍လည်း တရားဝင်မရှိ။ ရှိသည်ဆိုခဲ့သည့်တိုင် သူမသိ။ အရေးကြီးသော စစ်ရေးလျှို့ဝှက်ချက်တွေသာ ဖြစ်သည်။ စစ်မျက်နှာများ၌ ရောဂါပိုးများဖြန့်ခြင်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေကို မထီမဲ့မြင် ချိုးဖောက်ရာရောက်သည်။

ယခင့်ယခင်က ရှေ့တန်းတိုက်ခိုက်ရေးတပ်ဖွဲ့များ၌ ကြိုးကြိုးစားစား သူထမ်းဆောင်ခဲ့သမျှတွေမှာ ပြန်တွေးလိုက်တိုင်း စိတ်ချမ်းမြေ့ချင်စရာတွေချည်းဖြစ်သည်။

သူ့ဘာသာ လျှို့ဝှက်စွာသုတေသနပြု၍ စမ်းသပ်ထုတ်လုပ်ခဲ့သည့် ကျောက်ရောဂါ ကာကွယ်ဆေးသည် စစ်သည်လူနာများ၏ ၈၉ ရာခိုင်နှုန်းကို ရှင်သန်စေခဲ့သည်။ ယုန်သွေးဖြင့်သာ လုပ်၍ရသည်ဆိုသော သွေးတစ်မျိုးကိုလည်း ဘဲငန်းသွေးကို အစားထိုးအသုံးပြု၍ ဖော်ထုတ်ပေးနိုင်ခဲ့သည်။

သံလွင်မြစ်ဖျား တရုတ်ပြည်ထဲရှိ လူနှင့်ဝေးသော တောတောင်များထဲသို့ ရောက်ရှိခဲ့စဉ်ကလည်း 'အေ'အမျိုးအစား ကူးစက်မြန် တိုက်ဖွိုက်ရောဂါတစ်မျိုးကို တွေ့ရှိသတ်မှတ်နိုင်ခဲ့သည်။ ထိုဆောင်ရွက်မှုမှာ သာမန်လူများအကြား၌ ကြီးကျယ်သည့်ကိစ္စတစ်ရပ်ဟု မထင်မှတ်ခဲ့ကြသော်လည်း ဆိုင်ရာဆေးပညာရှင်များ၏ နယ်ပယ်တွင်မူ ကမ္ဘာ၌ပင် ရှားပါးအရေးပါသည့်ကိစ္စဟု အံ့သြကြဖွယ်ရှိသည်။

သို့နှင့်တိုင် ...

မိမိကိုယ်တိုင် အဖြေမှန်တွက်မပြနိုင်တော့သည့် ပုစ္ဆာတစ်ပုဒ်ကို သူလူများအား မည်သို့ရှင်းပြရမည်လည်း သူမသိ။

"ဒါဟာ တရုတ်လူမျိုး အရှင်လတ်လတ်တွေ ရာပေါင်းထောင်ပေါင်းများစွာကို လှောင်အိမ်အကျဉ်းခန်းတွေထဲမှာ ပိတ်လှောင်ပြီး ရောဂါပိုးမွှားအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com


စမ်းသပ်ခဲ့တဲ့ မန်းချူးရီးယားက အမှတ်–၇၃၁ တပ်ရဲ့ လုပ်ရပ်နဲ့ ဘာထူးတော့လို့လဲ။ ကျုပ်တို့လုပ်ရမယ့် အခုလုပ်ရပ်ကမှ ပိုပြီးရက်စက်ဦးမယ်။ အသေအပျောက်များဦးမယ်။ တကယ့်မကောင်းမှုဒုစရိုက် အလုပ်ကြီးသက်သက်ပဲ ... ဖွီ''

''ဟုတ်ပ ...။ အရေးမပါလိုက်တဲ့ ... သောက်အမိန့်''

အားလုံးပင် စိတ်အထိုင်မကျဘဲ ဂနာမငြိမ်ဖြစ်လာကြသည်။ အခြေအနေသည် တစစ တင်းမာလာနေသလိုဖြစ်၏။ အဆာဟိုနတသည် ပေါက်ကွဲအံ့ဆဲဆဲ သူ့စိတ်ကိုထိန်းသည့်အနေဖြင့် သူ့ပတ်ပတ်လည်မှ တောမြက်ရိုင်းပင်ရှည်တွေကို တဖပ်ဖပ် ဆွဲနုတ်ပစ်နေသည်။ ဂင်တိုတို၊ ပုအိုင့်အိုင့် တပ်ကြပ်ကြီးအီမာမူရာကမူ တင်းတင်းဆုပ်ထားသည့် ဓားရှည်ကို ဓားအိမ်မှ ထုတ်ချည်သွင်းချည် အကြိမ်ကြိမ် သတိလက်လွတ်ပြုလျက်ရှိ၏။

သူတို့ကိုစေခိုင်းလိုက်သည့် တာဝန်မအောင်မြင်ခဲ့လျှင် လက်စတုံးအဆုံးသတ်ပစ်ဖို့ ယတိပြတ်အမိန့်ရထားသည့် 'လက်မရွံ့' တာကေအိရှိသည်ပင် အတွေးတွေဖြင့် လေးလံနောက်ကျိ ရှုပ်ထွေးနေပုံရသည်။ ကျောက်တုံးကိုကျောမှီလျက် မလှုပ်မယှက်ကြီး ငုတ်တုတ်ပစ်ထိုင်နေတော့သည်။

လူငါးယောက်ဖြင့်သာ ဖွဲ့ထားသည့် သူတို့ကွန်မင်ဒိုအစုကလေးမှာ ယခုကတည်းက စိတ်ဝမ်းမညီတော့။ ဖရိုဖရဲ ပြိုကွဲလျက် ရှိနေသည်။ ဤအဖြစ်မျိုးမှာ စစ်မြေအရပ်၌ ကောင်းသောလက္ခဏာမဟုတ်။ သို့သော်လည်း မတတ်နိုင်။ ကြုံလာသည့်အခြေအနေကပင် သည်သို့ ဖန်လာနေသည်။ တိမ်းရှောင်၍ မလွတ်သာ။

ညသည်ပို၍ သိပ်သည်းအိုက်လှောင်လာသလိုလိုရှိ၏။

''ကိုင်း ...''

သူသည် သက်ပြင်းတစ်ရှိက်ကို 'ဟူး' ခနဲ မှုတ်ထုတ်ပစ်လိုက်ပြီး ညဉ့်လေကို တဝကြီး ရှုသွင်းလိုက်သည်။ သူ့စိတ်သူ့အာရုံတွေကို စုစည်း၊ တာဝန်အပေါ်၌သာ စိတ်စိုက်ထားလိုက်တော့၏။

''ကဲ ... သွားကြမယ်။ ဒါဟာ အမိန့်ပဲ။ တို့မှာ ရွေးချယ်ဖို့ အခွင့်အရေးမရှိဘူး။ လိုက်နာဖို့ အမိန့်အတိုင်း အောင်မြင်အောင် လိုက်လုပ်ဖို့သာ တို့ရဲ့တာဝန်ပဲ။ ဒီတော့ အခု ဒီအချိန်ဒီနေရာကနေ လမ်းခွဲကြမယ်။ ကိုယ်စီကိုယ့်တာဝန်ကိုပြီးအောင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆောင်ရွက်ကြ။ မနက်ဖြန်ဒီအချိန်မှာ ဒီနေရာမှာပဲ ပြန်ဆုံကြမယ်။ ဟုတ်ပြီလား''

သူက ယတိပြတ် ပြောချပစ်လိုက်ရတော့သည်။

အသင့်ဖွင့်ထားပြီးဖြစ်သည့် သူ့ကျောပိုးအိတ်ထဲမှ ရောဂါပိုးတွေပါသည့် ရေဘူးတွေကို တစ်ဘူးစီ၊ တစ်ဘူးစီ ဂရုတစိုက်ထုတ်၍ မြေပြင်မှာ


www.burmeseclassic.com

www.burmeseclassic.com


ချလိုက်၏။ 'တော်သေးရဲ့၊ ရေတွေ စိမ့်ထွက်ကျမလာပေလို့။ နို့မဟုတ်ရင် ... ရန်သူတွေထက်အရင်စောပြီး သေတွင်းရောက်နေဦးမယ်'။ တွေးနေရင်းက သူ့လူတွေကို ကြည့်သည်။

"ဒါပိုးမွှားပါတဲ့ ရေဘူးတွေပဲ။ ယူလှည့်ကြ ...။ ပြီးရင် ခရီးစ,ထွက်ကြတော့"

သတိဖြင့်ထိန်း၍ ပြောနေသည့်တိုင် သူ့အသံက မမှန်ချင်။ အဖျားကလေးမှာ တုန်တုန်။ 'လက်မရွံ့' တာကေအိရှိက တစ်ယောက်ချင်းစီ၏ လက်လှုပ်ခြေလှုပ်တွေကို စိုက်ကြည့်နေသည်။ သူ့မေးကြောကြီးတွေမှာ 'ထောင်းခနဲ' ပြတ်ထွက်လုခမန်း တင်းမာလွန်းလှ၏။

"ကျုပ် ဒီအလုပ်ကို မလုပ်နိုင်ဘူး"

အဆာဟိနတ။

သူ့ဆုံးဖြတ်ချက်အပေါ် သူပြတ်သားပြီး ဖြစ်ပုံရ၏။ သူ့မျက်လုံး တောက်တောက်ဝင်းဝင်းတွေက တဖျတ်ဖျတ်လက်နေသည်။ ခပ်မှောင်မှောင်ထဲမှာပင် ကြောင်ရိုင်းတစ်ကောင်၏ မျက်ဝန်းတွေနှယ် တောက်လက်နေခြင်းဖြစ်၏။ ဘာကိုပဲကြုံကြုံ ခါးစည်းခံတော့မည်ဟု တုံးတုံးချထားသည့်လေသံ။

"ဟုတ်တယ် ... မလုပ်နိုင်ဘူး။ လုပ်လည်း မလုပ်သင့်ဘူး။ ဒီအလုပ်ကို ကျုပ်တို့ မဆင်မခြင်လုပ်မိခဲ့ကြရင် စစ်တစ်ပွဲရှုံးတာထက် ပိုးပြီးပြင်းထန်တဲ့ နောင်တတရားက ကျုပ်တို့ကို တစ်သက်လုံး ပြန်သတ်နေလိမ့်မယ်။ ကျုပ်တို့ငါးယောက်တည်းကို မဟုတ်ဘူး၊ ဂျပန်ဆိုတဲ့ တစ်မျိုးလုံး ခေါင်းမဖော်ရဲအောင် ကုန်းခံကြရမှာ"

အဆာဟိနတက သူပြောချင်တာတွေကိုသာ ဖွတ်တရွတ် ဆက်ပြောနေတော့သည်။ သူ့အဖြစ်က စစ်သားကောင်းတစ်ယောက်အနေထက် သစ္စာကြီးလွန်းသည့် ဆာမူရိုင်းတစ်ယောက်နှင့် ပိုတူနေ၏။

"ဒီအချိန်ဟာ အငြင်းအခုံလုပ်နေရမယ့် ကာလမဟုတ်ဘူး။ အဆာဟိနတ ... မင်းကိုယ်မင်း ကလေးလေးလို့ ထင်နေသလား။ ဒါစစ်ပွဲကွ။ သူမသေရင်ကိုယ်သေ၊ ကိုယ်ကမသတ်ရင် သူကသတ်တာကို ကိုယ်ခံရမယ့်စစ်ကာလမှာ တရားမျှတတာတွေချည်း ကြံချင်နေလို့ လုပ်ချင်နေလို့ မရနိုင်ဘူး။ မင်းရဲ့ရေဘူးကိုယူလိုက်။ တို့သွားကြမယ်"

တပ်ကြပ်ကလေးအီရာကိုက ဖျတ်ခနဲထရပ်လိုက်ရင်း သူ့ကိုယ်ကို ဖုတ်ဖက်ခါလျက်က ပြတ်တောက်တောက်ငုံးတိတိ ပြောသည်။ သူတို့လူစု ဆုံမိကြပြီးသည့်နောက် အီနာကိုထံမှ ပထမဆုံးစကားသံ ထွက်လာခြင်းဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com



လေးလေးလံလံ လှုပ်ရှားလူးလွန့်သံတွေကို ကြားရသည်။ တပ်ကြပ်ကြီး အီမာမူရာ၊ တာနာကာတို့လည်း အသီးသီး သူတို့ယူရမည့် ရောဂါပိုးမွှားတွေပါသည့် ရေဘူးတွေကို စိတ်မပါလက်မပါထ, ဆွဲယူလိုက်ကြသည်။

''အဆာဟိနတ ...''

အီရာကို၏ ခပ်ကြိတ်ကြိတ်ကြိမ်းသံ။ ခပ်ထန်ထန်။ မည်သို့မျှ ချော့မော့ ဖျောင်းဖျ၍ မရနိုင်တော့သည့် သားသမီးငယ်ကို ဟန်လုပ်၍ ခြိမ်းခြောက် မောင်းမဲနေသံမျိုးဖြစ်၏။

အဆာဟိနတက လုံးဝမလှုပ်။ သုန်သုန်မှုန်မှုန်ကြီး ရပ်နေဆဲ။

''စိတ်မကောင်းဘူး ... အဆာဟိနတ။ မင်းတစ်ယောက်ကြောင့် တို့စစ်သည်တွေအကုန်လုံး ဟောဒီ ဟူးကောင်းလွင်ပြင်ကြီးထဲ ချောင်ပိတ်မိပြီး ရန်သူရဲ့ထိုးစစ်အောက်မှာ မရှုမလှ သေကျေပျက်စီးကုန်ကြမှာကို မင်းလည်း ကြုံချင်မှာမဟုတ်ဘူးလို့ ငါယုံတယ်။

စစ်ဆိုတာ စစ်သည်တစ်ဦးချင်းရဲ့ စိတ်ခံစားမှုမျိုးကို အရေးမပေးတတ်ဘူးဆိုတာ မင်းလည်းသိသားပဲ။ ကဲ ... လုပ်။ ရှေ့ဆက်လုပ်စရာတွေက အများကြီး ရှိသေးတယ်။ ဒီတစ်ချီမင်းက ခေါင်းမာမာနဲ့ ငြင်းခဲ့ရင် ငါ့အဆိုးမဆိုနဲ့တော့''

'ချောက်' ခနဲ သေနတ်မောင်းတင်သံက မှောင်ကြီးထဲမှာ မြွေဆိုး မာန်ဖီသလို ရုတ်တရက် ပေါ်လာသည်။ လက်မရွံ့။ လက်မရွံ့တာကေအီရှိပဲဖြစ်မည်။

မြွန်းစားကြီးတင်းမာလာသည့် ပဋိပက္ခက အနုတ္တရာယ်ကို လက်ကမ်းခေါ်၍ နေလေပြီ။

''ယုန်ကလေး အဆာဟိနတရေ ... မင်းကိုင်ထားတဲ့ သစ္စာလက်တစ်ဆုပ်ကို ဖြေချလိုက်ပေတော့။ ရေဘူးကို အမြန်ကောက်ယူလိုက်။ မင်းချစ်တဲ့မြေ၊ မင်းချစ်တဲ့ မင်းရဲ့ညီအစ်ကိုတော်တွေ၊ မင်းချစ်တဲ့ တင်နော်ဟောကာ၊ မင်းချစ်တဲ့ ဖူဂျီယာမကိုကာကွယ်ဖို့ ရေဘူးကို ကောက်ယူလိုက်''

အသံလုံးဝမထွက်။ အေးစက်တင်းမာသည့် အမှန်တရားနှစ်ခုအကြား၌ သူ့ရင်ထဲက စကားသံတွေသည် သူ့စိတ်နှလုံးထဲမှာပဲ ပေါက်ကွဲဆူညံနေတော့သည်။

ရုတ်တရက်ဖြင့် ညက တန့်၍ရပ်၍ သေနေသလိုချည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

ရေကြည်လမ်း

❑

"မြင်းသံ . . . မြင်းခွာသံတွေ"

တစ်ယောက်ယောက်က ပြောလိုက်ခြင်းဖြစ်သည်။ မည်သူမှန်းမသိ။ စစ်မြေအရပ်၌ ထုသားပေသားကျနေသည့် သူတို့အားလုံး မြေပြင်ပေါ်သို့ ရုတ်ခနဲ လျှပ်တစ်ပြက် ဝပ်ချလိုက်ကြပြီးဖြစ်၏။ တစ်ခဏအတွင်းမှာပင် ကျည်ကွယ် မျက်ကွယ်ကောင်းတွေနောက်၌ နေရာယူ ထားနိုင်ခဲ့ကြပြီ။

မြင်းခွာသံတွေက သူတို့ရှိရာ ရေဝေကုန်းတန်းကလေးဆီသို့ တန်းတန်း မတ်မတ် ပြေးဝင်လာနေခြင်းဖြစ်သည်။ တစ်စုံတစ်ယောက်က မြင်းကို တရကြမ်း ဒုန်းစိုင်းစီးလာနေသည်။ သည်လို ခပ်သုတ်သုတ် ခပ်သွက်သွက် ပေါ့ပေါ့ပါးပါးစီး တတ်သည့် မြင်းခွာသံမျိုးကို ရင်းနှီးသလိုလိုရှိသားဟု သူတို့အားလုံး တွေးနေ မိကြသည်။

"ဟီး . . . ဟီး . . . ဟီး . . ."

မြင်းက တောစပ်ကလေးအစနားမှာ ရပ်သွားပြီးနောက် ခပ်အုပ်အုပ် ဟီလိုက်သည်။ 'ဟင် . . ဗိုလ်ကြီးဟုတရဲ့ မြင်းညိုကြီးဟီသံပဲ။ ဘာတွေထူးလို့ပြန် ပါလိမ့်မလဲ'။ တင်းနေသည့်စိတ်တွေ ပြေပြေလျော့လျော့ ဖြစ်ကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးဟာတသည် သူတို့တပ်မမှူး၏ ကိုယ်ရေးအရာရှိဖြစ်သည်။ တစ်စုံတစ်ရာ လွန်လွန်ကဲကဲ အရေးကြီးကိစ္စမရှိဘဲနှင့် သူကိုယ်တိုင် သည်နေရာအထိလိုက်၍ မလာတန်ရာ။

ခြေကိုဖော့၍ ပြေးသံ။

သူတို့ မှလရပ်နေခဲ့ကြသည့် ကျောက်တုံးကျောက်ချွန်းကြီးတွေ အကွယ်ကလေးနားအထိ ခြေသံတွေက ပြေးသွားပြီးမှ တိခနဲရပ်သည်။

"ဖျော ..."

"ဖျော ..."

"ဖျော ..."

သူတို့အနားက ချုံဖုတ်များပေါ်သို့ ကျောက်စရစ်ခဲသေးသေးလေးတွေ တစ်ဆုပ်တစ်ထွေးကြီး ပြန့်ကြဲလျက် လာမှန်သည်။ သုံးကြိမ်သုံးခါ။ သေချာပြီ။ သူတို့သတ်မှတ်ထားကြသည့် စစ်မြေပြင်အချက်ပြနည်းဖြစ်သည်။ သူတို့အားလုံး အကွယ်များနောက်မှ ထွက်ရပ်လိုက်ကြ၏။

"ဗိုလ်ကြီး"

"ဟော ... ဆေးမှူးကြီး"

"ဘာတွေများ ဒီလောက်အရေးကြီးလို့ ဒရောသောပါး ပြေးလာရပြန်တုံး ဗိုလ်ကြီး။ ဘာလဲ ... ချင်းတွင်းက ထွက်ကြတော့မလို့ လား"

"တော်ပါသေးရဲ့ ... ဆေးမှူးကြီးတို့ကို မီမှမီပါတော့မလားလို့"

"အချိန်မီကလေးပဲ ... ဗိုလ်ကြီး။ အီရာကိုတို့က ခုနကပဲ ရောက်လာကြတာ။ ကျုပ်တို့လည်း အခုပဲ သွားကြတော့မလို့"

ဗိုလ်ကြီးဟာတခမျာ ခပ်သုတ်သုတ် ပြေးလာခဲ့ရ၍ မောနေရှာသည်။ စကားကို မနည်းကြီးအားယူ၍ ပြောနေရ၏။

"စတီးဝဲလ်ရဲ့တပ်တွေနဲ့ အင်ဖာက နောက်ဆုံးအသုတ်ဆုတ် လာကြတဲ့ ကျုပ်တို့တပ်တွေ ဆော်ကုန်ကြပြီ။ လက်နက်နဲ့ရိက္ခာ မလုံလောက်တဲ့ ကျုပ်တို့ တပ်တွေပဲ ကွဲတာပဲ။ အတုံးအရုံး အလူးအလဲပဲတဲ့"

"အဲဒီတော့ ..."

"ဗိုလ်ကြီးတို့ရဲ့ စစ်ဆင်ရေးစီမံချက်ကို ချက်ချင်းရပ်ဖို့ တပ်မမှူးက အမိန့်ပေးတယ်။ အဲဒီမြစ်ဖျားချောင်းဖျားတွေမှာ ကျုပ်တို့တပ်တွေ ရောက်ကုန်ပြီ"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ...ဘုရား ...'ဘုရားကယ်ပေလို့'သာပါတကား။ ကျေးဇူး ပါပဲ ယုန်ကလေးအဆာဟိနတရေ ...။ အကယ်၍ မင်းကလေးသာ ခုခံ ဆန့်ဆန့်ကျင်ကျင် မပြုဖြစ်ခဲ့လျှင်၊ လက်မတင်ကလေး စောပြီးများ လူစုခွဲဖြစ် ကြလျှင် ဆက်၍တွေးရဲစရာ အလျှဥ်းမရှိတော့။

"ပြီးတော့ ဒေါက်တာကြီးကို အမိန့်ပေးလိုက်တာ တပ်မမှူးမသိခဲ့ဘူး။ တပ်မဲဆေးမှူးချုပ်နဲ့ စစ်ဆင်ရေးအရာရှိကြီးတို့နှစ်ယောက်တည်းက ပေးလိုက် တဲ့အမိန့်ပဲ။

'ဂျပန်စစ်တပ်ဆိုတာ စစ်ပွဲမှာ ဘယ်လောက်ရှုံးရှုံး၊ ဒီလို လူမဆန်တဲ့ မတရားလုပ်ရပ်မျိုးကိုတော့ မလုပ်ရဘူး'လို့ တပ်မမှူးက မှာလိုက်တယ်။ တပ်မမှူး လည်း အရမ်းဒေါသူပုန်ထနေလေရဲ့။ ရော့ ...ဒီမှာ ဒါကိုရပ်လိုက်ဖို့ တပ်မမှူး ရဲ့အမိန့်"

ဟူးခနဲ သက်ပြင်းချသံတွေကို ပြိုင်တူလိုလို ကြားလိုက်ရ၏။ ခြေကုန် လက်ပန်းကျလျက် စိတ်ရှိလက်ရှိ မြက်ခင်းနှင့် ကျောက်စရစ် မြေပြင်ပေါ်သို့ ပစ်ထိုင်ချလိုက်သံတွေကိုလည်း ရှေ့ဆင့်နောက်ဆင့်မှာပင် ကြားရသည်။


သူ့ရင်ကို စမ်းချောင်းရေကြည်ကြည်ချိုချို တစ်ပေါက်တစ်စက် ဖျန်း ချလိုက်သလို အေးမြချိုမြိန်လိုက်သည်ဖြစ်ခြင်း။

အပျော်တွေနှင့်ခဲနေသည့် သူခန္ဓာကိုယ်ကြီးသည်လည်း တအိအိ ပြို၍ ဆင်းလာတော့သည်။

မေတ္တာဖြင့်
**ဇေယျမင်းသျှင်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့မှ စာတစ်စောင် ရောက်ရှိလာလေသည်။ ကျွန်ုပ်က စာကိုဖွင့်ဖောက်၍ ဖတ်ကြည့်လိုက်သောအခါ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရလေသည်။

*သို့*

*မိတ်ဆွေကြီး ကိုမင်းအောင်*

*အချိန်ရရင် ကျွန်ုပ်ဆီကို လာလည်စေချင်ပါတယ်။ အခု ကျွန်ုပ် ကိုင်ရိုမြို့က မြန်မာသံရုံးမှာ တာဝန်ထမ်းဆောင်နေပါတယ်။ ခင်ဗျားက အီဂျစ်နိုင်ငံ အကြောင်း အင်မတန်စိတ်ဝင်စားတဲ့သူဆိုတော့ ကျွန်ုပ်ဖိတ်ခေါ်ချက်ဟာ ခင်ဗျား အတွက် ရေစက်ဇာတ်ဆန်း ရေတွင်းကျသလို ဖြစ်သွားလိမ့်မယ်ထင်ပါတယ်။*

*အာရှတိုက်မှာ အိန္ဒိယနိုင်ငံဟာ ဂမ္ဘီရနိုင်ငံတစ်ခု ဖြစ်တယ်ဆိုလို့ရှိရင် အာဖရိကတိုက်မှာတော့ အီဂျစ်နိုင်ငံဟာ ဂမ္ဘီရနိုင်ငံတစ်ခုပဲ ဖြစ်လိမ့်မယ် . . . ကိုမင်းအောင်။ လျှို့ဝှက်နက်နဲတဲ့ ပညာရပ်တွေနဲ့ လျှို့ဝှက်နက်နဲတဲ့ အကြောင်း အရာတွေဟာ အိန္ဒိယနိုင်ငံမှာ ပေါ်များလှသလို အခု ကျုပ်ရောက်နေတဲ့ အီဂျစ် နိုင်ငံမှာလည်း ပေါ်များလှပါတယ်။*



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အီဂျစ်နိုင်ငံက ကမ္ဘာကျော်ပိရမစ်တွေနဲ့ မံမီတွေကို ခင်ဗျား အင်မတန် စိတ်ဝင်စားတယ်ဆိုတာလည်း ကျုပ်က သိထားပါတယ်။ ပိရမစ်ကြီးတွေနဲ့ မံမီရုပ်အလောင်းတွေရဲ့ လျှို့ဝှက်နက်နဲ ဆန်းကြယ်မှုတွေဟာ အီဂျစ်နိုင်ငံရဲ့ ဂုဏ်ရတစ်ခုမဟုတ်လား ... ကိုမင်းအောင်။

ပြီးတော့ ခင်ဗျားဟာ ရှေးဟောင်း သုတေသနသမားတစ်ယောက်လည်း ဖြစ်နေတယ်။ မြန်မာနိုင်ငံမှာလည်း ရှေးဟောင်းသုတေသနလုပ်ငန်းတွေ အတော်များများကို ခင်ဗျား လုပ်ခဲ့ပြီးပြီမဟုတ်လား။ ခင်ဗျားရဲ့ ရှေးဟောင်း သုတေသနလုပ်ငန်းတွေဟာ သမိုင်းမှတ်တမ်းဝင်မယ့် လုပ်ဆောင်ချက်တွေပါ ကိုမင်းအောင်။

ရှေးဟောင်း သုတေသနသမားတစ်ယောက်ရဲ့အမြင်နဲ့ ကြည့်ရင်လည်း အီဂျစ်နိုင်ငံဟာ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ နိုင်ငံပါ။ ပြီးတော့ အီဂျစ်နိုင်ငံဟာ အာဖရိကတိုက်မှာ ပါဝင်နေပေမဲ့ ပထဝီအနေအထားအရတော့ အာရှနဲ့ ပိုပြီးနီးစပ်နေတာကလည်း ဒီနိုင်ငံရဲ့ ထူးခြားမှုတစ်ခုပါပဲ။

အာဖရိကတိုက်နိုင်ငံတွေအနက် အီဂျစ်နိုင်ငံဟာ ရှေးအကျဆုံးနိုင်ငံနဲ့ ယဉ်ကျေးမှုအရ အဆင့်မြင့်ဆုံးနိုင်ငံတစ်ခု ဖြစ်ပါတယ်။ အီဂျစ်နိုင်ငံရဲ့ လောကီပညာရပ်တွေဟာ တခြား အာဖရိကတိုက်နိုင်ငံ တွေနဲ့မတူဘဲ ပိုပြီး အဆင့်မြင့်တယ်။

အီဂျစ်လောကီပညာဟာ အာရှတိုက်က အိန္ဒိယလောကီပညာ၊ တိဗက်လောကီပညာရပ်တွေနဲ့ ယှဉ်နိုင်တဲ့အဆင့်မှာရှိတယ်လို့ ယူဆမိတယ်။ ပြီးတော့ အီဂျစ်နိုင်ငံဟာ မှော်ဝိဇ္ဇာပညာရပ်တွေရဲ့ ဗဟိုဌာနချုပ်နဲ့တူတယ်။ မှော်ပညာကို ကောင်းတဲ့ဘက်မှာ အသုံးပြုသည်ဖြစ်စေ၊ မကောင်းတဲ့ဘက်မှာ အသုံးပြုသည် ဖြစ်စေ၊ အီဂျစ်နိုင်ငံဟာ အိန္ဒိယနိုင်ငံထက်တောင် သာလွန်တယ်လို့ထင်တယ်။

မံမီအတတ်ပညာနဲ့ ရုပ်အလောင်းတွေကို မပုပ်မသိုးအောင် ဆေးရည်စိမ်တဲ့ပညာဟာ အင်မတန် ဆန်းကြယ်တယ်။ အဲဒီလို မံမီအတတ်ပညာနဲ့ ပြုလုပ်စိမ်ထားတဲ့ ရုပ်အလောင်းတွေဟာ နှစ်ပေါင်းများစွာ မပုပ်မသိုးဘဲနဲ့ ရှိနိုင်တယ်။

အဲဒီ မံမီပညာရပ်ဟာ အီဂျစ်တွေရဲ့ ထူးကဲတဲ့ပညာရပ်ပေါ့ ... ကိုမင်းအောင်။ ဒါပေမဲ့ အဲဒီရုပ်အလောင်းတွေဟာ သက်ရှိတွေမဟုတ်ဘဲ သက်မဲ့ရုပ်အလောင်းတွေပါ။ အဲဒီထက် ဆန်းကြယ်တာကတော့ လူအရှင်တွေကို လူသေကောင်တွေသဖွယ် အရှင်လတ်လတ် နှစ်ပေါင်းများစွာ ဂူသွင်းမြှုပ်နှံထားနိုင်တဲ့ ပညာရပ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



လူအရှင်ကို ဂူသွင်းမြှုပ်နှံထားနိုင်တဲ့ အတတ်ပညာဟာ မံမီအတတ်ပညာထက် ထူးခြားသာလွန်တယ်။ လျှို့ဝှက်နက်နဲတယ်။ အံ့မခန်း ဆန်းကြယ်တယ်။ ကိုမင်းအောင် အီဂျစ်ကိုရောက်လာရင် အဲဒီလို ထူးဆန်းအံ့ဩဖွယ်ကောင်းတာတွေကိုတွေ့ရမှာ အမှန်ပါပဲ။

ကဲ ... စာလည်း အတော်ရှည်သွားပြီ။ ခင်ဗျားလာမယ်ဆိုရင်လည်း လာခဲ့ပေတော့ ... ကိုမင်းအောင်ရေ။

ခင်ဗျားရဲ့မိတ်ဆွေကြီး
ဉာဏ်မင်းရွေ
ခေတ္တ –ကိုင်ရိုမြို့
အီဂျစ်နိုင်ငံ

ကျွန်ုပ်သည် မိတ်ဆွေကြီး ဉာဏ်မင်းရွှေထံမှစာကို ရရှိပြီး နောက်ရက်သတ္တပတ်ကျော်ခန့်အကြာတွင် အီဂျစ်နိုင်ငံသို့ ထွက်ခွာလာခဲ့ပေသည်။ အီဂျစ်နိုင်ငံသို့ ရောက်ရှိပြီးနောက် အောက်ပါထူးခြားဆန်းကြယ်သော အဖြစ်အပျက်တို့ကို ကြုံတွေ့ခဲ့ရပေတော့သည်။

✿ ✿ ✿

[၂]

❑

တစ်စုံတစ်ယောက်ယောက်က နောက်ကျောဘက်ဆီမှ ရိပ်ခနဲ ကပ်လိုက်သောကြောင့် ကျွန်ုပ်နောက်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

ကျွန်ုပ်ထင်လိုက်သလို နောက်ကျောဘက်မှ လူအရိပ်သည် အန္တရာယ်တစ်စုံတစ်ရာမဟုတ်ပေ။ လူတစ်ယောက် ကျွန်ုပ်၏နောက်ကျောဘက်တွင် ရပ်နေခြင်းဖြစ်သည်။ ကျွန်ုပ်လာစဉ်က ဤနေရာတွင် လူရိပ်လူယောင် မတွေ့ရ။ မြင်ကွင်းက ရှင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com


သဲမြေများပေါ်တွင် ချုံပုတ်ကလေးများ ဟိုတစ်စုဒီတစ်စု ပေါက်နေသော မြင်ကွင်းသာရှိသည်။ ကျွန်ုပ်နောက်မှလူသည် မိုးပေါ်က ကျလာခြင်းမဟုတ်လျှင် ထိုချုံပုတ်ကလေးများအတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်ပေသည်။

ကျွန်ုပ်သည် ကိုယ့်အတွေးဖြင့်ကိုယ် ကိုင်ရိုရှေးဟောင်းပြတိုက်ကြီးဆီသို့ လျှောက်လာနေမိသည်။ ပြတိုက်ကြီးထဲတွင် အီဂျစ်ရှေးဟောင်းပစ္စည်းများစွာကို ရှိနေပေလိမ့်မည်။ အီဂျစ်ရှေးဟောင်းပညာရပ်များ၊ မံမီလျှို့ဝှက်ချက်များ၊ ဂြိုဟ်တော့ ပိရမစ်လျှို့ဝှက်ချက်များ၊ အီဂျစ်လောကီပညာရပ်များနှင့် အီဂျစ်ဖာရိုဘုရင်များ၏ လျှို့ဝှက်ကျင့်ကြံနည်းများကို ဤပြတိုက်ကြီးထဲမှ လေ့လာတွေ့ရှိကောင်း လေ့လာတွေ့ရှိနိုင်ပေသည်။

ကျွန်ုပ်သည် မြန်မာလူမျိုးတစ်ဦးဖြစ်သော်လည်း အီဂျစ်နိုင်ငံမှ ထူးဆန်းသောအကြောင်းအရာများကို စိတ်ဝင်စားနေမိခြင်းမှာ တွေးကြည့်လျှင် အံ့သြစရာတော့ ကောင်းပေသည်။

ကျွန်ုပ်လည်း ငယ်စဉ်က အိပ်မက်တစ်ခုကို မကြာခဏ မက်လေ့ရှိ၏။ အိပ်မက်ထဲ၌ ကြီးမားသော မြစ်ကြီးတစ်စင်းကို တွေ့ရလေသည်။ ပထမတွင် ကျွန်ုပ်သည် ထိုမြစ်ကြီးကို ဧရာဝတီမြစ်ဟု ထင်မိ၏။

သို့သော် ဧရာဝတီမြစ်မဟုတ်ပေ။ ကျွန်ုပ်သည် မြစ်ကြီး၏ ကမ်းနံဘေးတစ်နေရာ၌ ရပ်ပြီး မြစ်ကြီးကို ငေးကြည့်နေစဉ် လှေငယ်တစ်စင်း မြစ်ထဲမျောလာသည်ကို တွေ့လိုက်ရ၏။

မျောလာသောလှေ၌ လှော်ခတ်သူကို မတွေ့ရပေ။ လှေသည် ကျွန်ုပ်ရပ်နေရာ ကမ်းနံဘေးရေပြင်အရောက်တွင် ရုတ်တရက် ရပ်တန့်သွားပြီး အောက်မှ ရေဝဲတစ်ခုနှင့်တွေ့သည့်အလား ဝဲလည်နေလေတော့၏။

ကျွန်ုပ်သည် လှေငယ်အတွင်းသို့ လှမ်းကြည့်လိုက်ရာ လှေငယ်အတွင်း၌ ပိတ်စတစ်ခုစီဖြင့် ကျပ်စည်းထားသကဲ့သို့ စည်းထုပ်ထားသော ရုပ်အလောင်းကဲ့သို့သော သဏ္ဌာန်နှစ်ခုကို လှမ်းမြင်လိုက်ရ၏။ အမှန်တော့ ထိုသဏ္ဌာန်နှစ်ခုမှာ မံမီရုပ်အလောင်းနှစ်ခုဖြစ်ကြောင်း ကျွန်ုပ် မသိရှိခဲ့ပေ။

ကျွန်ုပ်စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိ၏။ ကျွန်ုပ်သည် ထိုသဏ္ဌာန်နှစ်ခုအား ငေးကြည့်နေမိသည်။ ထိုစဉ် လှေငယ်သည် ရှေ့သို့ မျောပါသွားလေသည်။ ထိုမြစ်ကြီးမှာ အီဂျစ်ပြည်မှ နိုင်းမြစ်ကြီးဖြစ်ကြောင်း ထိုစဉ်က ကျွန်ုပ် မသိရှိခဲ့ပေ။

လှေငယ်မျောပါသွားပြီးနောက် ကျွန်ုပ်ရင်ထဲတွင် ဟာတာတာကြီးဖြစ်ကျန်ရစ်ခဲ့၏။ ထို့နောက် ကျွန်ုပ်သည် မြစ်ကမ်းနံဘေးအတိုင်း လျှောက်သွားခဲ့


www.burmeseclassic.com

www.burmeseclassic.com


ရာ တြိဂံပုံသဏ္ဍာန် ဆောက်လုပ်ထားသော အဆောက်အအုံများရှေ့သို့ ရောက် သွားလေသည်။

ထိုအဆောက်အအုံကြီးများသည် ပိရမစ်ကြီးများဖြစ်ကြောင်း ထို... က ကျွန်ုပ် မသိရှိခဲ့ပါချေ။ ကျွန်ုပ်သည် ပိရမစ်ကြီးများကို မော့ကြည့်ပြီး အံ့... နေမိသည်။

ထိုအခိုက် တြိဂံပုံသဏ္ဍာန် နံရံပိတ်အဆောက်အအုံကြီးတစ်ခုထဲ... အလင်းတန်းတစ်ခု ထိုးထွက်လာသည်။ ထိုအလင်းတန်းသည် ကျွန်ုပ်ကိုယ်ပေါ်... တည့်တည့်ကြီး ကျရောက်လာလေသည်။

ကျွန်ုပ်ရင်ထဲတွင် အေးခနဲ လှိုက်ဖိုသွား၏။ ထိုစဉ် ကျွန်ုပ်နားထဲ၌ အ... တစ်ခုကို ကြားလိုက်ရ၏။

"သင်ဟာ ဤတိုင်းပြည်ကို ရောက်ရှိလာလိမ့်ဦးမည်။ သင် ဤတိုင်းပြ... မှ ထွက်ခွာသွားခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ သင့်ဝိညာဉ်ဟာ ဤပိရမ... ထဲမှ ထွက်ခွာသွားခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ တစ်နေ့နေ့ တစ်ချိန်... မှာတော့ သင့်ဝိညာဉ်ဟာ ဤပိရမစ်ကြီးအတွင်းသို့ ပြန်လည်ဝင်ရောက်ရ... လိမ့်ဦးမည်။

ယခုတော့ ပြန်လည်ဝင်ရောက်ရန် အချိန်မကျသေးပါ။ အချိန်မကျ... သေးသရွေ့ သင့်မှာ လွတ်လပ်ပိုင်ခွင့်ရှိပါသည်။ သင့်ကဲ့သို့ပင် ဤပိရမစ်ကြီးအတွ... မှ ထွက်ခွာသွားသော ဝိညာဉ်များလည်း ရှိကြပေသည်။

သူတို့သည်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူတို့နှင့်သက်ဆိုင်... ပိရမစ်ကြီးများအတွင်းသို့ ပြန်လည်ဝင်ရောက်လာကြပေလိမ့်မည်။

ပိရမစ်အတွင်းမှ ဝိညာဉ်များသည် လူလောကအတွင်းသို့ ရောက်ရှိ... ကြလေပြီ။ သို့ပေမဲ့ အချိန်တန်ရင်တော့ သင်တို့ အိမ်ပြန်ကြရပေမည်။ သင်... ပြန်လာမည့်ရက်ကို ကျွန်ုပ်တို့ စောင့်ကြိုနေပါမည်"

အသံတိတ်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်ကိုယ်ပေါ်သို့ ထိုးကျ... သော အလင်းတန်းလည်း ပျောက်ကွယ်သွားပြီး ကျွန်ုပ်လည်း အိပ်မက်မှ ဖျတ်... လန့်နိုးသွားလေတော့သည်။ ယခင်က ကျွန်ုပ်သည် ထိုအိပ်မက်ကို မကြာခဏ... မက်တတ်ပြီး နောက်ပိုင်းတွင် မမက်တော့သဖြင့် ကျွန်ုပ်လည်း မေ့မေ့ပျော... ပျောက် ဖြစ်သွားမိလေသည်။

ယခုတော့ ကျွန်ုပ်သည် တိုက်တိုက်ဆိုင်ဆိုင် ဤတိုင်းပြည်သို့ ရောက်... နေရလေပြီ။


www.burmeseclassic.com

www.burmeseclassic.com


တကယ်တော့ ကျွန်ုပ်သည် ထိုအိပ်မက်ကို သိပ်ပြီး အလေးမထားလှသကဲ့သို့ မည်သူ့ကိုမှလည်း ပြောပြခြင်းမရှိခဲ့ပါ။

သို့သော် ကျွန်ုပ်သည် အီဂျစ်ပြည်နှင့် ပိရမစ်များအကြောင်း အီဂျစ်လောကီပညာရပ်များအကြောင်းတို့ကား စိတ်ဝင်စားနေမိသည်မှာတော့ အမှန်ပင်ဖြစ်သည်။

ကျွန်ုပ်သည် ထိုစိတ်ကူးအတွေးများနှင့် လျှောက်လာခဲ့ခြင်းဖြစ်ရာ ပတ်ဝန်းကျင်ကို သတိမထားလိုက်မိတော့ပေ။

ကျွန်ုပ် သတိထားလိုက်မိချိန်တွင် ကျွန်ုပ်နောက်မှလူသည် ကျွန်ုပ်အားပြုံး၍ ကြည့်နေသည်ကို တွေ့လိုက်ရ၏။ သူ့အပြုံးက နှစ်လိုဖွယ်ရာကောင်းသော အပြုံးဟု ကျွန်ုပ်စိတ်ထဲ ခံစားလိုက်မိသည်။

သို့သော် သူ့အပြုံးကြောင့်ပင် ကျွန်ုပ်မှာ ကြောင်အမ်းအမ်း ဖြစ်သွားရ၏။ ထို့နောက် ကျွန်ုပ်လည်း ပြန်လည်သတိဝင်လာကာ ထိုသူအား ပြန်လည်ပြုံးပြလိုက်မိလေသည်။

ထိုလူစိမ်းတွင် ပါးမြိုင်းမွေးများက မျက်နှာအစိတ်အပိုင်း အတော်များများပေါ် နေရာယူထားသည်ကို တွေ့ရ၏။ သို့သော် သူ့ မျက်နှာက ကြည်လင်နေသည်။ ရေမချိုးသည်မှာ ကြာပြီဖြစ်သဖြင့် ဆံပင်နီကြောင်ကြောင်အရောင်နှင့် ကြေးများက သူ့ခန္ဓာကိုယ်အနံ့ စွန်းထင်းနေသည်။ သူ့မျက်လုံးတွေက စူးရှတောက်ပြောင်နေသည်။

ကျွန်ုပ်က ထိုသူအား အရူးတစ်ယောက်၊ စိတ်မနှံ့သူတစ်ယောက်ဟု ထင်လိုက်၏။ ထို့နောက် ကျွန်ုပ်သည် ထိုအတွေးကို အဆုံးသတ်ပြီး ကျွန်ုပ်၏ထင်မြင်ချက်ကို ပြင်လိုက်ရ၏။ ထိုသူသည် အရူးတစ်ယောက်တော့ မဖြစ်နိုင်ပေ။

လူစိမ်း၏ မျက်ဝန်းက ကြည်လင်နေပြီး အသိဉာဏ်ရှိသည့် အရိပ်အယောင်များ ပေါ်နေသည်ကို ကျွန်ုပ် သတိပြုလိုက်မိ၍ဖြစ်၏။

"မင်္ဂလာနံနက်ခင်းပါ"

"ကောင်းသောနံနက်ခင်းပါ ခင်ဗျား"

ကျွန်ုပ်၏နှုတ်ဆက်စကားကို လူစိမ်းက ယဉ်ကျေးစွာ ပြန်လည်နှုတ်ဆက်၏။ လူစိမ်းက အင်္ဂလိပ်စကားဖြင့်ပြောကာ ကျွန်ုပ်ကလည်း အင်္ဂလိပ်စကားဖြင့် ပြောလိုက်ခြင်းဖြစ်၏။

ကျွန်ုပ်က လူစိမ်းအား အလွယ်တကူ အရောမဝင်ချင်သောကြောင့် နှုတ်ဆက်စကားပြောပြီး ကိုယ့်လမ်းကိုယ် လျှောက်ခဲ့သည်။ သို့ပေမဲ့ လူစိမ်းက ကျွန်ုပ်၏နံဘေးမှ ကပ်၍လိုက်လာ၏။


www.burmeseclassic.com

www.burmeseclassic.com


"ဘယ်ကိုသွားမလို့လဲ ... မိတ်ဆွေ"

လူစိမ်းက ကျွန်ုပ်ကို မိတ်ဆွေဖွဲ့လိုဟန်ဖြင့် မေးသည်။

"ကျွန်တော့်လို နိုင်ငံခြားသားတစ်ယောက်အနေနဲ့တော့ ရှေးဟောင်းပြတိုက်ကို သွားလေ့လာမလို့ပေါ့"

ကျွန်ုပ်က လူစိမ်း၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ နောက်ဆုံးတော့ ဤလူစိမ်းသည် လူကောင်းမဟုတ်သော်မှ လူဆိုးတစ်ဦးတော့ မဟုတ်နိုင်ဟု မှတ်ချက်ချလိုက်မိသည်။

လူစိမ်းသည် ကျွန်ုပ်နံဘေးမှ ကပ်လိုက်လာနေဆဲဖြစ်၍ 'သူလိုက်လာရင်လည်း လိုက်လာပါစေ။ ငါ့အတွက်တော့ အန္တရာယ်မရှိပါဘူး' ကျွန်ုပ်က တွေးရင်း စိတ်ကို လျှော့လိုက်သည်။

လူစိမ်းသည် ကျွန်ုပ်နံဘေးမှ ခြေလှမ်းတိုင်း လိုက်ပါနေတော့၏။

✿ ✿ ✿

[၃]

❑

ညနေစောင်းသွားလေပြီ။

ကျွန်ုပ်သည် ကိုင်ရိုမြို့သို့ ရောက်ရှိနေပြီဖြစ်သော်လည်း မိတ်ဆွေကြီးရှိရာ သံရုံးတွင်မတည်း။ လွတ်လွတ်လပ်လပ် နေထိုင်နိုင်ရန် ကိုင်ရိုမြို့လယ်ရှိ မဒီနာဟိုတယ်၌ တည်းခိုနေထိုင်လေ၏။ မိတ်ဆွေကြီး ဉာဏ်မင်းရွှေကိုမူ သွားရောက်တွေ့ဆုံ နှုတ်ဆက်ပြီးဖြစ်၏။

ယခု ကျွန်ုပ်တည်းနေသော မဒီနာဟိုတယ်သည်ပင် မိတ်ဆွေကြီး ဉာဏ်မင်းရွှေကိုယ်တိုင် ဆက်သွယ်ငှားရမ်းပေးခဲ့သော ဟိုတယ်ဖြစ်၏။

ပြတိုက်အတွင်း လေ့လာကြည့်ရှုပြီးနောက် ကျွန်ုပ်သည် ဟိုတယ်သို့ပြန်ရန် ပြင်ဆင်လေ၏။ ထိုအတောအတွင်း လူစိမ်းနှင့် ကျွန်ုပ်မှာ တစ်စတစ်စ ရင်းနှီးခင်မင်လာခဲ့သည်။ လူစိမ်းက သူ့နာမည်မှာ ကာတာရီဖြစ်ကြောင်း ပြောပြ၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်နာမည်ကို ပြောပြလိုက်ရ၏။


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်ပြန်တော့မယ် ... ကာတာရီ"

"မစ္စတာမင်းအောင် ... မနက်ဖြန် ပြတိုက်ကိုလာပြီး လေ့လာဦးမှာလား"

"ကျွန်တော် ဒီမှာ တစ်လလောက်တော့ လေ့လာမယ် စိတ်ကူးထားတာပဲ"

"အင်း ... ဒီမှာကတော့ လေ့လာစရာတွေက ကုန်နိုင်မယ်မထင်ပါဘူး"

"ဟုတ်တယ် ... ကာတာရီ။ ခင်ဗျားပြောတာ အမှန်ပဲ။ မနက်ဖြန် တွေ့ကြဦးမှာပေါ့"

ကျွန်ုပ်သည် ကာတာရီအား နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ ကျွန်ုပ်မှာ လမ်းတစ်လျှောက် ဖြည်းဖြည်းမှန်မှန်လျှောက်ရင်း စဉ်းစားလာခဲ့သည်။

လူစိမ်း၏ အတော်ထူးဆန်းသည့် ပုံသဏ္ဌာန်၊ သွင်ပြင်က စိတ်မနှံ့သလို ထင်ရသော်လည်း စကားအပြောအဆို လုံးဝ အမှားအယွင်းမရှိချေ။ အင်္ဂလိပ်စကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်၏။

ကျွန်ုပ်အနေဖြင့် အခြားနိုင်ငံများသို့လည်း ရောက်ခဲ့ဖူး၏။ ဤကဲ့သို့သော နေရာများတွင် (Guide) များရှိသည်။ လိုက်လံရှင်းပြသည်။ ပြီးလျှင် သူတို့ဆီမှာ ရှေးဟောင်းပစ္စည်းများကို ဝယ်ယူဖို့ တိုက်တွန်းသည်။

သူတို့ပြသော ပစ္စည်းများသည် အစစ်ကနည်းပြီး အတုက များလှ၏။ (Guide) လိုက်ခငွေကိုလည်း မတန်တဆတောင်းတတ်၏။ ပြီးလျှင် ကင်မရာက အစ မီးခြစ်အဆုံး လူသုံးကုန်ပစ္စည်းများကို တောင်းသည်။ သူတို့၏ ရှေးဟောင်းပစ္စည်းဆိုသည်များနှင့် မရမက လဲယူလိုက်ကြမည်။

ကျွန်ုပ်က ကာတာရီကို ထိုသို့ ယူဆထားခဲ့သည်။ သူက (Guide) တစ်ယောက်ကဲ့သို့ အင်္ဂလိပ်စကားပြောကလည်း ကျွမ်းကျင်နေသည်မဟုတ်လား။ ကာတာရီက ကျွန်ုပ်ထံမှ ဘာမှမတောင်းခဲ့ပေ။

နေ့လယ်စာစားချိန် ရောက်သောအခါ ဟမ်ဘာဂါတစ်လုံးနှင့် ဘီယာတစ်ဘူးကို သူ့အားပေးလိုက်သည်။ သူက မယူ။ ကျွန်ုပ်က အတင်းကျွေးတော့မှ ဟမ်ဘာဂါကိုစားပြီး ဘီယာကိုတော့ မသောက်ပေ။

ကာတာရီနှင့်ပတ်သက်သော လတ်တလောအတွေးများက ကျွန်ုပ်ခေါင်းထဲ ဝင်လာသည်။ ထို့ကြောင့် ကာတာရီအကြောင်းကို ခေါင်းထဲက ခေတ္တ ဖယ်ထုတ်လိုက်ပြီး တစ်နေ့တာလေ့လာခဲ့သမျှ မှတ်တမ်းရေးရန် စိတ်ကူးလိုက်သည်။ သို့သော် ကာတာရီအကြောင်း ခေါင်းထဲ ဝင်လာပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုလူစိမ်းသည် အီဂျစ်ရှေးဘုရင်များ၏ ယဥ်ကျေးမှုဓလေ့ထုံးတမ်းများ၊ မံမီရုပ်အလောင်းကိစ္စများ၊ အီဂျစ်လောကီပညာရပ်ဆိုင်ရာများကို အတော်ကလေး သိထားသူဖြစ်သည်။

ထို့ကြောင့် မနက်ဖြန်တွေ့ကြရန် ဂျွန်ပ်က ချိန်းလိုက်ခြင်း ဖြစ်သည်။ လူစိမ်း၏နာမည်မှာ ကာတာရီဟုသိရသော်လည်း ထိုအမည်မှာ အစစ်အမှန် ဟုတ် မဟုတ် မပြောနိုင်ပေ။

ဂျွန်ပ်ကမူ ဂျွန်ပ်၏အမည်ကို အမှန်အတိုင်းပြောလိုက်သည်။ ကာတာရီ ပြောခဲ့သော စကားများတွင် ဂျွန်ပ်လုံးဝမသိသော အချက်တစ်ချက်ပါနေ သည်။ ဂျွန်ပ်က ရှေးဟောင်းသုတေသနသမား တစ်ဦးပီပီ အီဂျစ်ပိရမစ်များ နှင့်ပတ်သက်၍ အတော်ပင် ဗဟုသုတကြွယ်ဝသူတစ်ဦးဖြစ်မည်ဟု ကိုယ့်ကိုယ် ယူဆထားမိသည်။

သို့သော် ကာတာရီပြောသော စကားတစ်ခွန်းက ဂျွန်ပ်အဖို့ ဆန်းကြယ် နေသည်။ ပိရမစ်ကြီးတစ်ခုထဲတွင် ငါးရုပ်များကို ထွင်းထုထားကြောင်း သူက ပြောပြခြင်းဖြစ်သည်။

ထိုငါးရုပ်ပုံများသည် နိုင်းမြစ်ဝှမ်းပတ်ဝန်းကျင်တွင် တွေ့လေ့တွေ့ထမရှိ သော ငါးမျိုးဖြစ်သည်။ ပိရမစ်အဆောက်အအုံကြီးထဲတွင် တွေ့ရသော ငါးပုံကို ကာတာရီက စိတ်ရှည်လက်ရှည်ဆွဲပြရာ ဂျွန်ပ်က ပုံကြမ်းကိုလိုက်မှတ်သည်။

ကာတာရီက ပုံကြမ်းကို သဲပြင်ပေါ်တွင် တုတ်တစ်ချောင်းဖြင့် ဆွဲပြခြင်း ဖြစ်သည်။

ငါးပုံသဏ္ဌာန်က နှုတ်ခမ်းမွေးများပါသောကြောင့် (cat fish) ဟုခေါ် သည့် ကြောင်ငါးမျိုးအုပ်စုဝင်ဖြစ်မည်ဟု ဂျွန်ပ်က ယူဆလိုက်သည်။ သို့သော် တိတိကျကျတော့ မသိပေ။

ပုံသဏ္ဌာန်က ဂျွန်ပ် တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသော ပုံသဏ္ဌာန်ဖြစ် သည်။ မြန်မာနိုင်ငံ၌လည်း ဤသို့ငါးမျိုး မတွေ့ဖူးပါ။ ကာတာရီကိုယ်တိုင်ကလည်း သူ ပိရမစ်အတော်များများကို လေ့လာကြည့်ရှုဖူးရာ ဤပိရမစ်ကြီးတစ်ခုတည်း ၏ အတွင်း၌သာ ဤလိုငါးမျိုးကို တွေ့ဖူးပြီး တခြားသော ပိရမစ်ကြီးများအတွင်း ဤလိုငါးရုပ်မျိုးကို မတွေ့ရပါဟုဆိုခဲ့သည်။

ကာတာရီ၏ မျက်လုံးများက တောက်ပြောင်နေသလို အမြင်အာရုံက လည်း စူးရှလှသည်။

လွန်ခဲ့သောကာလများက သိပ္ပံပညာရှင်များအကြား ထူးခြားဆန်းကြယ် သော ပြဿနာတစ်ခုက ဂယက်ရိုက်သွားခဲ့သည်။ ပိရမစ် ထောင့်ချွန်းအတွင်းရှိ


www.burmeseclassic.com

www.burmeseclassic.com


အရာဝတ္ထုများသည် အနိစ္စသဘောမှ လွန်မြောက်နေသည်ဟူသော အချက်ဖြစ်သည်။

ထိုအချက်သည် ထူးခြားဆန်းကြယ်သော အချက်ဖြစ်သည်။ ထိုပညာရှင်များ၏ ယေဘုယျတင်ပြချက်မှာ ပိရမစ်ပုံစံ အဆောက်အအုံများထဲမှ ရှာဖွေတွေ့ရှိခဲ့သမျှသော အရာဝတ္ထုများသည် မပျက်မစီး အကောင်းပကတိအတိုင်း ရှိနေခြင်းပင်ဖြစ်သည်။

ထိုပညာရှင်များသည် ပိရမစ်အတော်များများကို လေ့လာခဲ့ကြပြီး အကိုးအကား အထောက်အထားခိုင်လုံစွာဖြင့် တင်ပြခဲ့ကြခြင်းဖြစ်သည်။ နမူနာအဖြစ် ပိရမစ်များအတွင်းမှ ရှေးဟောင်းပစ္စည်းများကိုလည်း ထုတ်ပြခဲ့ကြသည်။

ထို့ကြောင့် လောကကြီးတွင် ပုပ်သိုးပျက်စီးလွယ်သော ပစ္စည်းများကို ပိရမစ်ပုံစံ ပြုလုပ်ထားသော ထုပ်ပိုးမှုထဲတွင် ထည့်ထားပါက ပိုမိုကြာရှည်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဥပမာ ဘလိတ်ဓားတစ်ချောင်းဆိုပါစို့။ ဘလိတ်ဓားဆိုသည်မှာ တစ်ကြိမ်၊ နှစ်ကြိမ်ခန့်သုံးပြီးလျှင် သံချေးတက်သွားသော အမျိုးဖြစ်သည်။

သို့သော် သုံးပြီးသာ ဘလိတ်ဓားတစ်ချောင်းကို ပိရမစ်ပုံစံတစ်ခုထဲ ထည့်ထားပါက မည်သည့်အခါမှ သံချေးမတက်ကြောင်း အံ့သြဖွယ်ရာ တွေ့ရှိရခြင်းဖြစ်သည်။

အကယ်၍ ထိုဘလိတ်ဓားကို ပိရမစ်ပုံစံထဲမှ ထုတ်ယူပြီး ပြင်ပတွင်ထားလိုက်ပါက မကြာမီ သံချေးတက်သွားကြောင်း တွေ့ကြရလေသည်။

ပိရမစ်များသည် ရှေးခေတ်ကာလတွင် အဆင့်မြင့်သိပ္ပံပညာရပ်များအတွက် အမာခံအထောက်အထားများဖြစ်သည်။ ပိရမစ်များအတွင်းရှိ အတိုင်းအတာများသည် (ပိရမစ်ကို ဆောက်လုပ်သော) ကျောက်တုံးကြီးများအတွက် တိကျသော ဟောကြားချက်များဖြစ်သည်။

ပိရမစ်များအတွင်းရှိ လျှို့ဝှက်ချက်များသည် ခေတ်သစ် သိပ္ပံပညာရပ်ကို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲ ပျက်စီးသွားစေပါသည်။

ယင်းအချက်များသည် အီဂျစ်တွင်ရှိသော ပိရမစ်ကြီးများကို လေ့လာစူးစမ်းရာမှ ထုတ်ယူရရှိခဲ့သော အယူအဆ (Theories) များ ဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

မနေ့ကအတိုင်းပင် ကျွန်ုပ်ကိုတွေ့တော့ ကာတာရီက ပြုံးပြသည်။ ဤသို့သော အပြုံးမျိုးကို ကျွန်ုပ်စိတ်ထဲက သဘောကျနေကြောင်း ကျွန်ုပ်ကိုယ် ကျွန်ုပ် မငြင်းနိုင်ချေ။

ကျွန်ုပ်က ကာတာရီအား ပိရမစ်များနှင့်ပတ်သက်၍ မေးမြန်းကြည့်မည်ဟု စိတ်ကူးလိုက်မိစဉ် . . .

"ကျွန်တော်က ပိရမစ်တွေရဲ့အဖော်ပါ . . . . မစ္စတာမင်းအောင်"

"ဟုတ်မှာပါ . . . ကာတာရီ။ ဒါနဲ့ ခင်ဗျားညက ဘယ်မှာအိပ်သလဲ"

"ပိရမစ်တွေဟာ ကျွန်တော့်ရဲ့ အိမ်တွေပဲ"

"ဒါဆို ခင်ဗျား ပိရမစ်တွေရဲ့ဘေးမှာ အိပ်တာပေါ့"

"ဟုတ်တယ် . . . ကျွန်တော် ပိရမစ်တွေရဲ့ဘေးမှာ အိပ်တာ"

"ခင်ဗျား အအေးမပတ်ဘူးလား"

"ကျွန်တော့်မှာ ခံနိုင်ရည်ရှိတဲ့ပစ္စည်းတွေ ရှိပါတယ်"

ကာတာရီက ပြောနေသော်လည်း သူ့ကိုယ်တွင် အဝတ်တစ်ထည် ကိုယ်တစ်ခုမှလွဲ၍ ဘာကိုမျှ မတွေ့ရပေ။

ထိုစဉ် ကာတာရီသည် ထူးဆန်းသောစကားတစ်ခွန်းကို ပြောဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်ငယ်စဉ်က အိပ်မက်တစ်ခုကို မကြာခဏမက်တယ် ... မစ္စတာမင်းအောင်''

''ဘယ်လို အိပ်မက်လို့လဲ ... ကာတာရီ''

''ကျွန်တော့်အိပ်မက်ထဲမှာ မြစ်ကြီးတစ်စင်းကို တွေ့ရတယ်။ အဲဒီမြစ်ကြီးဟာ နိုင်းမြစ်ကြီးပဲဆိုတာ ကျွန်တော်သိနေတယ်။ ကျွန်တော်ဟာ မြစ်ကြီးရဲ့ ကမ်းနံဘေးတစ်နေရာမှာရပ်ပြီး မြစ်ကြီးကို ငေးကြည့်နေမိတယ်။ အဲဒီအချိန်မှာ လှေငယ်တစ်စင်းဟာ မြစ်ထဲမျောလာတာ တွေ့လိုက်ရတယ်။

လှေလှော်တဲ့သူ မပါပါဘူး။ ကျွန်တော်ရပ်နေတဲ့ ရှေ့နားရောက်တော့ လှေက ရုတ်တရက်ရပ်တန့်သွားပြီး အောက်က ရေဝဲတစ်ခုခုနဲ့ တွေ့လိုက်သလို ဝဲလည်နေပါတော့တယ်။

ဒါနဲ့ ကျွန်တော်က လှေထဲကို လှမ်းကြည့်လိုက်တော့ အဝတ်စတစ်ခုစီနဲ့ ကျပ်စည်းထုပ်ထားတဲ့ သဏ္ဌာန်နှစ်ခုကို တွေ့လိုက်ရတယ်။ အဲဒီသဏ္ဌာန်နှစ်ခုဟာ မံမီရုပ်အလောင်းနှစ်ခုဖြစ်ကြောင်း အဲဒီတုန်းက ကျွန်တော် မသိခဲ့ပါဘူး။ ကျွန်တော် ငေးကြည့်နေတုန်းမှာပဲ လှေငယ်ဟာ ရှေ့ဆက်ပြီး မျောသွားပါတယ်။

အဲဒီနောက်တော့ ကျွန်တော်ဟာ မြစ်ကမ်းနံဘေးအတိုင်း လျှောက်သွားလိုက်တာ ထြိဂံပုံသဏ္ဌာန် အဆောက်အအုံကြီးတွေရှေ့ကို ရောက်သွားပါတယ်။ အဲဒီအဆောက်အအုံကြီးတွေဟာ ပိရမစ်ကြီးတွေဖြစ်ကြောင်း အဲဒီတုန်းက ကျွန်တော်မသိခဲ့ပါဘူး။ အဲဒီအချိန်မှာ ပိရမစ်ကြီးတစ်ခုထဲက အလင်းတန်းတစ်ခု ထိုးထွက်လာပြီး ကျွန်တော့်ကိုယ်ပေါ် ကျရောက်လာပါတယ်။

ကျွန်တော့်ရင်ထဲ အေးခနဲ လှိုက်ဖိုသွားပြီး နားထဲမှာ အသံတစ်ခုကို ကြားလိုက်ရပါတယ်''

ကာတာရီပြောသမျှမှာ ကျွန်ုပ်ငယ်စဉ်ကမက်ခဲ့သည့် အိပ်မက်အကြောင်းနှင့် ထပ်တူထပ်မျှ တူညီနေလေရာ ကျွန်ုပ်မှာ အံ့ဩမဆုံး ဖြစ်နေမိလေသည်။ ကာတာရီက ကျွန်ုပ်ကိုကြည့်ပြီး ...

''ဘာလဲ ... မစ္စတာမင်းအောင်၊ ခင်ဗျားက ကျွန်တော့်အိပ်မက်ကို မယုံလို့လား။ ဒီအိပ်မက်ဟာ ကျွန်တော်ငယ်စဉ်က တကယ်မက်ခဲ့တဲ့ အိပ်မက်ပါပဲ။ အဲဒီအိပ်မက်ရဲ့ပဟေဠိကို ကျွန်တော် အခုထက်ထိ ဖော်လို့မရသေးဘူး''

ထိုအခါ ကျွန်ုပ်က ထိုအိပ်မက်မျိုးကို ကျွန်ုပ်ကိုယ်တိုင် ငယ်စဉ်က မြင်မက်ခဲ့ဖူးကြောင်း ပြောပြလိုက်သောအခါ ကာတာရီမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ အတန်ကြာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိပ်မက်မျိုးကို ကျွန်တော်မက်တယ်ဆိုတာကတော့ ထားပါတော့ဗျာ။ ခင်ဗျားက ဟိုးအဝေးကြီးမှာနေတဲ့သူပဲ။ ဘယ်လိုလုပ်ပြီး အဲဒီအိပ်မက်မျိုးကို မက်ရတာလဲ။ တော်တော်တော့ အံ့ဩစရာကောင်းတယ်"

ဟု ပြောလေသည်။

"ဝေးတယ်နီးတယ်ဆိုတာ ရုပ်ခန္ဓာအတွက်ပါ။ နာမ်ခန္ဓာအတွက် ဝေးတယ်နီးတယ်ဆိုတာ မရှိပါဘူး ... ကာတာရီ။ အိပ်မက်မက်တယ်ဆိုတာ အဲဒီခန္ဓာက မက်တာပါ"

"အင်း ... ဒီအတိုင်းဆိုရင် ကျွန်တော်နဲ့ မစ္စတာမင်းအောင်ဟာ တစ်ခုခုတော့ ပတ်သက်နေလိမ့်မယ်ထင်တယ်။ ကျွန်တော်ရော၊ မစ္စတာမင်းအောင်ရော ဒီအိပ်မက်တစ်ခုတည်းကိုပဲ ဘာကြောင့် အတူတူ မက်ရတာလဲ"

ကာတာရီက သူ့ဘာသာသူ မေးခွန်းထုတ်ပြီး သူ့ဘာသာသူ အဖြေကို စဉ်းစားနေ၏။ ကျွန်ုပ်ကို တစ်စုံတစ်ရာမေးမြန်းခြင်း မရှိပေ။ သူသည် အတန်ကြာ စဉ်းစားပြီးမှ ...

"အခုလက်ရှိ ကျွန်တော်မက်နေတဲ့ အိပ်မက်အကြောင်းကိုတော့ မစ္စတာမင်းအောင် မက်လိမ့်မယ် မထင်ပါဘူး"

"ပြောပါဦး ... ကာတာရီ။ ခင်ဗျား အခုဘာအိပ်မက်တွေ မက်နေလို့လဲ"

"ကျွန်တော် အကြောင်းအရာ တစ်ခုတည်းကိုချည်းပဲ ဆက်တိုက် အိပ်မက်မက်နေခဲ့တယ် ... မစ္စတာမင်းအောင်"

"ဘယ်လိုအကြောင်းအရာ တစ်ခုတည်းကိုချည်း ဆက်တိုက်အိပ်မက် မက်နေတာလဲ"

"အခန်းဆက် အိပ်မက်ဇာတ်လမ်းတွေပေါ့ ... မစ္စတာမင်းအောင်"

"ထူးခြားလှချည်လား ကာတာရီ"

"အဲဒီအိပ်မက်ကြောင့်ပဲ ထင်တယ်။ လူတွေက ကျွန်တော့်ကို အရူးတစ်ယောက်လို့ သတ်မှတ်ထားကြတယ်။ ဟောဟိုကိုင်ရှိမြို့ထဲက လူတွေပေါ့။ သူတို့အားလုံး ကျွန်တော့်ကို နားမလည်ကြဘူးလေ။ ဒါကလည်း သူတို့အပြစ်တော့ မဟုတ်ပါဘူး"

ကာတာရီက ကြေကွဲဟန်ဖြင့် သွားလာနေကြသော လူတွေကို လက်ညှိုးထိုးပြသည်။ ကျွန်ုပ်က ကာတာရီကို ကရုဏာသက်စွာ ကြည့်နေမိသည်။ ကာတာရီသည် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သူ တစ်ဦးဖြစ်မှန်း ကျွန်ုပ်စိတ်က အလိုလို သိနေ၏။ ကာတာရီက စကားကိုဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com


''နောက်ပိုင်းမှာ အိပ်မက်မဟုတ်တော့ဘူး။ ဆဋ္ဌမအာရုံလို့ခေါ်တဲ့ မနော အာရုံ ရနေသလိုပဲ။ အကြောင်းအရာ အဖြစ်အပျက်တွေကို ကြိုတင်သိနေမိတယ်။ ကျွန်တော်က ကျွန်တော့်ရဲ့ အဲဒီအဖြစ်အပျက်တွေကို မိတ်ဆွေသင်္ဂဟတွေကို ပြောပြလိုက်မိတယ်။

သူတို့က တအံ့တသြ နားထောင်ကြတယ်။ နားထောင်ပြီးတော့ ရယ်မောကြတယ်။ ပြီးတော့ ကျွန်တော့်ကို စိတ်မနှံ့တဲ့ အရူးတစ်ယောက်လို့ သတ်မှတ်လိုက်ကြတာပါပဲ။ အဲဒီနောက်တော့ ကျွန်တော်လည်း လူတွေနဲ့ဝေးရာကို ရှောင်ခဲ့တော့တာပါပဲ''

''ဒါဆို ခင်ဗျား ကိုင်ရိုမှာ ဆွေမျိုးသားချင်းတွေ မရှိတော့ဘူးလား''

''ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်က သူတို့ကို အဆက်ဖြတ်ထားတယ်။ လုံးဝမသွားဘူး''

''ခင်ဗျားဇာတ်လမ်းကို ကျွန်တော် နားထောင်ချင်တယ် ကာတာရီ''

''ဒါဆိုရင် နှစ်ပေါင်းများစွာအတွင်းမှာ ကျွန်တော့်ဇာတ်လမ်းကို နှစ်လိုစွာ နားထောင်ချင်တဲ့သူတစ်ယောက်ထဲ ခင်ဗျားပါသွားပြီပေါ့ မစ္စတာမင်းအောင်။ ဟား ... ဟား ... ဟား ...''

ကာတာရီကပြောရင်း သဘောကျစွာ ရယ်မောလိုက်သည်။ ပြီးမှ ..

''ကျွန်တော့်ဇာတ်လမ်းမပြောခင် မစ္စတာမင်းအောင် စိတ်ဝင်စားနေတဲ့ ပိရမစ်ကြီးတွေအကြောင်း ပြောပြချင်တယ်။ အီဂျစ်မှာရှိတဲ့ အကြီးမားဆုံး ပိရမစ်ကြီးတွေထဲမှာ ချီးယော့(ပ်) (cheops) လို့ခေါ်တဲ့ ပိရမစ်ကြီးဟာ တကယ့်အကြီးဆုံး ပိရမစ်ကြီးပေါ့ဗျာ။ သူ့သက်တမ်းကလည်း ပြောရရင် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ ပြီးရင် မစ္စတာမင်းအောင်ကို လိုက်ပြပါ့မယ်။

ပြောရရင်တော့ ပိရမစ်ကြီးတွေဟာ ရှေးခေတ်ရဲ့ အဆင့်မြင့်သိပ္ပံပညာလက်ရာတစ်ခုပဲဗျ။ အဲဒီ ရှေးမအဆင့်မြင့် သိပ္ပံပညာရပ်ကြီးဟာ ခရစ်တော်မမွေးဖွားမီ နှစ်ထောင်ပေါင်းများစွာကတည်းက ပေါ်ပေါက်လာခဲ့တယ်။

ပိရမစ်ကြီးတွေကို တည်ဆောက်ခဲ့တဲ့သူတွေဟာ စကြာဝဠာကြီးရဲ့ လျှို့ဝှက်ချက်တွေကို သိခဲ့ကြသူတွေပါပဲ။

မဟာပိရမစ်ကြီးလို့ခေါ်တဲ့ ချီးယော့(ပ်)ပိရမစ်ကြီးဟာ ဖာရိုဘုရင် ချီးယား(ပ်)ရဲ့ ဂူသင်္ချိုင်းကြီးပါပဲ။ ချီးယော့ (ပ်)က ခရစ်တော် မမွေးမီ နှစ်ပေါင်းသုံးထောင်ကျော်လောက်က အီဂျစ်ပြည်ကို အုပ်စိုးခဲ့တဲ့ ဘုရင်တစ်ပါးပေါ့။ ဒီချီးယော့ (ပ်) ပိရမစ်ကြီးကို ကျောက်တုံးပေါင်း နှစ်သန်းခွဲနဲ့ တည်ဆောက်ခဲ့တယ်။


www.burmeseclassic.com

www.burmeseclassic.com


ကျောက်တုံးတစ်တုံးရဲ့ အလေးချိန်ဟာ (၃)တန်ကနေ တန် (၉၀)အထိ ရှိတယ်။ တချို့ကျောက်တုံးတွေဆိုရင် တန်ချိန် (၆၀၀) အထိတောင်ရှိတယ်။ အဲဒီတော့ ချီးယာ့ (ပ်)ပိရမစ်ကြီးတွေ ဘယ်လောက်ကြီးသလဲ မစ္စတာမင်းအောင် တွေးကြည့်ပေတော့။

အဲဒီ ပိရမစ်ကြီးထဲမှာ လှုသွားလမ်းတွေ၊ လူသေမြှုပ်နှံရာ အခန်းတွေ၊ လျှို့ဝှက်အခန်းတွေ၊ ခန်းမကျယ်ကြီးတွေ စတဲ့အခန်းတွေ အများကြီးရှိနေတယ်။ အဲဒီ ချီးယာ့(ပ်) ပိရမစ်ကြီးဆီကို လိုက်ပြပါဦးမယ်''

ထိုနေ့က ကာတာရီသည် ကျွန်ုပ်အား သူ၏ဇာတ်လမ်းအကြောင်းကို ပြောမပြသွားခဲ့ပါချေ။

ကျွန်ုပ်တည်းခိုရာဟိုတယ်သို့ ပြန်ရောက်သောအခါ ဟိုတယ်မန်နေဂျာက ကျွန်ုပ်အား မေးမြန်းလာပါသည်။

''ခင်ဗျား ပိရမစ်တွေကို သွားပြီးလေ့လာတော့ အဲဒီအနားမှာ စိတ်မနှံ့သူတစ်ယောက်ကိုများ မတွေ့မိဘူးလား''

ထိုအခါ ကျွန်ုပ်က ကာတာရီဆိုသော လူတစ်ယောက်ကို တွေ့မိကြောင်း ပြောပြလိုက်သည်။ မန်နေဂျာက ...

''အဲဒီလူပြောတာတွေ ခင်ဗျားနားထောင်နေရင် လေ့လာစရာတွေ မပြီးဘဲ နေလိမ့်မယ်နော်''

ဟု သတိပေးသည်။

ကျွန်ုပ်မှာ ယခုမှပင် သဘောပေါက်မိတော့သည်။ သို့ပေမဲ့ ကိုင်ရိုက လူတွေမြင်သလိုမျိုး ကျွန်ုပ်က ကာတာရီကို မမြင်မိပေ။

အဘယ်ကြောင့်ဆိုသော် ကာတာရီငယ်စဉ်က မက်ခဲ့သော အိပ်မက်သည် ကျွန်ုပ်ငယ်စဉ်က အိပ်မက်နှင့် ထူးဆန်းစွာ တူညီနေခဲ့သည် မဟုတ်လော။

ထို့ကြောင့် ကျွန်ုပ်၏လေ့လာမှု မပြီးရင်နေပါစေ၊ ကာတာရီပြောသော အဖြစ်အပျက် အကြောင်းအရာတို့ကို နားထောင်ချင်ပါသည်။ အကယ်၍ ကာတာရီသည် စိတ်မနှံ့သူတစ်ယောက်ဟုဆိုလျှင်လည်း ထူးခြားဆန်းကြယ်ပြီး ဗဟုသုတ ပြည့်စုံသော အရူးတစ်ယောက်သာ ဖြစ်ပေမည်။ သာမန်အရူးတစ်ယောက်တော့ မဖြစ်နိုင်ပေ။

ထို့အပြင် သူ့အိပ်မက်နှင့် ကျွန်ုပ်အိပ်မက် ထူးဆန်းစွာ တိုက်ဆိုင် တူညီမှုရှိနေခြင်းကိုလည်း ကျွန်ုပ် စဉ်းစား၍မရပါချေ။


www.burmeseclassic.com

www.burmeseclassic.com


ကာတာရီသည် အသက်အရွယ်အားဖြင့် သုံးဆယ်အရွယ်ခန့်မျှသာ ရှိသေးသော်လည်း သူ့မျက်လုံးတွေကမူ နှစ်ပေါင်း ငါးထောင်လောက် အတွေ့အကြုံရှိနေကြောင်း ဖော်ပြနေသည်ကို ကျွန်ုပ် လှစ်ခနဲ တွေ့မြင်လိုက်ရသည်။

"ရော့ ... သောက်ဗျာ"

"ကျွန်တော် မသောက်တတ်ပါဘူး"

ကျွန်တော် စီးကရက်ပေးသည်ကို ကာတာရီက ငြင်းပယ်လိုက်သည်။

"ခင်ဗျား စီးကရက်တို့၊ အရက်တို့ မသောက်တတ်ဘူးထင်တယ်"

"ကျွန်တော် ဒါတွေသောက်ရင် ခေါင်းတစစ်စစ်ကိုက်ပြီး မခံမရပ်နိုင်ဖြစ်တယ်ဗျာ"

"ကောင်းလိုက်တဲ့ ရောဂါပဲဗျာ။ ကျွန်တော်တောင် ဒီလိုရောဂါမျိုး ရချင်တယ်"

"ဟား ... ဟား ... ဟား ..."

ကျွန်ုပ်စကားကို သူသဘောကျသွားကာ အားပါးတရရယ်သည်။

"အင်း ... ကျွန်တော် ဒီလိုမျိုးမရယ်ရတာ နှစ်ပေါင်းသုံးဆယ်လောက်ရှိပြီ"

"ဒါဆိုရင် ခင်ဗျားဘဝမှာ တစ်ခါမှ မရယ်ဖူးဘူးလား"

ကာတာရီ၏အသက်မှာ သုံးဆယ်ကျော်ခန့်ရှိပြီး နှစ်ပေါင်းသုံးဆယ်လောက် မရယ်ဟုဆိုသဖြင့် ကျွန်ုပ်က မေးလိုက်မိခြင်းဖြစ်သည်။

"ဟုတ်တယ် ...။ လူတွေကြားထဲနေရတာ ရယ်ဖို့မကောင်းဘူး"

ကာတာရီ၏ခံယူချက်ကို ကျွန်ုပ် မအံ့သြမိတော့ပါ။ သူသည် အများ၏စွန့်ပယ်ခြင်းကို ခံနေရသူဖြစ်၍ ဤလိုအတွေးအခေါ်မျိုး သူ့ခေါင်းထဲ ဝင်နေခြင်းဟု တွေးလိုက်မိသည်။

"ခင်ဗျားက ကျွန်တော့်ကို ထင်လိမ့်မယ်။ သူ့ကို လူတွေဝိုင်းပယ်ထားလို့ ကာတာရီတစ်ယောက် ဒီလိုပြောလိမ့်မယ်လို့။ အမှန်က ဒီလိုမဟုတ်ဘူးဗျ။ ဒီလိုကောက်ချက်ချရင် မှားသွားလိမ့်မယ်။

ကျွန်တော် လူတွေအပေါ်အမြင်ရှင်းတယ်ဗျ။ ကျွန်တော် အမြင်မရှင်းတာက ကျွန်တော့်အပေါ် ပဟေဠိလုပ်သွားတဲ့ မိန်းမတစ်ယောက်ကိုပဲ"

"ခင်ဗျား ကျွန်တော့်ကို ပြောမယ်ဆိုတာ အဲဒီဇာတ်လမ်းလား"

"ဟုတ်တယ်။ ဒါပေမဲ့ အီဂျစ်သမိုင်းအပိုင်းအစတွေ အဲဒီထဲမှာ ပါနေတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ... ဒါဆိုလည်း ဒီနေ့ ကျွန်တော်ပြတိုက်ကို မလေ့လာတော့ဘူး။ ကာတာရီရဲ့ နှလုံးသားပြတိုက်ကိုပဲ လေ့လာတော့မယ်"

"ဟား ... ဟား ... ဟား ... ဟား ..."

ကာတာရီက ဒုတိယအကြိမ် ရယ်မောပြန်သည်။

"ဒီနေ့တော့ ကျွန်တော့်ရဲ့ ပထမဆုံးအကြိမ် ရယ်မောခြင်းဖြစ်သလို နောက်ဆုံးရယ်မောခြင်းလည်း ဖြစ်တယ်ဗျ"

"ဘာဖြစ်လို့လဲ ... ကာတာရီ"

"ဒီကနေ့ညနေ ခြောက်နာရီအချိန်ကျရင် ပိရမစ်ရဲ့ အပေါ်တည့်တည့်မှာ နက္ခတ်တစ်လုံး ထွန်းတောက်လိမ့်မယ်။ အဲဒီနက္ခတ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးထောင်ကျော်လောက်က တစ်ကြိမ်ထွန်းတောက်ခဲ့ဖူးတယ်။ အဲဒီအချိန်ကျရင် ကျွန်တော့်ရဲ့ကုသိုလ်၊ အကုသိုလ်နဲ့ ပါရမီတွေကို စစ်ဆေးခံရတော့မယ်"

"ခင်ဗျား နှစ်စဉ် ဒီလိုပဲ စစ်ဆေးခံရသလား"

"နှစ်စဉ်မဟုတ်ဘူး။ ဒီနက္ခတ်ပေါ်မှ စစ်ဆေးခံရတာ"

"ဟင် ... ဒီနက္ခတ်က နှစ်ပေါင်းလေးထောင်ကျော်လောက်မှ တစ်ကြိမ်ပေါ်တယ်ဆိုတော့ ခင်ဗျားဟာ နှစ်ပေါင်းလေးထောင်ကျော်မှတစ်ကြိမ် အစစ်ဆေးခံရတယ်ဆိုတဲ့သဘောပေါ့။ ဟုတ်လား"

"အင်း ... အဲဒီအတိုင်းပဲပေါ့ဗျာ"

"လူတစ်ယောက်ရဲ့သက်တမ်းဟာ နှစ်ပေါင်းလေးထောင်မှ မရှိနိုင်တာပဲ ကာတာရီ"

"ဒါကြောင့် လူတွေက ကျွန်တော့်ကို အရူးလို့ပြောကြတာပေါ့ဗျာ"

"ဒါပေမဲ့ ကျွန်တော်ကတော့ ခင်ဗျားကို နားလည်နိုင်ပါတယ် ... ကာတာရီ။ လူတစ်ယောက်ဟာ နှစ်ပေါင်းလေးထောင်အတွင်းမှာ ဘဝတွေအမျိုးမျိုးကို ပြောင်းလဲသွားနိုင်တယ်"

ကာတာရီမှာ ကျွန်ုပ်ပြောသည့်စကားကို နားမလည်နိုင် ဖြစ်နေပုံရ၏။ ထို့ကြောင့် ကျွန်ုပ်က ...

"ဒီလို အစစ်ဆေးခံပြီးရင် ခင်ဗျားက ဘာဆက်လုပ်မှာလဲ"

"ပြောလို့မရဘူး။ ဒါကို အတိအကျပြောရမှာ ခက်တယ်။ ကဲပါလေ ခင်ဗျားကို ပြောရမယ့် အကြောင်းအရာတွေကို အရင်ပြောပြမယ်။ ကျွန်တော်က မကြာခင် သွားရတော့မှာ"

ကာတာရီ၏စကားက ဆန်းကြယ်နေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

ကာတာရီက မိန်းမပျိုလေး၏လက်ကို ဆုပ်ကိုင်ထားသည်။ မိန်းမပျိုက ခေါင်းတစောင်းငဲ့ပြီး သူ့ပခုံးပေါ် မေးတင်ထားသည်။ အချိန်က ညဥ့်နက်နေပေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။

"အစ်ကို ... မင်းကို ဒီလိုပဲ အပြင်မှာချစ်ခွင့်ရနေချင်တယ် အချစ်ရယ်"

ကာတာရီက ရွှန်းလဲ့တောက်ပသော မျက်လုံးတွေနှင့် မိန်းမပျိုကို ကြည့်ရင်း ပြောလိုက်သည်။

မိန်းမပျိုက ခေါင်းယမ်းရင်း ...

"အစ်ကို့ကို ကျွန်မ အဲဒီအချိန်ကတည်းက ပြောခဲ့တယ်လေ။ နှစ်ပေါင်းထောင်ချီနေပြီဆိုတော့ အစ်ကို မမှတ်မိတော့ဘူးပေါ့။ ကျွန်မစကားကို အစ်ကို နားမထောင်ခဲ့ဘူး။ အစ်ကို တစ်ဖွတ်ထိုးလုပ်ခဲ့လို့ ကျွန်မတို့ အခုလို ဝေးခဲ့ကြရတာ။

အစ်ကိုလုပ်ခဲ့တဲ့ အကုသိုလ်ဟာ ကျွန်မတို့ဘဝနှစ်ခုကို မဆုံဖြစ်အောင် ဝေးစေခဲ့ပြီလေ။ အစ်ကိုရဲ့ တစ်ဖွတ်ထိုးဉာဉ်ကို ထိန်းသိမ်းပါ အစ်ကို"

"အချစ်ရယ် ... အစ်ကို ဒါတွေနားလည်ပါပြီ။ ဒါပေမဲ့ အိပ်မက်က လန့်နိုးရင် အစ်ကို့စိတ်ထဲ ဟာနေတယ်။ ဒါကြောင့် ညီမကို အစ်ကို အပြင်မှာ တစ်ကြိမ်တစ်ခါတည်း တွေ့ဆုံခွင့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး အစ်ကို။ အစ်ကို့ဝဋ်ကြွေးတွေကို ကျေအောင်ဆပ်ပါ။ နောင်နှစ်ပေါင်းလေးထောင်တိတိ ကုန်ဆုံးပြီးတဲ့အခါ ကျွန်မကို အစ်ကို လက်တွေ့ ပိုင်ဆိုင်ရမှာပေါ့"

"ဒါပေမဲ့ အိပ်မက်ထဲမှာပဲ အချစ်နဲ့တွေ့နေရတာ အစ်ကို ရင်မောလှ ပါပြီ။ အပြင်မှာ အစ်ကို့ကို တစ်ခါပဲတွေ့ခွင့်ပေးပါ။ အစ်ကို ကျေနပ်ပါပြီ"

"အစ်ကိုက ကျွန်မနဲ့တွေ့တိုင်း ဒီလိုပဲပြောနေတယ်နော်။ ဒါဆိုရင်လည်း အစ်ကိုသိပ်တွေ့ချင်တဲ့ ကျွန်မကို (Munnmy) မံမီပုံစံနဲ့ပဲ တွေ့နေမယ်။ အစ်ကို ကျေနပ်ပြီလား"

"အချစ်ကို ဘယ်လိုပုံစံနဲ့ပဲ တွေ့နေတွေ့နေရ တွေ့နေရရင် ကျေနပ်ပါ ပြီ"

"ဒါပေမဲ့ အစ်ကို ကျွန်မကို မနမ်းရဘူးနော်"

"စိတ်ချပါ။ အစ်ကို မနမ်းပါဘူး"

"အစ်ကိုနမ်းလိုက်တာနဲ့ ကျွန်မမံမီဟာ ပျက်စီးသွားလိမ့်မယ်"

"စိတ်ချပါ ... အချစ်ရယ်"

✿ ✿ ✿

[၆]

❑

ကာတာရီသည် အိပ်မက်ထဲတွင် အချစ်နှင့် အကြိမ်ပေါင်းများစွာ ဆုံတွေ့ နေရသည်။ အခန်းဆက်အိပ်မက်က တစ်ပတ်ကို နှစ်ကြိမ်သုံးကြိမ်ခန့် မက်နေ သည်။ ကြာလာသောအခါ အိပ်မက်ထဲမှ မိန်းကလေးကို စွဲလမ်းလာသည်။

အီဂျစ်ပြည်၏ လွန်ခဲ့သော နှစ်ပေါင်းလေးထောင်ကျော်လောက်က မြင်ကွင်းတွေကို အိပ်မက်ထဲမှာ မြင်တွေ့နေရသည်။

သူနှင့် ထိုမိန်းကလေးသည် ထိုအချိန်တုန်းက ချစ်သူတွေ ဖြစ်ခဲ့ကြ သည်။ သူသည် ထိုအချိန်က အကုသိုလ်တစ်ခုကို အငြိုးကြီးစွာ ပြုလုပ်ခဲ့လေ သည်။ ချစ်သူကတော့ တားမြစ်ခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com


သို့သော် နောက်ဆုံးတွင် သူက မဖြစ်မနေလက်စားချေမည်ဟု အခိုင်အမာပြောသောအခါ တားမရသည့်အဆုံး ချစ်သူက သူ့ကို ခွင့်ပြုခဲ့ရလေတော့သည်။

ဒါက ချစ်သူပြောပြသည့် သူ့အကြောင်းများဖြစ်သည်။ ထိုကံအကြောင်းတရားကြောင့်ပင် ယခု သူတို့ချစ်ခြင်း မဆုံစည်းရဘဲ ကွဲကွာခဲ့ရလေသည်။

ထိုစဉ်က ယခုကဲ့သို့ ဖြစ်မည်ဆိုလျှင် ကာတာရီ ထိုကံကို မကျူးလွန်ခဲ့ပါ။ အခုတော့ လွန်ခဲ့ပြီးပြီ။ ယခုအိပ်မက်ထဲမှာ ပြန်လည်မြင်တွေ့နေရပြီး နောင်တရနေမိသည်။ ချစ်သူနှင့် ပြန်လည်ဆုံစည်းရဖို့ နှစ်ပေါင်းများစွာ စောင့်ရပေဦးတော့မည်။

ချစ်သူက သူမ၏ ရုပ်ဆင်းသဏ္ဌာန်ကို ပြမည့်မနက်မတိုင်မီ ထိုညတွင် ကာတာရီ အိပ်မက်မက်ပြန်သည်။

ချစ်သူ၏ ရုပ်အလောင်းကို လူတွေက တစ်လှည့်စီ သယ်ဆောင်လာကြသည်။ သူကြည့်လိုက်သောအခါ နိုင်းမြစ်ကမ်းတစ်နေရာတွင် လှေတစ်စီးဆိုက်ကပ်ထားသည်။ လူတွေကလည်း အလောင်းကို လှေပေါ်သို့ တင်လိုက်ကြသည်။ ထို့နောက် လှေသည် တရွေ့ရွေ့နှင့် အနောက်ဘက်ကမ်းသို့ မျောသွားသည်။

လှေက ကမ်းသို့ကပ်လိုက်သောအခါ လူတွေက ချစ်သူ့အလောင်းကို အဆောက်အအုံကြီးတစ်ခုထဲသို့ သယ်ဆောင်သွားကြသည်။ ထူးဆန်းသည်က ထိုလူတွေထဲတွင် သူကိုယ်တိုင် ပါဝင်နေခြင်းဖြစ်သည်။

အဆောက်အအုံကြီးအတွင်းသို့ရောက်သောအခါ ရေဖလားကြီးထဲသို့ ချစ်သူကိုထည့်ပြီး ဆေးကြောသန့်ရှင်းကြသည်။ ထိုအချိန်တွင် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များက ဓမ္မတေးများ သံပြိုင်ရွတ်ဆိုကြသည်။

ထိုစဉ် လူတစ်ဦး အခန်းတစ်ခုအတွင်းမှ ထွက်လာသည်။ ထိုသူ၏ ဦးခေါင်းတွင် ခွေးခေါင်းပုံစံ ခေါင်းစွပ်ကို တစ်ခေါင်းလုံးအပြည့် စွပ်ထားသည်မှာ လည်ပင်းကိုပင် မမြင်ရပေ။

ထိုသူကား ချစ်သူ၏ရုပ်အလောင်းကို ခွဲစိတ်မည့် အဖွဲ့ခေါင်းဆောင်ပင်တည်း။ အင်နီစူလာခွေးခေါင်းနှင့် နတ်ဘုရား၏ ကိုယ်စားလှယ်တော်ဖြစ်သည်။

အကုသိုလ်များသူ၏ နှလုံးသားမှာ အလေးချိန်လျော့နည်းနေသည်။ ထို့ကြောင့် ငရဲပြည်မှာ မိကျောင်းခေါင်းစွပ်တို့၏ စားသောက်ခြင်းကို ခံရမည်။ ကုသိုလ်များနှင့် ပြည့်လျှမ်းနေသော နှလုံးသားမှာ အလေးချိန်စီးနေပြီး ထာဝရ ဘုံမှာ စံမြန်းရပေမည်။

www.burmeseclassic.com


နောက်ဆုံး၌ ချစ်သူကို ပြင်ဆင်ပြီးသောအခါ လူတစ်ယောက် ထပ်မံရောက်ရှိလာခဲ့သည်။ ထိုသူက ချစ်သူရုပ်အလောင်းများ၏ မျက်လုံးအိမ်အတွင်း အဖိုးတန်ကျောက်ဖြင့် ပြုလုပ်ထားသော မျက်လုံးနှစ်လုံးကို ထည့်သွင်းပေးလိုက်သည်။

ထို့နောက် တစ်ခန်းလုံး မွှေးကြိုင်စေသော ရနံ့များပက်ဖျန်းပြီး ထင်းရှူးဆီများလိမ်းကျံကာ ပိတ်စနှင့် ရုပ်အလောင်းကို ရစ်ပတ်လိုက်ကြသည်။ ထိုအချိန်၌ မံမီရုပ်အလောင်းတစ်ခု ပြီးစီးသွားလေပြီ။

အလုံးစုံ ပြီးစီးသွားသောအခါ ရုပ်အလောင်းကို သချိုင်းဂူတစ်ခုဆီသို့ ရှေးရှုသယ်ဆောင်သွားကြသည်။ ဖာရိုဘုရင်၏ မိဖုရားဖြစ်သူ မက္ကာရီသချိုင်းဂူသို့ သယ်ဆောင်သွားကြခြင်းပင်။

သူတို့သည် အဘယ်ကြောင့် ချစ်သူ၏ရုပ်အလောင်းကို မိဖုရားကြီး မက္ကာရီ၏သချိုင်းဂူသို့ သယ်ဆောင်သွားကြပါသနည်း။ ကာတာရီမှာ စဉ်းစားမရဘဲ ဖြစ်နေသည်။ မိဖုရားကြီးမက္ကာရီ၏ ရုပ်အလောင်းနံဘေးတွင် ချစ်သူအလောင်းကို အသေအချာထားရှိပြီးနောက် လူအများ ပြန်သွားကြလေတော့သည်။

ယခုတော့ ကာတာရီတစ်ယောက်တည်းသာ သချိုင်းဂူထဲ၌ ကျန်ရစ်ခဲ့လေသည်။ ချစ်သူက ငြိမ်သက်စွာ လဲလျောင်းနေသည်။ ပိရမစ်၏ နံရံအခြေတွင် လှေကားထစ်များ ထွင်းထုထားသည်။

သူသည် ချစ်သူ့အလောင်းကို စိမ်ပြေနပြေ ငေးလာကြည့်ရှုနေမိသည်။ ကြည့်ရင်းမှ စိတ်မထိန်းနိုင်တော့ဘဲ ပေးထားသောကတိကို ဖောက်ဖျက်လိုက်မိလေတော့သည်။ သူသည် ချစ်သူ၏ ဝင်းဝါလှပချောမွတ်နေသော မျက်နှာကလေးကို နမ်းရှိုက်လိုက်လေတော့သည်။

ထိုသို့ နမ်းရှိုက်လိုက်သည်နှင့်တစ်ပြိုင်နက် ချစ်သူ၏ရုပ်အလောင်းမှာ မျောက်မောင်းမတစ်ကောင်၏ပုံသဏ္ဍာန်သို့ ရုတ်ခြည်းပြောင်းလဲသွားတော့သည်။

ကာတာရီသည် သူ့စိတ်ကို သူမထိန်းနိုင်ခဲ့ပါချေ။ သို့ပေမဲ့ သူ နောင်တမရပေ။ ဤရုပ်ခန္ဓာဖြင့် ချစ်သူ၏ရုပ်အလောင်းကို တွေ့ရခြင်းသည် နောက်ဆုံးအချိန်ဖြစ်မှန်း သူသိပါသည်။

ယခုတော့ ကာတာရီ ခရီးရှည်ကြီးတစ်ခုကို သွားရတော့မည်။ ထိုခရီးရှည်ကြီး၏ အဆုံးသည် ငရဲဘုံလား၊ ထာဝရဘုံလား။ သူမသိချင်တော့ပါ။ ကြိုက်ရာဘုံကိုသာ သွားရပါစေတော့ သူ မမှုတော့ပါလေ။ ချစ်သူကို သူနမ်းရှိုက်ခဲ့ပြီ မဟုတ်လော။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၇]

❑

နံနက်မိုးလင်းသောအခါ ခြေသလုံးအိမ်တိုင် ကာတာရီတစ်ယောက် ပိရမစ်ကြီးတစ်ခု၏နံဘေးတွင် အိပ်စက်ရင်း သေဆုံးသွားကြောင်းတသင်းက ပျံ့နှံ့သွားလေသည်။ လူအများ သွားရောက်ကြည့်ရှုကြလေသည်။ ကျွန်ုပ်လည်း သတင်းကြားသည်နှင့် သွားရောက်ကြည့်ရှုမိလေသည်။ ကျွန်ုပ်သည် လူအုပ်ကြားထဲတိုးဝင်ကာ ကြည့်ရှုမိ၏။

ကာတာရီ၏ခန္ဓာကိုယ်ကား အေးစက်တောင့်တင်း၍ နေလေပြီ။ သူ့မျက်လုံးများက ပွင့်လာနေပြီး ပိရမစ်ကြီးကို စိုက်ကြည့်နေသကဲ့သို့ ထင်ရလေသည်။ လူအများကမူ ကာတာရီတစ်ယောက် အအေးပတ်သေဆုံးသွားခြင်းဖြစ်ကြောင်း ပြောဆိုနေကြသည်။

''အရူးတစ်ယောက်တော့ ဝဋ်ကျွတ်သွားတာပေါ့''

''သူ့ချစ်သူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးထောင်ကျော်ကတည်းက ပိရမစ်ဂူသချိုင်းတစ်ခုခုထဲမှာ မြှုပ်နှံခံထားရတာတဲ့။ မံမီရုပ် အလောင်းတစ်ခုပေါ့။ အံ့သြစရာပါပဲ''



www.burmeseclassic.com

www.burmeseclassic.com


"ဒါဆိုရင် ဒီလူက မံမီချစ်သူပေါ့"

"ဟုတ်တယ် ... မံမီချစ်သူပေါ့"

"အင်း ... ကာတာရီဆိုတဲ့ ဒီလူဟာ ပိရမစ်တွေကို လေ့လာရင်းနဲ့ စိတ္တဇဖြစ်သွားတယ်ထင်ပါရဲ့။ ပိရမစ်ထဲက မံမီရုပ်အလောင်းတွေကိုလည်း သူတွေ့ရမှာပေါ့။ အဲဒါတွေကို သူ့စိတ်ထဲစွဲပြီး အခုလိုဖြစ်သွားတာပဲ နေမှာပေါ့"

လူတွေက တစ်ယောက်တစ်ယောက် ဝေဖန်နေကြသည်။ ကျွန်ုပ်မှာ သူ့အတွက် စိတ်မကောင်းနိုင်တော့ပါ။ ကျွန်ုပ်သည် ကာတာရီအား သေသေချာချာ ကြည့်ရှုလိုက်မိရာ သူ့လက်တစ်ဖက်တွင် စက္ကူခေါက် ကလေးတစ်ခုအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်ကို တွေ့ရသည်။

ကျွန်ုပ်က ထိုစက္ကူခေါက်ကလေးအား အမှတ်တမဲ့ ဆွဲယူလိုက်မိသည်။ လူတချို့က အလောင်းအား လာရောက်သယ်ယူရန် သက်ဆိုင်ရာသို့ သွားရောက်အကြောင်းကြားကြ၏။

ကျွန်ုပ်သည် ကာတာရီ၏မျက်နှာအား နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်လိုက်မိလေသည်။ ထိုအခိုက် ပွင့်ဟနေသော မျက်လုံးများထဲ၌ မံမီရုပ်အလောင်း၊ အရိပ်သဏ္ဌာန်တစ်ခု ဖျတ်ခနဲ ကျွန်ုပ်မြင်လိုက်ရလေသည်။ ကျွန်ုပ်မှာ အံ့သြလွန်းသဖြင့် မှင်တက်မိသွား၏။ နောက်တစ်ကြိမ် ကြည့်လိုက်မိသောအခါ ထိုအရိပ်သဏ္ဌာန်ကို မတွေ့ရတော့ပေ။ ပျောက်ကွယ်သွားခဲ့လေပြီ။

ကာတာရီတစ်ယောက် သူ၏အခန်းဆက်အိပ်မက်ထဲသို့ ကိုယ်တိုင်ဝင်ရောက်သွားခဲ့လေပြီလား။

သူကိုယ်တိုင်မှလွဲ၍ မည်သူမျှ မသိနိုင်ပါချေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

ကျွန်ုပ်သည် ကာတာရီလက်ထဲမှ ရရှိခဲ့သော စက္ကူခေါက်ကလေးကို ဖြန့်ကာ ဖတ်ရှုကြည့်လိုက်မိသည်။

လေးစားခင်မင်ရတဲ့ မစ္စတာမင်းအောင် ...

ဒီစာကို မစ္စတာမင်းအောင် ဖတ်နေရတဲ့အချိန်မှာ ကျွန်တော်ကတော့ အနေအထားပြောင်းပြီး ခရီးရှည်တစ်ခုကို ဆက်လက်သွားနေပါပြီ။

ကျွန်တော့်ချစ်သူက ပြောတယ်။

သူမ မလုပ်စေချင်တဲ့ နောက်ထပ်တစ်ခုကို ကျွန်တော်ကျူးလွန်လိုက်ပြီတဲ့။

ဒါကြောင့် သူမဟာ မျောက်မောင်းမတစ်ကောင်ပုံသဏ္ဌာန်အဖြစ်ကို ပြောင်းလဲသွားခဲ့ရတယ်။ ဒါဟာ ကျွန်တော့်အပြစ်ပါပဲလေ။

အပြစ်ရှိတဲ့လက်နဲ့ ကိုင်တွယ်ပြီး ရှိုက်နမ်းလိုက်မိတဲ့အတွက် သူ ဒီလို ပြောင်းလဲသွားရတာပါတဲ့။ စဉ်းစားကြည့်ပါ မစ္စတာမင်းအောင်ရယ်။ ကျွန်တော် ဟာ ကျွန်တော့်ချစ်သူကိုတောင်မှ ရှိုက်နမ်းခွင့်မရတော့ဘူးတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ သူ့ကို လွန်ခဲ့တဲ့ နှစ်ပေါင်းလေးထောင်ကျော်ကတည်းက ချစ်ခဲ့ရတဲ့သူပါ။ ဒါပေမဲ့လည်း သူက ပိရမစ်ကြီးတစ်ခုထဲမှာ မံမီဖြစ်နေခဲ့ရရှာတယ်။ ကိုင်ရိုမြို့ကြီးထဲက လူတွေပြောသလိုပါပဲ။ ကျွန်တော်ဟာ မံမီချစ်သူပါ။ မစ္စတာမင်းအောင်ရယ်။

ဒါနဲ့ ပြောရဦးမယ်။ မစ္စတာမင်းအောင် ကျွန်တော့်ကိုပြောခဲ့တဲ့ အိပ်မက် လေ။ နိုင်းမြစ်ကြီးထဲမှာ မျောလာတဲ့ လှေငယ်တစ်စင်းပေါ်က မံမီရုပ်အလောင်း နှစ်လောင်းပေါ့။ ကျွန်တော့်ချစ်သူက ပြောတယ်။ အဲဒီရုပ်အလောင်းနှစ်လောင်း ဟာ ကျွန်တော်နဲ့ ခင်ဗျားရဲ့ ရုပ်အလောင်းတွေပဲတဲ့။

အဲဒါပဲ မစ္စတာမင်းအောင်။

ပိရမစ်ကြီးတစ်ခုရဲ့အတွင်းတစ်နေရာမှာ ကျွန်တော်ရယ်၊ ကျွန်တော့် ချစ်သူရယ်၊ ခင်ဗျားရယ် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ပြန်လည်ဆုံတွေ့ကြရလိမ့် မယ်လို့ မျှော်လင့်နေမိပါတယ်။

သင့်ရဲ့မိတ်ဆွေ
ကာတာ

✿ ✿ ✿

BURMESE CLASSIC

[၉]

❑

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် နှစ်အတန်ကြာသောအခါ သိပ္ပံ ပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များသည် နိုင်းမြစ်ကြီး၏ မြစ်ကမ်း ဘေးတစ်နေရာရှိ ပိရမစ်ကြီးတစ်ခုအတွင်းသို့ ဒုတိယအကြိမ်မြောက် ဝင်ရောက် လေ့လာကြည့်ရှုကြလေသည်။

ပိရမစ်ကြီး၏အတွင်း၌ ဖာရိုဘုရင်ကြီး၏မိဖုရားကြီး မက္ကာရီ၏ မံမီ အလောင်းရှိနေသည်။ မက္ကာရီသေဆုံးစဉ်က သူမတွင် သားသမီးမရှိခဲ့ပေ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com


မိဖုရားကြီး၏ မံမီရုပ်အလောင်းငယ်တစ်ခုကိုပါ တွေ့ရှိကြရလေရာ ထိုအလောင်းကို ကလေးတစ်ယောက်၏အလောင်းဟု ယူဆလက်ခံထားခဲ့ကြသည်။

ယခု ဝင်ရောက်သုတေသန ပြုကြသောအခါ ထိုမံမီရုပ် အလောင်းနှစ်လောင်းကို ပုံစံမပျက် တွေ့ရှိကြရပြန်သည်။

သုတေသနအဖွဲ့တွင် ပါဝင်သော ဒေါက်တာ မာရီယန်နေသည် တစ်ညတွင် အိပ်မက်တစ်ခု မြင်မက်သည်။ အိပ်မက်ထဲ၌ မိဖုရားကြီး မက္ကာရီ မံမီရုပ်အလောင်းတည်ရှိရာ ပိရမစ်ကြီးအတွင်းသို့ ရောက်ရှိသွားသည်။

မိဖုရားကြီး အလောင်းနံဘေးရှိ ကလေးတစ်ယောက်၏ အလောင်းဟု ယူဆရသော ရုပ်အလောင်းမှာ လဲလျောင်းနေရာမှ ထထိုင်နေသည်ကို တွေ့လိုက်ရသည်။ သူ့နံဘေးတွင် လူစိမ်းယောက်ျားတစ် ယောက်ထိုင်နေပြီး လူစိမ်းယောက်ျားက ထိုမံမီရုပ်အလောင်းအား နမ်းရှုတ်နေသည်ဟု အိပ်မက်မြင်မက်လေသည်။

ဒေါက်တာ မာရီယန်နေက သူ၏ သုတေသနအဖွဲ့ဝင်များအား အိပ်မက်အကြောင်းကို ပြောပြမိသောအခါ 'စိတ်စွဲလမ်းလို့ မက်တာဖြစ်မှာပါ' ဟု ပြောပြသည်။

BURMESE CLASSIC

ဒေါက်တာမာရီယန်နေမှာ အိပ်မက်မက်ပြီးနောက် ထိုပိရမစ်သင်္ချိုင်းဂူကြီးအား ထပ်မံဝင်ရောက်ကြည့်ရှုချင်သော စိတ်တွေပေါ်လာမိသည်။ ထို့ကြောင့် ကျန်အဖွဲ့ဝင်များနှင့် တိုင်ပင်ကာ ယခုကဲ့သို့ ဒုတိယအကြိမ်မြောက် ဝင်ရောက်ကြည့်ရှုခဲ့ကြခြင်း ဖြစ်ပေသည်။

ပိရမစ် ဂူသင်္ချိုင်းအတွင်းသို့ သူတို့ရောက်သွားသောအခါ မံမီရုပ်အလောင်းတော်မှာ မူလအတိုင်း လဲလျောင်းလျက်ရှိနေသည်ကို တွေ့ရလေသည်။

ထို့နောက် အိပ်စရေး မိုက်ခရိုစကုပ် ဒစ်ဂျစ်တယ်ကွန်ပျူတာ နည်းပညာရပ်များဖြင့် ထိုမံမီရုပ်အလောင်းငယ်အား စစ်ဆေးကြည့်ရှုလိုက်သောအခါ မံမီရုပ်အလောင်းမှာ လူတစ်ယောက်၏အလောင်း မဟုတ်တော့ဘဲ မျောက်မောင်းမတစ်ကောင်၏ မံမီရုပ်အလောင်းဖြစ်နေကြောင်း အံ့သြဖွယ်ရာ တွေ့ရှိလိုက်ကြရလေသည်။

မြဘုန်းထက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မှတ်ချက် ။ ။ လူယောင်ဆောင်ပြနိုင်သော ကျတ်တစ္ဆေကို ဆိုလိုခြင်း မဟုတ်ပါ။ ကြက်တီရစ္ဆာန်ကို ဝင်စီးသော တစ္ဆေကို ဆိုလိုခြင်းဖြစ်ပါသည်။

(၈)လေးလုံး အရေးအခင်းကာလ မတိုင်ခင်သုံးနှစ်လောက်က ဖြစ်၏။ ထိုကာလက ရပ်ကွက်တိုင်း မီးကင်းစောင့်ကြရ၏။ အိမ်တိုင်း အလှည့်ကျစောင့်ရ၏။ မစောင့်နိုင်သည့် လူတွေက အငှားနှင့်သာ စောင့်ခိုင်းတော့၏။ မီးကင်းစောင့် အငှားသမားတွေဖြစ်ကြသော ကုလားတင်လှနှင့် ခေါင်းကြီးသာထူးတို့မှာ လူချစ်လူခင်ပေါ်များသဖြင့် သူတို့မီးကင်းမှာ ကာလသားတွေ ညတိုင်းလာနေကြ၏။ တချို့က အိပ်ကြ၏။ တချို့က ညဥ့်နက်အောင်နေပြီးမှ ပြန်သွားကြ၏။

တင်လှနှင့် ခေါင်းကြီးမှာ အလွန်ဗရွတ်ရွှတ်တပြောပြီး ဟာသလုပ်ကာ ပျော်ပျော်နေကြသည့် ကဆော်သမားတွေ ဖြစ်၏။ တင်လှမှာ ကုလားဖြစ်သော်လည်း တွံတေးသိန်းတန်သီချင်း အကုန်ရ၏။ တွံတေးသိန်းတန်အသံနှင့် ဆင်တော်တူအောင် သီချင်းဆိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



တင်လှအမေက မဆလာ၊ ငရုတ်သီးမှုန့်တွေ ဈေးထဲမှာ ရောင်းသော ကြောင့် တင်လှအိမ်မှာ ငရုတ်ဆုံထောင်းပေးရ၏။ ငရုတ်ဆုံထောင်းရင်းနှင့် တွံတေး သီချင်းတွေ ဟဲလိုက်တာများ ဘေးအိမ်တွေက နာမည်သစ်ဘွဲ့ထူးပေးကြတဲ့ အထိ။

တွံတေး ငရုတ်ဆုံတဲ့။ တင်လှကတော့ ဘယ်သူတွေ ဘာပြောပြော အဟဲ မပျက်။ ခေါင်းကြီးက အအိပ်ကြီး၊ အစားကြီး နားလေးသူ။ 'ထီး' ဆိုရင် 'ဘီး'လို့ ကြားသူ။ ကျယ်ကျယ်ပြောတော့လည်း မကြိုက်။ အဲ့ဒီနှစ်ယောက် ကင်းစောင့် ရင်းက တွဲမိကြ၏။ ရပ်ကွက်ထဲက ကာလသားပေါက်တွေကို လူပျိုသိုးကြီးနှစ် ယောက်က ပေါက်ကရပုံပြင်၊ ဇာတ်လမ်းမျိုးစုံလည်း ပြောပြတတ်ကြ၏။

ရပ်ကွက်ထဲက အောင်ဝင်းနိုင်၊ စန်းမောင်၊ ဗက်ဩ့ာင့်၊ ချစ်ဖွယ်၊ မျိုးနိုင်၊ လေးပွစတဲ့ လူငယ်တွေကလည်း ဒီကင်းတဲက မခွာနိုင်ဘူး။ ညရောက်တာနဲ့ ကင်းတဲဆီ ရောက်နေကြပြီ။ တင်လှတို့ကလည်း တစ်ညတစ်မျိုးမရိုးရအောင် တစ်ခု မဟုတ် တစ်ခုခု လုပ်စားတတ်ကြတယ်။

သရက်သီးစိမ်းနဲ့ မျှင်ငါးပိ တို့စားတယ်။

လက်ဖက်သုပ်၊ ဂျင်းသုပ် လုပ်စားတယ်။

ကြက်သားနဲ့ ဘူးသီး ကာလသားဟင်းချက်စားတယ်။ ယုတ်စွအဆုံး ဘာမှမရှိရင်တောင် ပဲကြီးလှော် ငါးဆယ်သားဝယ်ပြီးစား ရေသောက် ပြီးရင် အီးပေါက်ပြိုင်ကြပြန်ရော။

ငှက်တွေရလာရင် ငှက်ကြော်။

ကြက်ပစ်လို့ရလာရင် ကြက်ကြော်ပေါ့။ များသောအားဖြင့် အရင်းမစိုက်၊ လှေထိုးလိုက်ဆိုသလို အရင်းမစိုက်ရဘဲ အားလုံးစားလို့ရမှာမျိုးကို ရွေးချက်စား ကြတယ်။

မန်ကျည်းသီးစိမ်းရှိရင် ဆားတို့ပြီးတော့ စားတယ်။ ရေနွေးကတော့ မပြတ်ဘူး။ ခေါင်းကြီးက ရေနွေးကြိုက်ကြီး။ လက်ဖက်ခြောက်ကို ခါးတူးလန် အောင် ခပ်ထားတာ။ ရဟန်းကြီးကြိုက်မှ သောက်တာ။ ရေနွေးကြမ်းအမြဲရှိတဲ့ ကင်းတဲပေါ့။

"ဟော့ကောင်တွေ ... ဒီည တစ်ခုခု လုပ်စားရအောင်ကွာ။ ငါ့မှာ အကြံ ရှိတယ်ကွ"

"ကိုတင်လှ ... ဘာအကြံလဲဗျ"

"ဒေါ်စိန်ဥရဲ့ ရေခဲဆိုက ရေခဲတွေ အိမ်အပြင်မှာထုတ်ပြီး ဖွဲအုပ်ထား တာကွ။ အဲ့ဒါကို သွားဖော်ပြီး ရေခဲကိုက်စားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com


ကျန်တဲ့သူတွေ ရှုံ့မဲ့ကုန်၏။ နောက်ဆုံးမှာတော့ ရှိစုမဲ့စု ငွေလေးတွေစု၊ ပဲကြီးလှော်ဝယ်ပြီး ပဲကြီးလှော် စားလိုက်၊ ရေခဲရည်သောက်လိုက်ဖြင့် စကားပြော ဖြစ်သွားကြ၏။

"ဟေ့ကောင် ... အောင်ဝင်းနိုင် ဒီညတော့ မင်းအိမ်ကဘဲကြီး သွားခိုး ကွာ။ ငါ့မှာ ဘူးသီးရှိတယ်။ ကိုရွှေတိုးအိမ်နောက်ကစင်မှာ သီးနေတာ ငါသွားခိုး မယ်။ ဘဲသားနဲ့ ဘူးသီးချက်စားရအောင်"

ခေါင်းကြီးအကြံပေးလိုက်၍ ဘဲပြန်ခိုးကြ၏။ ဘဲကြီးကို ပုဆိုးနှင့်အုပ် ပြီး ဝိုင်းဖမ်းညှစ်သတ်၍ ဘဲကြီး သေသွား၏။ ခေါင်းကြီးနှင့် တင်လှတို့ ဘူးသီးများ သွားခိုးလာကြပြန်၏။ ရေနွေးအိုးတည်ပြီး ဘဲမွေးနှုတ်နေစဉ် ဦးအေးတစ်ယောက်၊ ဓာတ်မီး၊ လောက်လေးခွနှင့် လောက်စာထည့်သော လွယ်အိတ်နှင့် ရာလေး စက်ဘီးဟောင်းကြီးစီးပြီး ကင်းတဲရှေ့ ရောက်လာ၏။

ဦးအေးမှာ အောင်ဝင်းနိုင်ရဲ့ ဖခင်အရင်းခေါက်ခေါက်ဖြစ်၏။ ကင်းတဲရှေ့ ပတ်ဝဲကြည့်နေ၏။ တင်လှတို့က ချက်ဆို နားခွက်ထဲ မီးတောက်ပြီးသား။ ဘဲသေ ကိုင်ထားတာကို ဖုက်ပြီးပြီ။ ဘဲမွေးတွေလည်း အစဖျောက်ပြီးပြီ။ ကင်းတဲက ရှေး ဟောင်းအဆောက်အဦးကြီးရဲ့ အုတ်တံတိုင်းဘေးမှာ ဆောက်ထားခြင်းဖြစ်၏။

ကင်းတဲနောက်မှာ ရှေးဘုရင်တွေ လက်ထက်ကတည်းက ရှိခဲ့သော အဆောက်အဦးကြီးရှိ၏။ ခင်ကလည်း ကျယ်၏။ ဝင်းခြံအုတ်နံရံတွေကလည်း ရှေးအုတ် ရှည်ရှည်ပြားပြားကြီးတွေ အုတ်စည်းရိုးဘေးမှာ ကင်းတဲဆောက်ထား ၏။ ဝင်းကြီးထဲက မှောင်မဲပြီး ကပ်စေးနဲ့ချုံတွေ ပေါများ၏။ ချုံထဲကို ဘဲနှင့်အမွေး တွေ ဖုက်ထားလိုက်လျှင် ဘယ်သူမှ မမြင်တော့။ ဓာတ်မီးနဲ့ ထိုးရှာလည်း ချုံ တွေကွယ်နေ၍ မမြင်နိုင်။

"ဦးလေးအေး ... ဘယ်သူပျောက်လို့လဲ၊ ဝင်းနိုင်လား"

"မဟုတ်ပါဘူး ငါ့ဘဲကြီး ပျောက်သွားလို့။ ဝင်းနိုင် ဒီလာသေးလား"

"ခုလေးတင် ဒေါ်ပျော့ဆိုင်ဘက် ထွက်သွားတယ်။ ရုပ်ရှင်ရုံဘက်များ သွားသလားပဲ"

"တောက် ... ငါ့ဘဲခိုးသွားတဲ့ကောင်တွေ၊ မိရင်တော့ နုတ်နုတ်စင်း ပစ်လိုက်မယ်။ ဟင်း ..."

"ကျွန်တော်တို့တော့ မခိုးဘူးနော်။ မယုံရင် ကင်းတဲပေါ်ရော အောက် ရော ကြိုက်သလိုရှာ။ ရှေးဟောင်းဝင်းကြီးထဲ ဝင်ရှာလည်း ရတယ်"

ဦးအေး ဘာမှမပြော။ စက်ဘီးနင်းပြီး ပြန်ထွက်သွား၏။ အောင်ဝင်းနိုင် က အုတ်စည်းရိုးကျော်ပြီး ပုန်းနေရာက ပြန်ထွက်လာ၏။


www.burmeseclassic.com

www.burmeseclassic.com


"ထို ... နံလိုက်တာ ပုပ်အဲ့အဲ့အနံ့ကြီး အဖေ့ကိုကြောက်လို့သာ ပုန်းရတယ်။ ကျောချမ်းတယ်ဗျာ ဒီဝင်းကြီးထဲကို"

"မင်းကလည်း လေးငါးယောက်ပုန်းတာတောင် ကြဖန်ကြောက်နေသေးတယ်။ တစ်ခါတလေ ငါတို့ နှစ်ယောက်တည်းအိပ်တာ ဘာမှမဖြစ်ဘူး"

ရှေးဟောင်းဝင်းကြီးက အင်္ဂလိပ်ခေတ်က ဂတ်တဲ၊ ဂျပန်ခေတ်က ကင်ပေတိုင်၊ ရောင်စုံခေတ်က စခန်းအလီလီ ချခဲ့ဖူး၏။ ဂျပန်ခေတ်ကဆို အသတ်ခံထားရသူတွေ မနည်း။ ဝင်းထဲမှာပင် ကျင်းတူးပြီး မြှုပ်ထားခဲ့၏။ ဒီဝင်းကြီးရော၊ အဆောက်အဦးကြီးပါ သရဲခြောက်လွန်းရင် ချိတ်ပိတ်ထားရာက ဆေးရုံဖွင့်ခဲ့သေး၏။ တစ်နှစ်လောက်အကြာမှာ ဆေးရုံပြောင်းသွား၏။ ဝင်းကြီးထဲမှာ ရော အဆောက်အအဦးထဲမှာပါ အခြောက်အလှန့်ကြမ်း၏။ အစောင့်တွေပင် မနေရဲကြ။ ခေါင်းကြီးက ...

. "ရှေးဟောင်းဝင်းကြီးထဲက သရဲတွေနဲ့ ငါတို့နဲ့က မိတ်ဆွေဖြစ်နေပြီ ဘာမှကိုမလုပ်ဘူး။ မင်းတို့လည်း ကြဖန်ကြောက်မနေနဲ့။ ဘဲသား ပြန်ချက်ရအောင် ဘဲသားထုပ် ချုံထဲက သွားယူကွာ"

တင်လှနှင့် အဖော်နှစ်ယောက်၊ ကပ်စေးနဲချုံထဲ ဆင်းချသွား၏။ နေရာအနှံ့ လိုက်ရှာသော်လည်း ဘဲသားကို ငှက်ပျောဖက်နှင့် ထုပ်ထားတာကို မတွေ့ရတော့။ ဘူးသီးလှီးထားတာတွေသာ ပြန်တွေ့၏။

"ခေါင်းကြီး ... ဘဲသားထုပ် ပျောက်သွားပြီကွ"

"ဟေ ... မဟုတ်တာကွာ။ မှန်းစမ်း ငါပါလာရှာမယ်။ မင်းတို့က နေ့မမြင်၊ ညကန်းတွေပဲ"

ခေါင်းကြီးကိုယ်တိုင် ဆင်းရှာ၏။ ဘယ်မှာမှ မတွေ့။

"ခွေးများ ဆွဲသွားသလား"

"ဝင်းကြီးက လုံတယ်။ ဘယ်ခွေးမှ မဆွဲဘူး။ ခွေးလည်း အထဲမဝင်နိုင်ဘူး"

"ဟင် ... ဒါဆို မင်းဘိုးအေတွေ လာဆွဲသွားမှာလား"

"မြေကြွက်အကြီးကြီးတွေ ဆွဲသွားတာဖြစ်နိုင်တယ်။ လိုက်ရှာကြကွာ"

ထပ်မံပြီးလိုက်ရှာ၏။ ကြွက်တွင်းပေါက်တွေကို တွေ့သော်လည်း ဘဲကောင်လုံးလိုက်ကြီး ကျင်းထဲဆွဲမသွင်းနိုင်။ အရာလေးမျှပင် မတွေ့။

"ကြွက်ဆွဲတာလည်း မဖြစ်နိုင်ဘူးကွ"

"ဒါဆို ဘာဆွဲသွားတာလဲ"

"သရဲတစ္ဆေတွေ များလား"


www.burmeseclassic.com

www.burmeseclassic.com



တွေးမိမှ အကုန်လန့်ကုန်၏။ ထင်ကြေးပေးသော တင်လှက အုတ်တံတိုင်းဆီ ပြေးသွားပြီး အမြန်ခုန်တက်၏။ ကျန်တဲ့သူတွေလည်း ဝရုန်းသုန်းကားဖြင့် ကပ်စေးနဲ့တောထဲက ပြန်ပြေးထွက်ပြီး အုတ်တံတိုင်းပေါ် အသည်းအသန်ကျော်တက်ကုန်ကြ၏။

အုတ်တံတိုင်းအပြင်ရောက်မှ ကြောက်လန့်တုန်လှုပ် မောပန်းတာတွေကို ပြန်ဖြည့်ကြရလေသည်။

"သောက်တင်လှ ... သရဲတစ္ဆေဆွဲသွားတာ မင်းတွေ့လို့လား"

"ထင်တာ ပြောတာလေကွာ။ ရှေးဟောင်းအဆောက်အဦးကြီးနားထိအောင် လိုက်ရှာပြီးပြီပဲ၊ ဘယ်မှာတွေ့လို့လဲ"

ခေါင်းကြီးက ခေါင်းကုတ်ပြီး စဉ်းစား၏။

"အင်း ... ဖြစ်နိုင်တယ်။ ဆေးရုံစောင့် ကိုထွန်းတို့လင်မယားတောင် ဟင်းချက်ပြီးရင် ပျောက်ပျောက်သွားလို့ သွားလေရာ ဟင်းချိုင့် ယူသွားရတယ်တဲ့။ လူနာတွေဆိုလည်း ဟင်းတွေ မကြာခဏ ပျောက်သတဲ့"

"ကြွက်တွေ၊ ကြောင်တွေ ဖြစ်ချင်လည်း ဖြစ်မှာပါ"

ဘဲသားမစားလိုက်ရ။ ဘူးသီးကာလသားချက်သာ အားလုံး အောင့်သက်သက်နှင့် စားလိုက်ကြရ၏။ မနက်ရောက်သောအခါ အားလုံးလူစုပြီး ဝင်းကြီးထဲဝင်ကာ ဖြဲရဲလိုက်ရှာကြ၏။ ကြွက်တွင်းပါ တူးကြည့်ကြ၏။ ဘဲရိုးလေးတစ်စပင် ပြန်မတွေ့ရ။

✿ ✿ ✿

[ ၂ ]

❑

"ငါတော့ မကျေနပ်ဘူး။ ဒီတစ်ခါ ကြက်တစ်ကောင်သတ်ပြီး ကြိုးနဲ့ နိုင်နိုင်ချည်ချထားမယ်။ ငါတို့ တုတ်တွေ၊ ဓားတွေ၊ လေးခွတွေကိုင် စောင့်နေကြမယ်။ ကြက်ကိုဆွဲတာနဲ့ ကြိုးကင်းမှာပဲ ငါတို့ ခုန်ချပြီး ဝိုင်းလိုက်ကြမယ်ကွ"

"ဟုတ်တယ် ... ခေါင်းကြီးပြောတာ ကောင်းတယ် အမိဖမ်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



တင်လှက သူ့အိမ်က ကြက်တစ်ကောင်သတ်ပြီး ယူလာ၏။ နိုင်လွန်ကြိုးကိုပါ ယူလာပြီး ကြက်ခြေထောက်နှစ်ဖက်မှာ ခပ်တင်းတင်းချည်ထား၏။

ဝင်းကြီးထဲက ကပ်စေးနဲ့တောထဲ ပစ်ချလိုက်၏။ ငါးစာချပြီး စောင့်သလို ကြက်စာချပြီး ဝိုင်းစောင့်ကြည့်နေကြ၏။ ည (၉) နာရီခွဲအချိန်မှာ ကင်းတဲတိုင်ချည်ထားသော ကြိုးတင်းခနဲ ဖြစ်သွား၏။ ဆက်ခနဲထပြီး ဓာတ်မီးတွေနှင့် ဝိုင်းထိုးကြ၏။ လေးခွတွေနှင့် ချုံထဲကို လှမ်းပစ်ကြ၏။

"ဟိုး ... ဟိုးထား ... ငြိမ်သွားပြီ။ လာဆွဲတဲ့အကောင်ကို ထိသွားပြီ။ မင်းတို့ ဓာတ်မီးနဲ့ထိုးပြီး လေးခွနဲ့ အသင့်ချိန်ထား၊ ငါနဲ့တင်လှ ဆင်းကြည့်လိုက်မယ်။ တို့က လူကြီးတွေဆိုတော့ ပါးနပ်တယ်။ မင်းတို့ လူပျိုပေါက်တွေ ဒီပေါ်က စောင့်ကြည့်နေ။ သူခိုးသူဝှက်ဆို လက်နက်တွေဘာတွေ ပါလာနိုင်တယ် မိမိရရ ဆော်ပစ်ကြနော်"

"ဟုတ်ကဲ့ ... သရဲတွေဆိုရင်ကော"

"ဘာကောင်ဖြစ်ဖြစ် ဆော်သာဆော်ကွာ"

တင်လှနှင့် ခေါင်းကြီးတို့ ဓားမတွေ ကိုယ်စီကိုင်ပြီး ဆင်းချသွား၏။ ဓားတစ်ဖက်၊ ဓာတ်မီးတစ်ဖက်နှင့် ကြက်ချထားတဲ့နေရာကို ချဉ်းကပ်သွား၏။

အနားရောက်သောအခါ ခေါင်းကြီးက ကြိုးကို အမြန်ဆွဲတင်မ,ကြည့်လိုက်၏။ ကြိုးထိပ်မှာ ကြက်မရှိတော့။ ကြိုးကို အသာလေးဖြည်ပြီး ကြက်ကို ယူသွားခြင်းပင်။ ချုံထဲကို ဖြဲပြီး ကြက်ကိုလိုက်ရှာ၊ ကြက်မတွေ့၊ အကောင်ပလောင် ဆွဲတာဆိုလျှင် ကြိုးကို ကိုက်ဖြတ်မှာပင်။

"ဟေ့ကောင်တွေ ... လူပဲ ဖြစ်ရမယ်ကွ။ ဒီမှာကြည့် ချည်ထားတာကို သေချာဖြည်သွားတာ"

"အောင်မလေးဗျ ..."

ကြောက်လန့်တကြားနှင့် ငယ်သံပါအောင် အော်ပြီး ကင်းတဲပေါ်က ခုန်ချ၏။ ကျန်တဲ့ကောင်တွေကလည်း အသည်းငယ်ငယ်တွေဆိုတော့ အကုန်ဆင်းပြေးကုန်တာပေါ့။ ဘာပြောကောင်းမလဲ။ တင်လှနဲ့ ခေါင်းကြီးလည်း ကျောချမ်း၊ ခေါင်းတွေ ပုတ်လောက်ကြီးထွက်ပြီး အရပ်လေးမျက်နှာ ဓာတ်မီးတွေနှင့် လိုက်ထိုးကြည့်၊ အုတ်တံတိုင်းဘက်ကို မပြေး။ ဘေးဘက်တွေကို အလျားလိုက်ထွက်ပြေး၏။ (၃) နှင့် (၄) လို ကျောခိုင်းပြေးကြခြင်းဖြစ်၏။ ရှေးဟောင်းဝင်းကြီးရဲ့ အုတ်စည်းရိုးတောက် လျှောက်ထွက်ပြေးနေကြ၏။ အောင်ဝင်းနိုင်က ကင်းတဲပေါ် ပြန်တက်ပြီး ဝင်းထဲကို ဓာတ်မီးနှင့် လိုက်ထိုးကြည့်နေ၏။ တင်လှနှင့် ခေါင်းကြီးကို မတွေ့ရတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . အောင်ဝင်းနိုင်၊ မင်းက ဘာအလန့်တကြား ထအော်တာလဲ"

"ငါ့အပေါ်ကို ပုတ်သင်ညို ပြုတ်ကျလို့ကွ။ အဲ့ဒါ လန့်သွားတာ။ ပြီးတော့ မဲမဲအကောင်ကြီးကွာ။ ရှေးဟောင်းတိုက်ကြီးရဲ့ နံရံမှာ တွယ်ကပ်ရာက လှုပ်ရှားလာတာ အကြီးကြီး ကြောက်စရာကြီး"

ဗက်ဩ့ဘွင့်က အောင်ဝင်းနိုင်ကို နာဘန်ကို ဖြတ်တီးလိုက်၏။

"အဲဒါ တင်လှက ဓာတ်မီးနဲ့ထိုးထားလို့ ခေါင်းကြီးရဲ့ပုံရိပ်က နံရိပ်မှာ သွားထင်နေတာဟ . . . ငတုံးရ"

"ဟာ . . . ဟုတ်လို့လား၊ အရိပ်မဟုတ်ပါဘူး။ မင်းလုပ်တာနဲ့ တင်လှနဲ့ ခေါင်းကြီးတို့ ဘယ်တွေထွက်ပြေးကုန်ပြီလဲ မသိဘူး"

ကင်းတဲပေါ်ကဆင်းပြီး ကတ္တရာလမ်းပေါ်မှာ အုပ်စုလိုက် ထိုင်စောင့်နေစဉ် ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းကနေ ခေါင်းကြီးနှင့် တင်လှတို့ ပြန်ပေါ်လာကြ၏။

နှုံးချိုခွေလျှဖြင့် တင်လှရောက်လာ၏။ ခေါင်းကြီးဆိုတာ ဟောဟဲရိုက်ပြီး ကင်းတဲရှေ့မှာ အမော့ဆို့နေရှာ၏။

ခင်ဗျားတို့ဘာလို့ ဒီက မထွက်ဘဲ ဝင်းနံရံတောက်လျှောက် ပြေးထွက်ရတာလဲ"

ခေါင်းကြီးနှင့် တင်လှတို့ အမောပြေအောင် ဖြေပြီးမှ အဖြေပြန် ပေးနိုင်ကြ၏။ ခေါင်းကြီးက . . .

"ငါတို့က ဒီနားက အုတ်ခြံစည်းရိုးဆီကို ပြေးတာပဲ။ စည်းရိုးကအနားရောက်တိုင်း ဝေးဝေးသွားတယ်။ အဲဒါနဲ့ မာရသွန်ပြေးလိုက်တာ စည်းရိုးကို မိလို့ ကျော်တက်တော့ ငါက တောင်ဘက်ထွက်ပေါက်နား ရောက်နေရော"

"ငါလည်း သူ့လိုဖြစ်တာ။ ငါက မြောက်ဘက်ထွက်ပေါက်နားကို ရောက်နေတာ အံ့ရောကွာ"

"ဒါ မရိုးဘူးဗျ၊ ခင်ဗျားတို့ သရဲခြောက်ခံရတာဖြစ်မယ်။ တောမှောက် တောင်မှောက်ရင် ဖြစ်တတ်သလိုမျိုး ဖြစ်နေတာပဲ"

အောင်ဝင်းနိုင်က ကြားဖူးနားဝနှင့် ထင်ကြေးပေးလာ၏။ ခေါင်းကြီးက–

"ဟုတ်လိမ့်မယ်"

တင်လှက . . .

"လျှာကို ထွက်သွားတာပဲ။ ကံကောင်းလို့အမောဆို့ပြီး မသေတယ်။ အံ့သြလို့ မကုန်ပါဘူးကွာ။ အုတ်တံတိုင်းက နီးလိုက်ဝေးလိုက်နဲ့ အုတ်စည်းရိုး ကျော်ပြီးမှပဲ ငါတို့လမ်းမှားတာ သိလိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စောနဲ့ ထွက်ပြေးတာ မောလိုက်တာ"

အဖြစ်က မကျေမချမ်းပိုဖြစ်စရာ။ အားလုံး နောက်နေ့မနက် လက်ဖက်ရည်ဆိုင်မှာ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြ၏။ ဘဲနှင့်ကြက်ကို သမသွားသော မမြင်ရသည့် အကောင်ပလောင်ကို ဆုံးမဖို့ အကြံထုတ် စီရင်ဖြစ်ကြပြန်၏။

တစ်ဆင့်စကား တစ်ဆင့်နားနှင့် ဘေးလူတွေပါသိကုန်ကြ၏။ ရှေးဟောင်းတိုက်နီကြီးက သရဲခြောက်ကြမ်းကာ သမိုင်းကြောင်းများစွာရှိ၏။ ဂျပန်ခေတ်က ဂျပန်စစ်သားတစ်ယောက် သရဲတစ္ဆေပူးတာလိုလို၊ ရူးကြောင်ကြောင်ဖြစ်တာလိုလိုနှင့် အချင်းချင်း ပြန်ပစ်သတ်ကာ လေးငါးယောက်သေသွား၏။ ဂျပန်ခေတ်ပြီးသောအခါ ဆေးရုံဖွင့်စဉ်မှာလည်း လူနာတွေက ဟိုမြင်ဒီမြင်။ လူနာစောင့်တွေလည်း အိမ်သာပင်မသွားရဲ။ အဆောက်အအုံကြီး နောက်ဖက်မှာနေသော ဆေးရုံစောင့်လင်မယားလည်း ညကြီးမင်းကြီး ထထပြီးအော်ဟစ်နေ၏။

တစ်ချိန်မှာတော့ လင်မယားနှစ်ယောက် အိပ်နေရင်း သူ့ပါးကိုယ့်ပါး ရိုက်ကုန်ကြ၏။ လင်ကစရိုက်၍ မယားက ပြန်ရိုက်၏။ လင်က သူ လုံးဝမရိုက်ဟု ငြင်းဆန်၏။ ညဂျူတီကျသော ဆရာဝန်တွေလည်း အပေါ်ဆုံးလေသာဆောင်ထပ်က စစ်ဖိနပ်သံတွေ မကြာခဏ ကြားလို့ကြားရ။ ဆေးရုံမှာ အသေအပျောက်များ၍ ဆေးရုံသစ်ကို နေရာရွှေ့သွားကြ၏။

သက်ဆိုင်ရာကလည်း ဘာလုပ်ရမလဲဆိုတော့ စဉ်းစားဆဲဖြစ်၍ ခဏတာ ချိတ်ပိတ်ထား၏။ တင်လှနှင့်ခေါင်းကြီးတို့လည်း အရင်ကင်းစောင့်နေတာ ဘာမှမဖြစ်၊ ချက်စားနေတာလည်း ဘာမှမပျောက်။ ခုတစ်လောမှ ထဖြစ်နေ၍ ဦးနှောက်ခြောက်ကုန်ကြ၏။

"ငါ့အထင် အရင်က ကြက်သားတွေကို ဝင်းအပြင်မှာပဲ ချက်တယ်လေ။ ဝင်းထဲနဲ့ မပတ်သက်ဘူး။ အဲ့ဒီတုန်းက ဘာမှမဖြစ်ဘူး။ သွားပတ်သက်လို့ ဖြစ်တာကွ။ အရင်လိုပဲ ဘီလူးစည်းလူစည်းထားပြီး နေကြရအောင်"

တင်လှစကားကြောင့် နောက်ထပ်စမ်းသပ်သည့် အစီအစဉ်တွေ ရုပ်သိမ်းလိုက်ရ၏။ ရပ်ကွက်လူကြီးကလည်း ဆူညံပူညံမလုပ်ဖို့ လာမှာထား၏။

တင်လှတို့ အသားစိမ်း၊ ငါးစိမ်းတွေ ချက်မစားဖြစ်တော့။ လက်ဖက်သုပ်လေးဘာလေးသာ စားဖြစ်ကြ၏။ စကားဆုံမိလျှင် သရဲအကြောင်း မပြောမိအောင် ရှောင်ကြ၏။

စန်းမောင်တစ်ယောက် သူ့အိမ်နှင့်မတည့်၍ ကင်းတဲမှာ လာအိပ်၏။ ဒီကောင်က လွတ်အအိပ်ကြီးတာ။ ညသန်းခေါင်အထိ လူငယ်တွေ ဟိုအကြောင်း၊ ဒီအကြောင်း ပြောကောင်းနေဆဲမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com


ည (၈) နာရီထိုးကတည်းက ဝင်အိပ်သည့် စန်းမောင်တစ်ယောက် ကင်းတဲပေါ်ကနေ 'ဘုန်း၊ ခနဲအောက်ကို ပြုတ်ကျ၏။ (၇) ပေခန့်မြင့်သော ကင်းတဲပေါ်က ပြုတ်ကျသော်လည်း စန်းမောင်မနိုး။ အားလုံး အံ့သြကုန်ပြီး ဝိုင်းနှိုးကာ ဆွဲထူကြရ၏။

"ငါ ဘယ်ရောက်နေတာလဲ"

"မင်း သောက်အိပ်ကြီးပြီး ကင်းတဲပေါ်က ပြုတ်ကျလာတာကွ"

"ဟင် ... ဒါဆို ... သရဲကြီးလက်ချက်ပဲ ဖြစ်လိမ့်မယ်။ အိပ်မက်ထဲမှာ ကောင်မလေးတစ်ယောက်နဲ့ ငါနဲ့ ကင်းတဲပေါ်မှာ ဇာတ်လမ်းဖြစ်နေတာ အဲ့ဒါ သရဲကောင်ကြီး မျက်လုံးနီပြူးပြူးကြီး လျှာတန်းလန်း၊ အစွယ်က ကွေးကော့ကော့ကြီး။ ငါတို့ဆီရောက်လာပြီး ...

"ကြက်သားကျွေးစမ်း"

"ဘဲသားကျွေးစမ်း"နဲ့ လာရပ်တယ်။ ငါကလည်း ဟိုဇောကပ်နေတော့ မကြောက်ဘူး။ အဲ့ဒါ ငါတို့ကို ကင်းတဲပေါ်က ကန်ချတယ်။ ငါ ရေထဲပြုတ်ကျသွားတယ်။ ကောင်မလေးက ပျောက်သွားတယ်၊ လိုက်ရှာနေတုန်း မင်းတို့နှိုးတာနဲ့ နိုးလာတာ"

အားလုံး အံ့အားသင့်ပြီး ကျောချမ်းကုန်ကြ၏။ နောက်ဖက်အမှောင်ထုဖြစ်သော ဝင်းကြီးထဲကို မကြည့်ရဲတော့။ ကင်းတဲက ဓာတ်တိုင်အောက်မှာ ဖြစ်နေသော်လည်း ကင်းတဲကွယ်နေ၍ ဝင်းထဲကို အလင်းအား သိပ်မရောက်။ စန်းမောင် အရိုးတွေ အက်တာ၊ ကျိုးတာ၊ ငေါ်တာ ဖြစ်မသွားတာပင် ကျေးဇူးတင်ရမလိုလို။

ကာလသားတွေ အိမ်ပြန်ကုန်ကြ၏။ စန်းမောင်၊ ခေါင်းကြီးနှင့် တင်လှတို့လည်း ကင်းတဲပေါ် တက်မအိပ်ရဲ၍ လမ်းဘေးမှာပဲ အိပ်ရာခင်းပြီး လှဲအိပ်ကုန်ကြ၏။ နောက်နေ့ မိုးလင်းတော့ သူတို့ပုဆိုးတွေ မရှိတော့၊ ကိုယ်တုံးလုံးတွေနှင့်။ အကြော်လိုက်ပို့သော မြင့်ဆောင်က လာနှိုးပြီး၊ သတိပေးမှ အဝတ်အစားတွေ လိုက်ရှာရ၏။ ကပ်စေးနဲ့တောထဲမှာ ရောက်နေ၏။

ဒေါသနှင့် သရဲ၊ တစ္ဆေတွေကို ဆဲဆိုပြီး အဝတ်အစားတွေ ပြန်ယူဝတ်ကြရ၏။ ဒီကင်းတဲမှာတော့ ထူးခြားမှုတွေ ညစဉ်ဆက်တိုက် ဖြစ်နေလေပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ခေါင်းကြီးတောသွားရင်းနှင့် တောကြက်နှစ်ကောင်ရလာ၏။ ညကျ
ကင်းတဲမှာ စုချက်စားမည်ဆိုပြီး ကာလသားတွေကို ခေါ်ထား၏။ ညကျတော
ကာလသားတွေ မလာရဲကြ၍မလာကြ။ ခေါင်းကြီးနှင့် တင်လှတို့နှစ်ယောက်
သာ ချက်ပြုတ်ဖို့ ပြင်ဆင်ကြရ၏။ ည (၁၂) နာရီ ထိုးခါနီးမှ ချက်ကြရ၏။ ကြ
တွေကို လည်လိမ်သတ်ပြီး အမွေးနုတ်၊ ရေနွေးဖျောကာ ကင်းတဲပေါ် ခဏတ
ထား၏။

ခေါင်းကြီးက ဘူးသီးလှီးနေ၏။ တင်လှက ရေနွေးအိုး မီးထိုးနေ
တင်လှက ...

"ငါ မဆလာပြန်ယူလိုက်ဦးမယ်။ မင်းတစ်ယောက်တည်းဖြစ်ရဲ့လား

"ဖြစ်တယ် ... သွားစမ်းပါ။ ကြောက်မွေးပါရင် ဓာဂနာနဲ့ ဆွဲနုတ်
မယ်။ နောက်ပေါက်ကောင်တွေထဲမှာ ဒီနားက ကောင်လေးတွေကတော့ တော
တော် အသည်းကြောင်တယ်။ လာတောင် မလာကြတော့ဘူးကွာ .. အံ့ရော

"မလာတော့ မင်းနဲ့ငါပဲ အဝတီးရတာပေါ့ကွာ။ ဂျင်းနဲ့ကြက်သွန်
ပါ ယူခဲ့ဦးမယ်။ တောချက်အရက်လေး ရွှေလူဆိုင်က ဝင်ဆွဲလိုက်မယ်။ အ
သောက်လိုက်၊ ကြက်သားမြည်းလိုက်ပေါ့ ဆေးလိပ်လေး ဖွာလိုက်နဲ့ ဆက်
စည်းစိမ်လေး ခံစားလိုက်ကြတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ... ဒါပေါ့၊ သွား ... သွား ... သိပ်တော့ မကြာစေနဲ့။ ထမင်းအိုးက နပ်နေပြီ။ မီးတွေ အလဟဿဖြစ်ကုန်မှာစိုးလို့ လက်စနဲ့ ဟင်းအိုး ဆက်တည်ရအောင် ပြောတာ။

တင်လှထွက်သွားပြီး သိပ်မကြာ။ ကင်းတဲပေါ်ကကြက်တွေ ထတွန်၏။

"အောက် အီး အီး အွတ်"

ခေါင်းကြီး ခေါင်းနဘမ်း ကြီးထွက်သွား၏။ တွန်နေတာက ကြက်အရှင် မဟုတ်။ ကြက်အသေကြီး သတ်ပြီး၊ ရေနွေးဖျော၊ အမွေးနုတ်ထားတာတွေ။

"အော် အီး အီး အွတ်"

ခေါင်းကြီး လန့်ဖျတ်ထခုန်ပြီး ကင်းတဲပေါ်ကိုကြည့်လိုက်၏။ ကြက်တွေ က တင်ထားသည့်အတိုင်းပင်။ လှုပ်ရှားမှုမရှိ။ ခေါင်းကြီး ကြက်သီးတွေ ဖြန်းခနဲ ဖြန်းခနဲ ထသွား၏။ ဘေးပတ်ဝန်းကျင်မှာ သက်ရှိဆို၍ သူတစ်ယောက်ပဲရှိ၏။ ဒားမကို ကောက်ကိုင်လိုက်၏။ ကင်းတဲနဲ့ ဝေးရာကို နောက်ဆုတ်နောက်ဆုတ် ရွှေ့လာပြီး ခပ်လှမ်းလှမ်းက အကဲခတ်ကြည့်နေ၏။

"အောင်မလေး"

အမှောင်ထဲက ဘွားခနဲထွက်လာသော တင်လှကြောင့် ခေါင်းကြီး လန့် အော်မိ၏။ တင်လှက အသားမဲသောကြောင့် သွားဖြူဖြူတာပဲ ပေါ်လွင်နေ၏။

"ဟော့ကောင် ... ခေါင်းကြီး မဆလာ၊ ကြက်သွန်၊ ဂျင်းယူပြီး ငါပြန် လာတာ မင်းက ဒီမှာ ဘာလုပ်နေတာလဲ"

"တင် ... တင်လှ ... ကင်းတဲမှာ သ ... သရဲခြောက် ... ခြောက် နေပြီနဲ့ တူတယ်"

"ဟေ ... ဘာဖြစ်လို့တုန်း၊ မင်းကို ကိုယ်ထင်ပြလိုက်လို့လား"

"မဟုတ်ဘူး ... ဒီနား အမှောင်မှာဝပ်ထိုင်ပြီး ငြိမ်ကြည့်နေ ... ဟော ... ဟာ ... ဟို ... ဟိုမှာ ... အမလေး ... ကြက်သီးတွေထပြီး ကြောက် သေးတောင် ပါချင်လာပြီ"

"တင်လှက ကင်းတဲဆီ လှမ်းကြည့်လိုက်၏။ ကြက်သေတွေ အမွေး ပြောင်နှင့် အရှင်တွေအလား ကင်းတဲပေါ်မှာ လက်တင်တန်းပေါ်မှာ လျှောက် သွားနေကြ၏။ တစ်ကောင်က လက်တင်တန်းပေါ်ကနေ ...

"အောက် အီး အီး အွတ်"

ဟု တွန်သံပေးလိုက်သေး၏။ တင်လှ မျက်လုံးတွေ ပြူးထွက်သွား ၏။ လက်ထဲက မဆလာထုပ်၊ ဂျင်း၊ ကြက်သွန်တွေ လွတ်ကျကုန်၏။

"ဟာ ... ဒါ ... ဒါ ... မဖြစ်နိုင်"



www.burmeseclassic.com

www.burmeseclassic.com

"အေး ... အဲ့ဒါ ဘယ်လိုလုပ်မလဲ"

"ပြန် ... ဖမ်း ဖမ်း ... ဖမ်းရမှာပေါ့"

"မင်းသွားဖမ်းပါလား။ ငါတော့ မဖမ်းရဲဘူး"

တင်လှက ခေါင်းကြီးလက်ကို အေးစက်စက်နှင့် ဆုပ်ကိုင်လိုက်ပြီး–

"နှမြောစရာကြီးကွာ ... တစ်ပတ်နေလို့တင် ဒါ ကြက်သားစားရတာ မဟုတ်ဘူး။ မင်းမှာလည်း ဓားပါတယ်။ ငါတို့က နှစ်ယောက်၊ အရေးအကြောင်းရှိရင် အော်မယ်။ ဘေးလူတွေ နိုးလာလိမ့်မယ်။ လိုက်ပစ် မယ်ကွာ။ လူကြမ်းရင် နတ်ကြမ်းတောင် မခံနိုင်ဘူးတဲ့။ ဒီသရမ်းတဲ့ အကောင်ကို ကြမ်းပစ်မယ်"

တင်လှနှင့်ခေါင်းကြီးကို ကြက်သားစားရရေးအတွက် အော်ဟစ်ကြိမ်းဝါးပြီး ကင်းတဲဆီပြေးတက်ကာ ကြက်နှစ်ကောင်ကို အမိဖမ်းပြီး ရှူးနှင့်ပန်းပစ်ကြ၏။ ကြက်တွေ ငြိမ်သက်သွားမှ လေးဂွနှင့် အမှောင်ဝင်းထဲကို တရစပ်လိုက်ပစ်ကြ၏။ ကြောက်စရစ်ခဲတွေရှူးပန်းပြီး လေးသီးလုပ်ကာ မဲမဲမြင်ရာ ထင်ရာ လိုက်ပစ်ကြ၏။ အော်ဟစ်သံဆဲဆို ကြိမ်းမောင်းပစ်၏။

ည(၂)နာရီထိုးမှာ ငြိမ်သက်သွား၏။ ကြက်တွေကို ခုတ်ထစ်ပြီး ဟင်းအိုးထဲထည့်ကာ မီးဖိုပေါ် တည်လိုက်ကြ၏။ ထင်းမီးချောင်းတွေနှင့် ကပ်စေးနဲ့တောထဲကို လှမ်းပစ်ကြသေး၏။ လူနှစ်ယောက်ပေါင်းပြီး ကြမ်းလိုက်သောအခါ ဝင်းထဲက ဘာမှန်းမသိတာကြီးလည်း မခြောက်လှန့်ရဲတော့။ မကြောက်တတ်သည့်လူကို ပိုခြောက်တတ်၏။ မကြောက်သည့်လူကို မခြောက်။ တင်လှနှင့်ခေါင်းကြီးတို့အောင်ပွဲရပြီး ကြက်သားဟင်းကို အရက်နှင့် အားရပါးရ မြည်းတွယ်လိုက်နိုင်ကြလေသတည်း။

ညိုမိသ

www.burmeseclassic.com